
www.burmeseclassic.com

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထု

# မင်းစိကြွ

## ဓုတ်သိတ်နို နှင့် ကြံ့ရတန သခင်ကြီး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၄၇၀၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၂၀၀၃၀၉

**ထုတ်ဝေသူ**
ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ)
အမှတ် (၆၆)၊ ၆-လမ်း၊ လမ်းမတော်။

**အတွင်းပုံနှိပ်သူ**
ဒေါ်ချစ် (စန္ဒာမိုးပုံနှိပ်တိုက်)
အမှတ် (၂၀၀)၊ ၃၁-လမ်း၊ ပန်းပဲတန်း။

**အဖုံးပုံနှိပ်သူ**
ဦးဇော်မြင့်ဝင်း၊ (ကာလာဇုန်ပုံနှိပ်တိုက်)
အမှတ် (၁၈၄)၊ ၃၁-လမ်း၊ ပန်းဘဲတန်း။

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ။
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀။

၈၉၅-၈၃
မင်းစိတြ
မုတ်ဆိတ်နီနှင့်တြိရတနသစ်ပင်ကြီး
- ရန်ကုန်။
စိန်သရဖူစာပေ၊ ၂၀၁၀။
၂၆၄-စာ၊ ၁၂. ၅ × ၁၇. ၅ စင်တီ။
(၁) မုတ်ဆိတ်နီနှင့်တြိရတနသစ်ပင်ကြီး

# မုတ်ဆိတ်နီနှင့်တြိရတနသစ်ပင်ကြီး

## အခန်းစဉ်

၁။ မုတ်ဆိတ်နီပုဂ္ဂိုလ်များ
၂။ လှူပြည်ရောက်လာကြသောကလေးနှစ်ဦး
၃။ သုဒ္ဓ
၄။ ပြစ်မှားသူ
၅။ မြွေအသုဘပို့ကြတာလား
၆။ နွားနီကြီးနှစ်ကောင်
၇။ အိပ်မက်ဆိုးမက်သူ
၈။ ခြေဖဝါးနှင့်မြေသားတစ်သားတည်းကပ်နေသူ
၉။ ဒေသစိမ်းတစ်ခုပမာ
၁၀။ တြိရတနသစ်ပင်ကြီး
၁၁။ ပျားအလိုက်ခံကြရသူများ
၁၂။ နောင်တအကြို
၁၃။ အဝတ်ပါရမီကို ကူညီဖြည့်ဆည်းပေးသူ
၁၄။ ရောဆိုတဲ့သက်ကြီးလူပုလေး
၁၅။ အကောက်ကြံနိုင်သူ
၁၆။ ငှဇ္ဇာစေတီ

www.burmeseclassic.com

www.burmeseclassic.com


၁၇။ ဂူထဲက မက်စရာ ထိတ်စရာများ

၁၈။ ရာကျော်ကောင်ရေရှိသော သန်းခေါင်ယံကျားရိုင်းများ

၁၉။ နွားနှစ်ကောင်ရန်စောင်

၂၀။ သေတ္တာထဲက မြွေဆိုးများ

၂၁။ မျက်ကန်းတစ္ဆေမကြောက်

၂၂။ ဦးအဝိုင်းခံကြရသူများ

၂၃။ အန္တိမခရီး


( ၁ )

## မုတ်ဆိတ်နီပုဂ္ဂိုလ်ထူး

တောင်စဉ်တောင်တန်းများတစ်လျှောက်၊ မြူနှင်းတို့က ဝေ့ရစ်ဆိုင်းနေကြသည်။ တောင်ထွတ်၊ တောင်ကုန်း၊ တောင်ကမ်းပါးစပ်တို့တွင် ပေါက်နေကြကုန်သော သစ်ပင်ကြီးငယ်တို့သည် နှင်းရည်စက်တို့ဖြင့် ရွှဲရွှဲစိုလျက် စိမ်းစိုတောက်ပနေကြသည်။

ခေါင်းပေါင်းအဖြူကိုပေါင်း၍ ပိတ်ဖြူအင်္ကျီ လုံချည်ကို ဝတ်ဆင်ထားသော လူကြီးတစ်ယောက်သည် တောလမ်းအတိုင်း တရွေ့ရွေ့ဖြင့် လျှောက်လှမ်းနေသည်။ တောင်ဝှေးသည် နွယ်မှိုင် တစ်မျိုးမှဖြစ်သည်။ အပင်အစိုင်းရှိစဉ်က ပျော့ပျောင်းသော်လည်း ခုတ်ပိုင်းပြီးအသုံးပြုလျှင် မာကျောသွားသည်။ နွယ်ပင်ရှည် ချောင်းပိုင်းနေရာသည် လုံးဝန်းဝန်းဖြစ်နေသည်။ လက်ကိုင်နေရာ ချွင် အသုံးပြု၍ရသည်။ ယင်းနွယ်ပင်တို့ လူတိုင်းမသိ၊ ရှာမတွေ့



www.burmeseclassic.com

www.burmeseclassic.com



နိုင်၊ နွယ်ပင်များနွယ်ကာတက်နေသည့် အပင်ကြီးသည် တော ထဲတွင် ကေန်ရှိနေသော်လည်း အကြည့်လျှမ်းပြီးတော့ပင် မည်သူ မှ မတွေ့နိုင်။

ရှိန်းဆာယာဖိုမောက်၍ ပင်လုံးပျောက်နေသည့် အပင်ကြီး ကို နွယ်ပုန်းပင်ကြီးဟု တချို့က အမည်ပေးထားကြသည်။ ကံကောင်းသောသူ၊ တွေ့သင့်တွေ့ထိုက် မြင်ထိုက်သောသူမှ မြင်ကြရသည်ဟု ဆိုကြသည်။ ယင်းနွယ်ပုန်းပင်ကြီးကို သိဒ္ဓိ၊ မဟိဒ္ဓိပြီးမြောက်ကြသည့် ပုဂ္ဂိုလ်များ၊ သူတော်စင်များမှသာ မြင်နိုင်ကြသည်။ အသုံးပြုလိုလျှင် အလိုရှိကရနိုင်ကြသည်။

လောကီအစီအရင်များဖြင့် မွေ့လျော်ထုံမွှမ်းကြလိုသော် ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့၏ ဆေးအစီအရင်အဖြင့်လည်း အသုံးပြု ကြသည်ဟု ရှေးလူကြီးသူမများက အမှာစကား၊ ဆိုစကား ထား ရစ်ခဲ့ကြသည်။ မည်သို့အသုံးပြုကြသည်ကိုတော့ ထိုလောက သားအချင်းချင်းသာ သိနိုင်ကြပါလိမ့်မည်။ “သက်ကြီးစကား၊ သက်ငယ်ကြား” ဟူသော စကားအရသာ ကြုံကြိုက်ခိုက်မှာ ဗဟုသုတအလို့ငှာ တင်ပြရခြင်းဖြစ်ပါ၏။ ယင်းနွယ်ပင်သည် အပင်ပေါ်မှာသာ စိမ်းသော်လည်း ဖြတ်တောက်ပြီး အသုံးပြုသော အခါ မာကျောပြီး တဖြည်းဖြည်းနှင့် ကြက်သွေးရင့်ရောင်ပြောင်း လဲသွားသည်ဟုဆို၏။ ဤကား ... ကုဿလသယနွယ်ပုန်းပင်ကြီး ၏အကြောင်းကို သိကြားသမျှ တစ်ဆင့်တင်ပြရခြင်းပါတည်း။

လှူကြီး၏လည်တိုင်တွင် ပုတီးလုံးများ ကွမ်းသီးလုံးခန့်ရှိ ပုတီးကြီးတစ်ကုံးကို စွပ်ထား၍ ဖြူစင်ဝင်းသန့်သောမျက်နှာသည်





သောသာ၊ ဒေါသ၊ မောဟများကင်းစင်လျှက်ရှိသည်။ ထူထဲ နက်မှောင်သော မျက်ခုံးမွေးနှစ်ခုသည် နှာယောင်ထက်မှာ ဆက် ယ်နေကြလျှက်၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်များသည် အလုပ်တစ်ခုကို ပြစ်မနေ၊ ဖွဲ့နဘဲကြီးစွာဖြင့် အပြီးတိုင် ဆောင်ရွက်တတ်သည်။ အပြီးတိုင် ပေါက်ရောက်သည်အထိ ဖွဲ့လုံ့လကြီးစွာဖြင့် အားထုတ် တတ်သူများဖြစ်ကြသည်။

ထိုပုဂ္ဂိုလ်ကြီး၏ ထူးခြားချက်တစ်ခုမှာ မေးအောက်မှာ ာစ်ထွာခန့်ရှည်သည့် **မုတ်ဆိတ်မွေးနီနီကြီး**များပင်။ သူသည် ဆောင်ဝှေးကိုထောက်ကာ ... ထောက်ကာ နှုတ်ကလည်း ပတ္တာကမ္မဋ္ဌာန်းကို ဆီးဖြန်းကာ ခြေလှမ်းမှန်မှန်နှင့်သွားနေ သည်။ တောကနက်သည်။ သစ်ပင်ကြီးငယ်တို့ကို နေပြောက် ဆိုးနိုင်လောက်ပင်။ အခက်အလက်အရွက်များက ထူထပ်နေ ကြသည်။ ထို့နောက် ... အနည်းငယ်မှောင်နေ၏။

ယင်းအချိန်တွင် ... တောခွေးတစ်အုပ်သည် တစ်နေရာ မှ တစ်နေရာပြောင်းကာ အစာရှာဖွေလျက်ရှိနေကြသည်။ အချိန် ကြာလာသည်နှင့်အမျှ သားကောင်တစ်ကောင်တစ်မြည်းကိုသော် မှ ရှာမတွေ့၍ ... ထူးခြားသော ဝမ်းခေါင်းသံကြီးကိုပေးကာ အချင်းချင်းပင် ရန်လိုနေကြသည်။ ခုနေများ သားကောင်တစ် ကောင်ကောင်ကို မမျှော်လင့်ဘဲ တွေ့ခဲ့လျှင် စုတ်ပြတ်ထွက် သွားကြကာ အရိုး၊ အသားပါမကျန်အောင် စားသောက်ပစ်လိုက် ကြမှာ မလွဲ ... ။ တောခွေးများသည် ဦးတည်ရာကိုသွားနေ နေကြရင်း ... တစ်နေရာကို ရောက်လာကြသည်။ ရှေ့မှကင်း



www.burmeseclassic.com

www.burmeseclassic.com



ထောက်ခွေးသည် ရုတ်တရက် ရပ်တန့်လိုက်သည်။ ထို့နောက် ခေါင်းကိုမော့၍ အနံ့ခံကာ နှာတရှုံ့ရှုံ့နှင့်ရှိနေသည်။ ထို့နောက်

"ဝူး ... အူး ... အူး ..."

ဆွဲဆွဲငင်ငင်တစ်ချက် အူလိုက်သေးသည်။ ထိုခွေးအူသံကိုကြားလိုက်ကြရသော အခြားတောခွေးများသည် တစ်ပြိုင်တည်းလိုလိုပင် ပြေးလာခဲ့ကြသည်။ ထိုကင်းထောက်ခွေး၏ အနားကိုရောက်သည်နှင့် အချင်းချင်း တအီအီ၊ တအင်အင်ဖြင့် ဘာသာဘာဝတစ်ခဏ၊ ထူးခြားသော အမူအရာ၊ အပြုအမူများဖြင့် ရှိနေကြပြီးနောက်၊ အားလုံးစုပြုံပြီး တစ်နေရာကို ပြေးထွက်သွားခဲ့ကြလေသည်။

မုတ်ဆိတ်နီပုဂ္ဂိုလ်ကြီးသည် တောင်ဝှေးကိုထောက်ကာ၊ ထောက်ကာဖြင့် ... တစ်လှမ်းချင်းသွားနေဆဲ၊ တစ်တောလုံး တစ်တောင်လုံးရှိ ဝေနေယျသတ္တဝါများကို နှုတ်ကလည်း မေတ္တာပို့နေဆဲ ... ။ ယင်းအချိန်တွင် တဖုတ်ဖုတ်နှင့်ပြေးလာနေကြသော တောခွေးများ။ သူတို့၏ ခြေလှမ်းများသည် သူတော်စင်ကြီး သွားရာလမ်းကြောင်းအတိုင်း ဦးတည်နေကြသည်။

မကြာမီ ... သူတော်စင်ကြီးကို သူတို့မီလာခဲ့ကြသည်။ တောခွေးမိစ္ဆာကောင်များသည် ထိုပုဂ္ဂိုလ်ကြီး၏ အသက်ကိုခြွေကြမည့်သူများဖြစ်ကြသည်။ သူတို့၏ ဆာလောင်မွတ်သိပ်မှုများ





ကို ဤနည်းဖြင့် ဖြေရှင်းကြလိမ့်မည်။ ချက်ချင်းလိုလိုပင် လက်တစ်ကမ်းအကွာကို ရောက်လာခဲ့ကြလေပြီ။ သို့သော် ထိုပုဂ္ဂိုလ်ကြီးကား မိမိအပေါ်ကို သက်ရောက်လာတော့မည့် ကံကြမ္မာကို ခတွေးမိရှာ ...

ယင်းအချိန်တွင် ရွှေသမင်ကြီးတစ်ကောင်သည် တောအုပ်တစ်နေရာတွင် အစာရှာဖွေရင်း သွားလာလျက်ရှိသည်။ သို့သော် ... ချိုကားကားကြီးနှင့် ရွှေသမင်ဖိုကြီး သည် ဆတ်ခနဲဆို ဖြစ်သွားသည်။ ခြေလှမ်းတွေ တန့်သွားကာ တခဏ ငြိမ်သက်သွားသည်။ ထို့နောက် ချက်ချင်းမှာပင် _ ထိုနေရာမှ တဆုန်ပေါက်ကာ ပြေးသွားခဲ့လေတော့သည်။

တောခွေးများသည် မုတ်ဆိတ်နီပုဂ္ဂိုလ်ကြီးကို ဘေးမှပတ်ပြီးတော့ ဝိုင်းထားကြသည်။ ကောင်ရေ သုံးဆယ်လောက်တော့ ရှိကြလိမ့်မည်။ ဆာလောင်မွတ်သိပ်နေကြသော တောခွေးများသည် ထိုပုဂ္ဂိုလ်ကြီးကို တစ်ပြိုင်တည်းပင် ခုန်အုပ်ကြတော့မည်။ တစ်စစီဖြစ်အောင် ကိုက်ဖြတ်ဆုတ်ဖြဲပစ်ကာ စားသောက်ကြပေတော့မည်။ သို့သော် ... ထိုပုဂ္ဂိုလ်ကြီးနှင့် အနီးဆုံးနေရာအထိ ရောက်နေကြသော တောခွေးများသည် ရုတ်တရက် ခုန်အုပ်ကြရန် အခက်အခဲရှိနေကြသည်။ ခြေထောက်များက မြေပြင်ထက်မှ ကြွ၍မရအောင်ပင် လေးလံနေကြသည်။ နှုတ်ကအော်မြည်၍ပင်



www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်ကြတော့ပေ။

ထိုစဉ် ... ပုဂ္ဂိုလ်ကြီး၏ ခြေလှမ်းများသည် ညင်သာစွာပင် ရပ်တန့်သွားခဲ့သည်။ ထို့နောက် တောခွေးများရှိရာဘက်သို့ မျက်နှာကို လှည့်လိုက်ပြီး ...

"ဟဲ့ ... နင်တို့မမိုက်ကြနဲ့၊ ငါ့ကိုပြစ်မှားရင် ... မှားကြလိမ့်မယ်၊ သွားကြ၊ သွားကြ ... ပြန်သွားကြ"

လက်ထဲမှ တောင်ဝှေးနှင့်ဝှေ့ယမ်းကာပြောသည်။ ထိုအခါ ဝမ်းခေါင်းသံကြီးပေးကာ ရန်စောင်နေကြသော တောခွေးများသည် နောက်ကို တစ်ချက်တော့ ယိမ်းယိုင်သွားခဲ့ကြသည်။

"ငါ ... နင်တို့ဒုက္ခရောက်မှာစိုးလို့ မေတ္တာနဲ့တားဆီးနေတာနော်၊ သည်နေရာက မြန်မြန်ထွက်သွားကြ"

တောခွေးများမှာ နောက်ကိုလည်းမဆုတ်။ ရှေ့ကိုလည်းမတိုး။ ပါးစပ်ကြီးကို အစွယ်လေးချောင်းပေါ်သည်အထိ အသွားကုန်ဖြဲကာ ... မာန်ဖီလာကြသည်။ ပုဂ္ဂိုလ်ကြီးသည် နှုတ်မှ တတွတ်တွတ်ရွတ်ကာ မေတ္တာဓါတ်များ ပို့လွှတ်လျက်ရှိသည်။ သို့သော် ... အသိခေါင်းပါးကြသော တောတိရစ္ဆာန်ရိုင်းများသည် မိုက်တွင်းနက်တတ်ကြ၏။ မေတ္တာပေး၍ မေတ္တာမရကြသော သတ္တဝါအချို့လည်းရှိကြသည်။ သူတို့ကား မိမိပျက်စီးရာပျက်စီးကြောင်းကို ရှာကြသူများပင်တည်း။ တောခွေးများသည် ထိုပုဂ္ဂိုလ်ကိုရန်မူ၍ မရလေလေ မာန်ဖီကြလေလေဖြစ်၏။ မညှာသည့်အကြောင်းကြောင့်လည်းမသိ။ နေရာမှ တစ်လှမ်းမျှပင် ခွာ၍မရပေ။ တောခွေးအားလုံးသည် အခက်အခဲဖြစ်နေကြချိန်





မှာ ရွှေသမင်ကြီး တစ်ကောင်သည် ထိုနေရာကို အပြေးရောက်လာခဲ့သည်။

ထိုအခါ ... တောခွေးများသည် ချက်ချင်းပင် ရွှေသမင်ကြီးဆီကို အာရုံက ပြောင်းသွား၏။ မုတ်ဆိတ်နီပုဂ္ဂိုလ်ကြီးကိုပင် ဂရုမစိုက်ကြတော့ဘဲ _ ရွှေသမင်ကြီး၏နောက်ကို လိုက်ကြရန် ဟန်ပြင်လိုက်စဉ်မှာပင် မထင်မှတ်သော အခြေအနေတစ်ခုက ဖြစ်ပေါ်လာခဲ့လေသည်။ ရွှေသမင်ကြီးသည် တောခွေးများဆီကို သွားခနဲဆို ခုန်ဝင်လာသည်။ တောခွေးများကို သူ၏ချွန်ထက်သော ဦးချိုနှင့်တစ်ကောင်ပြီးတစ်ကောင် ခတ်ပစ်လိုက်လေသည်။

"ကိန် ... ကိန် ... "

တောခွေးများ၏ နာကျင်စွာ အော်လိုက်သံများက ထွက်ပေါ်လာသည်။ အချို့တောခွေးများက ရွှေသမင်ကြီးကို တိုက်ခိုက်ကြသည်။ ဆာလောင်မွတ်သိပ်မှုကို ဖြေသိမ့်ရန် အသားကိုစားရန်၊ ရန်မူခံရခြင်းကို ဒေါသဖြင့် ပြန်ပြီးတော့ တိုက်ခိုက်ကြရန် စသော အကြောင်းများကြောင့်ပင်။ ရွှေသမင်ကြီးကလည်း တစ်နေရာပြီးတစ်နေရာပြောင်းကာ လှည့်ပတ်ပြီးတော့ တိုက်ခိုက်သည်။ သန်မာစူးထက်သော ချိုချက်ပေါ်မှာ ကားခနဲ၊ ကားခနဲဖြင့် ပါသွားခဲ့ကြသော တောခွေးများ၏ နာကျင်စွာအော်သံများက ဝန်းကျင်ကို ဆူညံသွားစေခဲ့သည်။

သူတစ်ပါး၏အသားကိုစားရန် ကြံစည်ကြသော တောခွေးများသည်သာ ဒဏ်ရာအနာတရရောက်ကုန်ကြသည်။ ဗိုက်ပွင့်၊



www.burmeseclassic.com

www.burmeseclassic.com



အူထွက်ပြီးတော့ သေကုန်ကြသည်။ သည့်နောက်မှာတော့ တောခွေးများသည် ဒဏ်မခံနိုင်ကြတော့ဘဲ ထွက်ပြေးကြသည်။ ရွှေသမင်ကြီးကလည်း နောက်မှနေ၍ အပြေးလိုက်ခတ်သည်။

"ကိန် ... ကိန် ... ကိန် ... "

တောခွေးများ ဝေးဝေးပြေးသွားကြသည်အထိ တိုက်ခိုက်သည်။ မောင်းနှင်ပစ်လိုက်သည်။ ထို့နောက် ... နောက်ကြောင်းပြန်လှည့်ပြေးလာသည်။

ထွက်ပြေးကြသော တောခွေးများသည် ခပ်ဝေးဝေးသို့ အရောက်တွင် ...

"ဟီး ... ဟီး ... ဟီး ... ဟီး"

တစ်တောလုံး တဟီးဟီးနှင့်မြည်ကာ တုန်ခါသွားသည်။ သစ်ပင်ကြီးယော်တို့သည်လည်း သွက်သွက်ခါရမ်းသွားခဲ့ကြသည်။ ထိုအခါ တောခွေးများသည် လန့်ပြီးတော့ အူကြလေသည်။

"အူ ... ဦး ... ဦး ... "

ထို့နောက်၊ သွေးရူးသွေးတန်းဖြင့် ရှေ့ဆက်ပြေးကြသည်။ တောခွေးများ၏ ပြေးလွှားကြသံများကသာ တစ်တောလုံး ဆူညံစွာထွက်ပေါ်နေကြသည်။ ထိုစဉ် မြေပြင်သည် ရုတ်တရက်နိမ့်ဆင်းသွားသလိုပင်၊ ခြေထောက်များက မြေကြီးထဲကို ကျွံဝင်သွားခဲ့ကြသည်။ သည့်နောက် တစ်ကိုယ်လုံး ကျွံဝင်သွား





ကြပြီး ...

"ကိန် ... ကိန်"

တောခွေးများသည် မြေကျွံပြီး တစ်ကောင်ပြီးတစ်ကောင် ပျောက်သွားခဲ့ကြသည်။ အသံများသည်လည်း တိတ်ဆိတ်သွားခဲ့ကြသည်။ ယခု သူတို့ရောက်ခဲ့ကြသောနေရာသည် ချောက်ကမ်းပါးကြီးတစ်ခု၏အနီးမှာဖြစ်သည်။ ကမ်းပါးအစပ်သည် တအိအိဖြင့် ပြိုလျှက်ရှိသည်။ မြေစိုင်ခဲများသည် ချောက်နက်ကြီးထဲသို့ ဝုန်းဝုန်းဖြင့် ကျသွားကြသည်။ ထိုအခါ မြေကျွံ၍ နစ်မြှုပ်သွားခဲ့ကြသော တောခွေးများသည်လည်း မြေပြိုရာနောက်သို့ ပါသွားကြသည်။ ချောက်ကြီးထဲကို အားလုံးကျသွားခဲ့ကြလေသည်။

"ဝေါ ... ဝုန်း ... ဝုန်း ... "

ယင်းအချိန်တွင် မုတ်ဆိတ်နီ ပုဂ္ဂိုလ်ကြီးသည်လည်းကောင်း၊ ရွှေသမင်ကြီးသည်လည်းကောင်း ... ထိုနေရာတွင် မရှိကြတော့ပါပေ။



www.burmeseclassic.com

www.burmeseclassic.com

# ( ၂ )
## လူပြည်ရောက်လာကြသော ကလေးနှစ်ဦး

ရေခင်းရွာကလေး၊ အိမ်ခြေက တစ်ရာကျော်ကျော်၊ မိရိုးဖလာအလုပ်က တောင်သူလယ်လုပ်၊ ဓါးမခုတ်၊ မိလက္ခုလုပ်တန်းစားများက များသည်။ ငွေကြေးကြွယ်ဝသူအချို့က သုံးလေးဦး။ လူတော်တော်များများက ထိုသူများနှင့်အကြွေးမကင်းကြ။ ထိုသူကြွယ်အိမ်များနှင့် အဝင်အထွက်ရှိနေကြသည်မှာ အပ်နှဖားပေါက်နှင့်အပ်ချည်ပမာ။

တောဝင်ထင်းခုတ်၊ မှိုရှာ၊ မျှစ်ချိုး၊ ပန်းဆွတ်ပြီး အသက်မွေးကြရသူများလည်းရှိကြသည်။ မလောက်ငှကြသော်လည်း ကြောင့်ကြခြင်းကင်းမဲ့ကာ ရောက်ရာဘဝမှာ အလိုက်အထိုက်ပင် နေနေကြရသည်။ ရောင့်ရဲကြရသည်။

"အူဝဲ ... အူဝဲ"

နံနက်ခင်း အရုဏ်ဦးအချိန်ကို ကလေးငိုသံက ဖြိုခွင်း





လိုက်သည်။ ရေခင်းရွာကလေးတစ်ခုလုံး လှုပ်လှုပ်ခါခါ ဖြစ်သွားခဲ့ရသည်။

"မွေးပြီဟေ့၊ မွေးပြီ ... ယောက်ျားလေးတော့ ယောက်ျားလေး"

မီးနေခန်းထဲမှ လက်သည် ဒေါ်ဖွားမိ၏အသံက အားပါးတရ အော်လိုက်သည်မျိုး ...

"ဟာ ... မွေးပြီတဲ့"

ကိုသာလှသည် ဝမ်းသာအားရဖြစ်သွားကာ မီးနေခန်းထဲသို့ပြေးဝင်သွားမည်ပြုသည်။

"ဟ ... ဘယ့်နှယ်တုန်း၊ ခဏနေဦးလေ"

ဦးပေါက်ကျော်သည် ကိုသာလှ၏ လက်မောင်းကို လှမ်းဆွဲလိုက်သည်။ ပေါက်လှ၏ခြေလှမ်းက လမ်းတစ်ဝက်မှာပင် ရပ်တန့်သွားခဲ့သည်။ ယောက္ခမကို ကြောက်၊ ချစ်၊ ရိုသေရင်းစွဲရှိသောကြောင့် ... ဘာဖြစ်လို့လည်းဟု ပြန်မမေး။ ယောက္ခမနှင့်သမက်တို့၏ အသံများကို ဒေါ်ဖွားမိ ကြားနေရသည်။ တစ်ခဏအကြာတွင် အနီးဖြူဖြူဖြင့် ပတ်ထားသော ကလေးကိုချီပြီး အခန်းအပြင်သို့ ထွက်လာခဲ့သည်။ သမီးမွေးလျှင် ကလေးအတွက် အနှီးပိတ်စကို ဦးပေါက်ကျော်က ကြိုတင်ရှာဖွေထားခြင်းပင်။ မြေးဦးမို့ တွေ့ကရာ လုံချည်အဟောင်း၊ အစုတ်များနှင့် မထွေးရ၊ မပတ်ရဟု သတိပေးထားသည်။

"ဟောသည်မှာ နှင့်သားကို ကြည့်စမ်းပါဦးဟဲ့၊ သာလှရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... သားက ဖြူဖြူဖွေးဖွေး။ ဝဝကစ်ကစ်ကြီးပါလား အဖွားမိရဲ့ ... ချစ်စရာကြီးဗျာ ... "

ဒေါ်ဖွားမိ လက်ထဲက ကလေးကို ဆွဲယူကာချီမည်ပြုရာ။

"ဟဲ့ ... ဟဲ့၊ ကလေးဖက်ကျိုးသွားပါဦးမယ်၊ ခါးရိုးကျိုးသွားလိမ့်မယ်၊ နင်က ချီတတ်တာလည်းမဟုတ်ဘဲနဲ့၊ ဟောသည်လိုကိုင်၊ သည်လိုချီ ... "

သည်လိုနှင့်ကိုသာလှ၏ လက်ဆီကို ကလေးက ရောက်သွားသည်။ ဦးပေါက်ကျော်ကလည်း ဟန်မဆောင်နိုင်ဘဲ ကလေးကို အနီးကပ်တိုးဝင်ကာ ကြည့်သည်။ လက်ဖဝါး၊ လက်ချောင်းလေးတွေကိုကိုင်လိုက်၊ ခြေသလုံး၊ ခြေဖမိုးကစ်ကစ်လေးတွေကို ကိုင်လိုက်နှင့် ပီတိဖြစ်နေသည်။

"ဩော် ... မ ... မဝေကော နေကောင်းရဲ့လား။ အဲဖွားမိ"

ကိုသာလှက ... ယခုမှ ဇနီးကို သတိရသွားသည်။

"ကောင်းပါ့တော်၊ ကောင်းပါ့ ... ကဲ ... နင့်မိန်းမကို သွားကြည့်လိုက်ဦး"

"ဟုတ် ... ဟုတ်ကဲ့"

ကိုသာလှသည် ကလေးကို ဒေါ်ဖွားမိလက်ထဲသို့ ပြန်ထည့်ပေးလိုက်သည်။ ထို့နောက် အခန်းထဲကိုဝင်သွားခဲ့လေ၏။ မဝေမိုသည် အိပ်ရာထက်မှာ တစောင်းလှဲရင်းမှန်းနေ၏။ ကိုသာလှ ဝင်လာသောအခါ မျက်ခွံတွေက ပွင့်လာ၏။

"နေသာရဲ့လား ... မဝေ"





"ကောင်းပါတယ်၊ သားလေးကိုကော ကြည့်ပြီးပြီလား"

"ကြည့်ပြီးပါပြီ၊ ဖွံ့ဖွံ့ဖြိုးဖြိုးနဲ့ တော်တော်ချစ်စရာကောင်းတယ်နော်"

"ဘယ်သူနဲ့တူသလဲ"

"အဲ့ဒါ သေသေချာချာ မကြည့်ရသေးဘူး"

မဝေမို ... နှုတ်ခမ်းစူသွားလေသည်။ သို့ရှိခိုက် သူမ၏ မိခင် ဒေါ်အေးခါ ရွာထဲမှ ပြန်ရောက်လာသည်။ ကလေးကိုချီထားသော ဦးပေါက်ကျော်ကို တွေ့လိုက်ရ၍ ...

"ဟင် ... မွေးပြီလား။ မြန်လိုက်တာ ... "

"အေးဟဲ့ ... ဘယ်လောက်မှတောင် ဝမ်းမနာလိုက်ရဘူး။ မြန်လိုက်တာ၊ မအေကို ဒုက္ခမပေးဘူး။ ငါ့မြေးက အကျိုးပေးဦးမှာ"

ဦးပေါက်ကျော်က ဝမ်းသာအားရပြောလိုက်သည်။ ဒေါ်အေးခါ အကြောင်းရှိ၍ ရွာထဲသို့သွားခါစပင် သမီးမဝေမိုမှာ ဝမ်းစပြီးနာရုံပဲရှိသေးသည်။ လက်သည် ဒေါ်ဖွားမိကို အိမ်သို့ လွှတ်လိုက်သည်။ သူမက အိမ်တစ်အိမ်သို့ ဆက်သွားသည်။ သိပ်မကြာလိုက်၊ ယခုပြန်လာတော့ မွေးပြီတဲ့၊ အံ့ချက်က မကုန်နိုင်။ မြေးဦးလေးကို ဦးပေါက်ကျော်၏လက်ထဲမှ ယူကာ ချီလိုက်သည်။

"ဟုတ်ပါရဲ့တော်၊ ငါ့မြေးက ဖွံ့ဖွံ့ထွားထွားနဲ့ ချစ်စရာကြီး"

ဟု ဝမ်းသာအားရနှင့် ပြောလိုက်လေသည်။ တချို့ချို့နှင့်


www.burmeseclassic.com

www.burmeseclassic.com



လည်းနမ်းသည်။

"အမေ၊ ကလေးနာသွားပါဦးမယ်"

"အံမယ် ... နင်က အဖြစ်သဲနေလိုက်တာ၊ ငါက ဖွဖွ ကလေးနန်းတာပါဟဲ့၊ အလို ... ကလေးရဲ့မေးအောက်မှာ အမှတ်ကြီးနဲ့တော့"

"ဟင် ... ဟုတ်လား၊ ငါလည်း သေသေချာချာမကြည့်မိဘူး၊ မှန်း ... ပြစမ်း"

ဒေါ်ဖွားမိက မီးနေခန်းထဲကို သွားမည်ပြုပြီးမှ ပြန်လှည့်လာသည်။ ကလေး၏မေးအောက်တွင် ဝိုင်းစက်သော အနီမှတ်သေးသေးလေးကို တွေ့လိုက်ရသည်။

"အေးဟဲ့၊ ကလေးက မွေးရာပါအမှတ်ကလေးပါလာတယ်၊ ထူးခြားတယ်၊ မအေလည်း ခဏပဲ ... ဝမ်းနာလိုက်တယ်၊ ဒါတောင်မှ ရုပ်ပျက်ဆင်းပျက်နာတာမဟုတ်ဘူး၊ ချက်ချင်းမွေးတာပဲ၊ ရုပ်ရည်ကလည်း ကြည့်ကြည့်လင်လင်နဲ့ သည်ကလေးကို ဂရုစိုက်ပြီးတော့ မွေးကြ"

ဒေါ်ဖွားမိက အလေးအနက်ထားပြီးတော့ ပြောလိုက်လေသည်။

ယင်းအချိန်တွင် ရွာလယ်ရှိ နှစ်ဆောင်ပြိုင်အိမ်ကြီးတစ်အိမ်တွင် ...





"အမလေး ... ကျွတ်ကျွတ်ကျွတ်၊ နာလိုက်တာ၊ သေရပါတော့မယ်၊ မကယ်နိုင်တော့ဘူးလား အမေရဲ့"

မီးဖွားမည့်ဆဲဆဲ ... အမျိုးသမီးတစ်ဦး၏ မချိမဆန့်အော်ညည်းလိုက်သံက အမှတ်မထင် ထွက်ပေါ်လာခဲ့သည်။

"နည်းနည်းလေးသည်းခံလိုက်ပါဦး သမီးရယ်၊ ခဏကြာရင် မွေးတော့မှာပါ"

လက်သည်ဒေါ်နန်းက ချော့မော့ပြီးတော့ ပြောလိုက်သည်။ သူမသည် မြို့မှခေါ်ထားသော အကောင်းဆုံးလက်သည်ဖြစ်သည်။

"ဘယ်လိုလည်း ဒေါ်နန်း ... ကျွန်တော့်မိန်းမက မနက်ကတည်းက ဝမ်းနာနေတာ၊ ခုထက်ထိ မမွေးနိုင်သေးဘူးလား"

"မွေးတော့မှာပါ၊ ခုထက်ထိ မမွေးနိုင်သေးဘူးလား"

"မွေးတော့မှာပါ၊ မွေးတော့မှာ သည်မှာအခက်အခဲလေးနည်းနည်းရှိနေလို့ပါ၊ ခဏကလေး ... ခဏကလေး"

ဒေါ်နန်းသည် မီးနေခန်းထဲမှနေပြီး ပျာပျာသလဲနှင့်ပြောလိုက်သည်။ ကိုပြည်စိုးသည် လက်သီးနှစ်လုံးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ အိမ်ရှေ့လသာဆောင်ပေါ်တွင် ခေါက်တုန့်ခေါက်ပြန်လျှောက်နေ၏။ ဇနီးဖြစ်သူ မအိမ်စိုး ဝမ်းနာနေတာ ကြာလှပြီဖြစ်သည်။ မနက်မိုးမလင်းမီကတည်းက ယခုပဲ နေဝင်မိုးချုပ်တော့မည်။ အလိုလိုနေရင်းနှင့် လက်သည် ဒေါ်နန်းကို ဒေါသထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာမှ လက်သည်များကို မသုံးဘဲ မြို့မှနာမည်ကြီး လက်သည်ကို သုံးရက်အလိုခန့်ကတည်းက ခေါ်ထားခဲ့သည်။ ကလေးကို ချက်ချင်း မမွေးပေးနိုင်ကောင်းလားဟူ၍ အလိုမကျဖြစ်နေသည်။ အိမ်အောက်ထပ်မှာလည်း မအိမ်စိုးအတွက် လိုအပ်မည့် အကူအညီများကိုပေးရန် ဆွေမျိုးအချို့နှင့် ရွာသူ ရွာသားများ အချို့ရောက်နေကြသည်။ ကိုပြည်စိုးနှင့်ကျေးဇူးမကင်းကြသော သူများ။ တစ်ခဏအကြာတွင် ...

"အူဝဲ ... အူဝဲ ... အူဝဲ"

ကလေးငိုသံက မီးနေခန်းထဲမှ ထွက်ပေါ်လာခဲ့လေသည်။

"ဟ ... မွေးပြီ မွေးပြီ ငါ ... ကလေးအဖေဖြစ်ပြီ ဟေ့၊ ဟား ဟား ဟား ဟား"

ကိုပြည်စိုးသည် လက်သီးကိုဆုပ်ကာ အားပါးတရပင် ဟစ်ကြွေးလိုက်လေ၏။ အချိန်အနည်းငယ်အကြာတွင် ဒေါ်နန်းက ကလေးကိုချီပြီးတော့ အခန်းအပြင်ကို ထွက်လာခဲ့သည်။ ထွေးပိုက်ထားသည့် အနှီးကလည်း ပိုးပိတ်စဖြစ်၏။ ကလေးကို အမွေးနံ့သာရည်များဖြင့် အခန်းထဲမှာပင် သန့်စင်လာခဲ့၍ တစ်ကိုယ်လုံးမွှေးကြိုင်နေ၏။

"ကဲ ... ဟောသည်မှာ သားကိုကြည့်ပါဦး ..."

ဒေါ်နန်းက ကလေးကို ဖခင်အသစ်စက်စက်ဖြစ်သွားသည့် ကိုပြည်စိုး၏လက်ထဲသို့ ထည့်ပေးလိုက်သည်။ ကလေးက မျက်ခုံးကောင်းကောင်း နှာတံပေါ်ပေါ်၊ နှုတ်ခမ်းကလည်း ပိရိစေ့စပ်သည်။ ပါးလေးဖောင်းဖောင်းနှင့် ချစ်စရာကောင်းနေသည်။





"ကျွန်တော့်သားက ကျွန်တော်နဲ့တစ်ပုံစံတည်းပါလားဗျား ဘဲ ... ဟဲ ... ဟဲ ..."

ကိုပြည်စိုးနှင့်မအိမ်စိုး၊ အလုပ်အကိုင်ကောင်း၊ စီးပွားဆောင်း၍ မွေးလာသော သားကလေးကလည်း အများဂရုစိုက်ရာဖြစ်လာခဲ့ရသည်။ ငွေကြေးကြွယ်ဝသော မိဘနှစ်ပါးမှ မွေးဖွားလာသည့် သားဦးရတနာမို့ အားလုံးက ဖူးဖူးနှင့်နေအောင် မှတ်ထားကြမှာအမှန်ပင်။

ဤသို့ဖြင့် ရေခင်းရွာကလေးတွင် အခြေခံမတူသော မိသားစုနှစ်ဖက်မှ သားတစ်ယောက်စီကို တစ်နေ့တည်းမှာပင် မွေးဖွားလာခဲ့ကြလေသည်။

ကိုသာလှ၊ မဝေမိုတို့သည် မိမိတို့၏သားငယ်ကလေးကို နေ့ကောင်းရက်သာရွေးပြီး နာမည်ပေးချင်သည့်၊ သို့သော် နာမည်ကို စဉ်းစားလိုက်တိုင်းမှာ ပျက်ပျက်သွားခဲ့ရသည်။ ဦးပေါက်ကျော်သည်ပင် သူ့မြေးအတွက် နာမည်တစ်ခုပြီးတစ်ခု ရွေးသည်။ စိတ်တိုင်းကျခြင်းမရှိခဲ့။

"နာမည်ပေးဖို့ သိပ်မလောကြနဲ့၊ သည်နာမည်ကို တစ်သက်လုံးသုံးသွားရမှာ၊ ဖြည်းဖြည်းစဉ်းစားကြ"

တဖြည်းဖြည်းဆိုသည့်စကားက ဘယ်လောက်အထိကြာဦးမလဲမသိ။ ကလေးက သုံးလထဲသို့ပင် ရောက်ခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နာမည် မပေးရသေး၍ ခုထက်ထိ နာမည်တစ်၍မခေါ်နိုင်သေး။ ထို့ကြောင့် အားမလိုအားမရဖြစ်ကြရသည်။ မျက်နှာလေးက ကြည်ကြည် လင်လင်နှင့်မြင်ရသူ နှစ်သက်သည်။ စိတ်နှလုံး အေးချမ်းသည်။ ကလေးက အငိုအရယ်နည်းသည်။ ခြေကန်၊ လက်ကန်နှင့် ဆော့ နေတာမျိုးလည်း ဒါလောက်မရှိ။ အထူးသဖြင့် ... ကြည်လင် သောမျက်လုံးများက တန်ခိုးသိဒ္ဓိတစ်မျိုးမျိုး ရှိနေသလိုပင်။ ထူးခြားသည်။

ဦးပေါက်ကျော်သည် နာမည်မပေးရသေးသော သူ့မြေးကို တစ်ဦးဦးက နာမည်ပြောင်တစ်မျိုးမျိုးဖြင့် ခေါ်မည်ကိုလည်း စိုးရိမ်မိသည်။ အချို့ဆိုလျှင် အမည်ရင်းပျောက်ကာ တစ်သက်လုံးနာမည်ပြောင်နှင့်ပင် တွင်သွားခဲ့ကြရသည်။

တစ်ရက်တွင် ရေခင်းရွာကလေးဆီကို အပေါ်ညို၊ အောက်ညို အင်္ကျီ၊ လုံချည်ကိုဝတ်ဆင်ထားသူ လူကြီးတစ်ယောက်ရောက်လာခဲ့သည်။ ရှည်လျားသော ဆံပင်များကို စုကာ ငယ်ထိပ်တည့်တည့်မှာ ထုံးနှောင်ထားသည်။ မျက်နှာမှာလည်း ဖြူဆွတ်သော မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများက နေရာယူထားသည်။ အဝတ်အစားများက ညစ်ထပ်ထပ်နှင့်။ ဖိနပ်လည်းမပါ။ နေပူကြီးထဲမှာ လျှောက်လာနေသည်။ ခြေလှမ်းတွေက မညီညာ၊ တမင်တကာလုပ်ပြီး လျှောက်လာသလို ဘောက်ဆွ၊ ဘောက်ဆွနှင့် မျက်လုံးတွေကလည်း ကြောင်စီစီနှင့် ...

ထိုလူကြီးသည် ကိုပြည်စိုး၊ မအိမ်စိုးတို့၏ခြံရှေ့ကို ရောက်လာသည်။ ထိုအချိန်တွင် အကြောင်းတစ်ခုခုကြောင့် ခြံတံခါးကို





အခုတ်မထင်ဖွင့်ထားသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်သည် ခြံထဲကို ခနဲ့ပြီးတော့ ဝင်သွားခဲ့သည်။

"ဟော့ ... ဟော့လူကြီး ... ဘာကိစ္စလဲ"

ကိုပြည်စိုးက အိမ်ပေါ်မှဆင်းလာခိုက်နှင့် ကြုံသွားသည်။

"ရေတစ်ပေါက်လောက် သောက်ချင်လို့ပါ"

ကိုပြည်စိုးသည် တစ်ကိုယ်လုံးချေးညှော်အလိမ်းလိမ်းနှင့် ညစ်ထပ်ထပ်ရှိနေသော ထိုလူကြီးကိုကြည့်ပြီး ရွံ့ရှာဟန်နှင့်-

"အပြင်ကနေဆက်ပြီးလျှောက်သွားရင် ရေအိုးစင်တစ်လုံး တွေ့လိမ့်မယ်၊ အဲသည်မှာသောက် ..."

"အိမ်း ... အိမ်း၊ ကောင်းသကွယ့် ... ကောင်းသကွယ့်"

ထိုလူကြီးသည် ခေါင်းတညိတ်ညိတ်လုပ်လိုက်ကာ ချက်ချင်းပင် ခြံထဲမှထွက်သွားခဲ့လေသည်။ ထိုအခါ အိမ်ပေါ်မှ လှမ်းမြင်လိုက်သော မအိမ်စိုးက ...

"ဟင် ... ကိုပြည်စိုး၊ လူကြီးကို ရေမတိုက်ဘဲ ဘာဖြစ်လို့ သည်အတိုင်းလွှတ်လိုက်ရတာလဲ၊ မဟုတ်သေးပါဘူး၊ အဘ၊ အဘ ... ခဏနေပါဦး"

လှမ်းပြီးတော့ တားဆီးလိုက်သည်။ သို့သော်လည်း ထိုပုဂ္ဂိုလ်ကား ခြံအပြင်ကို ရောက်သွားခဲ့လေပြီ။ မအိမ်စိုးကား ခင်ပွန်းကိုလည်းမကျေနပ်၊ ထိုလူကြီးအတွက်လည်း စိတ်မကောင်းဖြစ်သွားခဲ့ရသည်။



www.burmeseclassic.com

ထူးခြားသောအသွင်ရှိသည့် ထိုလူကြီးသည် အိမ်စဉ်အတိုင်း ရှေ့ဆက်၍ လျှောက်သွားသည်။ သို့သော် လမ်းမှာ မည်သည့်ရေအိုးစင်ကိုမှ မတွေ့ပါ။ သည်လိုနှင့် ရွာဖျားဆီကို ရောက်သွားခဲ့သည်။ ဦးပေါက်ကျော်၏ အိမ်ရှေ့ကိုရောက်သော်

"ရေတစ်ပေါက်လောက်သောက်ပါရစေဗျို့"

ဟု အော်ပြောလိုက်လေသည်။ အိမ်ထဲမှာ လူစုံကာရှိနေသည်။

"မာင် ... လူကြီးတစ်ယောက်ပါလား။ ခြံတံခါးသွားဖွင့်ပေးလိုက်ပါ သမီးရယ်"

ဦးပေါက်ကျော်က အနားမှာရှိနေသော သမီးမဝေမိုကို နိုင်းလိုက်ရာ ...

"နေ ... နေ ကျွန်တော် သွားဖွင့်ပေးလိုက်မယ်"

ကိုသာလှက အိမ်ပေါ်မှဆင်းသွားခဲ့လေသည်။ ခြံတံခါးကို ဖွင့်ပေးလိုက်သည်။ ထိုပုဂ္ဂိုလ်ကြီးသည် ခြံဝမှာရပ်လျက်ရှိသည်။ ခွေးများကလည်း နဖူးပြင်တစ်လျှောက်မှာစီးပြီးတော့ ကျနေကြသည်။ ပင်ပန်းနွမ်းနယ်နေဟန်တူသည်။ ကိုသာလှ စိတ်မကောင်းဖြစ်သွားမိသည်။

"ဩော် ... အဘ အထဲကို ဝင်ပါခင်ဗျာ"

ပုဂ္ဂိုလ်က ခေါင်းတစ်ချက်ဆတ်ကာ ခြံထဲကိုဝင်လိုက်သည်။



( ၃ )

## သူဌ

ဦးပေါက်ကျော်သည် ထိုပုဂ္ဂိုလ်ကြီးကို နေရာမှထကာ ကြိုလိုက်သည်။

"အပေါ်ကိုတက်ပါခင်ဗျာ၊ ဧည့်သည်ဝေက ရောက်လာခဲ့တယ် ဆင်ပါရဲ့"

"ဟုတ်ပါ့ ... ဟုတ်ပါ့"

အိမ်ပေါ်ကို တက်လာပြီး ဘုရားစင်ရှေ့မှာသွား၍ထိုင်သည်။ မဝေမိုက သောက်ရေသန့်သန့်တစ်ခွက်ကိုခပ်ကာ ယွန်းပန်းကန်ပြားလေးထဲထည့်၍ ယူလာသည်။ ဦးပေါက်ကျော်က ချက်နာသုတ်ပဝါသန့်သန့်ကို ထုတ်ပေးလေသည်။ ဇနီးဖြစ်သူ ဒေါ်အေးခါကလည်း မီးဖိုခန်းထဲကိုဝင်သွားသည်။ မုန့်ဖက်ထုပ်များကို ယွန်းပန်းကန်ပြားလေးထဲထည့်ပြီးတော့ ယူလာသည်။ ထိုပုဂ္ဂိုလ်ကြီး၏ ရှေ့မှာချပေးသည်။

"အဘ ... ရေသောက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မဝေမှီ၏လက်ထဲမှ သောက်ရေကိုယူကာ တစ်ကျိုက်တည်း သောက်ချလိုက်သည်။

"မျက်နှာသုတ်ပဝါ၊ ချွေးသုတ်ပါဦးခင်ဗျာ"

ဦးပေါက်ကျော်က မျက်နှာသုတ်ပဝါကို တရိုတသေနှင့်ပေးသည်။ ထိုပုဂ္ဂိုလ်သည် သူ့ထက်လည်း အသက်ကြီးပုံရသည်။

"အမောဖြေပြီးရင်၊ မုန့်ဖက်ထုပ်စားပါဦးရှင့်"

ဒေါ်အေးခါသည် မုန့်ဖက်ထုပ်နှစ်ထုပ်ကို ဖုံးအုပ်ထားသော ငှက်ပျောဖက်ကို ခွာပေးသည်။

"အိမ်း ... အိမ်း၊ စေတနာနဲ့ကျွေးမွေးတော့လည်း စားရသောက်ရတာပေါ့ကွယ်"

ဟု တည်ငြိမ်သောလေသံဖြင့်ဆိုကာ မုန့်ဖက်ထုပ်များကို စားသည်။ ချက်ချင်းလိုလိုပင် ကုန်သွားသည်။ ညှိသည်က စား၍ အိမ်သားများက ကျေနပ်ဝမ်းသာမိကြရသည်။ ထိုပုဂ္ဂိုလ်ကြီးသည် မျက်နှာပြင်မှ ချွေးများကို မျက်နှာသုတ်ပဝါနှင့်သုတ်သည်။ ဦးကံရက ထိုပုဂ္ဂိုလ်ကိုကြည့်ပြီး စိတ်ဝင်စားနေမိသည်။ ခရီးဝေးကလာခဲ့ဟန်တူသည်။ ကြည့်ရသည်မှာ လှည်းကြုံမရ၍ ခြေကျင်လျှောက်လာခဲ့ရဟန်တူသည်။ မည်သည့်အရပ်ကိုသွားမှာပါလိမ့်ဟုလည်း တွေးနေမိသည်။

"လမ်းမှာလှည်းကြုံတော့ တွေ့ပါရဲ့ကွယ်၊ ဒါပေမဲ့ ငါ့ကို ငဲ့စောင်းပြီးတော့တောင် မကြည့်ဘူး၊ ဟိုအိမ်မြင့်ကြီးကလူလည်း ငါရေတောင်းသောက်တာတောင် မောင်းထုတ်တယ်၊ အင်း... လူတွေက ဂါရဝတရားတော်တော်နည်းပါးကြတယ်၊ ဆုပ်





ကပ်ကြီးထဲရောက်နေတာကိုး၊ တလွဲမာနတွေနဲ့ ငါမဟုတ်တဲ့ ငါရုပ်တွေနဲ့ ကိုယ့်ကိုယ်ကိုယ် အဟုတ်ကြီးထင်နေကြတယ်"

ထိုပုဂ္ဂိုလ်ကြီးပြောလိုက်သောစကားကြောင့် ဦးကံရအံ့အားသင့်သွားခဲ့ရသည်။

"ငါ့အတွေးနဲ့ပြောနေတာကို သိများသိနေသလား"

အားလုံးက ထိုပုဂ္ဂိုလ်ကြီး၏ရှေ့တွင် တရိုတသေနှင့်ရှိနေကြသည်။ ထူးခြားသည်က သင်းပျံ့သောအနံ့တစ်မျိုးက အခန်းထဲမှာ ပျံ့လွင့်လျှက်ရှိနေခြင်းပင်။ ချွေးနံ့အစား အမျိုးအမည်ဖော်ပြနိုင်စွမ်းမရှိသော အမွှေးနံ့တစ်မျိုးကိုရနေကြသည်။ ပုဂ္ဂိုလ်ကြီး၏ မျက်လုံးများမှာ ထူးခြားစွာပင် သက်ဝင်လှုပ်ရှားလျှက်ရှိနေသည်။ မျက်လုံးအကြည့်သည် ပုခက်ထဲမှာ အိပ်ပျော်နေသော ကလေးဆီကို ရောက်သွားသည်။

"ကလေး ငါ့ဆီကိုခေါ်လာခဲ့စမ်း ... သမီး"

"ဟုတ် ... ဟုတ်ကဲ့"

မဝေမှီက နေရာမှဆတ်ခနဲဆိုထကာ ပုခက်ထဲမှ ကလေးကိုပွေ့ချီကာ ယူလာခဲ့သည်။

"ပေး ... သည့်ကို"

ကလေးကိုတောင်းချီ၍ မဆိုင်းမတွပင် လက်ထဲကိုထည့်ပေးလိုက်သည်။ လက်နှစ်ဖက်နှင့်မချီ၊ လက်တစ်ဖက်တည်းနှင့်ချီသည်။ ခေါင်းကို လက်ဝါးထဲထည့်သည်။ ကိုယ်လုံးကိုတော့ လက်ဖျံပေါ်မှာ ဒေါင်လိုက်တင်ထားသည်။ ကလေးက ပြည့်ပြီးတော့ ကျသွားမှာကို စိုးရိမ်နေမိကြသည်။ သို့သော် ကလေးက



www.burmeseclassic.com

www.burmeseclassic.com



သက်ထဲမှာ မြှုပ်နေလေသည်။ ပုဂ္ဂိုလ်ကြီးကိုကြည့်ပြီး စကားများ ပင်ခဲ့ကြသေးတော့ရှိသည်။

"မိုးဆိုမ်ကြပါနဲ့၊ ငါ့လက်ထဲက မကျပါဘူး။ လွတ်ချတာ ဆောင် မကျဘူး။ သည်ကလေးကို နာမည်မပေးရသေးဘူး မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့၊ မပေးရသေးပါဘူး ခင်ဗျာ"

ဦးကံရက ဖြေလိုက်သည်။ ထို့နောက် ခေါင်းတညိတ်ညိတ် နှင့်ရှိနေကာ မျက်လုံးကိုလည်း မှိတ်ထားလိုက်သည်။ တစ်ခဏ အကြာတွင် ...

"သုဒ္ဓ ... သုဒ္ဓ ဟုတ်ပြီ၊ သုဒ္ဓလို့ခေါ်ကြ၊ မျက်နှာကြည် ကြည်လေးနဲ့ စင်ကြယ်တဲ့သူ့ဘဝတစ်လျှောက်လုံးအတွက် ကိုယ် စားပြုတဲ့အမည်၊ ငါပေးတဲ့နာမည်ကို ကြိုက်ကြရဲ့လား"

"ကြိုက် ... ကြိုက်ပါတယ် အဘ"

ပုဂ္ဂိုလ်ကြီး၏ မျက်နှာကမပြောင်းလဲဘဲ ခေါင်းတညိတ် ညိတ်နှင့်ရှိနေသည်။

"ရှေ့ကမောင်တတ်ပြီးတော့ မခေါ်နဲ့၊ သုဒ္ဓဟာ သုဒ္ဓပဲ ကြားကြလား"

ဟုတ်ကဲ့ လိုက် လိုက်ကြရသည်။ ထိုနာမည်ကို တကယ် လည်း နှစ်သက်နေကြသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ကလေး၏ မေးဖျားအောက်မှ အနီမှတ်ဝိုင်းစက်စက်ကိုလည်း မြင်သွားခဲ့ သည်။

"သည်ကလေးဟာ ... သူလုပ်ချင်ရာကိုလုပ်လိမ့်မယ်၊





ဒါပေမဲ့ မိဘကို ဒုက္ခမပေးဘူး၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူး၊ သူ့ကိုနားလည်ပေးကြ၊ မသိမသာအကျိုးပေးလာလိမ့်မယ်၊ ကဲ ငါသွားမယ်"

ကလေးကို မဝေမို၏လက်ထဲသို့ ပြန်ပြီးထည့်ပေးလိုက် သည်။

"အားလုံး ... သားလေး၊ မြေးလေး၊ သုဒ္ဓ သုဒ္ဓလို့ သုံး ကြိမ်ခေါ်ကြ"

"သားလေး ... သုဒ္ဓ"

"မြေးလေး ... သုဒ္ဓ"

အားလုံး သုံးကြိမ်ခေါ်ကြသည်။ ဤသို့ဖြင့် ထိုကလေး သည် ထိုနေ့မှစ၍ သုဒ္ဓဟု အမည်တွင်ခဲ့လေသတည်း။ ပြန်မည် ဆို၍ ဝိုင်းပြီးတော့ ကန်တော့ကြသည်။

"သာဓု ... သာဓု၊ သာဓု၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာကြပါစေ၊ လိုရာဆန္ဒနဲ့ပြည့်ကြပါစေ၊ အသက်ရှည်ကြပြီး အနာရောဂါဘေးဒုက္ခလည်း ကပ်ငြိခြင်းမရှိကြပါစေနဲ့"

ဆုပေးသည်။ ဦးချကြသည်။ ခေါင်းမော့လိုက်ကြသော အခါ ထိုပုဂ္ဂိုလ်ကြီးသည် သူတို့၏ရှေ့မှာ မရှိတော့။

"ဟင်"

အလျှင်အမြန်ပင်ထ ကြလိုက်ကာ အိမ်ပေါ်မှလှမ်းပြီးတော့ ကြည့်လိုက်ကြသည်။ ပုဂ္ဂိုလ်သည် ခြံအပြင်ကို ရောက်သွားခဲ့ လေပြီ။ အရွယ်နှင့်မလိုက်အောင် သွက်လက်မြန်ဆန်လိုက်သည် ဖြစ်ခြင်း၊ ထူးခြားသော ပုဂ္ဂိုလ်ကြီး၏ ရုပ်သွင်နှင့်အပြုအမူကို



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဘယ်သောအခါမှ မမေ့နိုင်ကြတော့ပေ။ မဝေမို၏လက်ထဲတွင် ကလေးက ညာလက်ချောင်းလေးများ ဆုတ်ထားသည်။ ဘယ်လက်ကိုတော့ ဖြန့်ထားသည်။ ညာလက်တစ်ဖက်တည်းကိုသာ စုယမ်းပြီး ဆော့ကစားလျက်ရှိသည်။

မဝေမို၏စိတ်ထဲတွင် တစ်မျိုးထူးသည်ဟုထင်လာမိသည်။ ထို့ကြောင့် ကလေး၏လက်သီးဆုပ်ကို ဖြည်သည်။ တော်တော်နှင့်ဖြည်၍မရ။ တင်းကြပ်နေသည်။ မဝေမို အံ့အားသင့်နေဆဲမှာပင် ကလေးက လက်ကို အလိုလိုပင် ဖြည်လာသည်။

"ဟင်"

မဝေမို အံ့အားသင့်သွားမိသည်။ ကလေး၏လက်ထဲမှာ ရွှေဒင်္ဂါးပြားလေးသုံးခု။ တစ်ခုလျှင် တစ်ကျပ်သားရှိမည်။ သည်ကလေး လက်သေးသေးလေးက ဒင်္ဂါးသုံးပြားကို လုံလုံလဲလဲ ဆုပ်ကိုင်ထားသည့်အတွက် အံ့အားသင့်နေမိသည်။

"အဖေ ... အဖေ သည်ကိုခဏလောက်"

ခြံအပြင်ဘက်သို့လှမ်းပြီး ကြည့်နေဆဲရှိသော ဦးပေါက်ကျော်က သမီး၏ခေါ်သံကြောင့် လှည့်လာခဲ့သည်။

"ဘာလဲ သမီး"

"ဟောသည်မှာ ကလေးရဲ့လက်ထဲကရတာ"

"ဟင်"

ရွှေဒင်္ဂါးပြားသုံးခုက ဦးပေါက်ကျော်၏လက်ထဲကို ရောက်လာသည်။

"ဒါ ... ဒါ ... "





"ဟုတ်တယ် အဖေ၊ သမီးလည်း သားရဲ့ညာဘက်က တစ်ခုခုဆုပ်ထားသလိုတွေ့လို့ မသက်ာတာနဲ့ ဖြည်ကြည့်မိလိုက်တယ်၊ အဲဒါလေးတွေကို တွေ့ရတာပဲ"

"သည်ဒင်္ဂါးပိုင်းတွေကို ကလေးက ဆုပ်ကိုင်ထားတယ်၊ ဟုတ်လား၊ သူ့လက်သေးသေးလေးက ... "

"သမီးလည်း အဲဒါကို စဉ်းစားလို့မရတာ"

ရွှေဒင်္ဂါးနှစ်ပြားသည် မည်သည့်အမှတ်အသားမှမပါဘဲ ပြောင်ချောကြီးဖြစ်နေသည်။ တစ်ခုက စာတန်းများပေါ်နေသည်။ ယင်းစာတန်းကို ဖတ်ကြည့်လိုက်သောအခါ ဦးပေါက်ကျော်၏ မျက်ခုံးအစုံမှာ မြင့်တက်သွားခဲ့ရသည်။ သူတွေ့လိုက်ရသည်ကား

"သုဒ္ဓ"

သုဒ္ဓဟူသော စာလုံးသည် ယခုပင် စောစောကပုဂ္ဂိုလ်က ပုပ္ပနွေးနွေးပေးခဲ့သော အမည်ပင် မဟုတ်ပါလား။ ထူးဆန်းအံ့ဩနေမိသည်။ ဤစာလုံးလေးများသည် နဂိုကတည်းက ရေးသားထားခဲ့တာလား၊ ယခုမှ ပေါ်လာတာလားဆိုသည်ကို စဉ်းစား၍မရနိုင်တော့ပေ။ ထိုလုံးကြီးသည် နဂိုကတည်းက ကြိုစည်မှုရှိနေပြီး ဤအိမ်ကို တမင်ပင်ရောက်လာခဲ့သည်လား။ သို့မဟုတ် ရွှေဒင်္ဂါးပြားပေါ်မှာ သုဒ္ဓဆိုသော စာလုံးစာပေါ်နေခြင်းသည် တိုက်ဆိုင်မှုသက်သက်ကြောင့်လားဆိုသည်ကို တိကျသော အဖြေရှာမရနိုင်။

"ဒါ ကလေးရဲ့ကုသိုလ်ကံပဲ သမီး ... "

"ဟုတ်တယ် အဖေ၊ သားလေးက ထူးခြားတယ်၊ သူ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းနဲ့သူ ဖြစ်လာတာပဲနော်’

မိခင်ဒေါ်အေးခါနှင့်ကိုသာလှတို့သည်လည်း ဦးပေါက်ကျော်၏ လက်ထဲက ရွှေဒင်္ဂါးပြားများကို မြင်တွေ့သွားခဲ့ကြသည်။ အကြောင်းစုံကိုသိကြသော် ...

“ရွှေဒင်္ဂါးတစ်ပြားက သူ့အမည်ပါတဲ့အတွက် ဆွဲပြားလုပ်ပြီး ဆွဲထားပေးရမယ်၊ ကျန်နှစ်ပြားကတော့ ကလေးအတွက် သိမ်းထားဖို့ပဲပေါ့”

ဒေါ်အေးခါက ပြောသည်။ အားလုံး ဆန္ဒတစ်ခုတည်း ဖြစ်သွားခဲ့ကြသည်။

သုဒ္ဓလေးသည် သုံးလသားအရွယ်ကိုရောက်လာခဲ့ပြီ ဖြစ်၏။ လည်ပင်းမှာလည်း သုဒ္ဓအမည်ပါ ဆွဲပြားလေးကို ကြိုးဖြင့် ဆွဲထားပေး၏။ ရွှေဆွဲကြိုးတော့ မဟုတ်ပါ။ ကလေးသည် ကြည်လင်သော မျက်နှာပိုင်ရှင်လေးပေမို့ လူချစ်လူခင်ပေါများသည်။

ကိုပြည်စိုး၊ မအိမ်စိုးတို့၏ သားလေးသည်လည်း မောင်အာကာမိုးဟု အမည်တွင်၏။ နာမည်ကြီးဗေဒကာဝိများနှင့် တိုင်ပင်ကာ ပေးထားသောအမည်ဖြစ်၏။ နေ့သင့်နံသင့်မဟုတ်သော်လည်း နက္ခတ်ခွင်၊ ဂြိုဟ်ခွင်များနှင့် ညှိနှိုင်းတွက်ချက်ကာ ပေးထားသော အမည်ဖြစ်၏။

“ဟို ... အဖိုးကြီးဦးပေါက်ကျော်ရဲ့မြေးက သုဒ္ဓတဲ့၊ ရွှေ





ဆိုလို့ မူးလို့တောင် ရှူစရာမရှိကြတဲ့သူတွေက [illegible] မှာ ရွှေဒင်္ဂါးပြားဆွဲပေးထားတယ်၊ ဘယ်တရားသေလဲ[illegible] အစစ်တော့မဖြစ်နိုင်ဘူး။ အတုပဲဖြစ်မှာပါ”

“အိုတော် ... ကိုပြည်စိုး၊ သားသမီးချင်းစာနာ အဲသည်လိုမပြောပါနဲ့၊ သူတို့လည်း ကိုယ့်သွေးသားမို့ ချစ်လို့ရှာဖွေစုဆောင်းပြီး ပစ္စည်းလုပ်ပေးထားတာနေမှာပေါ့”

မအိမ်စိုးက မှုတာသောစိတ်ထားဖြင့် ခင်ပွန်းဖြစ်သူကို ပြောသည်။

“ဟေ့ ... သည်ရွာမှာ ငါတို့ကလွဲပြီး ချမ်းသာတဲ့သူ မရှိဘူးကွ၊ ရှိလည်းမရှိစေရဘူး။ သင်းတို့က သည်ရွှေဒင်္ဂါးကို ဘယ်နည်းနဲ့ရလာခဲ့တာလဲ၊ ခိုးဝှက်ပြီးတော့ ယူလာခဲ့တာလား”

“သည်မှာ ကိုပြည်စိုး၊ လူတစ်ယောက်ရဲ့ ကံတရားကို ပြောလို့မရဘူး။ အတက်အကျဆိုတာရှိမှာပဲ၊ ရွာမှာ ဦးပေါက်ကျော်တို့မိသားစုက ရိုးသား ကြိုးစားကြတာ တစ်ရွာလုံးအသိ၊ သူတို့က အကြွေးကြောက်လို့ရှင့်ဆိုက မချေး၊ မငှားကြတော့ အဲဒါကို မကျေမနပ်ဖြစ်ပြီး ထင်ရာလျှောက်ပြောနေတယ်၊ သူတို့ ကစ်သက်လုံးဆင်းရဲနေကြရမှာလား။ တစ်အိမ်လုံးက အလုပ်လုပ်နေကြတာ”

“အေး ... ဘာပဲဖြစ်ဖြစ် ကိုယ့်ထက်ကြောတဲ့သူကို ငါ လက်မခံနိုင်ဘူး။ သည်ရွာမှာ အားလုံးက ငွေရေးကြေးရေးနဲ့ ပတ်သက်လာရင် ငါ့ရှေ့မှာ အမြဲတမ်းဒူးထောက်နေရတဲ့သူချည်းပဲဖြစ်နေစေရမယ်”



www.burmeseclassic.com

www.burmeseclassic.com



"အင်း … အဲသည်စိတ်ထားမျိုးကို မဖျောက်နိုင်ခဲ့ရင် တစ်နေ့ကျ ရှင် ဒုက္ခလှလှကြီးတွေ့လိမ့်မယ်"

"ငါ – ဘယ်တော့မှ ဒုက္ခမရောက်ဘူး။ ငါက လူတိုင်းအပေါ်မှာ စိတ်ကောင်းထားတာ တစ်ရွာလုံးအသိပဲ"

"အင်း … စိတ်ထားကောင်းပေလို့သာပဲ၊ အတိုးတွေ မတရားယူပြီး ချေးငှား၊ မဆပ်နိုင်ကြတော့ ရှင့်ပစ္စည်းတွေ လျော့ကျသိမ်း။ အဲသည်လူတွေကို ခေါ်ပြီးအလုပ်မှာ မတရားခိုင်း၊ အခပေးတော့ မသထာရေစာ၊ နေ့တစ္ဆ အလုပ်လုပ်နေကြရတာတောင် ဝမ်းမဝကြတဲ့သူတွေအပေါ်မှာ ရှင် သက်ညှာဖို့ကောင်းတယ်"

"ခြော် – မအိမ်စိုး၊ လူတွေအကြောင်းကို မင်းကောင်းကောင်းမသိသေးဘူး၊ လိုက်လျှောလွှန်းရင် မကောင်းဘူး၊ ကမ်းတက်တတ်တယ်၊ ငွေကိုယူသုံးပြီးရင် ပြန်ပေးဖို့ မကြိုးစားကြဘူး၊ ငါ့ဘက်က တင်းနိုင်မှ သင်းတို့ကရှိန်ကြတာ၊ ဒါတောင်မှ တန်ကာမကျဘူး၊ မင်းလည်းသိလျက်သားနဲ့"

"ရှင့်ကို လွှတ်သဘောကောင်းခိုင်းတာ မဟုတ်ဘူး၊ မျှမျှတတ ဆက်ဆံစေချင်တာ၊ ရှင်က သံမဏိစည်းကမ်းကြီးချထားပြီးတော့ တစ်နှစ်ဆိုင်း၊ နှစ်နှစ်ဆိုင်းလေးတောင် လက်မခံဘူး၊ ရသမျှကိုကြွေးနဲ့နှိမ်ပြီးသိမ်းတော့ ခမျာတွေမှာ လက်မဲ့ဖြစ်ကုန်ကြတာပေါ့၊ သက်ညှာစေချင်တယ်"

"လူတွေအကြောင်း မင်းမသိပါဘူးကွာ"

"ရှင့်ကိုပြောလိုက်ရင် ဒါပဲ၊ ဒါပေမဲ့ လူတွေကတော့ ရှင့်အကြောင်းကို ကောင်းကောင်းသိထားကြတယ်၊ လောဘအိုးကြီးတဲ့၊ ဘယ်သူ့သေသေ ငတေမာရင် ပြီးရောတဲ့"





"အေး … သူတို့က ငါ့ကွယ်ရာမှာ အဲ့သလိုပြောကြ ပြီးတော့ အဲသည်လောဘအိုးကြီးဆိုတဲ့လူဆီကပဲ အောက်ကျို့ခံပြီး ရှာခ,ယကြ၊ ချေးကြ၊ တတ်လည်းတတ်နိုင်ကြတဲ့သူတွေကွာ"

မအိမ်စိုးသည် ကိုပြည်စိုး၏ လောဘ မည်သည့်အချိန်မှ သတ်နိုင်လေမလည်းဟု တုန်လှုပ်ခံစားမိသည်။ ဝဋ်ကို သူမ ကြောက်သည်။ ဝဋ်လိုက်မှာကိုစိုးသည်။ သူမ၏မိဘများကလည်း ငွေကြေးတောင့်တင်းကြသည်။ မိမိတို့အတွက် လက်ဖွဲ့ထားသော လယ်မှရသောငွေကြေးများကိုသာ အသုံးပြုသည်။ ကိုပြည်စိုး ရှာဖွေထားသော ငွေကြေးများကို မသုံးစွဲမိအောင် ရှောင်ကြဉ်သည်။

ဆောင်ပန်းပုခက်ထဲမှာ အိပ်ပျော်နေသော အာကာမိုးလေးကိုကြည့်ပြီး ကိုပြည်စိုး ခေါင်းတညိတ်ညိတ်နှင့်ရှိနေကာ …

"ဘာပဲဖြစ်ဖြစ်၊ ငါ့သားလေး အရွယ်ရောက်လာရင် တစ်သက်မဆင်းရဲစေရဘူး၊ ငါလည်း ရသမျှကိုရှာပေးခဲ့မယ်၊ ငါ့သားလည်း စီးပွားရေးကို နားလည်စေရမယ်၊ ဒါဟာ ငါ့တာဝန်ပဲ"

ကိုပြည်စိုးက အမှတ်တမဲ့ပြောလိုက်သောစကား နောင်ခါမယ့် ကြားလိုက်ရသော မအိမ်စိုးမှာ ရင်ထဲမှာ အလိုလိုနေရင်း စိုးထိတ်သွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... သားကြီးလာရင် သူ့အမေစိတ်ခံတတ်မျိုးဝင်လာရင် ပြဿနာပဲ"

တွေးရင်းနှင့်သားအတွက် စိတ်မချဖြစ်သွားခဲ့ရလေသည်။



( ၄ )

## ပြန်မှားသူ

ဝါးပိုးဝါးရုံကြီးနှစ်ရုံကြားရှိ မြေကွက်လပ်ကြီးတစ်ခု ရွာမှ ကလေးများသည် ထိုကွက်လပ်ကြီးထဲတွင် ခုန်ပေါက်ကာ ကစားနေကြသည်။ ယင်းအချိန်တွင် သုဒ္ဓသည် ဘုန်းတော်ကြီးကျောင်းမှ အိမ်သို့ပြန်လာသည်။ ကစားနေကြသော ကလေးများကို သူ လှမ်းပြီးမြင်လိုက်ရသည်။ အာကာမိုးက ကစားနေရင်း သုဒ္ဓကိုတွေ့သော် ပြေးလာခဲ့သည်။

"သုဒ္ဓ ... မင်းဘယ်ကပြန်လာတာလဲ လာလေကွာ ကစားကြရအောင်"

"ဘုန်းကြီးကျောင်းက ပြန်လာခဲ့တာကွ၊ စာအံပြီးပြန်လာတာ၊ ငါမကစားချင်ပါဘူးကွာ၊ ငါ အချိန်နဲ့ပြန်ရောက်မလာရင် အမေက စိတ်ပူနေမှာကွ"

"ဟာကွာ ... မင်းကလဲ"



www.burmeseclassic.com

www.burmeseclassic.com



အာကာမိုးက စိတ်ပျက်လက်ပျက်နှင့် နေရာမှပြန်ပြေးသွားသည်။ သုဒ္ဓသည် အာကာမိုးထက် နေ့ဝက်ကျော်ကျော်ကြီးသည်။ သို့သော် သုဒ္ဓကို မင်း ငါဟုသာသုံးစွဲပြီးခေါ်သည်။ မိခင် မအိမ်စိုးက အစ်ကိုဟုခေါ်ရမည်ဟု သွန်သင်ဆုံးမသော်လည်း ဖခင်ကိုပြည်စိုးက ...

"သား မင်းနဲ့အချိန်ဘယ်လောက်မှကွာပြီး မွေးတာမဟုတ်ဘူး။ အစ်ကိုတွေ ဘာတွေခေါ်မနေနဲ့"

ဟု သားကိုနားသွင်းသည်။ ဒေါ်အိမ်စိုးက မကြိုက်။

"ကိုပြည်စိုးရယ်၊ ဘယ့်နှယ့်ပြောလိုက်တာလဲ၊ အချိန်နည်းနည်းလေးကွာတာတောင် အသက်ကြီးတဲ့ဂုဏ်ကိုလိုက်ပြီး အစ်ကို၊ အဖေခေါ်ကြရတာပဲ မဟုတ်လား၊ သုဒ္ဓက သားထက်နေ့ဝက်မကကြီးတယ်လေ၊ သူက စောပြီးတော့မွေးတာ၊ အစ်ကိုလို့ပဲ ခါပါစေပေါ့၊ ကလေးကို ယဉ်ကျေးသိမ်မွေ့အောင်သင်ရမယ့် အစား အဆင်အခြင်ကင်းမဲ့တဲ့ အတွေးအခေါ်မျိုးဝင်အောင် အားပေးအားမြှောက်လုပ်နေတယ်"

ကိုပြည်စိုးကတော့ ဘာမှပြန်မပြောချေ။ အကြောင်းမရှိဘဲ သုဒ္ဓလေးကို ကြည့်မရဖြစ်နေသည်။ တည့်မတ်သောလမ်းကြောင်းကို ကွေ့ကောက်သွားစေရန် မသိမသာ ဖန်တီးလိုက်နှင့်ရှိနေသည်။





သုဒ္ဓသည် အခြားကလေးများကဲ့သို့ [illegible] စဉ်ကပင် လူကြီးကလေးလိုနေတတ်သည်။ ကလေးက ငြိမ်သက်လွန်းအားကြီး၍ အဖိုးအဖွား မိဘများက စိုးရိမ်မိခဲ့ကြသေးသည်။ စကားပြောနည်းသည်။ သို့သော် စကားကို လိုအပ်မှသာပြောတတ်သော၊ နှုတ်ဝသိနည်းသော ဗီဇမျိုးပါလာသည်ကို တဖြည်းဖြည်းနှင့်သိလာခဲ့ကြရသည်။

ထို့အပြင် ...

အသားဟင်းလျာများကို မစားချေ။ နို့၊ သစ်သီး၊ သစ်ရွက်၊ သက်သတ်လွတ်ဟင်းလျာများကိုသာစားသည်။ ထမင်းကျွေးရမည့် နှစ်သားအရွယ်တွင် အသားဖက်နှင့်ထမင်းကို နယ်ဖတ်ပြီးကျွေးရာ၊ မစားဘဲ လျှာနှင့်တွန်းထုတ်သည်။

ကလေးက အာခေါင်၊ လျှာလိုမျိုးတွင် အပူဖု၊ အနာလိုမျိုးပေါက်နေ၍ မစားနိုင်သောကြောင့် ထွေးထုတ်သည်ဟုပဲ ထင်နေမိကြသည်။ သို့သော် နောက်မှရိပ်စားသိရှိလာခဲ့သူမှာ အဖိုးဖြစ်သူ ဦးပေါက်ကျော်ပင်။

"ငှက်ပျောသီးလေး၊ နွားနို့လေးနဲ့ကျွေးကြည့်ပါလား သမီး"

"ဟုတ်ကဲ့ အဖေ"

မဝေမိုက ထမင်းကိုနွားနို့နှင့်တစ်လဲ၊ ငှက်ပျောသီးနှင့်နယ်ဖတ်ပြီးတစ်မျိုး ကျွေးကြည့်သည်။ စားသည်။ မြိန်မြိန်ယှက်ယှက်ပင်စားသည်။ အသားကိုတော့ လုံးဝမစားပေ။ သားစိမ်းငါးစိမ်းနံ့၊ ငါးညှီနံ့ရသည်ကိုပင် မခံနိုင်ပေ။ မိခင်က ငါးခုတ်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဝက်သားစသည်တို့ကို ခုတ်နေသည်ကိုမြင်တွေ့နေရ [illegible] တစ်မျိုးတစ်မည် အမိပ္ပာယ်ရသောအကြည့်မျိုးဖြင့် [illegible]တတ်သည်။ သုံးလေးနှစ်သားအရွယ်တွင် ကိုယ့်လက်နှင့် [illegible]တတ်လာခဲ့သည်။ အမဲ၊ သား၊ ငါးချက်သောဟင်း၊ [illegible]င်းပိုင်းထဲတွင် တစ်ပိုင်းတည်းဝင်မစား၊ သူ့ဘာသာသူ [illegible]ကန်လေးကိုယူကာ တစ်နေရာမှာ သွား၍စားသည်။

ကလေးက အဖိုး၊ မိဘများနှင့်တစ်ဝိုင်းတည်းမစားသည့်အတွက် စိတ်မကောင်းဖြစ်ကြရသည်။ ထိုအခါ ဦးပေါက်ကျော်က ဤသို့ ဆုံးဖြတ်ချက်ချလိုက်သည်။

"သည်နေ့ကစပြီး ငါတို့လည်း သူတစ်ပါးရဲ့အသွေးအသားကို မစားကြနဲ့တော့၊ သက်သတ်လွတ်ဟင်းလျာမျိုးကိုပဲ စားကြ၊ စားနိုင်ကြပါ့မလား"

"စားနိုင်ပါတယ်တော်၊ သမီးနဲ့သားကလည်း ကျွန်မကိုသည်လိုပဲ တိုင်ပင်ခဲ့ပါတယ်၊ တော့်ကို မပြောရဲကြလို့သာ"

"ငါ့ကို ဘာဖြစ်လို့ မပြောရဲရမှာလဲ၊ သည်လိုမြင့်မြတ်တဲ့ စရိုက်သဘာဝမျိုးပါလာမှတော့ ငါတို့ကလည်း တစ်အိမ်တည်းနေပြီး အမူအကျင့်တွေကို ပြောင်းပစ်ရမှာပေါ့၊ သည်လိုသာမဟုတ်ရင် ကိုယ့်မြေးနဲ့ထမင်းတစ်ဝိုင်းတည်း ဘယ်တော့မှစားဖြစ်မှာမဟုတ်ဘူး။ အေး ... ပြောရရင် ငါကိုယ်တိုင်လည်း သား၊ ငါးကို ရွံမုန်းလာပြီ၊ စားဖို့မသင့်တော့ဘူးလို့ထင်တယ်၊ ကလေးလောက်တောင် မစင်ကြယ်ဘူးဆိုပြီး ကိုယ့်စိတ်ကိုယ်မလုံမလဲဖြစ်လာတယ်၊ ဒါ ... အမှန်ပဲ"





"သမီးတို့လည်း အဲသည်လိုပဲ ခံစားကြရတာပါပဲ အဖေ၊ ခုလို အဖေ့ဘက်ကလည်း ဆုံးဖြတ်ချက်ချလိုက်တော့"

"ကျွန်တော်တို့ရဲ့ ဆန္ဒနဲ့လည်း တစ်ထပ်တည်းကျသွားခဲ့တာပေါ့ အဖေ"

သမီးနှင့် သမက်ကပါ လိုလိုလားလားနှင့်ပြောလာကြသည်။ ကလေးကြောင့်မဟုတ်ဘဲ အားလုံးကပါ သားငါးကို ညည်းငွေ့လာကြသည့်အတွက် ရှောင်ကြဉ်လိုက်ကြခြင်းပင်။ ထို့ကြောင့် အိမ်တွင် သားစိမ်း၊ ငါးစိမ်း အညှီအဟောက်နံ့များကင်းဝေးသွားခဲ့ကြသည်။ သုဒ္ဓလေးသည်လည်း သူ့ဆန္ဒနှင့်သူ ထမင်းတစ်ဝိုင်းတည်းတွင် အတူစားလာခဲ့သည်။ ဤသို့ အစားအသောက် အနေအထိုင်ကအစ ပြောင်းလဲလာကြသည့်အတွက် ကြီးသမျှအောင်၊ လုပ်သမျှအဆင်ပြေလာခဲ့ကြသည်။ မချမ်းသာသော်လည်း မဆင်းရဲကြ၊ မတောင့်မတ၊ မကြောင့်မကျနှင့် နေနိုင်လာခဲ့ကြလေသည်။

ရသတဏှာကို အလိုမလိုက်ဘဲ ပယ်ရှားနိုင်သောအကျိုးကျေးဇူးပင်တည်း။

ရွာဦးကျောင်းဆရာတော် ဦးသုမင်္ဂလသည် ရွာထဲရှိ[illegible] သူငယ်များကို စေတနာ၊ မေတ္တာဖြင့် စာပေများကိုသင်ကြားပို့ချပေးလျက်ရှိသည်။ စာပေသင်ကြားမှုကို [illegible]လာကြသော



www.burmeseclassic.com

www.burmeseclassic.com



ကျား မ ကလေးသူငယ်များသည် ဂရုစိုက်ပြီးသင်ကြားမှတ်ယူကြသည်။

ထိုသူများထဲတွင် သုဒ္ဓလေးသည် တစ်မူထူးခြား၏။ ဆရာတော်သင်ကြားသမျှကို အထူးဂရုစိုက်ပြီး မှတ်သားနာယူသည်။ စာသင်၊ စာအံနေစဉ်အတွင်း စိတ်က တခြားတစ်နေရာကို လွင့်ပျံ့နေခြင်းမရှိ၊ ကျောင်းသားတစ်ယောက်ယောက်က စကားလာပြောလျှင်လည်း ပြန်မပြော၊ သို့သော် စိတ်အနှောင့်အယှက်ဖြစ်သော အမူအရာမျိုးကိုတော့ မပြသည်။

ဦးသုမေ္ဓသည် ကိုယ်တိုင်က ပရိယတ္တိ၊ ပဋိပတ္တိများကို မိမိထက်ပိုပြီး တတ်မြောက်သော နားလည်သော ဆရာသမားများထံတွင် ဆက်လက်၍ သင်ကြားနေဆဲ၊ ကျင့်ကြံအားထုတ်နေဆဲ။ ပဋိယတ္တိကား စာပေသင်ကြားခြင်းဖြစ်ပြီး၊ ပဋိယတ္တိကား တရားဘာဝနာကျင့်ကြံအားထုတ်ခြင်းပင်ဖြစ်သည်။ ဆရာတော်ကား စာမေး၍မရလျှင် အရိုက်ကြမ်းသည်။ သူ၏ ရိုက်ကုတ်မဟာဝါနှစ်ပင်လိမ်ကြိမ်လုံး၏ ဒဏ်ကို ကျောင်းသားတော်တော်များများခံကြရသည်။

သို့သော် တစ်ကြိမ်မှ အရိုက်မခံဘူးသော ကျောင်းသားမှာ သုဒ္ဓလေးပင်ဖြစ်သည်။ သူသည် ဆရာသင်ပြီးသော စာကိုနောက်တစ်လလောက်မှာ အငိုက်ဖမ်းပြီးမေးလည်း ချက်ချင်းပင် ဒိုးဒိုးဒေါက်ဒေါက်နှင့်ဖြေနိုင်သည်။

"သုဒ္ဓ ... ထစမ်း။ ဘုန်းတော်ခြောက်ပါးကို ပြန်အံပြစမ်း"





သုဒ္ဓလေးသည် နေရာမှလက်အုပ်ချီကာ ထရပ်လိုက်သည်။

"ဦးတင်ပါတယ် ဘုရား"

၁။ ကိုယ်တော်ကို အနုမြူမျှ စကြာဝဠာမျှ ဖန်တီးနိုင်ခြင်း၊
၂။ ပညာဉာဏ်ကြီးမားခြင်း၊
၃။ အခြံအရံများခြင်း၊
၄။ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံခြင်း၊
၅။ အလိုခပ်သိမ်းကို ပြည့်ဝစေနိုင်ခြင်း၊
၆။ အားလုံ့လတော်နှင့် ပြည့်စုံခြင်း။

ဆရာတော်သည် သုဒ္ဓ၏ အဖြေကြောင့် ခေါင်းတညိတ်ညိတ်နှင့်ရှိနေသည်။

"**ကမ္ဘာဝေးခြင်းလေးပါး**"

၁။ မဟာသမုဒ္ဒရာ တစ်ဘက်ကမ်းနှင့် တစ်ဘက်ကမ်း၊
၂။ နေထွက်ရာအရပ်နှင့် နေဝင်ရာအရပ်၊
၃။ ဘဝဂ်နှင့်မြေကြီး၊
၄။ သူယုတ်မာနှင့်သူတော်ကောင်း။

စသည်တို့ ဖြစ်ပါတယ် ဘုရား။

အရွယ်နှင့်မလိုက်အောင် မှတ်ဉာဏ်ကြီးသော၊ သတိကြီးသော သုဒ္ဓလေးကို ဆရာတော် ဦးသုမေ္ဓသည် အားထားခဲ့သည်။ ရှင်ပြုနိုင်သောအရွယ်တွင် ကိုရင်ဝတ်၊ သက်နှင်းသည်နှင့် စာပေကျမ်းဂန်များကို ထို့ထက်ပိုပြီး ပေါက်မြောက်အောင် သင်



www.burmeseclassic.com

www.burmeseclassic.com



ကြားဆေး နောင်အခါ စာတတ် ပေတတ်ကျောင်းထိုင်ကိုယ်တော်ကြီး ဖြစ်စေရန်အထိ ရည်ရွယ်မိသည်။

သို့သော် ဆရာတော်ပုံသွင်းရန် စိတ်ကူးသာရှိခဲ့သည်။ နောင်အခါ ထင်တိုင်းမပေါက်ခဲ့ဘဲ၊ ဘဝ၏ပဋ္ဌာန်းဆက်အရ သုဒ္ဓလေးမည်သို့ ပြောင်းလဲသွားခဲ့မည်ကို ကြိုတင်မသိနိုင်ခဲ့သည်သာ။

ကိုပြည်စိုးသည် သားဖြစ်သူ အာကာမိုးကို စာတတ်၊ ပေတတ်ကြီးတစ်ယောက် ဖြစ်စေလိုသည်။ ရွာဦးကျောင်းဆရာတော် ဦးသုမင်္ဂလ အခြေခံပညာ အဆင့်လောက်သာသင်ပေးနိုင်သည်။ ကျောင်းကလေးများ စာမတတ်နိုင်ဟု လျှော့တွက်မိသည်။ ထို့ကြောင့် မြို့ပေါ်တက်ပြီးတော့ထားရန် ဇနီးမအိမ်စိုးကို တိုင်ပင်သည်။

"အို ... မဖြစ်ပါဘူးရှင်၊ ကျွန်မ သားလေးနဲ့မခွဲနိုင်ပါဘူး။ သားက ငယ်ငယ်လေးရှိသေးတာ၊ သူများအိမ်မှာသွားပြီး မျက်နှာငယ်နဲ့နေရမှာလား။ ရှင်က အိမ်ကနေ ဆန်၊ ဆီ၊ ဆား၊ ငွေကြေးအပြည့်အစုံနဲ့ပေးကျွေးထားပေမယ့် သားရဲ့အပြုအမူ အနေအထိုင်ကြောင့် သူတို့က ကောင်းကောင်းဆက်ဆံကြမှာတဲ့လား"

"မင်းက အဆိုးကို တစ်ခါတည်းတွက်ထားတာကိုးကွ၊ ငါထားမယ့်အိမ်က ငါ့အမျိုးအရင်းခေါက်ခေါက်ကြီးဆိုတာကို





လည်း မင်းမမေ့နဲ့၊ သားမျက်နှာမငယ်ရအောင် ငါက ပြည့်ပြည့်စုံစုံပေးထားရင် သားကိုဖူးဖူးမှုတ်ထားမှာ၊ ဘယ်သူက မကောင်းကြံဝံ့မှာလဲ"

သို့သော် အာကာမိုးကိုယ်တိုင်က ဤရွာမှလွဲပြီး မည်သည့်မြို့ကိုမှ မသွားလို၍ အစီအစဉ်ပျက်သွားခဲ့ရလေသည်။ ထို့ကြောင့် ရွာဦးကျောင်းဆရာတော်ထံမှာပင် ကျောင်းသားအဖြစ် အပ်နှံရလေသည်။

သို့သော် ဆရာတော်သည် သူကြွယ်တစ်ဦး၏သားဖြစ်သော အာကာမိုးကို ဦးစားပေးခြင်း၊ အလိုလိုက်ခြင်း၊ မျက်နှာသာပေးခြင်းတို့မရှိ။ ပညာသင်ရာတွင် တန်းတူပင်ဆက်ဆံသည်။ စွဲစွဲမြဲမြဲလိုက်နာမှတ်သား သင်ယူစေလိုသည်က စာသင်သားဘက်မှတတ်မြောက်အောင် သင်ကြားပေးလိုက်သည်က မိမိဘက်မှ ...

"အမေ သားကိုဆရာတော်က ကြိမ်လုံးနဲ့ရိုက်လိုက်တယ်၊ သုံးချက်တောင်မှ"

"ဟင် ... ဟုတ်လား၊ ပြစမ်း၊ သား ဘယ်နေရာကိုလဲ"

ဦးပြည်စိုးက သား၏တင်ပါးတွင် အရှိုးရာအချို့ကိုတွေ့လိုက်ရသည်။

"ဆရာတော့်ကို ငါက လိုလေသေးမရှိအောင် ကျောင်းအတွက်လှူတန်းထားတယ်၊ ဒါနဲ့တောင် ငါ့မျက်နှာကိုမထောက်ဘဲ သားကို မညှာမတာ၊ အရှိုးထင်အောင် ရိုက်ရသလားတောက်"



www.burmeseclassic.com

www.burmeseclassic.com

"ဩော် ... ကိုပြည်စိုး၊ ကျောင်းသားဆိုတာ လိုအပ်ရင် ဆရာသမားရဲ့ အဆူအပူ၊ အရိုက်အနှက်ကိုခံကြရမှာပဲ၊ ရိုက်သင့် ရင်လည်းရိုက်မှာပဲ၊ ဆရာတော်ကို သည်လိုစိတ်မကွက်ရဘူးလေ၊ သားကိုလည်း မေးကြည့်ပါဦး၊ ဘာဖြစ်လို့ အရိုက်ခံရသလဲဆိုတာ ကို"

"မင်းပဲမေးကြည့်လေ"

"ကဲ ... အမေ့ကိုပြောစမ်းသား၊ ဘာဖြစ်လို့ အရိုက်ခံရတာလဲ၊ မှန်မှန်ပြောနော်"

"ဆရာတော်စာအံခိုင်းတာကို သားကမအံဘဲ ဆော့နေလို့"

"သားက အဲသလိုလုပ်တော့ ဆရာတော်က ဘယ်နှစ်ခါ သတိပေးသလဲ"

"သုံးခါပါ"

"သုံးခါသတိပေးတာတောင် သားကမလိုက်နာဘူးဆိုတော့၊ သားအလွန်ပေါ့၊ ရိုက်တာတောင်နည်းသေးတယ်၊ ကဲ ရှင် အကြားပဲမဟုတ်လား၊ ဆရာဆိုတာ တပည့်မလိမ္မာရင် လိမ္မာအောင် ဆုံးမရတယ်၊ မျက်နှာကြီးငယ်လိုက်ပြီး လွှတ်ပေးထားမယ်ဆိုရင် သားဟာ ဘယ်လိုလိမ္မာတော့မှာလဲ"

"ဒါပေမဲ့ သားကိုသူများတွေလိုသဘောထားပြီး မရိုက်သင့်တာကတော့ အမှန်ပဲ၊ နှုတ်ကထပ်တလဲလဲပြောပြီး ဆုံးမလည်း ရပါတယ်၊ နားဝေးတဲ့ကလေး မဟုတ်ဘူး"

ကိုပြည်စိုးက မအိမ်စိုး၏စကားကိုနားမဝင်၊ နှုတ်မှမကျေ





မနပ်နှင့်ပြောနေဆဲ၊ ရေးသားဖော်ပြရန်ပင် မသင့်သောစကား များပင် ...

"ဩော် ... ကိုပြည်စိုးလည်း ခက်တော့တာပါပဲ"

မအိမ်စိုးသည် ခင်ပွန်းဖြစ်သူအတွက် ရင်လေးသွားခဲ့လေသည်။ တစ်ရက်တွင် ကိုပြည်စိုးသည် သွားကိုက်ဝေဒနာကို ခံစားလာခဲ့ရသည်။ မခံမရပ်နိုင်အောင် ကိုက်လာသောအခါ အမလေး၊ အဘလေးနှင့်အော်နေရသည်။ အစာလည်းစား၍ မရ၊ ဆေးသောက်၊ ဆေးလိမ်းလည်းမပျောက်၊ အိပ်၍လည်းမရ၊ ဒုက္ခဆင်းရဲကြီးစွာနှင့် ခံစားနေရလေသည်။ တစ်ပတ်ကြာလာသော် မအိမ်စိုးမှာ ထိုဝေဒနာအတွက် သက်သာမကောင်းဖြစ်လာခဲ့သည်။

"ကိုပြည်စိုး ... ရှင် ဆရာတော်ကို နှုတ်နဲ့ပြစ်မှားလို့ ဝဖိကံထိုက်တာထင်တယ်၊ ဝဖိဗေဒထိတိုင်းရှုတဲ့၊ သားနဲ့ပတ်သက်ပြီး ရှင်ဆရာတော်ကို ပြစ်မှားခဲ့တာမှတ်မိရဲ့လား၊ သည်အပြစ်တွေကျေအောင် ရှင် ... ဆရာတော့်ထံသွားပြီး လျှောက်ထားတောင်းပန်ရမယ်"

ကိုပြည်စိုးလည်း ဇနီးဖြစ်သူ မပြောမီကတည်းက စဉ်းစားမိပြီးဖြစ်သည်။ ထို့ကြောင့် မအိမ်စိုး၏ တိုက်တွန်းမှုကို မငြင်းဆန်ဘဲ လက်ခံလိုက်လေသည်။ မကြာမီ ဆရာတော့်ထံကို လှူဖွယ်ပစ္စည်းအစုံအလင်နှင့် ရောက်သွားခဲ့သည်။ လျှောက်ထားတောင်းပန်သည်။

"အေး ... ဒါကဇတော့ စာသင်သားတွေကို စိမ်းစိမ်း


www.burmeseclassic.com

www.burmeseclassic.com



ကျွတ်ကျွတ် မရွေး အတန်းအစားမရွေး၊ တူညီတဲ့စေတနာနဲ့ပဲ သင်ကြားပေးတယ်၊ အဲဒါကြောင့် ဒကာက ငါ့ကိုတလွဲထင်ပြီး စိတ်ကောက်ခဲ့ရင်လည်း ငါခွင့်လွှတ်တယ်၊ ဒကာ့ကို ဘယ်လိုမှ သဘောမထားပါဘူး''

ဆရာတော်က လိုရင်းတိုရှင်း ပွင့်လင်းစွာပင် မိန့်တော်မူသည်။ ကိုပြည်စိုးက ကန်တော့သည်။ မကြာမီမှာပင်လျှင် သွား တိုက်ဝေဒနာလည်း ရှင်းရှင်းပျောက်ကင်းသွားခဲ့သည်။ ယူပစ် လိုက်သလိုပင်တည်း။



( ၅ )
## မြွေအသူဘာပို့ကြတာလား

မအိမ်စိုးသည် အားလုံးအပေါ်မှာ မျှတသောစိတ်ရှိသည်။ မျက်နှာကြီးငယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ပေါင်းသင်းဆက်ဆံ တတ်သည်။ ထို့ကြောင့် လူချစ်လူခင်များ၏။ ကိုပြည်စိုးနှင့် တစ်ဘာသာဖြစ်၏။ ဆီနှင့်ရေလိုကွာသည်။

"သားကို ရွာထဲက ကလေးတွေနဲ့ မကစားစေနဲ့ကွာ၊ စရိုက်ကောင်းကြတာမဟုတ်ဘူး၊ သူတို့ရဲ့အမူအကျင့်တွေကူးကုန် ဦးမယ်''

"အလိုတော် ... သားက ရွာထဲက ကလေးတွေနဲ့ပဲ ဆော့စရာရှိတာ၊ သူတို့နဲ့မှ မဆော့ရရင် ဘယ်သူနဲ့ဆော့ရမလဲ၊ မ,တစ်ထောင်သားတွေပဲ၊ စိတ်ချင်းကတော့ ဘယ်သူနိုင်ပါ့မလဲ၊ သည်လိုပဲ ကြည့်ပြီးတော့ ဆုံးမရမှာပေါ့၊ သတိပေးရမှာပေါ့"

"အတူးသဖြင့် ဟို — သုဒ္ဓဆိုတဲ့ကောင်လေးနဲ့တွဲတာကို ငါမကြိုက်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ သည်ကလေးက"

"အော ... အဲဒါတော့ ငါလည်းမသိဘူး၊ မကစားစေချင်တာတော့ အမှန်ပဲ"

"သုဒ္ဓလေးက လိမ္မာရေးခြားရှိတယ်၊ စာတော်တယ်ဆိုလို့ ရှင်က မနာလိုဖြစ်နေတာပါ၊ သည်ကလေးလို စရိုက်မျိုးဝင်သွားရင် မကောင်းဘူးလား"

"သည်ကလေးလိုမျိုးနဲ့ပေါင်းမှ သားကလိမ္မာမှာတဲ့လား၊ ငါ့သား ငါဆုံးမလည်းရတာပဲ၊ သုဒ္ဓက စံထားရမယ့်ကလေး မဟုတ်ပါဘူးကွာ"

"ဟင် ... ဖြစ်မှဖြစ်ရလေတယ်ရှင်"

မအိမ်စိုးသည် ခင်ပွန်းဖြစ်သူကို အံ့အားသင့်သွားခဲ့ရသည်။ သုဒ္ဓလို ကလေးမျိုးအပေါ်မှာ အလိုလိုနေရင်းမျက်မုန်းကျိုးနေသည့်အတွက် မဖြစ်သင့်သော၊ လက်မခံသင့်သောကိစ္စဟု နားလည်မိသည်။ ရှင်းရှင်းဆိုရလျှင် ကိုပြည်စိုး၏စိတ်ဓာတ်ကို မကြိုက်ပေ။

"အင်း ... ခက်တော့တာပါပဲ၊ သူ့အစား ငါရှက်တယ်"

တစ်ရက်တွင် သုဒ္ဓလေးသည် ဖခင်ကိုသာလှနှင့်အတူ လယ်ထဲကိုလိုက်သွား၏။ မိုးမကျမီကန်သင်းရိုးများကို ပြုပြင်ရန်ဖြစ်၏။ သုဒ္ဓလေးသည် တမင်သက်သက်လိုက်သွားခြင်းပင်ဖြစ်၏။ သုဒ္ဓလေးက တဲထဲမှာကျန်ရစ်ခဲ့သည်။ ကိုသာလှကတော့ ကန်သင်းရိုးကို ပေါက်တူးတစ်လက်ဖြင့် ပြုပြင်နေ၏။ တစ်ခဏအကြာတွင် ...





"ဟ ... မြွေဟ၊ မြွေကြီး ... လိုက်ကြဟ၊ လိုက်ကြ"

ခပ်လှမ်းလှမ်းဆီ လယ်တဲဆီမှ အော်ဟစ်သံများကို ကြားလိုက်ရသည်။ ကိုသာလှသည် အလုပ်ကိုရပ်ကာ အသံထွက်ပေါ်လာရာဆီကို လှမ်းပြီးတော့ ကြည့်နေလိုက်၏။ မကြာမီ လယ်ကွက်ထဲမှဖြတ်ပြီးတော့ ပြေးလာသော ငန်းတော်ကြားမြွေကြီးတစ်ကောင်ကို တွေ့လိုက်ရလေသည်။ အနက်တစ်ကန့်၊ အဝါတစ်ကန့်ဖြင့် ကြီးမားသော ငန်းတော်ကြားကြီးသည် သဘောကြောင့် လျင်မြန်တေသာအဟုန်ဖြင့် ကွင်းထဲဖြတ်ပြီးတော့ ပြေးလာသည်။ ကိုသာလှ ထင်ရှားစွာပင် မြင်လိုက်ရသည်။

"ဟော့ကောင်သာလှ၊ မြွေကြီး မင်းဘက်ကိုဖြတ်ပြီး ပြေးသွားတယ်ကွ"

တစ်ယောက်ကလှမ်းပြီးတော့ အော်လိုက်သည်။ တကယ်တော့ သူ့ကိုရိုက်သတ်ခိုင်းလိုက်ခြင်းပင်။ ကိုသာလှသည် ယခင်ကထိုက်ကဲ့သို့စိတ်မျိုးရှိသော်လည်း ယခုတော့ ထိုကဲ့သို့သော လက်ရောက်မှုမျိုးကို မလုပ်တော့ပေ။ သည်အတိုင်းပဲ ကြည့်နေလိုက်သည်။ မြွေကြီးကား ရိုးပြတ်ခြောက်များကြားထဲကဖြတ်ကာ သုဒ္ဓလေးရှိသော တဲဆီကို ဦးတည်ပြီးတော့ သွားနေသည်။ ကိုသာလှသည် သားအတွက် စိုးရိမ်းမကင်းဖြစ်သွားခဲ့ရလေ၏။

"သား ... သား သတိထား"

ကိုသာလှသည် ပေါက်တူးကိုပစ်ချကာ တဲဆီကိုပြေးလာခဲ့သည်။ ယင်းအချိန်တွင် မြွေကြီးသည် တဲဆီကိုရောက်နေလေပြီ။ သုဒ္ဓလေးသည်လည်း တဲအောက်ကိုရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြွေကြီးနှင့်လည်း ပက်ပင်းတိုးမိလေတော့သည်။ သို့သော် သုဒ္ဓလေးသည် တုန်လှုပ်မှုကင်းမဲ့ကာ ပကတိတည်ငြိမ်လျက်ရှိသော အမူအရာဖြင့် ...

"တဲပေါ်ကိုတက်နေ"

ဟု ခပ်တိုးတိုးပင်ပြောလိုက်သည်။ ငှန်းတော်ကြားကြီးသည်လည်း သေဘေးကြောင့် တဲပေါ်ကို ဝါးလိုတိုင်မှတစ်ဆင့်နှယ်ပြီးတော့ တက်သွားခဲ့လေ၏။ ထို့နောက် ခွေနေလိုက်သည်။ သုဒ္ဓလေးသည် စပါးထည့်သော တောင်းလွတ်တစ်လုံးဖြင့် အပေါ်မှမှောက်ကာ ဖုံးအုပ်ထားလိုက်လေ၏။ ယင်းအချိန်တွင် ကိုသာလှက အရင် တဲဆီကိုရောက်လာခဲ့သည်။

"သားရေ ... သား မြွေကြီးတစ်ကောင် တဲဘက်ဆီကို ပြေးလာတယ်၊ သားတွေ့လိုက်သေးသလား"

သုဒ္ဓလေးက ဖခင်၏အမေးကို ရုတ်တရက် ချက်ချင်း မဖြေ။ တည်ငြိမ်သောမျက်နှာဖြင့်သာ ကြည့်နေသည်။ မြွေလိုက်သမားများကလည်း တဲဆီကိုရောက်လာခဲ့ကြပြီဖြစ်သည်။ တစ်ယောက်တစ်ပေါက်နှင့် အသံတွေက ဆူညံနေကြလျက်။

"ဟေ့ ... သာလှ၊ သာလှ ငှန်းတော်ကြားကြီး မင်းအနားက ဖြတ်ပြေးသွားတာ မမြင်လိုက်ဘူးလား"

"ဟာ ... မမြင်လိုက်ပါဘူးကွာ၊ ငါ့အနားကဖြတ်ပြီးတော့ ပြေးသွားတာလည်း မဟုတ်ပါဘူး မင်းတို့ထင်လို့နေမှာပါ"

"ငါတို့လှမ်းပြီးတော့ မြင်လိုက်ကြတာတော့ မင်းဆီကို တည့်တည့်ကြီးပြေးသွားတာပဲကွ၊ အေးလေ၊ အဝေးကမြင်ရတာ





ဆိုတော့ သည်ကောင်ကြီး ရိုးပြတ်တွေ ကြားထဲက ကွေ့ရှောင်ပြီး ထွက်သွားတာလည်း ဖြစ်နိုင်တာပဲ"

"မင်းတို့က သည်မြွေကြီးရဲ့နောက်ကို ဘာဖြစ်လို့လိုက်နေကြတာလဲ၊ မင်းတို့ကို ဘာလုပ်သွားလို့လဲ"

"ဘာမှတော့မလုပ်ဘူးပေါ့ကွာ၊ ဒါပေမဲ့ ... သည်အကောင်ရှည်ရှည်တွေက လူတွေကို ဒုက္ခပေးတတ်တယ်ကွ၊ မြင်တာနဲ့ရှင်းပစ်တာ အကောင်းဆုံးပဲ"

"မဟုတ်သေးပါဘူးကွာ၊ ကိုယ့်ကိုမှရန်မရှာတာ၊ မသတ်ပါနဲ့၊ ပြီးတော့ ငှန်းတော်ကြားဆိုတာ သူကစပြီး သတ္တဝါတွေကို ရန်မရှာတတ်ပါဘူးကွ၊ မြွေသူတော်ကောင်းမျိုးပါ၊ သူ့လမ်းသူသွားပါစေကွာ"

"ဒါပေမဲ့ ... သင်းလိုကောင်မျိုးကိုက်ရင် ဆေးမမီဘူးကွ၊ သူ့သဘောထားကောင်း မကောင်း မင်းကအတတ်ပြောနိုင်လို့လား။ အရေးထဲမှာ မေတ္တာသမားနဲ့လာတွေ့နေရတယ်၊ အေး၊ တွေ့လို့ကတော့ အသက်ချမ်းသာရာရမှာမဟုတ်လို့မထင်နဲ့၊ သူမဦးခင် ကိုယ်ကဦးမှဖြစ်မယ်၊ လာကြဟေ့ ... ဟိုဘက်ကို သွားရှာကြမယ်"

ထိုသူများသည် မြွေကိုရှာမတွေ့ကြ၍ ဒေါသထွက်ကာ တစ်နေရာကိုထွက်သွားခဲ့ကြလေ၏။ တော်တော်ဝေးဝေးကို ရောက်သွားကြတော့မှ ...

"မြွေကြီးကို ရှာမတွေ့ကြပါစေနဲ့ကွာ၊ လွတ်ရာကျွတ်ရာကို ရောက်သွားပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"အမေ ... သည်မှာ ..."

သုဒ္ဓလေးက တဲပေါ်မှာအုပ်ထားသော တောင်းကို ဆွဲယူလိုက်သည်။

"ဟင် ..."

ကိုသာလှ အံ့အားသင့်သွားသည်။ တောင်းအောက်မှာ ငှန်းတော်ကြားကြီးက အခွေလိုက်၊ ငြိမ်သက်နေသည်။ သုဒ္ဓလေးက မြွေကြီးအပေါ်မှအုပ်ထားခြင်းမှလွဲ၍ အခြားမဖြစ်နိုင်၊ တစ်ဆက်တည်းမှာပင် တဲပေါ်ကိုရောက်နေသည့် ငှန်းတော်ကြားကြီးကြောင့် ရင်တထိတ်ထိတ်နှင့်ခံစားနေရသည်။ သုဒ္ဓလေးသည် မြွေကြီးနှင့်အနီးဆုံးနေရာမှာရှိနေသည်။ မတော်၍များ ရန်ရှာလိုက်လေမလားဟု။

သို့သော် ထို့ထက်ပို၍ အံ့ဩစရာ၊ ထိတ်လန့်စရာကောင်းသော အပြုအမူကို သုဒ္ဓလေးက ပြုလုပ်လိုက်သေးသည်။ အခွေကိုယ်ထည်ပေါ်မှာမေးတင်ပြီး ငြိမ်သက်နေသည့် မြွေကြီး၏ခေါင်းကိုပုတ်လိုက်ပြီး ...

"ကဲ ... အန္တရာယ်မရှိတော့ဘူး၊ ခင်ဗျား သွားလိုရာကို သွားနိုင်ပြီ၊ ကိုယ့်အသက်ဘေးအန္တရာယ်အတွက်လည်း သတိထားပြီးတော့ရှောင်ပါ"

သုဒ္ဓလေး၏ လေသံကလူကြီးလေးတစ်ယောက်လိုပင်။ ငှန်းတော်ကြားကြီးသည် ချက်ချင်းပင်လှုပ်ရှားလာပြီး သုဒ္ဓလေး၏ကိုယ်ဘေးမှ တစ်ပတ်ရစ်ပတ်လိုက်သည်။ ထို့နောက် တဲပေါ်မှအောက်ကိုဆင်းသွားခဲ့လေ၏။ တဲနောက်ဘက်သို့ ထွက်သွား





သည်။ မြက်တောထဲကို တဖြည်းဖြည်းနှင့်တိုးဝင်ကာ ပျောက်ကွယ်သွားခဲ့လေသည်။ ထိုအခါကျမှ ကိုသာလှသည် သက်ပြင်းချနိုင်ခဲ့လေတော့သည်။ မြွေကြီးကိုမရှောင်ရှားဘဲ အနီးမှာထားသည့်အပြင် ခေါင်းကိုလက်နှင့်ပင် ပုတ်လိုက်သေးသည်။ သုဒ္ဓလေးက မကြောက်မရွံ့ပြုမူလိုက်သော်လည်း ကိုသာလှခင်ဗျာ သားအတွက်စိုးရိမ်လွန်း၍ မတ်တတ်ကခွေယိုင်ပြီးတော့ လဲကျသွားမတတ် ခံစားသွားခဲ့ရလေသည်။

"သား ... ဘာဖြစ်လို့ သည်လိုလုပ်ရတာလဲ၊ မြွေကြီးက မတော်လို့များသားကို အန္တရာယ်ပြုလိုက်ရင် ဘယ်လိုလုပ်မလဲ"

"အဖေမြင်သားပဲလေ၊ သားကိုမြွေကြီးက အန္တရာယ်ပြုသွားလို့လား"

သုဒ္ဓလေးက လေသံအေးအေးနှင့်ပြန်ပြီးတော့ ပြောသည် ကိုသာလှသည် သုဒ္ဓလေးကို ဘယ်လိုမှနားမလည်နိုင်တော့။

"ဟင် ... ဟုတ်လား၊ အမယ်လေးလေး၊ ငါ့မြေးကသည်မြွေကြီးကို မကြောက်မရွံ့ အနားမှာဝှက်ထားပေးတယ်၊ လက်နဲ့လည်းထိလိုက်သေးတယ် ဟုတ်လား"

သုဒ္ဓလေးက နှုတ်ဖြင့်မဖြေဘဲ ခေါင်းညိတ်လိုက်၏။

"နောက်ကို အန္တရာယ်ရှိတဲ့သတ္တဝါတွေကို အတင်းပြီးကိုယ်ထိလက်ရောက်မဆက်ဆံပါနဲ့ကွယ်၊ သူတို့က တိရစ္ဆာန်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ အရှိန်းစိတ်ပဲရှိတာကွယ့်၊ မတော်လို့များ ပေါက်ထည့်လိုက်ရင် ဘယ်လိုလုပ်မလဲ၊ သည်လိုမြွေမျိုးဟာ ဆေးမမီဘူးကွယ့် ထိလိုက်တာနဲ့ တုန်းခနဲလဲပြီးတော့ သေသွားမှာ''

''ဟုတ်ကဲ့ အဖိုး''

မိမိအတွက် အစိုးရိမ်ကြီးနေကြသော အဖိုး၊ အဖွား၊ မိဘနှစ်ပါးကို ကျေနပ်အောင် အမူအရာပြုလိုက်သည်။ ထို့နောက် သုဒ္ဓလေးသည် အနားမှ သိမ်မွေ့သောအမူအရာဖြင့် ထွက်သွားခဲ့လေ၏။

''ကိုပေါက်ကျော်၊ တော်ကသာ မြွေးကိုသေသေချာချာ ဆုံးမနေတာ၊ မြွေးကတော့ အေးအေးဆေးဆေးပဲ၊ သည်ကိစ္စ ထူးဆန်းနေတယ်လို့ မထင်ဘူးလား''

''အေး ... ငါလည်း အံ့အားသင့်နေမိတာတော့ အမှန်ပဲ၊ ငန်းမင်းတော်ကြားကြီးက မြွေကြီးကို အန္တရာယ်မပေးဘဲ၊ သူ့အနားက အေးအေးဆေးဆေးနဲ့ ပြန်ထွက်သွားခဲ့တယ်''

ဦးပေါက်ကျော်က ဒေါ်အေးခါကို ယခုထက်ထိနားမလည်သော အမူအရာမျိုးဖြင့် ပြန်ပြောပြနေသည်။

''အဖေ၊ သားက ... သူ့အကြောင်းကံနဲ့သူ ဖြစ်လာတာပါ၊ သည်လိုကိစ္စမျိုးအတွက် အန္တရာယ်မဖြစ်နိုင်လောက်ဘူးလို့ထင်ပါတယ်၊ ဒါကြောင့်မို့လည်း မြွေကြီးက သားကို ဘာအန္တရာယ်မှ မပေးဘဲ ထွက်သွားခဲ့တာပေါ့၊ သားက သူ့အသက်ကိုကယ်လိုက်တာ တိရစ္ဆာန်ပေမယ့် သည်မေတ္တာတရားလို ခံယူမိတယ်၊ နားလည်တယ်လေ''





မဝေမိုက သူမ၏သားအတွက် ကြောင့်ကျမှုကင်းမဲ့နေဟန်ရှိသည်။ သူမသည် မိဘများကဲ့သို့ပင် ဘာသာရေးကိုကြည်ညိုကိုင်းရှိုင်းသူဖြစ်သည်။ မေတ္တာသုတ်တော်၊ ခန္ဓသုတ်တော်တို့ကိုလည်း ငယ်စဉ်ကတည်းကရသည်။

''အေးလေ ... မေတ္တာရဲ့တန်ခိုးဟာ ထက်မြက်ပါတယ်၊ ငန်းတော်ကြားကြီးဟာ မြွေးနဲ့ပတ်သက်ပြီး အပြန်အလှန်မေတ္တာခတ်ကူးစက်သွားတော့ သိမ်မွေ့သွားတာပေါ့ ... ''

ဦးပေါက်ကျော်သည် ဤသို့မှတ်ချက်ပေးလိုက်သော်လည်း မေတ္တာ၏တန်ခိုးနှင့်တန်ဖိုးကား နက်ရှိုင်းလှပေသည်ဟု အလေးအနက်ပင်စဉ်းစားခန်းဝင်နေမိပြန်သည်။

ရေခင်းချောင်းရေသည် တသွင်သွင်ဖြင့် စီးဆင်းလျှက်ရှိသည်။ ရေခင်းရွာကလေးသည် အောက်မြန်မာပြည်တစ်နေရာရှိ မြို့ကြီးတစ်မြို့နှင့် မနီးမဝေးမှာရှိသည်။ ရေခင်းရွာသည် အရှေ့ဘက်ခြမ်း၊ အနောက်ဖက်ခြမ်းဟူ၍ ခွဲထားသည်။ အရှေ့ဘက်ခြမ်းသည် ကုန်းမြင့်ပိုင်း၌တည်ရှိပြီး အနောက်ဘက်ခြမ်းကား အနိမ့်ပိုင်း၌တည်ရှိသည်။ ရွာကတော့ တစ်ရွာတည်းပဲဖြစ်သည်။ မိုးတွင်းဘက်တွင် ရွာအနောက်ဘက်ခြမ်းကားရေတင်သည်။ လှေနှင့်သွားလာကြရသည်။

ရွာအရှေ့ဘက်ခြမ်းကား အမြင့်ပိုင်းဖြစ်၏။ ထို့ကြောင့်

www.burmeseclassic.com



မိုးတွင်းရေမတင်ပေ။ စီးကျလာသောရေများသည် ရွာ၏သောက်သုံးကန်များထဲသို့သော်လည်းကောင်း၊ ရိုးများထဲသို့သော်လည်းကောင်း၊ ရေခင်းချောင်းထဲသို့သော်လည်းကောင်း စီးဆင်းသွားခဲ့ကြသည်။ ထိုမှတစ်ဆင့်၊ စစ်တောင်းမြစ်ထဲသို့ ရောက်သွားခဲ့ကြ၏။ သုဒ္ဓလေးတို့နေသည့်နေရာကား ရွာအရှေ့ဘက်ခြမ်းဖြစ်၏။ ကုန်းမြင့်ပိုင်းကျသည်။

မိုးကာလသို့ရောက်ရှိလာခဲ့ပြီဖြစ်၏။ ဤနှစ်မိုးဦးကောင်းသည်။ မိုးအားလည်းကောင်းသည်။ နေ့စဉ်လိုလို အုံးအင်းသရောဖြင့် သဲထန်စွာရွာသွန်း၏။ လေကားသိပ်မပါ။ ထို့ကြောင့် ခံသာ၏။ မိုးအားဖျော့သည့်နေ့လည်းရှိ၏။ မိုးကြီးသည့်နေ့လည်းရှိ၏။ ခုနစ်ရက်ပတ်လုံးမိုးကမပြတ်၊ ထုံးစံအတိုင်းပင်။ ရေခင်းရွာအနိမ့်ပိုင်းကား ရေတင်သည်။ အိမ်တိုင်များကို ခြောက်ပေအမြင့်အထိ ရှိနေကြ၍ အိမ်ပေါ်ကို ရေကမရောက်၊ ငါးပေလောက်အထိ ရေကတက်သည်။ ဤကား အလွန်ဆုံးပင်။

ရေလျှံနေသည်ဖြစ်၍ မိမိတို့သွားလိုသောနေရာကို လှေများဖြင့် သွားလာကြရသည်။ မိုးတွင်းကာလတွင်း ဤလိုအခြေအနေမျိုး ကျရောက်သော်လည်း ရေခင်းရွာအဖို့ မဆန်းတော့ပေ။ ရွာအမည်နှင့်လိုက်စွာ ရေပြင်ကြီးခင်းထားသကဲ့သို့ဖြစ်၏။ တစ်ခုပဲ သူတို့အတွက်စိုးရိမ်စရာရှိသည်။ ယင်းကား ... တောင်ကျရေနှင့်အတူ မြွေအချို့ပါလာတတ်ကြခြင်းပင်။ ယင်းမြွေများသည် ရေခင်းချောင်းအတိုင်း မျောပါချင်လည်းပါသွားတတ်ကြသည်။ ရိုးထဲ၊ မြောင်းထဲသို့ဝင်ကာ၊ စိုချင်လည်းစိုနေတတ်ကြသည်။





အချို့ဆိုလျှင် အိမ်ပေါ်အထိတက်လာခဲ့ကြ၍ ခြောက်ဟယ်၊ လှန့်ဟယ်၊ တုတ်နှင့်ကလော်ချဟယ်နှင့် ကိစ္စများကြသည်။ အလုပ်ရှုပ်ကြရသည်။ မြွေဆိုးဆိုလျှင် အိမ်ပေါ်မှလူများကိုပင် အန္တရာယ်ပေးတတ်ကြသည်။

မိုးကြီးခုနစ်ရက် ခုနစ်လီ ရွာပြီးနောက် နောက်တစ်ရက်မှာ နေကပွင့်လာခဲ့သည်။ သို့သော် အနိမ့်ပိုင်းရွာဘက်တွင် ရေကမကျသေး။ ရွာအရှေ့ဘက်ပိုင်းသည် ကုန်းမြင့်၌တည်ထားသဖြင့် နေပူရှိန်ကြောင့် နံနက်ခင်းမှာပင် ခြောက်သွေ့သွားခဲ့သည်။

နေ့မွန်းတည့်အချိန်ကို ရောက်လာသည်။

"အမလေး ... လုပ်ကြပါဦး၊ သည် ... သည်မှာ မြွေကြီး"

မအိမ်စိုး၏ အလန့်တကြားအော်သံက ခြံထဲမှထွက်ပေါ်လာခဲ့သည်။

ယင်းအချိန်တွင် ကိုပြည်စိုးနှင့်အာကာမိုးက အိမ်အောက်ထပ်မှာရှိနေကြသည်။ သူမ၏အော်သံကြောင့် တစ်ခဏအတွင်းမှာပင် အိမ်နောက်ဘက်ကို ရောက်သွားခဲ့ကြသည်။

"ဘယ်မှာလဲ ... မြွေ"

"ဟောဟိုမှာ ... ဟိုမှာ"

မအိမ်စိုးသည် တစ်နေရာကို လက်ညှိုးထိုးပြလိုက်သည်။ တစ်ထွာသာသာအမြင့်ရှိသော မြက်ဖုတ်ပေါ်မှာ မြွေပွေးကြီးတစ်ကောင်က ခွေနေ၏။ ကိုပြည်စိုးသည် ခပ်လှမ်းလှမ်းတွင် သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ပိုင်းချောင်းသော အရှည်တစ်လံသာသာရှိ ဝါးစိမ်း တုတ် ထိပ်ချောင်းကို ပြေးယူလိုက်၏။

ဦး ... ဒါ ဘာလုပ်မလို့လဲ”

သူတို့လှမ်းပြီးတော့ ပြောလိုက်သည့်အသံကြောင့် နောက် ကိုလှည့်ကြည့်မိလိုက်သည်။ သုဒ္ဓလေးဖြစ်နေသည်။ သူသည် ခြံရှေ့ကဖြတ်အသွားတွင် မအိမ်စိုး၏အသံကိုကြား၍ ပြေးဝင်လာ ခဲ့ခြင်းပင်ဖြစ်သည်။

“အံမာ ... မင်းက ငါ့ခြံထဲကို ဘာဖြစ်လို့ဝင်လာခဲ့တာ လဲ၊ ဟိုမှာ ... မြွေ မင်းတွေ့လာ ငါသတ်မလို့”

“မသတ်ပါနဲ့ဦး။ ကျွန်တော် သူ့ကို မောင်းထုတ်ပေးပါ့ မယ်”

“အံမာ ... ခုမှ သူတော်ကောင်းနဲ့ လာတွေ့နေပြန်ပြီ၊ မြွေဆိုရင် ငါကမုန်းတယ်ကွ၊ မင်းမျက်နှာလို မျက်နှာရနဲ့ဝင်ပြီး ပြောစရာမလိုဘူး”

ကိုပြည်စိုးသည် မြွေရှိသောနေရာကို ချက်ချင်းပင်လျှောက် သွားသည်။

“ကိုပြည်စိုး၊ မလုပ်နဲ့လေ၊ သုဒ္ဓလေးက မောင်းထုတ်ပေး မယ်လို့ပြောတာကို၊ ကျွန်မကရှင့်ကို သတ်ခိုင်းတာမဟုတ်ဘူး”

မအိမ်စိုးက လှမ်းပြီးတော့ တားလိုက်သေးသည်။ သို့သော်

“အိုကွာ ... ”

ကိုပြည်စိုးသည် ခွေနေသောမြွေပွေးကြီးကို ဝါးစိမ်းတုတ် ကြီးနှင့် တဖုန်းဖုန်းနှင့်နေအောင် ရိုက်သတ်လိုက်လေတော့သည်။





“အို ... ရှင်၊ ရှင် ... ကျွန်မက ဒါလောက်တားနေ တာတောင်”

ကိုပြည်စိုးသည် ဝါးစိမ်းတုတ်ကြီးကို ပစ်ချလိုက်ကာ တင်း မာသောမျက်နှာထားကြီးဖြင့် အနားမှထွက်သွားခဲ့လေ၏။ သုဒ္ဓ လေးသည် တည်ငြိမ်သော မျက်နှာထားလေးဖြင့် မြွေသေကြီးကို တစ်ချက်စိုက်ကြည့်ပြီး အနားမှအေးဆေးစွာပင် ပြန်ထွက်သွားခဲ့ လေသည်။ အာကာမိုးကိုပင် နှုတ်မဆက်မိတော့။

မြွေသေကြီးကား ဤအတိုင်းပင်။ မအိမ်စိုးသည် သူ့ကိုယ် တိုင်လည်းယူပြီး သွားမပစ်ရဲ။ ရှာသားတစ်ယောက်လာလျှင် ခြံ အနောက်ဖက်တစ်နေရာမှာ မြှုပ်ခိုင်းမည်ဟု စဉ်းစားထား၏။ မိမိပရောဂကြောင့် မြွေကြီးသေဆုံးသွားခဲ့သည့်အတွက်လည်း စိတ်မကောင်းဖြစ်နေမိသည်။ မအိမ်စိုးသည် အလုပ်ရှိ၍ အိမ် ရှေ့ကို တစ်ခဏသွားပြီး အိမ်နောက်ဘက်ကို ပြန်အလာတွင် အံ့သြစရာကောင်းသော အခြေအနေတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။ မြွေအချို့ကိုတွေ့လိုက်ရခြင်းပင်။ မှားပြား လှသော မြွေများသည် ဟိုမှ သည်မှ တစ်ကောင်ပြီးတစ်ကောင် ထွက်ထွက်လာနေကြသည်။ ကြီးကြီး သေးသေး အကောင်မျိုးစုံ ခြံထဲကိုမည်သည့်နေရာကနေ ဝင်လာကြမှန်းမသိ။ မအိမ်စိုးသည်



www.burmeseclassic.com

www.burmeseclassic.com

အသံထွက်အောင် မအော်နိုင်တော့ဘဲ အထိတ်တလန့်နှင့်ကြည့်နေမိသည်။

ထိုမြွေများသည် အကောင်သုံးဆယ်ခန့်ရှိကြမည်ဖြစ်သည်။ သေဆုံးနေသော မြွေကြီးကို တစ်ကောင်ပြီးတစ်ကောင် ရစ်ပတ်လိုက်ကြသည်။ မြွေအကောင်ကြီးကြီး လေးငါးကောင် ရစ်ပတ်လိုက်ကြပြီးသောအခါ မြွေသေကောင်ကြီးကို ခြံနောက်ဖက်ဆီကို ဆွဲယူသွားခဲ့ကြလေသည်။ ကျန်မြွေများသည် ဘေးမှ တစ်ဖက်တစ်ချက်နေကြကာ လိုက်ပါသွားခဲ့ကြလေသည်။ ထိုအချိန်တွင် ကိုပြည်စိုးသည် မအိမ်စိုး၏ အနားကိုရောက်လာခဲ့သည်။ မအိမ်စိုးက လှုပ်ရှားမှုမရှိ၊ မတ်တပ်ရပ်ကာ ငြိမ်သက်နေသောကြောင့် ...

"ဟင် ... မအိမ်စိုး၊ မင်း ... မင်း ဘာဖြစ်နေတာလဲ"

ထိုအခါကျမှ မအိမ်စိုးလည်း သတိရသွားပြီး လက်ညှိုးထိုးကာ ...

"ဟို ... ဟိုမှာ ... "

"ဟင် ... "

ကိုပြည်စိုးလည်း အံ့အားသင့်သွားခဲ့သည်။ ဒါလောက်များပြားကြသည့် မြွေများကို တစ်စုတစ်ဝေးတည်းတွေ့လိုက်ရသည့်အတွက် ကိုယ့်မျက်လုံးတွေကိုပင် မယုံနိုင်လောက်အောင် ဖြစ်သွားခဲ့ရသည်။ ထို့နောက် သတိရလာပြီး ပြေးကြည့်လိုက်ရာ ထိုမြွေများသည် မည်သည့်နေရာကို ရောက်သွားမှန်းပင် မသိရတော့ချေ။ လူကြီးသူမများ ပြောဖူးခဲ့သော စကားတစ်ခွန်းကို





သတိရသွားမိသည်။ "မွန်းတည့်ချိန်၊ မွန်းလွဲချိန်တွင် မြွေကို မသတ်ကောင်း" ဟူ၍ပင်။ သို့သော် ထိုစကားကို နားမလည်နိုင်ချေ။


www.burmeseclassic.com

www.burmeseclassic.com

( ၆ )

## နွားနီကြီးနှစ်ကောင်

သုဒ္ဓလေးသည် ဘုန်းကြီးကျောင်းသားဘဝကို ရောက်သွားခဲ့သည်။ ရှင်ပြု သင်္ကန်းဆည်းသည်၊ ဉာဏ်ထက်သောကြောင့် စာပေကျမ်းဂန်များကို တစ်ဆင့်ပြီးတစ်ဆင့် ထိုထက်ပိုပြီးတော့ လိုက်စားလျှင် ရှင်တစ်ဆူအဖြင့် ကျော်ကြားလိမ့်မည်ဟု ဆရာတော်က အတတ်သိပြီးသားဖြစ်သည်။ သို့သော် သုဒ္ဓလေးကား သင်္ကန်းဝတ်နှင့်ပျော်ပိုက်ဟန်မတူ။ တစ်လအကြာတွင် လူထွက်ခဲ့လေသည်။ သို့သော် ဆရာတော်ကား လက်မလျှော့၊ သာသနာ့ဘောင်တွင် ပျော်မွေ့လာစေရန် သူ၏စိတ်ဓာတ်နှင့် အခြားသောလှုံ့ဆော်မှုများက ပြောင်းလဲပေးသွားလိမ့်မည်ဟု ယုံကြည်ထားသည်။

သို့သော် သုဒ္ဓလေးသည် ရှင်ပြုပြီး ရှင်လူထွက်ခဲ့သည့်နောက်ပိုင်းမှစ,ပြီးတော့ ... လူလားမြောက်လာခဲ့သည်။ ခန္ဓာ





ကိုယ်လည်း ထွားကျိုင်းလာသည်။ ပိုပြီးတော့ စကားနည်းလာသည်။ မွေးရာပါမေးစေ့အောက်မှ အနီမှတ်အဝိုင်းလေးမှ မှတ်ဆိတ်ကျင်စွယ်များတစ်ပင်စ၊ နှစ်ပင်စ ပေါက်လာသည်။ သို့သော် အနီရောင်အမွေးအမျှင်များ ဖြစ်နေသည်။

သျှောင်ထားသည်။ နက်မှောင်သောဆံပင်များကို ဆီလိမ်း၍သျှောင်တစ်စောင်းထုံးထားတတ်သည်။ ဖြူဝင်းသောအသားကြောင့် ကျက်သရေရှိလှသည်။ သုဒ္ဓလေး၏မျက်နှာကို မြင်လျှင် အလိုလိုနေရင်း စိတ်နှလုံးအေးချမ်းသွားကြသည်။ ထူးထူးခြားခြား နေ့စဉ် ဘုရားဝတ်သုံးကြိမ်ပြုသည်။ ပုတီးစိပ်သည်။ တရားထိုင်သည်။ လည်ပင်းမှာပုတီး၊ အမြဲဆွဲထားသည်။

အချို့က ငယ်ငယ်ရွယ်ရွယ်နှင့် ဘာသာရေးကိုကိုင်းရှိုင်းသော ဘုရား၊ တရားမြဲသော သုဒ္ဓလေးကို ချီးမွမ်းကြသည်။ အချို့ကတော့ ...

“ဒါ ... ပုံမှန်မဟုတ်ဘူး။ သည်အရွယ်က လူငယ်ဘဝဆော့ကစားနေရမှာ၊ ပျော်ပါးနေကြတဲ့ ရွယ်တူတွေနဲ့အတူရှိနေရမှာ၊ ခုတော့ သူ့ကိုမြင်လိုက်ရရင် ခါတော် ၄ဝရတဲ့ မထေရ်ကြီးကျနေတာပဲ၊ လူအထင်ကြီးအောင်လုပ်ပြနေတာလား။ ဒါမှမဟုတ် စိတ်မမှန်တာလား”

အခြားသူများသာမဟုတ်၊ အဖိုး၊ အဖွား မိဘများသည်ပင် သုဒ္ဓလေးကို အကဲခတ်နေကြရသည်။ လယ်ယာ လုပ်ငန်းသို့လည်း ဝင်ရောက်လုပ်ကိုင်လျက်ရှိနေလေပြီ၊ အလုပ်လုပ်နေစဉ်မှာလည်း ပုံမှန်ပင်။ သူ့အလုပ်သူအေးဆေးစွာပင် လုပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ငါ့မြေးက မွေးကတည်းက သူ့ဗီဇနဲ့သူ ပါလာခဲ့တာ၊ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲစွာစောင့်ထိန်းတယ်၊ ဘာသာရေးကို ကိုင်းရှိုင်းတယ်၊ သူတော်ကောင်းစိတ်မွေးတယ်၊ သူများတွေထင်နေကြသလို ရူးနှမ်းတဲ့အသွင်မျိုး မဟုတ်ဘူး"

ဦးပေါက်ကျော်သည် မြေးဖြစ်သူ၏အမူအရာ၊ အပြုအမူကို ဤသို့ပင် နားလည်မိသည် မှတ်ချက်ချမိသည်။

"သမီးတို့လည်း အမေထင်သလို ထင်နေကြတာပါပဲ၊ သားလေးက သူ့ဘာသာသူအေးအေးဆေးဆေးနေတတ်တာကလွဲလို့ ဘာမှဖြစ်တာမှမဟုတ်တာ၊ လူတွေကပြောချင်ရာကိုသာပြောနေကြတာ"

သုဒ္ဓလေးအပေါ်မှာ စိုးရိမ်မကောင်းစိတ်ရှိနေသော မဝေမှီကပြောသည်။ တစ်ရက်တွင် မိမိတို့၏နွားနှစ်ကောင် စားကျက်ထဲတွင် လွှတ်ထားရာက ပျောက်ဆုံးသွားခဲ့လေသည်။ တစ်ရက်လည်းပြန်မလာ၊ နှစ်ရက်လည်းပြန်မလာနှင့်၊ ထိုအတောအတွင်းကိုသာလှသည် ရွာသားများနှင့်အတူ တောနင်းပြီးတော့ရှာကြသည်။ နွားများသည် တစ်ခါတရံမှာ အလည်ကျူးပြီး တောထဲကိုရောက်သွားကြသည်။

သုံးရက်မြောက်သောနေ့တွင် တောတွင်းတစ်နေရာကို ခေါင်းပိုင်းချည်းသာကျန်သော မိမိတို့၏နွားများကို တွေ့လိုက်ကြရလေသည်။

"နွားခိုးတွေက နွားတွေကိုဖမ်းခေါ်လာပြီး သည်မှာ သတ်





တာပဲ၊ နွားသေကိုဖျက်ပြီးတော့ အသားပေါ်ကြတယ်၊ ဒါတွေကိုလက်စသတ်မသွားကြဘူး – သည်အတိုင်း ထားပစ်ခဲ့ကြတယ်၊ တော်တော်ယုတ်ကန်းကြတဲ့ကောင်တွေ"

လူကြီးတစ်ဦးက အပြစ်တင်ကာ ဝေဖန်သည်။ နွားသေအကြွင်းအကျန်များကို ထိုနေရာမှာတင် မြှုပ်ပစ်လိုက်ကြသည်။ အားထားရသော နိုင်းနွားနှစ်ကောင် သေဆုံးသွားခဲ့ကြသည့်အတွက် စိတ်မကောင်းဖြစ်သွားခဲ့ကြရသည်။ ထို့အပြင် လယ်လုပ်ငန်းအတွက်လည်း အခက်အခဲဖြစ်သွားခဲ့ကြရသည်။ နွားသုံးလေးကောင်ရှိသေးသော်လည်း ငယ်ကြသေးသည်။ ခိုင်းလို့မရကြသေးပေ။ ထိုနွားနှစ်ကောင်သည် လိမ္မာကြသည်။ မည်သည့်အခါမှ ပေကပ်ကပ်မရှိကြ။ မိမိတို့အကျိုးစီးပွားအတွက် ကူညီဆောင်ရွက်ပေးကြသူများဟု သဘောထားကြသည်။ မိသားစုဝင်များဟု သတ်မှတ်ထားကြသည်။

သုဒ္ဓလေးသည် ထိုနွားနှစ်ကောင်ကိုချစ်သည်။ အမြဲတမ်းလက်ပွန်းတတည်းရှိနေတတ်သည်။ ယခု ဥပဒ္ဒေဝကကျံဖြင့် သေဆုံးသွားကြည့်အတွက် ကလေးပီပီ ခံစားရသည်။ ဝမ်းနည်းမိသည်။ ထိုနေ့မှာပင် သုဒ္ဓလေးသည် အိမ်မှတိတ်တဆိတ်ထွက်သွားခဲ့သည်။ မည်သူမှမသိလိုက်ကြပေ။ သုဒ္ဓလေး တောထဲကိုရောက်သွားခဲ့သည်။ နွားသေရုပ်ကြွင်း၊ အပိုင်းအစများကို မြှုပ်နှံထားသည့်နေရာအထိ ရောက်သွားသည်။ ဤနေရာတွင် မြှုပ်နှံထားသည်ကို သူမသိပေ။ သို့သော် ရောက်လာခဲ့သည်။

ပါလာသော ပုတီးကိုထုတ်ကာ ထိုနေရာအနီးရှိ သစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ပင်အောက်မှာ ပုတီးစိပ်သည်။ သူသည် ဘဂဝါ တစ်မျိုးတည်းကိုသာစိပ်သည်။ နာရီတစ်မောင်းကျော်ကျော်စိပ်ပြီး သကာလ၊ တောတောင်စောင့်နတ်များ၊ ပရလောကသားများကို ညွှန်မှန်းပြီး အမျှပေးဝေသည်။ နွားခိုးသူ၊ နွားသတ်သမားတို့အား မေတ္တာပို့သည်။ အမျှပေးဝေသည်။ ထို့နောက် ရွာကိုပြန်လာခဲ့လေသည်။

ယင်းအချိန်တွင် ရေခင်းရွာကလေး၏ချောင်ပိုင်းကျသော အိမ်စုစုလေးများတွင် မမျှော်လင့်သောဖြစ်ရပ်တစ်ခုက ဖြစ်ပွားခဲ့လေသည်။

"အောင်မယ်လေးဗျ၊ ဗိုက်ထဲက နာလိုက်တာ၊ အား၊ အား"

အိမ်တစ်အိမ်မှ လူတစ်ယောက်သည် ထမင်းစားနေရင်းက ရုတ်တရက် ဗိုက်ထဲကထိုးပြီးအောင့်လာသဖြင့် အော်ဟစ်ကာ လူးလိမ့်နေရသည်။ သူစားနေသည့်ဟင်းမှာ အမဲသားဟင်းဖြစ်သည်။ ပါးစပ်ကြီးပြဲကာ အော်ဟစ်နေရသောကြောင့် ထမင်းများ၊ ဟင်းများကထွက်ကျလာခဲ့ကြသည်။ ဟင်းဖတ်များလည်း ပါးစပ်ထဲမှ တဖုတ်ဖုတ်နှင့်ထွက်ကျလာခဲ့သည်။ မိသားစုနှင့်အတူ တစ်ဝိုင်းတည်းစားနေကြရာမှ ကောက်ကာငင်ကာ ထ,ပြီးတော့ ဖြစ်သွား၍ အံ့အားသင့်သွားခဲ့ကြသည်။ အထိတ်တလန့်ဖြစ်သွား





ခဲ့ကြရသည်။

"ဟင် ... ကိုညိုကြီး၊ တော်ဘယ်လိုဖြစ်တာလဲ အကောင်းကြီးကနေ ထ,ပြီး ဖြစ်ရတယ်တော်၊ တော် ... ဘာတွေများအစားမှားလို့လဲ"

ဇနီးဖြစ်သူမှာ စိုးရိမ်တကြီးနှင့် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားခဲ့ရသည်။ သားသမီးတွေလည်း တငိုငိုတရှိုရှိုနှင့်ဖြစ်ကုန်ကြလေသည်။

"ငါ ... ငါ ထန်းရည်လေးနည်းနည်းသောက်လာခဲ့တာပါ၊ တခြား ဘာမှလည်းမစားခဲ့ပါဘူးကွာ၊ အား ... အောင်မယ်လေးဗျ၊ နာလိုက်တာ၊ ဘယ်သူမှ မကယ်နိုင်ကြတော့ဘူးလား၊ အီး ... ဟီး ... ဟီး ... "

မရျူနိုင်၊ မရှိုက်နိုင်ဖြစ်ကာ လူးလိမ့်နေရင်းက အစာများပြန်၍အံသည်။ ဗိုက်ထဲကိုရောက်နေသည့် အမဲသားများ အကုန်လုံးပြန်ပါလာကြသည်။ ထို့နောက် ကိုညိုကြီးသည် မခံမရပ်နိုင်အောင် နာကျင်၍အော်ရလွန်း၍ အသံတစ်မျိုးပြောင်းလာခဲ့သည်။ တဘူးဘူး၊ တဘောဘောဖြင့် ထွက်ပေါ်လာသောအသံကြီးသည် နွားတစ်ကောင်၏အသံနှင့်တူနေသည်။ ထူးဆန်းလှသည်။

ထို့အတူပင် ညိုကြီးတို့၏အိမ်နှင့် လေးအိမ်ခြားရှိ အိမ်တွင် ပြောက်ဆိုသည့် ရွာသားတစ်ဦး ယင်းအိမ်နှင့်ကပ်လျက်ရှိကိုမွေးဆိုသူတို့သည်လည်း ရုတ်တရက် ကောက်ကာငင်ကာ ဗိုက်အောင့်သောဝေဒနာကို ခံစားလိုက်ကြရသည်။ ညိုကြီးတို့ သို့ပင် မခံမရပ်နိုင်အောင်ဖြစ်ကာ လူးလိမ့်နေကြရသည်။ အစာ



www.burmeseclassic.com

www.burmeseclassic.com

အံသည်း၊ အံသမှုကလည်း အမဲပဲ်ဟင်းဖတ်များချည်းပင်။ သူတို့သည်လည်း အော်ရလွန်း၍ လူသံမပေါက်ဘဲ တဘောဘောတဘဲ ဖြင့် နွားသံပေါက်နေကြလေသည်။ သူတို့သုံးယောက်စလုံး အခုလိုတစ်ပြိုင်တည်းလိုလို ရောဂါဘယဖြစ်ပွားခဲ့ကြသည့်အတွက် နားမလည်နိုင်အောင် ဖြစ်သွားခဲ့ကြရသည်။ အံ့အားသင့်သွားခဲ့ကြရသည်။ ဆေးဆရာကို အမြန်ပြေးခေါ်ကြသည်။ သောက်ဆေး၊ လိမ်းဆေးများပေးသည်။ သို့သော် မသက်သာကြပါ။ ချွေးသီးချွေးပေါက်ကျကာ မျက်လုံးကြီးတွေအပြူးသားနှင့် ဝေဒနာခံစားနေကြရသည်။ နောက်ဆုံးတော့ လူအော်သံပျောက်ကာ နွားတစ်ကောင်၏အော်သံမျိုးသာလျှင် ထွက်ပေါ်နေကြသည်။

ထိုသတင်းကို ကြားသိကြသော ရွာလူကြီးများက ကာယကံရှင်များဆီကို ရောက်လာခဲ့ကြသည်။ အချို့အကင်းပါးကြသော လူကြီးများက မေးကြသည်။

"မင်းတို့သုံးယောက်စလုံး တစ်ပြိုင်တည်း သည်လိုဖြစ်နေကြတယ်၊ ဒါ ... မရိုးဘူး၊ ပြောကြစမ်း၊ ဘာတွေများမှားထားကြသလဲ"

သို့သော် စကားဖြင့်ပြန်ပြီးတော့ မပြောနိုင်ကြ။ နွားအော်သံများဖြင့်သာ အော်ညည်းနေကြလေသည်။

"တန်တော့ မဟုတ်မှလွဲရော၊ သည်ကောင်တွေ ဦးပေါက်ကျော်အိမ်က နိုင်းနွားနုစ်ကောင်ကို ခိုးသတ်စားခဲ့ကြတယ်ထင်တယ်၊ 'ဇ'ရှိကြတဲ့ကောင်တွေပဲ၊ ဟုတ်၊ မဟုတ် ဖြေကြစမ်း။





ဟုတ်တယ်ဆို ခေါင်းညိတ်ပြကြ၊ အေး ... ကိုယ်ပြစ်မှာ ကျူးလွန်လျှက်သားနဲ့ ဝန်မခံဘူးဆိုရင်တော့ ခုအတိုင်းဆို မင်းတို့အသက်ပါ ပါသွားခဲ့ကြလိမ့်မယ်"

ထိုအခါ သုံးယောက်စလုံး ဝေဒနာကို မခံစားနိုင်ကြ၍ ခေါင်းညိတ်ကာ ဝန်ခံကြရလေတော့သည်။

"တောက် ... လူမဆန်ကြတဲ့ ကောင်တွေ၊ ဟော့ကောင် ညိုကြီး၊ မင်းက ဦးပေါက်ကျော်ရဲ့အိမ်မှာ အလုပ်လုပ်ဖူးတယ်မဟုတ်လား၊ မင်းနဲ့မင်းရဲ့မိသားစုဒုက္ခအတိရောက်နေလို့ သူတို့က သွေးမတော်၊ သားမစပ် ကြည့်ရှုထောက်ပံ့ခဲ့ကြတယ်၊ လယ်ထဲမှာလည်း အလုပ်ပေးခဲ့ကြတယ်၊ ပြီးတော့ ... သည်နွားနှစ်ကောင်ဟာလည်း မင်းနဲ့အတူ အလုပ်လုပ်ခဲ့ကြတဲ့ ရဲဘော်ရဲဘက်တွေမဟုတ်လား ...

ကိုယ့်ကိုကျေးဇူးပြုထားတဲ့သူ၊ ထမင်းတစ်လုတ်၊ ရေတစ်မှုတ်ဖြစ်စေ၊ နောက်ဆုံးနေရာလေးဖယ်ပေးတာကအစ၊ ကိုယ့်အတွက် အထောက်အပံ့ပြုခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေ၊ အဲသည်လူတွေဟာ ကျေးဇူးရှင်တွေ၊ ခင်ပွန်းကြီးဆယ်ပါးထဲမှာအပါအဝင်၊ မင်းက အဲသည်လူတွေကို သေသေချာချာကြီးကို ပစ်မှားလိုက်တာပဲ၊ မင်းတို့အားလုံး ကိုပေါက်ကျော်ကို ချက်ချင်းသွားပြီးတော့ တောင်းပန်၊ မတောင်းပန်ရင်တော့ ငရဲကိုသွားကြ၊ မင်းတို့ထိုက်နဲ့မင်းတို့ကံပဲ"

"တောင်းပန်စရာမလိုပါဘူးလေ၊ မင်းတို့ရဲ့အပြစ်တွေကို ငါနဲ့ငါ့မိသားစုက ခွင့်လွှတ်ပြီးသားပါ ညိုကြီး ... သံသရာဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

အရှည်ကြီးခဲ့သော၊ သည်တစ်ဘဝတည်းနဲ့ ပြီးပြတ်သွားမှာမဟုတ်ဘူး နောက်လာရာဘဝမှာ ကုသိုလ်ကံ၊ အကုသိုလ်ကံအကျိုးသက်ရောက်ခြင်း လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ တိရစ္ဆာန်ဖြစ်လိုက်နဲ့ အလှည့်ကျကျင်လည်နေကြဦးမှာပဲ ...

ဝဋ်ကြွေးဆိုတာ အတုံ့အလှည့်ရှိတယ်၊ ပြန်ပြီးခံရတတ်တယ်၊ မင်းပြုခဲ့တဲ့အကုသိုလ်ကို သည်ဘဝမှာတင် ရအောင်ချေပစ်ခဲ့ပေါ့ကွာ၊ ကဲ ... ဆေးဆရာ၊ ကျေးဇူးပြုပြီး သူတို့ကို ကုသပေးလိုက်ပါဗျာ''

ဦးပေါက်ကျော်က မမျှော်လင့်ဘဲရောက်လာပြီး၊ ညိုကြီးနှင့် အဖော်နှစ်ယောက်ကို ဆုံးမစကားပြောသွားခဲ့သည်။ ညိုကြီးတို့မှာ ပြန်ပြီးတော့မပြောနိုင်ကြ။ မျက်လုံးကြီးတွေ အပြူးသားနှင့် ဝေဒနာကိုခံစားနေကြရသည်။ ဆေးဆရာက ကုသပေးလိုက်သောအခါ ချက်ချင်းလိုလိုပင် သက်သာရာရသွားခဲ့ကြလေသည်။ ဦးပေါက်ကျော်က မေတ္တာထားကာ ခွင့်လွှတ်လိုက်၍ ရောဂါက ချက်ချင်းပင် သက်သာရာရကာ နေသာသွားခဲ့ကြသည်ဟု ပြောဆိုနေကြလေသည်။

ကမ်းကုန်အောင်မိုက်သော လူမိုက်သုံးယောက်တို့သည် လိမ္မာသောခိုင်းနွားနှစ်ကောင်ကို သတ်ဖြတ်၍ အမဲပေါ်ကာ တခြားရွာများတွင် လူငှားစေလွှတ်၍ ရောင်းခိုင်းသည်။ အိမ်ကိုလည်းယူလာပြီး မိသားစုနှင့်အတူ စားကြလေသည်။ သို့သော် အတူစားကြသော ဇနီး၊ သားသမီးများကတော့ ဘာမှမဖြစ်ကြ။ ကျူးလွန်သူ ကာယကံရှင်များကသာဖြစ်ကြသည်။ အံ့သြစရာ





ကောင်းလှသည်။ လင်သားများက ဝန်ခံကြမှ သူတို့ကျူးလွန်ခဲ့ကြသော အပြစ်များကိုသိသွားခဲ့ကြသည်။ ထိုအခါ အိမ်သားများသည် ရှက်၍မဆုံးနိုင်ကြတော့။ အိမ်အပြင်ကိုပင် မထွက်ခဲ့ကြတော့ပေ။

မိမိတို့ခိုင်းနွားများ သေဆုံးပြီး နှစ်ပတ်ခန့်အကြာတွင် ကိုသာလှသည် အိမ်မှာ လယ်ထဲကိုသွားရန်ပြင်နေသည်။ ထိုစဉ် သုဒ္ဓလေးက အနားကိုရောက်လာ၏။

''အဖေ လယ်ထဲကိုသွားမလို့လား''

''အေး ... သားလိုက်မလို့လား''

''မလိုက်ပါဘူး။ အဖေ လယ်ထဲကိုရောက်ရင် နွားနှစ်ကောင်ကိုတွေ့လိမ့်မယ်၊ အဲသည်နွားတွေကို မောင်းမထုတ်လိုက်ပါနဲ့၊ ကျွန်တော်တို့နွားပဲ''

''ဟေ ... သား သား ဘာပြောလိုက်တာလဲ''

''လယ်ထဲကိုရောက်ရင် နွားနှစ်ကောင်တွေ့လိမ့်မယ်လို့၊ အဲဒါ ဘယ်သူ့နွားမှမဟုတ်ဘူး။ ကျွန်တော်တို့နွားပဲလို့ပြောတာ''

ကိုသာလှသည် သုဒ္ဓလေးပြောသည့်စကားကို နားမလည်ပေ။ သို့သော် ပြောချင်ရာကိုပြောသည်ဟုပဲ ထင်မိလိုက်သည်။ လယ်ထဲကိုထွက်သွားခဲ့လေသည်။ ရောက်သောအခါ ယာကြီးထဲတွင် တန်းပြီးတော့မြင်လိုက်ရသည်က နွားနီကြီးနှစ်ကောင်


www.burmeseclassic.com

www.burmeseclassic.com



ညည်သူတာ လာရှုပို့ထားမှန်းမသိ။ ထို့အပြင် မြက်နုများကိုလည်း စားနေကြသည်။ မြက်များကိုလည်း မည်သူကရိတ်ပြီး နွားစာ ကျွေးထားမှန်းမသိ၊ ကိုသာလှ အံ့အားသင့်သွားခဲ့ရလေသည်။

"ဟင် ... နွားနီကြီးနှစ်ကောင်၊ သားပြောလိုက်တာ အမှန်ပါပဲလား"

နွားနှစ်ကောင်အစားပြန်ရသော်လည်း မည်သည့်နေရာက ရောက်လာမှန်းမသိ၊ ရက်အတန်ကြာသည်အထိ ပိုင်ရှင်ကပေါ် မလာ။ နွားပျောက်သည်ဟူသောအသံများကိုလည်း မကြားမိကြ။ အံ့သြစရာပိုပြီးတော့ ကောင်းသည်က နွားနှစ်ကောင်သည် သုဒ္ဓလေးကိုမြင်သော် လည်အခါခါဖြင့် မြှူးကြွနေကြလေသတည်း။

( ၅ )

## ဒီပါမက်ဆိုးမက်သူ

နွားကြီးများသည် ထူးထူးခြားခြား အနီရောင်ဘက်ကို ပိုပြီးတော့သန်းနေကြသည်။ အကောင်ကြီးတွေကလည်း ထွားထွားကျိုင်းကျိုင်းနှင့် ပေမို့၊ ထောက်မိလှသည်။ ချိုကားကားကြီးတွေနှင့်လှပသောနွားကြီးတွေ၊ နွားကြန်အင်နှင့် ပြည့်စုံလှသောကြောင့် မြင်ကြရသူ တအံ့တသြဖြစ်ကာ စိတ်ဝင်စားနေမိကြသည်။

''သည်နွားကြီးတွေကို ဘယ်ကဝယ်တာလဲ၊ ဘယ်လောက်ပေးရသလဲ''

ဟုမေးကြသည်။ စပ်စုကြသည်။ ထိုအခါ ဦးပေါက်ကျော်က မုသားလည်းမပါစေရန် မယုတ်မလွန်သောစကားဖြင့် အဖြေပေးလိုက်သည်။

''စေတနာရှင်တစ်ဦးက ငါတို့ရဲ့နွားနှစ်ကောင်အစား အစားပေးပို့လိုက်တာပါပဲကွယ်''



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဦးပေါက်ကျော်၏အဖြေကို နားမလည်ကြ။ နွားတန်ဖိုးကိုမပြောချင်၍ ဝေ့လည်ကြောင်ပတ်စကားပြောသည်ဟုပဲ ထင်မိလိုက်ကြလေသည်။ ထို့အပြင် ဦးပေါက်ကျော်တို့မိသားစုသည် ဤနွားကြီးနှစ်ကောင်အတွက် ဈေးကြီးပေးဝယ်ရလိမ့်မည်ဟု သိထားကြသည်။ တန်ဖိုးကြီးသော နွားနှစ်ကောင်အတွက် လုံလောက်သောငွေကြေးများကို မည်သို့ရရှိခဲ့ပါသလဲဟု အချို့ကတွေးကြသည်။ အချို့ကလည်း မိမိတို့၏ အလုပ်မဟုတ်ဟုဆိုကာ စပ်စပ်စုစုမလုပ်ကြတော့ပေ။

လုပကျော့ရှင်းသော နွားကြီးနှစ်ကောင်ကို သူတို့က မနိုင်းရက်ကြ၊ နိုင်းရမှာကိုပင် အားနာနေမိကြသလို ဖြစ်နေကြသည်။

"ငါတော့ မနိုင်းရက်ဘူးကွာ၊ သည်နွားကြီးတွေကို ဘေးမဲ့ပေးထားလိုက်ရင်ကောင်းမယ်ထင်တယ်၊ တံပိုးတပ်ပြီးတော့လည်း လှည်းမဆွဲနိုင်းချင်ဘူး၊ နွားလားဥသဘကြီးတွေလိုပဲ၊ လယ်အလုပ်က သူတို့နှင့်မတန်သလိုပဲ"

သို့သော် ဤနွားကြီးများကို မနိုင်းပြန်ရင်လည်း သူတို့မှာ အခြားနိုင်းစရာ နွားအစားမရှိ။ တစ်ရက်တွင် လယ်ထဲ၌ ကိုသာလှနှင့်သုဒ္ဓလေးတို့ရှိနေကြစဉ် နွားနီကြီးနှစ်ကောင်သည် စားကျက်ထဲ၌ မြက်နုနုများကို စားနေကြသည်။ နွားကြီးများကိုကြည့်ကောင်းကောင်းနှင့် ကြည့်နေကြလေသည်။

ထိုစဉ် လူတစ်ယောက်သည် နွားကြီးနှစ်ကောင်၏အနားကို ရုတ်တရက်ရောက်လာခဲ့သည်။ မည်သို့ရောက်လာခဲ့သည်ကိုပင် မသိလိုက်ကြပေ။ နွားကြီးများသည် ထိုလူကြီးကိုမြင်လိုက်





သည်နှင့်ခေါင်းနှင့်ပွတ်လိုက်၊ ကိုယ်နှင့်ပွတ်လိုက်နှင့် ရင်းနှီးမှုကို ပြနေကြသည်။ ကိုသာလှသည် ထိုမြင်ကွင်းကြောင့် အံ့အားသင့်သွားခဲ့ရသည်။

"ဟင် ... ဟိုမှာ ဘယ်သူလဲ"

သုဒ္ဓလေးကတော့ ခပ်တည်တည်ပင် မျက်နှာအမူအရာမပြောင်းလဲပေ။

"လာ ... သား သွားကြည့်ရအောင်"

သားအဖနှစ်ယောက် ထိုနေရာကို လျှောက်သွားခဲ့ကြသည်။ ထိုပုဂ္ဂိုလ်ကြီးသည် နွားကြီးနှစ်ကောင်ကို ကျောသပ်လိုက်၊ ထိပ်ပုတ်လိုက်နှင့်ရှိနေသည်။ ချိုများကိုလည်း ကိုင်ကာ လှုပ်နေသည်။ နှုတ်ကလည်း တတွတ်တွတ်နှင့် ဘာတွေပြောနေမှန်းမသိပေ။ သားအဖနှစ်ဦး အနားကိုရောက်သွားခဲ့ကြသည်။

"မင်းတို့က သည်ကောင်ကြီးတွေကို သနားလို့ မနိုင်းကြဘူး၊ ဟုတ်လား ... သူတို့က မင်းတို့ကိုကူညီဖို့ ရောက်လာခဲ့ကြတာ၊ အလုပ်မလုပ်ရရင် သူတို့ကလည်း စိတ်ကောင်းနိုင်ကြမှာမဟုတ်ဘူး"

ထိုပုဂ္ဂိုလ်ကြီးသည် ကျောပေးနေလျက်ကပင် ပြောလိုက်သည်။ ခြေသံကြောင့်လား၊ မနောထဲကပဲသိနေ၍လား။ ထို့နောက် သူတို့ကို တဖြည်းဖြည်းနှင့်လှည့်ကြည့်လိုက်လေသည်။ ကိုသာလှသည် ထိုပုဂ္ဂိုလ်ကြီးကိုမြင်လိုက်သော် အံ့အားသင့်သွားခဲ့လေသည်။

"အဘ ... "



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် လက်အုပ်ချီကာ နှုတ်ဆက်လိုက်လေ၏။ သုဒ္ဓလေးသည်လည်း လက်အုပ်ချီကာ အရိုအသေပေးလိုက်သည်။

ထိုပုဂ္ဂိုလ်ကြီးက အခြားသူမဟုတ်၊ သုဒ္ဓလသားအရွယ်လောက်က အိမ်ကိုရောက်လာခဲ့သူပင်။ သုဒ္ဓအမည်ကို သူပဲပေးခဲ့သည်။

"အဘ ... ဘယ်ကကြွလာခဲ့ပါသလဲခင်ဗျာ"

"သည်လိုပေါ့ကွယ်၊ အကြောင်းရှိတော့လည်း ရောက်လာခဲ့ရတာပဲလေ ... ကဲ၊ စောစောက ငါပြောခဲ့တဲ့အတိုင်းပါပဲ၊ သည်ကောင်ကြီးတွေက မင်းတို့နဲ့အတူ အလုပ်လုပ်ပါရစေတဲ့၊ ဒါလောက်ဆို နားလည်ကြပေါ့ကွယ်"

"ဟုတ် ... ဟုတ်ကဲ့ အဘ"

ထို့နောက် တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို ဤနွားကြီးများနှင့်ပတ်သက်ပြီးတော့ ရောက်လာခဲ့သည့်အတွက် အံ့အားသင့်နေမိသည်။

"သည်နွားကြီးနှစ်ကောင်ကို အဘပဲပို့ပေးလိုက်တာများလား"

"အေး ... ငါပို့ပေးလိုက်တယ်ပဲထားပါတော့ကွယ်၊ အဲသည်တော့ သူတို့ကိုနိုင်း၍ အစာလည်းကောင်းကောင်းကျွေးပေါ့"

သူ့စိတ်ထဲမှစကားကို ထိုလူကြီးက သိနေသည့်အတွက် စိတ်ထဲမှာထူးဆန်းနေမိလေသည်။ ထို့နောက် ထိုလူကြီးသည် သုဒ္ဓလေးဆီကို လျှောက်သွားကာ ...





"မြေး ... မင်းလည်းတဖြည်းဖြည်းနဲ့ အရွယ်ရောက်လာတော့မယ်၊ မိဘကိုလည်းဝိုင်းပြီးကူ၊ ကိုယ့်အလုပ်ကိုလည်းလုပ် မမေ့နဲ့၊ ကြားလား"

"ဟုတ်ကဲ့ ... အဘ"

သုဒ္ဓလေးက လက်အုပ်ချီကာ ရိုသေစွာပင်ပြန်ပြီးတော့ ဖြေသည်။ ကိုယ့်အလုပ်ကိုလည်းလုပ်ဆိုသည့်စကားကို ကိုသာလှ နားမလည်။ ထိုပုဂ္ဂိုလ်သည် နှုတ်မဆက်ဘဲ ထွက်သွားတော့မည်ပြုမည်။

"အဘ ... အဘ၊ မရှိမသေ အဘရဲ့နာမည်လေး သိပါရစေ"

ထိုလူကြီးက ရွှန်းပါးသောအပြုံးဖြင့် လှည့်ကြည့်လိုက်၏။

"အေး ... ဟုတ်သား၊ နာမည်၊ နာမည် ဒါပညတ်ချက်တစ်ခုပဲ၊ မင်းကြိုက်သလိုခေါ်ပေါ့၊ ရတာပဲ မဟုတ်လား၊ ကဲပါလေ၊ မင်းငါ့ကို ဒါလောက်အလေးထားနေမှတော့၊ ကိတ္တိ၊ ကိတ္တိတဲ့ ... မှတ်ထား ... "

ဦးကိတ္တိဆိုသည့် လူကြီးသည်ပြောပြီး ချာခနဲဆို လှည့်ထွက်သွားခဲ့သည်။ သားအဖနှစ်ယောက်သည် လက်အုပ်ချီရင်း ကျန်ရစ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးပေါက်ကျော်သည် ထိုအခါကျမှ နွားနီကြီးနှစ်ကောင်ကို စိတ်ချလက်ချပင် နိုင်းရဲတော့သည်။ ပထမဦးဆုံး လယ်ထဲဆင်းပြီးတော့ လယ်ထွန်သည့်နေ့မှာပင် ဦးပေါက်ကျော်ကိုယ်တိုင် ဝါယာ‌ ဖိုက်ထုတ်သည်။

"ကဲ ... ငါ့သားကြီးတွေ၊ အဘတို့ရဲ့ မိသားစုစာရင်းဝင် ဖြစ်သွားကြပြီ၊ နိုင်းတာတော့မဟုတ်ပါဘူးကွယ်၊ အဘတို့လည်း ငါ့သားကြီးတွေနဲ့အတူ ဝိုင်းပြီးတော့လုပ်ပါ့မယ်၊ ကြိုးစားလိုက်ကြစမ်းပါ"

နွားနီကြီးနှစ်ကောင်ကား နှာယောင်ထက်တွင် အဖြူရောင်အကွက်များပါလာခဲ့ကြသည်။ တစ်ကောင်က အကွက်သေးသည်။ တစ်ကောင်က အကွက်ကြီးသည်။ ထို့ကြောင့် ဖြူလေးနှင့် ဖြူကြီး အမည်ပေးထားလိုက်ကြသည်။ ပထမတစ်ရက်တွင် ဦးပေါက်ကျော်ကိုယ်တိုင် လယ်ထွန်ရာတွင်လိုက်သည်။ ဖြူကြီးနှင့်ဖြူလေးတို့မှာ ကြိမ်နှင်တံတို့စရာပင်မလိုဘဲ၊ လယ်ကွက်အနှံ့ရှစ်စပ်ကဂျင်ဂျင်လည်အောင် အလိုအလျောက်ထွန်သွားနိုင်ကြသည်။ မည်သည့်အကွက်ကို မည်သို့ထွန်ရမည်ကို သိနေကြသည်။ သူတို့သဘောနှင့်သူတို့ တမန်းညက်သည်အထိ ထွန်သွားနိုင်ခဲ့ကြလေသည်။

"အဖေ ... ပင်ပန်းပါတယ်၊ သူတို့နောက်လျှောက်ပြီးလိုက်နေရတာ မမောဘူးလား"

ကိုသာလှက ယောက္ခမကို စိုးရိမ်ပူပန်စိတ်ဖြင့် မေးသည်။ ယောက္ခမအမနှင့်ဇနီးက အပြစ်တင်ကြမှာကိုလည်း မလိုလား။





"မပင်ပန်းဘူးကွ၊ ငါသက်လုံကောင်းသေးတယ်၊ ပြီးတော့ ဖြူလေးနဲ့ဖြူကြီးကလည်း ငါတက်တစ်ချက်ခေါက်စရာတောင်မလိုဘူး၊ သူ့အလုပ်သူလုပ်သွားကြတာပဲ"

ဦးပေါက်ကျော်က အားတက်သရောပင်ပြောသည်။ တကယ့်လည်း ပင်ပန်းနွမ်းနယ်ခြင်းမရှိသော အမူအရာမျိုးကို တွေ့ရသည်။

"ကဲပါ အဖေရယ်၊ ဒါလောက်ဆို ကျေနပ်ပါတော့၊ နားလိုက်ပါဦး။ ကျွန်တော်ပဲ ဆက်ပြီးတော့ တာဝန်ယူလိုက်မယ်"

ကိုသာလှသည် ယောက္ခထီးကို တောင်းပန်ပြီးတော့ နားနိုင်းလိုက်ရသည်။ ဦးပေါက်ကျော်သည် နွားကြီးနှစ်ကောင်ကို အားရနေပြီး သူကိုယ်တိုင်လည်း အတော့်ကိုစိတ်ပါနေသည်။ ထွန်ဖြုတ်ကာ ဖြူလေးနှင့်ဖြူကြီးတို့ကိုလည်း အရိပ်အောက်မှာ အနားပေးထားလိုက်ကြသည်။ ကိုသာလှက မြက်နုနုလေးများကိုရိတ်ထားပြီး အစာကျွေးသည်။ ရေတိုက်သည်။ ဂရုတစိုက်ရှိသည်။

နံနက်စာ စားသောက်ပြီး၍ တဲပေါ်မှာ တစ်မှေးမှေးကြသည်။ ညနေဘက်တွင် နောက်တစ်ကျော့ ထွန်ရန် ကိုသာလှက လယ်ထဲဆင်းသည်။ ဖြူလေးနှင့်ဖြူကြီးတို့သည် လုပ်ငန်းခွင်ဝင်ရန် မြူးကြွ၊ တက်ကြွလျက် ရှိနေကြလေသည်။ တစ်ကယ်တမ်းလက်တွေ့တွင်လည်း နွားကြီးနှစ်ကောင်သည် မအော်မငေါက်၊ ကြိမ်မတို့ရဘဲ အလုပ်ကို သူ့အလိုအလျောက်၊ သူတို့စိတ်နှင့်သူတို့ ဦးဆောင်ပြီးတော့ လုပ်သွားခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သည်ကောင်ကြီးနှစ်ကောင်က လယ်ထွန်တက်ကြတယ် အဖေရဲ့"

ကိုသာလှက ယောက္ခထီးကို အားရဝမ်းသာစွာပင်ပြော သည်။

"ငါမပြောဘူးလား၊ သူတို့ဟာ နဂိုတည်းက အလေ့ အကျင့်ရပြီးသားလို့ပဲ ဦးဆောင်ပြီးတော့ လုပ်သွားတတ်ကြပါ တယ်ဆို"

နောင်တွင် ဖြူကြီးနှင့်ဖြူလေးကို ထွန်တုံးတပ်ပြီး သူမ လိုက်ဘဲ သူတို့ချည်းပဲ လွှတ်ပေးလိုက်လေသည်။ နွားကြီးနှစ် ကောင်ကား သွားချင်ရာကိုမသွားဘဲ ထွန်ရန်ကျန်သေးသည့် နေရာများတွင် စိစိညက်ညက်ကြေအောင် တမန်းညက်သည့် အထိ ထွန်နေလေတော့သည်။ မိမိတို့၏ အလုပ်ပြီးသည်နှင့် အလိုအလျောက်ပင် ရပ်နားလိုက်ကြသည်။ တကယ်တမ်း ထွန် ယက်ပြီးသည့် နေရာများကို စစ်ဆေးကြည့်သောအခါမှာလည်း တမန်းကောင်းကောင်းညက်နေသည်မို့ အံ့သြမဆုံးဖြစ်သွားခဲ့ကြ ရလေသည်။

သုဒ္ဓလေးမွေးပြီးသည့်အချိန်ကစ,ပြီး ထူးခြားမှုများက ဆက်တိုက်ပင်ဖြစ်လာခဲ့ကြလေသည်။ သုဒ္ဓကို သတိထားမိကြ သူများရှိကြသလို၊ အမှုမဲ့အမှတ်မဲ့နှင့် နေကြသူများလည်းရှိကြ





သည်။ ကြည်လင်သောမျက်နှာရှိပြီး သျှောင်ကိုလည်းကြော့နေ အောင် ထုံးထားသည်။ ထို့အပြင် မေးအောက်မှာ လက်တစ်ဆစ် ခန့်ရှည်ထွက်နေသော မုတ်ဆိတ်နီနီတို့ကလည်း သူ၏ဥပမိရုပ် ကို အထောက်အပံ့ပြုနေသည်။

ထို့အပြင် တစ်ရွာလုံးကလည်း သုဒ္ဓလေးကို ခင်မင်ကြ သည်။ ဤသည်ကို မရှုစိမ့်နိုင်အောင်ရှိနေသူက ကိုပြည်စိုးပင်။

"သည်ကောင့်ကို ဘယ်လိုပဲကြည့်ကြည့်၊ အရှုးအနှမ်း အင်္ဂါရုပ်နဲ့၊ ကလေးလိုလို၊ လူကြီးလိုလိုနဲ့ သည်ရွာက လူတွေ ကလည်း သင်းကိုဘာကြောင့်များ အရောတဝင်နဲ့ ချစ်ခင်ပာန် ပြနေသလဲမသိပါဘူး"

"ဩော် ... ကိုပြည်စိုး၊ ကလေးက ချစ်မွေးပါလို့ တစ်ရွာလုံးကပိုင်းပြီးတော့ ချစ်ကြတာပေါ့၊ ရှင်က ဘာဖြစ်လို့များ သည်ကလေးကို ဒါလောက်အထိ မစ္ဆေရိယ စိတ်ထားနေရတာ လဲ၊ သားသမီးချင်း ကိုယ်ချင်းစာစမ်းပါ"

မအိမ်စိုးက မနေနိုင်တော့ဘဲ ဝင်ပြောလေတော့သည်။

"မင်းကပါ သည်ကလေးကိုထိရင် နာနေပြီလား၊ ကိုယ့် သားကိုတောင် ဒါလောက်ဂရုမစိုက်ဘူး၊ ချီးမွမ်းတာမျိုးလည်း ငါတစ်ခါမှ မကြားဖူးဘူး"

"ရှင်က သားကိုမဟုတ်တဲ့ နေရာမှာမြှောက်မြှောက်ပေး နေတယ်၊ သားကလိမ္မာချင်တယ်၊ ရှင်က ရှင့်လိုစိတ်မျိုးဝင် အောင် ပုံသွင်းနေတယ်၊ အတ္တ၊ လောဘ တစ်ကိုယ်ကောင်းဆန် တဲ့စိတ်၊ မစ္ဆေရိယစိတ်မျိုးဝင်မလာအောင် ဆုံးမသွန်သင်နေရ



www.burmeseclassic.com

တယ်၊ ခုထက်ထိ ချီးမွမ်းနေရမယ့် အခြေအနေမျိုးဖြစ်မလာသေးဘူးပေါ့ရှင်''

''ငါ့သားက ချီးမွမ်းစရာမရှိဘူးဆိုတော့၊ မိုက်မဲဆိုးသွမ်းနေလို့လား''

''ကျွန်မက သည်လိုမဆိုလိုပါဘူး၊ ရှင်က ဖယောင်းကို ဘီးလူးရုပ်ပုံသွင်းချင်တယ်၊ ကျွန်မက အဲဒါကိုဖျက်ပြီး မင်းသားရုပ်လေးလုပ်ချင်တယ်၊ သားကို ရှင်မအပ်မရာ စကားတွေနဲ့ မြှောက်ထိုးပင့်ကော်ကိစ္စတွေ လုပ်မနေပါနဲ့တော့''

''ငါ ... ငါက ဘာတွေများ၊ မြှောက်ထိုးပင့်ကော်''

ဒေါ်အိမ်စိုးသည် သူ၏စကားကို နားမထောင်တော့၊ အနားမှ ထွက်သွားခဲ့သည်။ ကိုပြည်စိုးမှာ တက်ခေါက်ပြီးတော့ ကျန်ရစ်ခဲ့သည်။

ကိုပြည်စိုးသည် မြွေပွေးကြီးကို သတ်ဖြတ်ပြီးချိန်ကစ၍ အိပ်မက်ဆိုးတွေ မကြာခဏ မက်သည်။ အိပ်မက်ထဲတွင် မြွေပွေးကြီးက သူ့နောက်ကို လိုက်လိုက်နေသည်။ ပြေး၍လွတ်သည် မရှိ။ မြွေပွေးကြီးသည် အမှီလိုက်လာနိုင်ပြီး သူ့ကိုပေါက်ချလိုက်သည်။

''အား''

အထိတ်တလန့်၊ နာကျင်စွာနှင့်အော်မိလိုက်သည်။ အိပ်





ရာထဲမှ လူးလဲထပြီးတော့ ထထိုင်မိလိုက်သည်။ ဤသို့ဖြစ်ရသည့်အကြိမ်မှာလည်း မနည်းတော့။ မအိမ်စိုးတာ သူနှင့်အတူမအိပ်၊ ခွဲပြီးအိပ်သည်။ ထို့ကြောင့် ကိုပြည်စိုး ထိုသို့ဖြစ်သည်ကိုမသိ။

''မင်းကွာ ငါ့အော်သံကို မကြားမိဘူးလား။ ငါ ဒါလောက်ဖြစ်နေတာကို မသိဘူးလား''

''ကျွန်မ ဒါလောက်တောင် အအိပ်မကြီးပါဘူးရှင်၊ ရှင်တကယ်အော်ရင် ကျွန်မနားက ကြားရမှာပေါ့၊ အသံထွက်အောင်ကော အော်မိရဲ့လား ...''

ထိုအခါ ကိုပြည်စိုး စဉ်းစားမိသွားခဲ့ရသည်။ မိမိအော်လိုက်သည့်အသံသည် အပြင်ကိုထွက်မလာနိုင် လည်ချောင်းထဲမှာပင် တစ်ဆို့ပြီး အသက်ရှူကြပ်ကာ သေသွားနိုင်သည်။ မိမိထိုအဖြစ်မျိုးနှင့်တစ်ယောက်တည်း သေနေသည်ကိုပင် မည်သူမှသိမှာမဟုတ်၊ မြွေနှင့်ပတ်သက်ပြီး အိပ်မက်က မကြာခဏမက်နေ၍ ညဘက်အိပ်စက်ရမည်ကိုပင် ကြောက်လာမိသည်။ ထို့အပြင် မိမိ၏ခြံဝင်းထဲမှာ မြွေများက သွားလာနေကြသည်ကို မကြာခဏ တွေ့နေရသည်။ ခါတိုင်းဆိုလျှင် ဤခြံထဲတွင် မြွေမရှိတတ်ပေ။ မြွေပွေးကြီးကို သတ်မိသည့်အချိန်ကစပြီး မြွေကပြတ်သည်ဟူ၍မရှိတော့။

မအိမ်စိုးသည်ပင် ခြံနောက်ဘက်ကို မသွားရဲတော့ပေ။ တစ်ရက်တွင် ခြံထဲ၌ သူမ မထင်မှတ်မိသော အခြေအနေတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ ကညင်ပင်ကြီးတစ်ပင်



www.burmeseclassic.com

 www.burmeseclassic.com

အောက်တွင် ထိုင်နေသောလူတစ်ယောက်၊ သူကား … အခြား သူမဟုတ်၊ သုဒ္ဓလေးပင် တစ်ဦးတည်းတင်ပျဉ်ခွေကာ အကျ အနပင်ထိုင်နေသည်။ လက်ဝါးချင်းထပ်ကာ ရှေ့မှာချထားသည်။ မျက်လုံးတို့ချကာ နှုတ်ကလည်း တလှုပ်လှုပ်နှင့်ရွတ်နေသည်။

"ဟင် … သုဒ္ဓလေးပါလား။ ဘယ်အချိန်ကတည်းက ခြံထဲကိုရောက်နေပါလိမ့်"

မအိမ်စိုး အံ့အားတသင့်နှင့် ကြည့်နေဆဲမှာပင် …

"ဖျော … ဖျော … ဖျော … ဖျော … "

သစ်ရွက်များပေါ်မှ လျှောတိုက်ပြီးတော့ လာနေကြသော အသံများ မြက်တောထဲမှ ဖြတ်သန်းလာသံများကို ကြားလာခဲ့ရသည်။ အသံများက နီးကပ်လာခဲ့ကြသည်။ သို့ရှိခိုက် မြင်ကွင်းတစ်ခုကြောင့် မအိမ်စိုး၏မျက်ဝန်းအစုံသည် ဝိုင်းစက်သွားခဲ့ရလေတော့သည်။



( ၃ )

## ခြေဖဝါးနှင့်မြွေသားတစ်သားတည်းကပ်နေသူ

မြွေများသည် တစ်ကောင်ပြီးတစ်ကောင် ရောက်လာခဲ့ကြသည်။ နှစ်ကောင်စီ သုံးကောင်စီလည်း လာနေကြသည်။ မြွေဆိုးများလည်းပါလာကြသည်။ အဆိပ်မရှိသော မြွေများသည်လည်း ရောက်လာကြသည်။ အချို့မြွေများသည် သုဒ္ဓလေး၏ကိုယ်ပေါ်ကိုတက်လာကြသည်။ ကိုယ်ကိုရစ်ပတ်သည်။ လည်ပင်းကိုလည်း ရစ်ပတ်ထားကြသည်။ သုဒ္ဓလေးကား ငြိမ်သက်နေလျက်ပင်။ နှုတ်ကလည်း တလှုပ်လှုပ်တရွရွနှင့်ရှိနေဆဲပင်။

မအိမ်စိုးသည် သုဒ္ဓလေးကိုကြည့်ပြီး ရင်တထိတ်ထိတ်နှင့် ရှိနေမိသည်။ ဤကဲ့သို့ အခြေအနေမျိုးကို ယခုတစ်ခါပဲ မြင်ဖူးသေးသည်။ နောက်ထပ် ဘာတွေဆက်ဖြစ်လာဦးမလည်းမသိ။

တကယ်တော့ သုဒ္ဓလေးရွတ်နေသည်ကား ခန္ဓသုတ်တော်ပင်ဖြစ်သည်။ ခြေရှိသော သတ္တဝါ၊ ခြေမရှိသောသတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com

အားလုံးတို့အား သုတ်တော်ကိုရွတ်၍ မေတ္တာပေးပို့နေခြင်းပင် ဖြစ်သည်။

မြွေအချို့သည် သုဒ္ဓလေး၏အနားမှာ ငြိမ်သက်စွာပင် ဝင်းခင်းကြီးရှိနေကြသည်။ သူ့ကိုဝန်းရံထားကြသည်။ ပို့သသော မေတ္တာတတ်ကို ရရှိနေကြသလိုပင်။ တစ်ခဏအကြာတွင် သုဒ္ဓလေး၏မျက်လုံးတွေက ပွင့်လာခဲ့ကြသည်။

"ကဲ ... ကဲ ခင်ဗျားတို့ကို ကျွန်တော်ပြုလုပ်ခဲ့တဲ့ ကုသိုလ်၊ ဒါနတွေအားလုံးကို ရည်စူးပြီးတော့ မေတ္တာပို့ပါတယ်၊ အမျှလည်းဝေပေးပါတယ်၊ သာဓုခေါ်ကြပါ၊ သည်အိမ်ကိုလည်း အထိတ်တလန့်ဖြစ်အောင် မလုပ်ကြပါနဲ့တော့၊ အနှောင့်အယှက် လည်းမပေးကြပါနဲ့တော့၊ မေတ္တာထားပြီး ကိုယ့်နေရာကိုယ် ပြန် သွားကြပါ၊ အငြိုးအတေးတွေ ဆက်ပြီးတော့ထားမယ်ဆိုရင် ခင်ဗျားတို့သည်လိုဘဝမျိုးက ဘယ်တော့မှ လွတ်မြောက်ကျမှာ မဟုတ်ဘူး။ ပေတဘဝမှာပဲ ကျွမ်းချည်းအောင်နေကြရလိမ့်မယ်၊ ကျွန်တော်ပြောတာတွေကို နားလည်နိုင်ကြပါစေ"

သုဒ္ဓလေးက ထိုသို့ပြောလိုက်သည်နှင့်မြွေများသည် အလျှိုအလျှိုနှင့် လာရာလမ်းအတိုင်း ပြန်လည်၍ ထွက်ခွာသွား ကြလေသည်။ သူ့ကိုယ်ပေါ်မှ မြွေများသည်လည်း လျောဆင်း လာခဲ့ကြကာ ခြံအပြင်ကို တရွေ့ရွေ့နှင့်ထွက်သွားခဲ့ကြသည်။ သို့သော် နောက်ဆုံးရောက်လာသော မြွေကြီးတစ်ကောင်ကား ငန်းတော်ကျားကြီးပင်တည်း။ တော်တော်လေးကို အကောင်ကြီး မားသည်။ ဒေါ်အိမ်မိုးသည်ပင် အထိတ်တလန့်ဖြစ်သွားမိသည်။





ငန်းတော်ကျားကြီးသည် မည်သည့်နေရာက မည်ကဲ့သို့ရောက် လာမှန်းပင်မသိချေ။ သုဒ္ဓလေး၏အနားကိုရောက်သောအခါ ဝပ် စင်းသွားသည်။

ထိုအခါ သုဒ္ဓလေးက မြွေ၏ခေါင်းကိုလက်နှင့်ပွတ်သပ် ကာ နှုတ်သိမ့်ပေးသလို ပြုလိုက်ပြီး ...

"ငန်းတော်ကျားကြီး ခင်ဗျားရဲ့တပည့်တပန်းတွေကို နိုင် အောင်ထိန်းသိမ်းပါ၊ သတ္တဝါတွေကို အပြုသဘောနဲ့ပဲ ဆက်ဆံ ပါစေ၊ စိတ်အနှောင့်အယှက်ပေးတာမျိုး မဖြစ်ပါစေနဲ့"

မြွေကြီးသည် စင်းစင်းကြီးရှိနေရာက သုဒ္ဓလေး၏ ခြေ ထောက် ပေါင်ပေါ်မှဖြတ်ကာ ခါးကိုရစ်ပတ်ပြီးရှေ့ကို ပြန်ထွက် လာသည်။ ထို့နောက် ခြံအနောက်ဖက် မြက်တောထဲမှဖြတ်ပြီး ထွက်သွားခဲ့သည်။ ခြံအပြင်ကို မည်သည့်နည်းနှင့်ထွက်သွားခဲ့ မှန်းကိုပင် မသိလိုက်။ အခြားမြွေများနှင့်အတူ ပျောက်ကွယ်သွား ခဲ့လေသည်။

"ဒေါ်ဒေါ် ... သူတို့နောင်ဆိုရင် သည်ခြံထဲကို ဘယ် တော့မှ ရောက်မလာကြတော့ဘူး ... စိတ်ချ"

မအိမ်မိုး အံ့အားတသင့်နှင့် ကြည့်နေဆဲမှာပင် သုဒ္ဓလေး သည် သူ့ရှေ့မှ ထွက်သွားခဲ့လေ၏။ နောက်တော့မှ သတိရသလို ဖြစ်သွားခဲ့ရပြီး ...

"သုဒ္ဓလေး ... သား ... ခဏ ခဏ"

နောက်မှနေ၍ အပြေးပင်လိုက်သွားခဲ့လေသည်။ သုဒ္ဓလေး သည် ဒေါ်အိမ်မိုးကို မပြုံးမရယ် ကြည်လင်သောမျက်နှာလေး


www.burmeseclassic.com

www.burmeseclassic.com



ဒိုင်း ကြည့်လိုက်သည်။

"ရလို ကူညီခဲ့တာ ကျေးဇူးတင်ပါတယ်သားရယ်၊ အဲသည် အတွက်"

"ကျေးဇူးတင်ဖို့မလိုပါဘူးခင်ဗျာ၊ ကျွန်တော်ကူညီနိုင်လို့ ကူညီတာပါ။ သည်ကနေ့ကစပြီးတော့ ဦးလည်းအိပ်မက်ဆိုးတွေ ကို မမက်တော့ပါဘူး။ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ချိုသာသိမ်မွေ့စွာပြောပြီးနောက် ခြံထဲမှ ထွက်သွားခဲ့လေ သည်။

"ကိုပြည့်စိုး အိပ်မက်ဆိုးတွေ မက်မက်နေတာကို သည် ကလေး ဘယ်လိုများသိနေပါလိမ့်၊ အမှန်က သည်ကိစ္စကို ငါတို့ လင်မယားနှစ်ယောက်ပဲ သိကြတာ"

ဟုတွေးကာ အံ့အားတသင့်နှင့် ကျန်ရစ်ခဲ့လေသည်။

ညတိုင်းလိုလို မြွေပွေးကြီးက သူ့နောက်ကိုလိုက်ပြီး ရန်မူ သည်ဟုမက်သော အိပ်မက်၊ ထိုညကစပြီး မမက်တော့ပေ။ တစ်ညပြီးတစ်ည ကြာလာတော့ ကိုပြည့်စိုးလည်း သတိထားမိ လာသည်။ သူ ညတိုင်းပင် အိပ်ရေးဝဝ အိပ်လာခဲ့ရသည်။

"ငါတော့ အိပ်မက်ဆိုးတွေကို မမက်တော့ဘူးကွ၊ အိပ် ရေးလည်းဝဝအိပ်ရတယ်၊ တော်ပါသေးရဲ့ ငါက -တစ်သက်လုံး များမက်နေတော့မလားလို့"





"ရှင် ... အခုလို အိပ်မက်ဆိုးတွေမက်တာ မြွေကြီးကို သတ်လိုက်လို့ ပါဏာတိပါတာကံထိုက်ပြီး အကုသိုလ်ဝင်တာ၊ မမက်တော့တာကလည်း အကြောင်းရှိတယ်"

"ဘာ ... မမက်တော့တာ အကြောင်းရှိတယ် ဟုတ်လား ဘာအကြောင်းလဲ"

ကိုပြည့်စိုးသည် စကားအထူးအဆန်းများပြောလာဦးမည့် ဇနီးဖြစ်သူကို မေးလိုက်လေသည်။

"ရှင့်ကိုမပြောဘူးလို့နေတာ၊ သုဒ္ဓလေးက ခြံကြီးထဲကို ရောက်လာပြီး မြွေတွေကိုမေတ္တာပို့တယ်၊ အဲသည်အချိန်မှာ မြွေ တွေက သူ့ဆီကိုရောက်လာကြတယ်၊ အကောင်အကြီးဆုံး ငန်း တော်ကျားကြီးတစ်ကောင်တောင်ပါလာသေးတယ်၊ တစ်ချို့မြွေ တွေက သူ့ကိုယ်ပေါ်အထိ တက်ကြတယ်၊ သူ့ကို ဘာအန္တရာယ် မှ မပေးကြဘူး။ နောက်တော့ အေးအေးဆေးဆေးပဲ အားလုံး ပြန်သွားခဲ့ကြတယ်"

ကိုပြည့်စိုးသည် မအိမ်စိုး၏စကားကို အမှတ်တမဲ့နှင့် နား ထောင်နေရင်းက မျက်နှာကြီးနီမြန်းလာခဲ့သည်။

"ဘာ ... ဘာပြောတယ်၊ သည်ကောင်လေးက ငါ့ခြံထဲ ကိုရောက်လာပြီး မြွေတွေကိုခေါ်တယ်၊ ပြီးတော့ ... ပြန်မောင်း ထုတ်တယ်၊ ဟုတ်လား မင်းက ဒါကိုလက်ခံတယ်၊ ကျေနပ်နေ တယ်လား"

"လက်မခံရအောင် မကျေမနပ်ဖြစ်ရအောင် သူက မကောင်းတာကိုလုပ်ပေးနေတာမှမဟုတ်ဘဲ၊ သည်ကလေးက



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာသာရေးကိုလည်း ကိုင်းရှိုင်းရှိသေတယ်၊ မေတ္တာတရားလည်းကြီးမားတယ်၊ သူလုပ်ပေးလို့ရှင်လည်း အိပ်မက်ဆိုးတွေ မမက်တော့ဘဲ ကောင်းကောင်းအိပ်ရတယ်၊ အဲသည်နေ့ကစပြီး ခြံထဲကို မြွေတစ်ကောင်တစ်လေတောင် ရောက်မလာကြတော့ဘူးလေ''

''ဟင် ... မင်းက တော်တော့်ကိုအတွေးတိမ်တာပဲ သည်ကောင်လေးက မြွေပွေးကြီးကို ငါ့ခြံထဲကိုရောက်အောင် သွင်းခဲ့တာ၊ ခြံထဲကိုမြွေတွေရောက်လာအောင်လည်း သူပဲလုပ်ခဲ့တာ၊ ပြန်ထွက်သွားအောင်လည်း၊ သူလုပ်နိုင်ခဲ့တာ၊ ဒါကို မင်းနည်းနည်းမှ မရိပ်မိဘူးလား''

''ကျွန်မက ဘာကိုရိပ်မိရမှာလဲ''

''အံ့ပါ့ကွာ၊ သည်ကောင်လေးက ငါတို့အိမ်ကို မကောင်းကြံစည်နေတာကွ၊ ငါတို့ကိုကြောက်လန့်အောင် မြွေတွေ၊ သွင်းလိုက်ထုတ်လိုက်နဲ့ တမင်ခြောက်လှန့်ပြနေတာ၊ ဒါကို နာမည်ကောင်းယူပြီး မင်းရှေ့မှာ သူတော်ကောင်းဟန်ဆောင်ပြသွားတာ''

''မဖြစ်နိုင်ပါဘူးရှင်၊ သည်ကလေးက ကျွန်မတို့ကို သည်လိုမကောင်းကြံရအောင် ဘာရန်ငြိုးများရှိလို့လဲ''

''ရန်ငြိုးတော့မရှိဘူးပေါ့၊ ဒါပေမယ့် မနာလိုဝန်တိုစိတ်လေ၊ ငါတို့ချမ်းသာနေတာကို မရှုစိမ့်နိုင်လို့ သည်လိုလုပ်ပြနေတာပေါ့''

''ကြံကြံဖန်ဖန်ရှင်၊ မဖြစ်နိုင်တာ၊ သူတို့အကြောင်းကို





တစ်ရွာလုံးက အသိပဲ၊ ရိုးရိုးသားသားနဲ့နေနေကြတဲ့သူတွေကို ရှင်မို့လို့ သည်လိုစွပ်စွဲချင်တယ်''

''လူကြီးတွေက သည်ကလေးကို မြှောက်ပေးတာကိုး လုပ်မှာပေါ့၊ သူတို့က ပညာသယ်တွေဖြစ်မှာ''

''အို ... ရှင်၊ ရှင် သူတော်ကောင်းကိုပစ်မှားနေတယ်၊ သည်လိုစိတ်မျိုးကို မမွေးပါနဲ့လို့ ကျွန်မ မကြာခဏ ပြောပြောထားတယ်မဟုတ်လား၊ အဲသည်လိုစိတ်မျိုးကို မဖျောက်ရင် တစ်နေ့ကျ ဒုက္ခရောက်လိမ့်မယ်''

''မင်းကပါ ငါ့ကို သည်လိုပဲ ခြိမ်းခြောက်နေတယ်၊ ငါထင်တာမမှားဘူးဆိုတာ ငါ့ကိုယ်ငါ အသိဆုံး၊ ငါမကျေနပ်ဘူး၊ သည်ကောင်လေး ငါ့ခြံထဲကိုဝင်ဝင်လာတာ ငါမကြိုက်ဘူး၊ သွားပြောမယ်''

''အလိုတော် ... ကိုပြည်စိုး ရှင် စဉ်းစားပါဦး၊ သူတစ်ပါးရဲ့မေတ္တာစေတနာကို တစ်လွဲထင်ရင်၊ စော်ကားရင် ကိုယ့်ပြန်ပြီးတော့ထိတတ်တယ်၊ သူတော်ကောင်းကို ပစ်မှားတဲ့သူဟာ သည်ဘဝမှာလည်း အကျိုးစီးပွားပျက်စီးရလိမ့်မယ်၊ ရှင် တရားရပါ၊ ခုတောင် ရှင်ရဲ့မရွှေရိယစိတ်က ကိုယ့်ကိုယ်ကိုပြန်ပြီးတော့ ဖိစီးနေပြီ ...

ဆရာတော်ကို စော်ကားလို့ သွားကိုက်တာလည်း သေကောင်ပေါင်းလဲခံစားခဲ့ရတယ်၊ မှလည်း ကိုယ့်ကိုကူညီခဲ့သူ အပေါ်မှာ ကျေးဇူးမတင်တဲ့အပြင် သွားစော်ကားဦးမယ်ဆိုတဲ့ စိုနှိမ်လို့ ပညာသယ်လို့ပြောလိုပြော၊ လွန်လွန်းနေပြီ၊ သကာယ်သွားဦး



www.burmeseclassic.com

www.burmeseclassic.com



တော့ရန်တွေ့ရင် ဘယ်လိုဆိုးကျိုးတွေ ထပ်ဖြစ်လာလိမ့်မလဲ မသိဘူး''

''မင်းကွာ''

ကိုပြည်စိုးမှာ အောက်ကိုဆင်းတော့မည့် ခြေလှမ်းများပင် တုန့်ဆိုင်းသွားခဲ့ရသည်။ စိတ်ထဲမှာလည်း တစ်ချက်တော့ ထင့်သွားခဲ့ရသည်မှာအမှန်။

သုဒ္ဓလေးသည် အရွယ်လည်းရောက်လာခဲ့သလို လူကြီးစိတ်လည်းဝင်လာခဲ့သည်။ စိတ်ထားကတော့ မပြောင်းလဲ၊ အားလုံးအပေါ်မှာ ချေချေငံငံဆက်ဆံသည်။ ရန်မဖြစ်တတ်၊ ရွာထဲတွင် အချို့လူငယ်များက သုဒ္ဓလေး၏အနေအထိုင်ကို လှောင်ပြောင်ကြသည်။ နှုတ်ကမစောင့်စည်းနိုင်။ လမ်းမှာတွေ့လည်း ပြောင်ပြောင်တင်းတင်းပင် ရှိကြသည်။ တစ်နေ့တွင် သုဒ္ဓသည် ရွာဦးမာန်ပြေရန်ပြေစေတီတော်မှ ပြန်အလာ ...

''ဟိုမှာဟော့ ဘုရားဖြစ်မယ့် အုတ်နီခဲကလေးတော့ ပြန်လာပြီ၊ သူ့ကိုယ်သူ ဘုရားလူကြီးကလေးလိုလို၊ ဥပသကာလိုလိုနဲ့ မျက်စိစပါးမွေးစူးလှတယ်ကွာ''

ရောင်စိန်ဆိုသည့် လူငယ်က မျက်နှာရှုံ့မဲ့ပြီးတော့ ပြောလိုက်သည်။ သူသည် ရွာထဲတွင် ဟော့ရမ်း၊ ကြော့ကြမ်းသောလူဆိုးစာရင်းဝင်တစ်ယောက်ဖြစ်သည်။





''အေးကွ ... ငါလည်း သည်ကောင့်ကို လုံးဝကြည့်မရဘူး၊ ငါက သူနဲ့ကစားမယ်လို့ပြောတာတောင် သင်းလိုအဆင့်မျိုးနဲ့ကောင်က ငါ့ကိုမတူမတန်နဲ့ ပြီးတော့ ငါ့အမေက သင်းကိုလိမ္မာရေးခြားရှိတယ်ဆိုပြီး ချီးမွမ်းလို့ကို မဆုံးဘူး''

မျက်နှာရှုံ့မဲ့ပြီးတော့ ပြောလိုက်သူက အာကာမိုး။ ကျန်သည့်သုံးလေးယောက်ကတော့ မှတ်ချက်မပေးကြ။

''သည်ကောင်က သူ့ကိုယ်သူ လူအထင်ကြီးအောင်လုပ်ပြနေတာ၊ နေ ... နေ မင်းတို့အသာနေကြ၊ ကြုံတုန်း ပညာပေးလိုက်ဦးမယ်''

''ဟော့ကောင်၊ ရောင်စိန်၊ သူ့လမ်းသူသွားပါစေကွာ၊ သုဒ္ဓလေးက အေးအေးဆေးဆေးနေတတ်တဲ့သူပါ၊ ကိုယ့်ကိုလည်း ရန်လုပ်မှာမဟုတ်ဘဲနဲ့ မင်းကအကြောင်းမဲ့ကြီး ပြဿနာသွားရှာဦးမယ်''

ပြောလိုက်သူက ရဲမင်းဆိုသည့်လူငယ်။ သူက ရောင်စိန်တို့လူသိုက်နှင့် တပူးပူးတတွဲတွဲရှိနေတတ်သော်လည်း သူတစ်ပါးကို ရန်မရှာတတ်။ မစော်ကားတတ်။

''မင်းအသာနေစမ်းပါ ရဲမင်း ... မင်းက နာမည်နဲ့မလိုက်တဲ့ကောင်၊ သတ္တိမရှိတဲ့ကောင်၊ ခွေးဝဲစားလိုပဲ''

ရောင်စိန်က ချိုးချိုးဖဲ့ဖဲ့နှင့်ပြောလိုက်သည့်အတွက် ရဲမင်းတင်းသွားခဲ့ရသည်။ စိတ်ကွက်သွားခဲ့သည်။ သို့သော် ရင်ထဲမှာပဲ မြိုသိပ်ထားလိုက်ရသည်။ သုဒ္ဓလေးသည် သူတို့နှင့်မလှမ်းမကမ်းဆီကို ရောက်လာခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် မုတ်ဆိတ်နီနဲ့ကောင်၊ ဘယ်ကပြန်လာတာလဲကွ"

"ဘုရားကပါကွာ"

ရောင်စိန့်အမေးကို သုဒ္ဓလေးက အေးဆေးစွာပင် ပြန်ဖြေလိုက်သည်။ ဆက်လျှောက်သွား၏။

"ဟော့ကောင် ... ဟော့ကောင် နေစမ်းပါဦးကွ၊ မင်းက ရပ်ပြီးမပြောဘဲ သည်အတိုင်းထွက်သွားတာ ဘာလဲ၊ မင်းက ငါတို့နဲ့လူချင်းမတူလို့လား၊ အဖက်မတန်လို့လား ... "

ရောင်စိန်ကပြေးလိုက်သွားပြီး သုဒ္ဓလေး၏ရှေ့မှ ပိတ်ကာ ရပ်လိုက်သည်။

ထို့နောက် ... ပြုံတီတီမျက်နှာပေးဖြင့် သုဒ္ဓလေး၏ လက်တစ်ဆစ်ခန့်ရှိ မုတ်ဆိတ်မွေးနီနီများကို လက်နှင့်ဆွဲလိုက်ပြီး ...

"အကြည့်ရဆိုးလိုက်တာကွာ၊ ရိတ်ပစ်လိုက်စမ်းပါ။ မင်းမရိတ်အားရင် ငါနှုတ်ပေးမယ်လေ"

သုဒ္ဓလေးသည် သူ့အပေါ်မှာ လက်ရောက်မှုရှိလာသော်လည်း ကြည်လင်သောမျက်နှာအမူအရာက ပြောင်းလဲမသွား။

"မင်း ကျေနပ်ပြီလား။ ငါသွားတော့မယ်"

"ရောင်စိန်က သုဒ္ဓလေး၏ ရင်ဘတ်အင်္ကျီစကို လက်နှစ်ဖက်နှင့်ဆုပ်ဆွဲထားလိုက်ပြီး ... "

"မင်း မပြန်ရသေးဘူး ... လာ ငါတို့နဲ့အတူနေ၊ မင်းကိုငါတို့ ထန်းရည်တိုက်မလို့ကွ၊ တမင်စောင့်နေတာ၊ ဟော့





ကောင်တွေ လာကြစမ်း၊ သည်ကောင့်ကို ထန်းတဲသို့ခေါ်သွားရမယ်"

ရဲမင်းကလွဲပြီး အာကာမိုးနဲ့ကျန်သူများက ပြေးလာခဲ့ကြသည်။

"ဟုတ်တယ် ... သုဒ္ဓလေး၊ မင်းကိုငါတို့က ထန်းရည်တိုက်မလို့စောင့်နေကြတာကွ၊ လာကွာ ... ငါတို့သူငယ်ချင်းတွေ ပျော်ပျော်ပါးပါးပေါ့"

"ငါမှ ထန်းရည်မကြိုက်တာကွာ၊ မင်းတို့ပဲသောက်ကြပါ"

"ဘယ်လိုလဲအာကာ၊ သည်ကောင်က ထန်းရည်မကြိုက်ဘူးဆိုပါလား"

"အလကားပါကွာ၊ သည်ကောင်မသောက်ဘူးသေးလို့ သည်စကားပြောတာ၊ သည်ကောင့်ကို တစ်နေ့လုံး ထန်းရည်တိုက်မယ်၊ နောက်ဆိုရင် ထန်းပင်မြင်တိုင်း မော့ကြည့်နေတော့မှာ၊ ဟော့ကောင် မရဘူး ... လိုက်ခဲ့"

အာကာမိုးကပါ သုဒ္ဓလေးကိုဆွဲပြီးတော့ ခေါ်သည်။ သို့သော် သူ့ကို လူခြောက်ယောက်ကဝိုင်းပြီးတော့ ဆွဲကြသော်လည်း သုဒ္ဓလေး၏ ခြေထောက်များက မရွေ့၊ ဖဝါးနှင့်မြေပြင် တစ်သားတည်းဖြစ်နေသည်။

"ဒါက ဘယ်လိုဖြစ်တာလဲ၊ မင်းကတော်တော်သန်စွမ်းနေတယ်ပေါ့လေ၊ သည်လိုဘယ်ရမလဲ၊ တွန်းတဲ့သူကတွန်းကြ၊ ဆွဲတဲ့သူကဆွဲကြ"

ရောင်စိန်သည် စိတ်ပေါက်ပေါက်နှင့် သုံးလေးယောက်စီဆွဲပြီး


www.burmeseclassic.com

www.burmeseclassic.com

သုံးယောက်စီတွန်းကြသည်။ သို့သော် သုဒ္ဓလေး၏ ခြေဖဝါးများကားတစ်လက်မပင် မရွေ့ကြပါ။ အားလုံး ချွေးဒီးဒီးကျကြရသည်။ ထိုစဉ် ရဲမင်းသည် သူတို့ဆီကို ပြေးလာခဲ့ပြီး ...

"ဟော့ကောင်တွေ တော်ကြပါတော့ကွာ၊ မင်းတို့က လူတစ်ယောက်ကို ဒါလောက်အထိ အနှောင့်အယှက်ပေးလွန်းကြတာ၊ မကောင်းပါဘူး"

ရဲမင်းသည် အားလုံးကို တွန်းထုတ်ပစ်လိုက်သည်။

"ကဲ ... ကဲ သုဒ္ဓလေး သူတို့အစား ငါတောင်းပန်ပါတယ်ကွာ၊ မင်းသွားပါတော့"

သုဒ္ဓလေးသည် ခေါင်းတစ်ချက် ဆတ်လိုက်ကာ နေရာမှ အေးဆေးစွာပင် ထွက်သွားခဲ့လေသည်။



( ၄ )

## ဒေသစိမ်းဟာစ်ခုပမာ

ထိုနေ့က ရောင်စိန်၊ အာကာမိုးနှင့်လူငယ်အချို့က ရွာလယ်တွင် သုဒ္ဓလေးကိုဝိုင်းပြီး ဆွဲလှဲကြသည့်သတင်းက တမဟုတ်ချင်း ပျံ့နှံ့သွားခဲ့လေသည်။

"သုဒ္ဓလေးကို သည်ကောင်တွေခြောက်ယောက်က အားနဲ့ဝိုင်းဆွဲပြီး ဝိုင်းတွန်းကြတာတောင် ခြေထောက်က လှုပ်တောင်မလှုပ်ဘူးတဲ့"

"တော်တော်ဆိုးတဲ့ကောင်တွေကွာ၊ ရွာထဲမှာ ဒါလောက်အေးအေးဆေးဆေးနေတဲ့ကလေးကိုမှ သွားပြီးအနှောင့်အယှက်ပေးကြတယ်၊ သည်ကလေးဟာ ဘယ်သူနဲ့မှ မတူဘူးကွ"

သုဒ္ဓလေးကို အမျိုးမျိုးပင် ဝေဖန်နေကြသည်။ သူ၏မိသားစုကလည်း ကြားသိသွားခဲ့ကြလေသည်။ သို့သော် သုဒ္ဓလေး စိတ်အနှောင့်အယှက်ဖြစ်သွားမည်စိုး၍ ထပ်ပြီးမမေးတော့။ သုံးလေးရက်အကြာတွင် ရွာထဲမှ သတင်းထူးတစ်ခုက ထွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့လေသည်။

"ရောင်စိန်တစ်ယောက် ခေါင်းကဆံပင်တွေ အလိုလိုနေရင်းနဲ့ကျွတ်ကုန်တာ၊ တစ်ခေါင်းလုံးကိုပြောင်ရောတဲ့"

"ဟင် ... ဟုတ်လား။ သည်ကောင် ဘယ်လိုဖြစ်တာလဲ လူငယ်ဖြစ်ပြီး ထန်းရည်ကျိူး၊ အစားအသောက်ကလည်း မရှောင်ဘူး။ တွေ့တဲ့အကောင်ဘလောင်တွေကိုလည်း အကုန်စား၊ မြွေသားလည်းစားတယ်၊ အဆိပ်ရှိတဲ့အကောင်တွေကိုစားရင် အခန့်မသင့်လို့ကတော့ မျက်စိမှုန်မယ်၊ ဆံပင်တွေလည်း မကျွတ်ဘူးလို့ပြောနိုင်မလား"

တစ်ယောက်တစ်ပေါက်နှင့် ဝေဖန်ချင်စရာဖြစ်သွားခဲ့ကြသည်။ မထူးဆန်းတာကိုလည်း အထူးအဆန်းဖြစ်အောင် ပြော၍ရသည်။ နောက်ထပ် ထွက်လာသည့်သတင်းတစ်ပုဒ်ကတော့

"သည်ကောင်က သုဒ္ဓလေးကိုသွားပြီး ရန်ရှာတယ်တဲ့ကွာ၊ မုတ်ဆိတ်မွေးနှုတ်မယ်၊ ဘာညာပြောတယ်၊ ထန်းရည်တိုက်မယ်ဆိုပြီးတော့လည်း မရမကခေါ်တယ်၊ သူများကို မုတ်ဆိတ်မွေးနှုတ်မယ်၊ ဘာညာနဲ့စော်ကားတော့ သည်ကောင် ချက်ချင်းကို ဝဋ်လည်တာနေမှာပေါ့၊ ရှေ့လျှောက် လူလုပ်ရဦးမှာ သည်အရွယ်ကတည်းက ဒါလောက်ဆိုးသွမ်းနေရင် ခက်မယ်"

ထိုအပြင် ရဲမင်းကလွဲပြီး အာကာမိုးအပါအဝင် ခြောက်ယောက်စလုံးသည် တစ်ပတ်လောက် ခြေတစ်ဖက်ဆာသွားခဲ့ကြသည်။ အကြောင်းမဲ့ကြီးလေဖြတ်သလို ဖြစ်သွားခဲ့ကြရသည်။ ထိုအခါ မိဘများလည်း ထိတ်ပျာသွားခဲ့ကြရလေသည်။ ဆေးကု





သော်လည်း ချက်ချင်းမပျောက်၊ တစ်ပတ်လောက်ကြာမှ သူ့အလိုလို ပျောက်သွားခဲ့လေသည်။

တိုက်ဆိုင်မှုကြောင့် အားလုံးတစ်ပြိုင်တည်းဖြစ်ကြရသည်ဟု ယူဆကြရသည်။ သို့သော် မဆီမဆိုင် သုဒ္ဓလေးနှင့်ပတ်သက်မိ၍ ဤသို့ဖြစ်ကြရသည်ဟု တစ်ဖက်ကလည်း လှည့်ပြီးတော့တွေးကြသည်။ ထပ်ပြီးတော့လည်း မပတ်သက်ရဲကြတော့၊ နောက်ဆို သုဒ္ဓလေးကိုတွေ့လျှင် ဝေးဝေးကပင် ရှောင်ကြလေတော့သည်။

"သည်ကောင့်ကိုတွေ့ရင် နှုတ်မဆက်နဲ့၊ အရောမဝင်နဲ့ လူကိုခိုက်တတ်တယ်"

ဟု အခြေအမြစ်မရှိသော စကားများဖြင့် ရှောင်တိမ်းကြလေတော့သည်။

သုဒ္ဓလေးနှင့်ရဲမင်း မမျှော်လင့်ဘဲ ဆုံမိကြရာတွင် ...

"သည်ကောင်ရောင်စိန်က လူငယ်တွေကို မြှောက်ထိုးပင့်ကော်လုပ်နေတာကွ၊ ဟိုနေ့က ငါ့မင်းအတွက် ဓတ်တော်စိုးရိမ်သွားတာ၊ တော်တော်ရမ်းတဲ့ကောင်တွေကွာ"

"ရပါတယ်ကွာ၊ သည်ကောင်တွေကြောင့် ငါဘယ်လိုမှ မခံစားရပါဘူး၊ မင်းသာဝင်ပြီးတော့တားရင် သည့်ထက်ပိုပြီးတော့ ရုပ်ပျက်လာမှာကွ၊ ကျေးဇူးပဲကွာ"

"ကျေးဇူးတင်ဖို့မလိုပါဘူးကွာ၊ ငါက သည်ကောင်တွေနဲ့ စိတ်ပေါင်းကိုယ်ခွာကွ၊ သည်လိုရမ်းကားတာမျိုးတော့ ငါအားမပေးဘူး၊ တော်ပြီကွာ ခပ်ခွာခွာပဲ ပေါင်းတော့မယ်၊ ကြာရင်



www.burmeseclassic.com

www.burmeseclassic.com



ခါပါရောပြီးတော့ နာမည်ပျက်မယ်''

''ကြည့်ပြီးပေါင်းပေါ့ကွာ''

သုဒ္ဓလေးက ဒါလောက်ပဲပြောသည်။ မကောင်းတာ၊ ကောင်းတာကို ကိုယ့်အသိနှင့်ကိုယ် ဝေဖန်ဆုံးဖြတ်တတ်ဖို့ပဲ အရေးကြီးသည်။

တစ်ညတွင် သုဒ္ဓလေးသည် နှစ်ခြိုက်စွာအိပ်ပျော်သွားပြီးနောက် အိပ်မက်တစ်ခုမြင်မက်သည်။ အိပ်မက်ထဲတွင် မိမိ၏ လယ်ကွင်းကြီးထဲကိုရောက်နေသည်။ နွားနီကြီးတစ်ကောင်ပေါ်မှာစီးလျက်လေ။ ကျန်တစ်ကောင်က ရှေ့ကသွားနေသည်။ သူစီးနေခဲ့သော နွားကြီးက နောက်မှလိုက်သွားနေလေသည်။ ကွင်းလွန်သော် တောစပ်ကိုရောက်သည်။ တောထဲကို ဆက်ပြီးတော့ ဝင်သွားသည်။

တောနက်ထဲကို တဖြည်းဖြည်းနှင့်ရောက်သွားလေသည်။ အပင်များက စုံလင်စွာပေါက်နေကြသော်လည်း သစ်ပင်ကြီးတစ်ပင်ကား အားလုံး၏အလယ်မှာ ထီးတည်းကြီးရှိနေလေသည်။ ပင်စည်သည် ယောက်ျားကြီးငါးယောက်ဝိုင်းပတ်ပြီး လက်ချင်းထိစပ်မှတစ်ပတ်ပြည့်မည်။ အရွက်ကြီးတွေ အကိုင်းတုတ်တုတ်ကြီးတွေက ပင်မခံထက်မှာ အားကောင်းကာ နေရာယူထားကြသည်။





အရွက်တွေ၊ ပင်ကိုင်းတွေက ပြည့်သိပ်ကာ ရှပ်ယှက်ခတ်နေကြသည်။ နေပြောက်ပင် မထိုးနိုင်ချေ။ ရှေ့မှသွားနေသော နွားနီကြီးသည် သစ်ပင်ကြီး၏အောက်လိုရောက်သော် ဆက်မသွားတော့။ ရပ်တန့်လိုက်သည်။ နောက်မှလိုက်လာသော နွားကြီးသည်လည်း ရပ်လိုက်လေသည်။ သုဒ္ဓလေးသည် နွားနီကြီးပေါ်မှအောက်ကို ဆင်းလိုက်သည်။

ထိုအချိန်တွင် ...

လွန်စွာမှ ပုညက်သော လူတစ်ယောက်သည် အပင်ကြီး၏တစ်ဖက်မှ ထွက်လာသည်။ အရပ်သုံးပေခန့်ရှိမည်ဖြစ်ပြီး ပုရသည့်အထဲမှာ လုံချည်ကို တိုတိုဝတ်ထားသည်။ အကျီကတော့ ကော်လာမပါ။ အသက်ကတော့ ခန့်မှန်းရခက်သည်။ လေးဆယ်ဝန်းကျင်လောက်ရှိမလား။ မျက်နှာကတော့ချိုသည်။ သျှောင်တစ်စောင်းလည်း ထုံးထားသည်။ မုတ်ဆိတ်မွေးတိုနံ့နံ့နှင့် ပါးမြိုင်းမွေးရေးရေးရှိသည်။ သူ့ကိုကြည့်ရသည်မှာ လူကြီးမျက်နှာနှင့် ကလေးကိုယ်လုံးဟု ဆိုရပေမည်။ သုဒ္ဓလေးကိုမြင်သော ကြည်ရွှင်သော မျက်နှာဖြင့် ...

''လာ ... လာ သူငယ်၊ မင်းလာမယ်ဆိုလို့ ငါစောင့်နေတာကွယ့်''

မျက်နှာကချိုသလို အပြောကလည်းချိုသည်။ ထို့နောက် သစ်ပင်ကြီးကို မျက်နှာမူလိုက်သည်။ အပင်ကြီးကိုတစ်ပတ် ပတ်လိုက်သည်။ သုဒ္ဓလေးလည်း လိုက်သွားသည်။ ပင်စည်၏ အောက်ခြေမှာ သစ်ခေါင်းပေါက်တစ်ခုကို မမျှော်လင့်ဘဲ တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ လှုပုကလေးကတော့ အပေါက်ထဲကို အေးဆေး ဈွာဝင်သွားသည်။

အပေါက်က အနည်းငယ်ကျဉ်းသည်။ နိမ့်လည်းနိမ့်နေသည်။ သုဒ္ဓလေးအဖို့ ခါးကိုတစ်ဝက်လောက်ချိုးပြီးမှ အထဲကို ဝင်လို့ရသည်။ အထဲမှာအကျယ်ကြီးဖြစ်သည်။ ထိုသူသည် ဖယောင်းတိုင်တုတ်တုတ်ကြီးတစ်ချောင်းကို ကိုင်ထားသည်။ သုဒ္ဓလေးမြင်နိုင်စေရန် မီးကိုမြှောက်၍ပြသည်။ သစ်ပင်ကြီးထဲမှာ မည်းသည့်အမှိုက်သရိုက်၊ သစ်ရွက် သစ်ခက်ခြွေးမှုမရှိ၊ ရှင်းသန့်လျက်ရှိနေသည်။

လှုပုကလေးက ရှေ့ကိုဆက်ပြီးတော့ လျှောက်သွားသည်။ သုဒ္ဓလေးလည်း ထပ်ချပ်မကွာ လိုက်သွားခဲ့လေသည်။ မြေပြင်သည် အနည်းငယ်နိမ့်ဆင်းသွားသည်။ လှေကားထစ်လေးများပမာ အထစ်ထစ်လေးများဖြစ်နေသည်။ အမှောင်က ပကတိစိုးမိုးနေသည်။ မီးရောင်သာမရှိလျှင် ဘယ်လိုမှသွား၍ရနိုင်မှာမဟုတ်။

သည်လိုနှင့် အနိမ့်ပိုင်းတစ်နေရာကို ရောက်သွားခဲ့သည်။ သုဒ္ဓလေး၏ခြေလှမ်းများသည် ရုတ်တရက် တန့်သွားခဲ့ရလေသည်။ သူမြင်လိုက်ရသည်မှာ တစ်တောင်သာသာရှိသည့် ငွေသေတ္တာလေးတစ်လုံး၊ ယင်းအပေါ်တွင် ငန်းတော်ကျားကြီးတစ်ကောင်က ခွေနေသည်။ ယင်းမြွေကြီးကိုမြင်လိုက်ရသောအခါ ချက်ချင်းပင် မှတ်မိသွားသည်။ မိမိနှင့်ပတ်သက်ဖူးခဲ့သော ရင်းနှီးခဲ့သော မြွေကြီးပင်တည်း။





ငန်းတော်ကျားကြီးသည် ချက်ချင်းပင် ခေါင်းထောင်လိုက်သည်။ သေးငယ်သောမျက်လုံးနှစ်လုံးက စူးလက်ပြီးတောက်ပြောင်နေသည်။ ခေါင်းကို ဟိုသည်ယမ်းခါပြီးတော့ လိုက်ကြည့်နေသည်။ အကြည့်က သုဒ္ဓလေးဆီကို ရောက်သွားသည်။ ချက်ချင်းမှပင် ပါးပျဉ်းကျုံပြီး ဝပ်ဆင်းသွားသည်။ ထို့နောက် ငွေသေတ္တာပေါ်မှဆင်းလာခဲ့လေသည်။ သုဒ္ဓလေး၏ ခြေကျင်းဝတ်များကို ပွတ်တိုက်သွားသည်။ မကြာမီ ဂူတွင်းတစ်နေရာကို ထွက်သွားခဲ့လေသည်။

အမည်မသိ လှုပုကလေးသည် ငွေသေတ္တာကို လက်ညှိုးထိုးပြသည်။ သုဒ္ဓလေးကို ယူစေချင်သည့်သဘော။ သုဒ္ဓလေးသည် သေတ္တာကိုလက်နှင့်ထိလိုက်လေရာ ...

ညကမက်ခဲ့သည့် အိပ်မက်က သုဒ္ဓလေးအတွက် အထင်အရှားဖြစ်နေသည်။ မျက်လုံးထဲရော၊ ဦးဏှောက်ထဲမှာပါ စွဲထင်ပြီးတော့ ကျန်ရစ်ခဲ့သည်။ စိတ်လှုပ်ရှားမှုလည်း ယခုထက်တိုင်ဖြစ်နေဆဲ။

တစ်ရက်၊ နှစ်ရက်ကြာသည်အထိ မျောက်မျက်၍နေနိုင်ဘဲရှိနေသည်။ ထို့ကြောင့် သုံးရက်မြောက်သော နံနက်မှာဝ အိမ်မှထွက်လာခဲ့လေသည်။ သုဒ္ဓလေးသည် ဤသို့ မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားတတ်သဖြင့် ဘုရားကိုပဲ သွားသည်ဟုထင်နေမိကြသည်။ နွားနီကြီးနှစ်ကောင်ကတော့ သူထွက်လာစဉ်မှာ အစာကို ကုန်းကုန်းရုန်းရုန်းရယ်ပင် စားနေကြသည်။ ရွာနှင့်လယ်ကွင်းက အနည်းငယ်လှမ်းသည်။

လယ်ကွင်းကိုကျော်ပြီး တောစပ်ကိုရောက်လာခဲ့သည်။ နွားနီဖြူလေးပေါ်မှ လိုက်သွားခဲ့သည့်လမ်းကြောင်းကို ကောင်းကောင်းမှတ်မိနေသည်။ တောနက်ထဲကို တဖြည်းဖြည်းနှင့် ရောက်လာသည်။ ထိုစဉ် မြေထိုင်ဝက်ဝံညိုကြီးတစ်ကောင်သည် ချုံကြီးတစ်ခု၏ အကွယ်မှ ဘွားခနဲဆို ထွက်ပေါ်လာခဲ့သည်။

"ဂူး ... ဂရား ... "

သုဒ္ဓလေးကိုမြင်လိုက်သည်နှင့် ရန်မူရန်ပြေးဝင်လာခဲ့လေတော့သည်။ သုဒ္ဓလေးသည် မတုန်မလှုပ်နှင့်ရပ်ကြည့်နေသည်။ ဝက်ဝံညိုကြီးအနားကိုရောက်မလာမီ လက်ညှိုးထိုးလိုက်ပြီး ...

"ငါမင်းရဲ့ရန်သူမဟုတ်ဘူး။ ငါ့ကိုရန်ရှာဖို့ မကြိုးစားနဲ့၊ ကိုယ့်လမ်းကိုယ်သွား"

ထိုအခါ ဝက်ဝံညိုကြီး၏ ပြေးလာသောအရှိန်က ရုတ်တရက်ရပ်တန့်သွားခဲ့ရသည်။ မည်သို့ဖြစ်သွားသလည်းမသိ၊ စောစောကလို ပါးစပ်ကြီးဖြဲဖြဲ၊ လက်တွေကားကားနှင့်မဟုတ်တော့၊ နှုတ်ကတအင်းအင်းနှင့် ညည်းတွားသံလို ထွက်ပေါ်နေလေတော့သည်။ ထို့နောက် ... နောက်ကြောင်းကို ပြန်လှည့်ပြီးတော့ အေးဆေးသောခြေလှမ်းများဖြင့် ထွက်သွားခဲ့လေတော့သည်။





သုဒ္ဓလေးသည်လည်း တောထဲကိုဆက်ပြီးတော့ ဝင်လာခဲ့လေသည်။

သူသည် တစ်ကြိမ်တစ်ခါမှမရောက်ဘူးသေးသော တောနက်ထဲကို ဝင်ရတော့မည်ဖြစ်၏။ တောနက်ထဲမရောက်မီ ကနဦးအစမှာပင် မြေထိုင်ဝက်ဝံညိုကြီးတစ်ကောင်နှင့် ဦးစွာကြုံခဲ့ရပြီးဖြစ်၏။ အနည်းငယ်တော့ ချီတုံချတုံဖြစ်သွားမိသည်။ သို့သော် စိတ်ကိုပိုင်းဖြတ်ပြီးဖြစ်၍ ခြေလှမ်းတွေကို ရှေ့သို့သာဆက်ပြီးတော့ တိုးသွားခဲ့လေသည်။

တောသည် အစကပါးသော်လည်း တဖြည်းဖြည်းနှင့်ထူထပ်လာ၏။ သားကောင်ကြီးငယ်တို့၏ ခြေရာများကို တွေ့လာခဲ့ရ၏။ ထိုစဉ် ...

"ရှော ... ဖျော ... ဖျော ... ဖျော"

အမှတ်တမဲ့ ထွက်ပေါ်လာသောအသံများကြောင့် ခြေလှမ်းများသည်လည်း တန့်သွားခဲ့ရသည်။ မကြာမီ ရှည်မျောမျောသဏ္ဍာန်ကြီးတစ်ခုသည် မြက်တောထဲကရှောခနဲဆို ထွက်လာ၏။ ငန်းမြွေကြီးတစ်ကောင်ပင်တည်း။ အရှည်နှစ်လံလောက်မှာရှိပေလိမ့်မည်။ ငန်းမြွေကြီးသည် ဒေါသတကြီးဖြင့် ပါးပျဉ်းကြီးကိုထောင်ကာ လမ်းကိုပိတ်ဆို့ပြီးတော့ ရပ်နေသည်။ ဆက်၍မသွားနိုင်စေရန် အဟန့်အတားပြုလုပ်ထားသည်။ သုဒ္ဓလေး



www.burmeseclassic.com

www.burmeseclassic.com



သည် ငန်းမြွေကြီးကို တုန့်လှုပ်မှုကင်းမဲ့သောအမူအရာဖြင့်

"ကိုယ့်လမ်းကိုယ်သွားပါ၊ ငါဟာ မင်းရဲ့ရန်သူမဟုတ်ဘူးဆိုတာ မသိဘူးလား"

ထိုသို့ပြောလိုက်သည်နှင့် ငန်းမြွေကြီးသည် နေရာမှ ချက်ချင်းပင် လှည့်ထွက်သွားခဲ့လေ၏။ လာရာလမ်းအတိုင်းပင် မြက်တောထဲကို တိုးဝင်သွားခဲ့လေ၏။ ထို့နောက် ဆက်ပြီးတော့ လျှောက်လာခဲ့သည်။ တစ်နေရာကိုအရောက်တွင် ...

"ဝေါင်း"

ကျယ်လောင်သော ဟိန်းဟောက်သံကြီးတစ်ခုနှင့်အတူ သဏ္ဌာန်တစ်ခုသည် ကမူအကွယ်တစ်ခုမှ ကျွမ်းပစ်ပြီးတော့ ထွက်လာခဲ့လေ၏။ ကိုးတောင်ကျားကြီးတစ်ကောင်ပင်တည်း။ သုဒ္ဓလေးနှင့်တည့်တည့် မလှမ်းမကမ်းလောက်တွင်ကျလာခဲ့သည်။ ကျားကြီးသည် ပါးစပ်ကြီးကို အစွယ်ဖွေးဖွေးပေါ်သည် အထိ ဖြဲဟကာ မာန်ဖီလျက်ရှိသည်။ သုဒ္ဓလေးကိုခုန်အုပ်တော့မလိုပင်။

"ငါ့လမ်းငါသွားတော့ အနှောင့်အယှက်မပေးပါနဲ့ကွာ၊ ငါဟာ မင်းရဲ့မိတ်ဆွေပါ၊ အဲသည်တော့ ငါ့ကိုကူညီတဲ့အနေနဲ့ လမ်းဖယ်ပေးပါလား"

သုဒ္ဓလေး၏မျက်နှာက ကြည်လင်နေသလို အသံကလည်း ကြည်လင်စွာပင် ထွက်ပေါ်လာခဲ့လေသည်။ ကျားကြီးသည် သုဒ္ဓလေးကို စူးစိုက်ကာကြည့်နေပြီးမှ နောက်ကို တဖြည်းဖြည်းနှင့်ဆုတ်သွားခဲ့လေသည်။ ထို့နောက် တောနက်ကြီးထဲကို





တဖြည်းဖြည်းနှင့်ဝင်ရောက်ကာ ပျောက်ကွယ်သွားခဲ့လေသည်။

ခရီးဆက်လာခဲ့သည်။ မိမိမရောက်ဘူးသောနေရာဖြစ်၍ ပိုပြီးတော့ သတိထားနေရသည်။ လမ်းသည် အိပ်မက်ထဲက အတိုင်းပင်ဖြစ်သည်။ သို့သော် သစ်ပင်ကြီးငယ်များက ပိုပြီးတော့ ထူထပ်နေကြသည်။ ပိုပြီးတော့မှောင်သည်။ နေထွက်နေပြီဖြစ်သော်လည်း ညကတစ်ဝက်လောက်အထိ စိုးမှိုးနေသလိုပင်။

သုဒ္ဓလေး၏စိတ်ထဲမှ သီးခြားကမ္ဘာတစ်ခုကို ချက်ချင်းရောက်လာသလိုပင်။ ကမ္ဘာစိမ်း၊ ဒေသစိမ်းဟု ရင်ထဲမှာခံစားမိသွားခဲ့ရသည်။ မိမိနေသော ကျေးရွာဝန်းကျင်နှင့် သီးခြားဖယ်ထုတ်လိုက်သလိုပင်။ အကြောင်းတစ်ခုခုကြောင့် ခြေလှမ်းတွေက အလိုလိုပင် ရပ်တန့်သွားခဲ့ရသည်။

"သည်နေရာပဲ သည်နေရာလောက်မှာပဲ"

မှတ်မိနိုင်အောင်စဉ်းစားပြီး ... ဟို,သည်လိုက်ပြီးတော့ ကြည့်လိုက်သည်။ ရှေ့တည့်တည့် မလှမ်းမကမ်းလောက်ဆီတွင် မြင့်မားကြီးထွားသော ကိုယ်ထည်ကြီးကို ခပ်ဝါးဝါးအနေအထားဖြင့် တွေ့လိုက်ရသည်။ လွန်စွာမှကြီးမားသော သစ်ပင်ကြီးတစ်ပင်ပါတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၀ )

## တြိရတနသစ်ပင်ကြီး

သုဒ္ဓလေးသည် အိပ်မက်ထဲကအတိုင်း နေရာအတိအကျဖြင့် သစ်ပင်ကြီးကို တွေ့လိုက်ရလေပြီ။ ထို့ကြောင့် ခြေလှမ်းတွေက ပိုပြီးတော့ သွက်လက်လာခဲ့သည်။ အနှောင့်အယှက်အတားအဆီးမရှိဘဲ သစ်ပင်ကြီးဆီကို ချက်ချင်းလိုလိုပင် ရောက်သွားခဲ့လေသည်။ အနီးကိုရောက်ကာမှ အပင်ကြီးက ပိုပြီးတော့ပင် ကြီးမားနေသလို။ ဤမျှလောက်ကြီးမားသည့်အပင်ကြီးမျိုးသည် ဤကမ္ဘာတွင် မည်သည့်နေရာမှ ရှိနိုင်လိမ့်မည်မထင်။

ဘာပင်ကြီးမှန်းမသိ။ အရွက်၊ အခက် အလက်များကလည်း ဖားဖားဝေဝေနှင့်ရှိနေကြသည်။ ဤအပင်ကြီး၏ သက်တမ်းသည် မည်မျှကြာမြင့်ခဲ့ပါပြီလဲ။ ခပ်လှမ်းလှမ်းမှာလည်း စမ်း ချောင်းကြီးတစ်ခုကိုလည်း မမျှော်လင့်ဘဲတွေ့လိုက်ရသည်။ ထို စဉ်မှာပင် အလင်းအားက တဖြည်းဖြည်းနှင့်တက်လာသည်။





ဝန်းကျင်ကိုထင်သာမြင်သာရှိလာခဲ့သည်။ အမှောင်ကမ္ဘာကြီးကို တစ်ဦးတစ်ယောက်က လက်နှင့်ဖယ်ရှားလိုက်သလိုပင်။

သစ်ပင်ကြီး၏သဏ္ဌာန်ကလည်း ပိုပြီးတော့ ထင်ရှားလာခဲ့လေသည်။ အရွက်များက သုံးမြှောင့်ပုံသဏ္ဌာန်ဖြစ်သည်။ ဤကဲ့သို့သော ပုံသဏ္ဌာန်မျိုးကို မည်သည့်အပင်မျိုးကိုမှ မမြင်ဘူးခဲ့ပါ။ အရွက်များက အောက်ကိုမကြွေကျကြ၊ အကြွေရွက်များကိုလည်းမမြင်မိ။ အနိမ့်ဆုံးအကိုင်းဆီက သစ်ရွက်တစ်ရွက်ကို ဆွတ်ခူးလိုက်သည်။ လက်တစ်ဝါးခန့်ရှိသည်။ သစ်ရွက်စိမ်း၏အကြောများက ယှက်ဖြာနေကြသည်။ သေချာစွာကြည့်လျှင် အကြောစိမ်းများက လက်ဝါးချောင်းကို ထောင်ထားသကဲ့သို့ပင်၊ သဘာဝအတိုင်းဖြစ်ပေါ်နေကြသည်။ လက်ဝါးသဏ္ဌာန်ပေါ်နေသည်။ တြိဂံသဏ္ဌာန် သစ်ရွက်စိမ်း၏ ထောင့်ချိုးသုံးခုတွင် စာလုံးများလို အရာများကိုတွေ့လိုက်ရသည်။ ထိပ်ဆုံးက ဗုဒ္ဓံ ဘယ်ဘက်ထောက်က ဓမ္မံ၊ ညာထောင့်တွင် သံဃံဟူသော စာလုံးများက ထင်ရှားစွာပင်ပေါ်လွင်နေကြသည်။ အံ့အားသင့်မိရသည်။ ထူးခြားသော အပင်ကြီးပင်တည်း။

ရှေးလူကြီးသူမများက ပြောဖူးခဲ့ကြသည်။ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်းတွင် ဗုဒ္ဓလမ်းစဉ်ကို လိုက်နာကျင့်ကြံကြသော သူတို့အတွက်၊ အထောက်အပံ့ ပြုရာ တြိရတန အမည်ရှိ အပင်မျိုးပေါက်ရောက်တတ်သည်။ သို့သော် ယင်းအပင်ကြီးကို မြင်လိုသူမှမြင်ခွင့်ရသည်။ နှစ်ပေါင်းထောင်ချီမက တည်တံ့နေသော တြိရတနအပင်ကြီးကို ပဋ္ဌာန်းဆက်(ကံဆက်) ရှိသေ့သူများမှ



www.burmeseclassic.com

www.burmeseclassic.com

ကြုံဆုံမိကြသည်။

ဘဝများစွာက ပြုခဲ့ဖူးသော အကျင့်တရားများ၊ ယုံကြည်စွဲလမ်းမှု ကိုးကွယ်မှုများနှင့် ပြုခဲ့ဖူးသောအကြောင်းတရား၊ ထိုအကြောင်းတရားများနှင့် နီးနွယ်ပတ်သက်နေသော ပုဂ္ဂိုလ်များပင်ဖြစ်သည်။

သုဒ္ဓလေးသည် ထူးခြားသောသစ်ရွက်ကို အင်္ကျီအိတ်ထဲသို့ တရိုတသေပင်ထည့်လိုက်သည်။ ထို့နောက် သစ်ပင်ကြီး၏ တစ်ဖက်ကိုလှည့်ပြီး ဝင်သွားခဲ့သည်။ ထိုအခါ အပင်၏အောက်ခြေတွင် သစ်ခေါင်းပေါက်ကြီးတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။ အပေါက်ဝက လူတစ်ကိုယ်စာသာသာဝင်၍ရသော်လည်း အနည်းငယ်နိမ့်သည်။ လူကြီးမျက်နှာနှင့် ကလေးကိုယ်လုံးပိုင်ရှင်၊ မျက်နှာချိုချိုနှင့် လူပုကလေးကိုတွေ့ရလိမ့်မလားဟု စောင့်ကြည့်နေမိသည်။

သို့သော် စိတ်အထင်နှင့်မျှော်လင့်ချက်က တစ်ခြားစီဖြစ်နေသည်။ သစ်ခေါင်းကြီးထဲကိုဝင်ရန် ဆုံးဖြတ်လိုက်သည်။ အဝမှာပင်လျှင် မီးခတ်ကျောက်နှင့် ဖယောင်းတိုင်ကြီးကို မီးညှိလိုက်သည်။ သည့်နောက် ခါးကိုလေးဘက်ထောက်မတတ်ညွတ်ကာ ဝင်လိုက်သည်။ ဂူထဲမှ အောက်သိုးသိုး ပုတ်အက်အက်အနံ့များ ကထွက်လာလိမ့်မည်ဟု ထင်ရသည်။ သို့သော် အထင်ကလွဲသည်။ သစ်ရွက်၊ သစ်ဥ၊ ဆေးပင်များကို စုပေါင်းပြီး ကြိတ်ထား၍ ထွက်လာသော ရနံ့မျိုးကိုသာရသည်။ သစ်ခေါင်းကြီးထဲကို ရောက်သော် ကောင်းစွာပင် မတ်တတ်ရပ်နိုင်သည်။ အောက်ခြေ





မှာလည်း ပြောင်တလင်းခါကာ ရှင်းလင်းနေသည်။ သစ်ရွက်၊ သစ်ခွေး၊ အမှိုက်သရိုက်များ ရှိမနေကြသည်က အံ့အားသင့်စရာပင်။ ဤအပင်ကြီးကား သူတော်စင်တို့ စုပေါင်းပြီး အလုပ်လုပ်ကြသည့် ဆေးပေါင်းခဂူကြီးလည်းဖြစ်နိုင်သည်။ မိမိတို့ ရွာသူရွာသားများသည် ဤဂူကြီးနှင့်ပတ်သက်ပြီး မြင်ဖူး၊ တွေ့ဖူးသည်ဟူသော စကားများကို တစ်ကြိမ်တစ်ခါမှ မပြောဘူးခဲ့ကြ။

သုဒ္ဓ၏ စိတ်အထင်တွင် မိမိကို မမြင်နိုင်သောမျက်လုံးများက အားလုံးစုပြုံပြီးတော့ ကြည့်နေကြသည်ဟု အထင်ရှိလာခဲ့သည်။ သို့သော် စိုးရိမ်စိတ်မဖြစ်ပေါ်ဘဲ ရင်ထဲမှာအလိုလိုပင် ငြိမ်းအေးမှုကို ရနေလေသည်။ လမ်းကိုမှတ်မိနေသလို ဆက်ပြီးတော့ လျှောက်သွားသည်။ ဖယောင်းတိုင်မီးအလင်းရောင်ထက် ပိုပြီးတော့လင်းနေသလားဟု ထင်နေမိသည်။ သို့မဟုတ် ဂူကြီးသည် အလင်းပြန်သဘောဖြင့် အလင်းနှစ်ဆမက ဖြစ်ပေါ်နေသည်ပဲလား။

မြေပြင်သည် အနည်းငယ်နိမ့်ဆင်းသွားခဲ့သည်။ လှေကားထစ်လေးတွေလိုလို တွေ့လိုက်ရသည်။ ဒါကိုလည်း သူမှတ်မိနေသည်။ အောက်ကို သိသာစွာပင် ဆင်းလာခဲ့ရသည်။ သစ်ပင်ကြီး၏ ပင်စည်နံရံမဟုတ်တော့။ ကျောက်သားနံရံကြီးတစ်ခုဖြစ်နေသည်။ ထိုအခါ သစ်ပင်ကြီး၏အောက်သို့ ရောက်နေသည်ဖြစ်ကြောင်း သိသွားခဲ့ရလေသည်။

ဂူကြီးသဏ္ဌာန်အဖြစ် ပြောင်းလဲသွားခဲ့လေရာ အိပ်မက်ထဲမှာထက် အနည်းငယ်ခြားနားသွားသည်။ အကြောင်းမှာ ဂူ


www.burmeseclassic.com

www.burmeseclassic.com



ပိတ်သသောအမျိုးမဟုတ်ဘဲ လိုက်လမ်းကြောင်းတစ်ခုကို တွေ့လိုက်ရသောကြောင့်ပင်တည်း။ ထို့ကြောင့် ဆက်ပြီးတော့ လျှောက်သွားခဲ့သည်။ ဆေးပေါင်းနံ့က သင်းတပျံ့ပျံ့နှင့်ရှိနေသည်။ ဂူထဲမှာလည်း သင့်တင့်မျှတသော အအေးဓာတ်ကိုရနေလေသည်။ တစ်နေရာကိုအရောက်တွင် သဘာဝအလျောက်ဖြစ်ပေါ်နေသော ဘေးထွက်ဂူလိုဏ်များကို တွေ့လိုက်ရသည်။ မီးကိုမြှောက်ကိုင်ပြီးသွားကြည့်ရာ၊ ကျောက်ပြားများ၊ ကျောက်ဆုံများ ကျောက်ကျည်ပွေ့များကို တွေ့လိုက်ရသည်။ ခြောက်သွေ့နေသော ဆေးပင်အချို့လည်း ကျောက်ပြားပေါ်မှာရှိနေသည်။ သူတော်စင်များအလုပ်လုပ်ခဲ့ကြသည့်နေရာဖြစ်နေသည်။

ယင်းနေရာမှခွာပြီး လိုဏ်လမ်းကြောင်းအတိုင်းဆက်၍ လျှောက်လာခဲ့သည်။ ရှေ့အတော်လှမ်းလှမ်းတွင် သဏ္ဌာန်တစ်ခုကဖြတ်လျှောက်သွားသည်။ မီးကိုမြှောက်ကြည့်သောအခါ ဘာမှမရှိ။ အမှောင်ကြောင့် အာရုံများသည်ဟုပဲ ထင်မိလိုက်သည်။ သို့သော် အရိပ်သဏ္ဌာန် တော်တော်များများသည် သွားလာနေကြသည်ဟုပင်ထင်နေဆဲ။ တစ်နေရာကိုအရောက်တွင် ခြေလှမ်းကတန့်သွားခဲ့ရသည်။ ရှေ့တည့်တည့်ရှိ ဂူလိုဏ်ကြီးထဲဝယ် ကျောက်သားစားပွဲကြီးထက်၌ တစ်တောင်သာသာအရွယ်ရှိ ငွေသေတ္တာလေးတစ်လုံး။

သေတ္တာအဖုံးထက်မှာတော့ မြွေတစ်ကောင်ရှိမနေပါ။ ကလေးကိုယ်လုံးနှင့် လူကြီးမျက်နှာရှိသော လူပုကလေးကိုလည်း မတွေ့ရ။ ငန်းတော်ကျားကြီးကိုလည်းမတွေ့ရ။ ဤကားအိပ်မက်





နှင့်အနည်းငယ်ခြားနားချက်များပင်တည်း။ သုဒ္ဓလေးသည် ငွေသေတ္တာလေးပေါ်ကို လက်ကရောက်သွားခဲ့သည်။ မိမိ၏ အိပ်မက်သည် ဤနေရာမှာပင် အဆုံးသတ်ခဲ့သည် မဟုတ်ပါလား။ ယခုလည်း အဆုံးသတ်သွားလေမလား။ ပြောင်းလဲခြင်း မရှိပါ။

ထို့ကြောင့် ဖယောင်းတိုင်ကို သေတ္တာနားကပ်ကာ သော့ခတ်မထားသော အဖုံးကိုဖွင့်မိလိုက်လေ၏။ အမျိုးအမည်ခန့်မှန်း၍မရသော၊ မည်သည့်ရနံ့ဟုပြော၍မရသော ရနံ့က ငွေသေတ္တာလေးထဲမှ ထောင်းခနဲဆို ထွက်လာခဲ့လေသည်။ သူတွေ့လိုက်ရသည်ကား အထပ်လိုက်ရှိနေကြသော ရွှေပုရပိုဒ်၊ ငွေပုရပိုဒ်များ၊ ရိုးရိုးပေပုရပိုဒ်များ၊ ကွမ်းသီးလုံးခန့်ကြီးမားသည့် ပုတီးကြီးကတစ်ကုံး၊ ငွေကြုတ်နှစ်ခု၊ ကြုတ်ကိုဖွင့်ကြည့်ရာ အထဲတွင် ဝါရွှေသော အရောင်ရှိသည့် လုံးလုံးလေးတစ်လုံးကို တွေ့လိုက်ရသည်။ နောက်ကြုတ်တစ်ခုထဲတွင်လည်း ထိုအတိုင်းပင်။ သို့သော် ယင်းအလုံးလေးကတော့ ငွေရောင်ဘက်ကို အရောင်လှနေကာ ပိုပြီးတော့ တောက်ပြောင်နေသည်ဟု ထင်မိသည်။ ကြေးကြုတ်လေးတစ်ခုက အနည်းငယ်သေးသည်။ အဖုံးကိုဖွင့်ကြည့်လိုက်ရာ ပြဒါးရောင်တလက်လက်ဖြင့် ထွက်နေသော ပြာမှုန်များကို တွေ့လိုက်ရသည်။ ဓါတ်ပြာများပင် ဖြစ်လိမ့်မည်။

သုဒ္ဓလေးသည် ဖယောင်းတိုင်ကို ကျောက်စားပွဲထက်တွင် စိုက်ကာ ငွေသေတ္တာလေးထဲမှ ရွှေပုရပိုဒ်ကိုထုတ်ယူပြီးတော့ ကြည့်သည်။ တစ်ချပ်ပြီးတစ်ချပ်ကြည့်သည်။ ဖတ်ရှုသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းဖတ်တတ်နေသည်ကို မိမိကိုယ်မိမိ အံ့အားသင့်နေမိသည်။ ရှေးပုရပိုဒ်မကို အစအဆုံးဖတ်ရှုပြီးသောအခါ ငွေပုရပိုဒ်၊ ရွှေရိုးပုရပိုဒ်များကို စိတ်ဝင်စားစွာဖြင့် အားလုံးကို ဖတ်ရှုသည်။

"ဒါ ... ငါ့အတွက်ပဲ၊ ငါနဲ့ထိုက်လို့ငါရတာပဲ"

စိတ်ထဲမှာ အပြောင်းအလဲတစ်ခုဖြစ်သွားခဲ့ရသည်။ အချိန်ကို ကောင်းကောင်းအသုံးချရပေတော့မည်။ ဤပုရပိုဒ်ထဲပါ အကြောင်းအရာများကို အသေးစိတ်လေ့လာရန် အချိန်က မရှိတော့။ ယခုပင်လျှင် ဤဂူထဲမှာ မည်မျှ ကြာသွားခဲ့လေပြီလည်း မသိ။ အိမ်သို့ပြန်ရန် ပြင်ဆင်လိုက်လေသည်။

ထိုနေ့မှစ၍ သုဒ္ဓလေးသည် အိမ်မှာမကြာမကြာပျောက်သွားခဲ့လေသည်။ မိခင်၊ ဖခင်က တစ်ခါတစ်ရံတွင် စိတ်ပူပြီးတော့ ရွာဦးစေတီ မာန်ပြေရန်ပြေဘက်ဆီလိုက်သွားကြည့်သည်။ သုဒ္ဓလေးကို မတွေ့ရ။ တစ်နေ့လုံးပျောက်နေပြီးမှ ညမိုးမချုပ်မီမှာပင် ပြန်ရောက်လာတတ်သည်။

"သား ... ဘယ်ကိုသွားနေတာလဲ"

မိခင် မဝေမိုကမေးသည်။





"သား ... အဝေးကြီးမသွားပါဘူးအမေ၊ ဟို ... ဟိုဟိုသည်သည်ပါပဲ"

ဟု စကားကို မယုတ်မလွန်ပြောတတ်သည်။ မိဘ၏အလုပ်ကိုလည်းဝိုင်းပြီးတော့ကူသည်။ အလုပ်အကိုင်မပျက်၊ သုံးလေးရက်စာလုပ်ရမည့်အလုပ်ကို တစ်ရက်တည်းနှင့်ပြီးအောင်လုပ်ပြီး တစ်ခါတစ်ရံမှာ ပျောက်ပျောက်သွားတတ်သည်။ သုဒ္ဓလေး မည်သည့်ဘက်ကို ထွက်သွားတတ်သည်ကို မသိမသာစောင့်ကြည့်နေတတ်ကြသည်။ သို့သော် သူတို့မေ့ပျောက်သွားသောအချိန်မှာပင် သုဒ္ဓလေးကား မရှိတော့။ မည်သည့်အချိန်က ထွက်သွားခဲ့မှန်းပင်မသိတော့။

အိမ်က ထွက်သွားတာလည်းမသိ၊ ပြန်ရောက်နေသည်ကိုလည်းမသိ။

"ငါ့သားလေးလည်း ဘယ်ကိုရောက်နေသလဲမသိဘူး။ ခုထက်ထိကို ပြန်မလာသေးဘူး"

"အမေ ... သား အိမ်ပေါ်မှာလေ"

သုဒ္ဓလေး၏အသံကို ကြားလိုက်ရသည်။ အိမ်ပေါ်ကို ရောက်နေပြီဖြစ်သည်။ အိမ်သားတွေ တမျှော်မျှော်နှင့်ရှိနေကြသည့်အထဲက မည်သို့ဝင်လာခဲ့သည်လည်းမသိ။ အိမ်ထဲကိုပင် ရောက်နေခဲ့လေပြီ။ သို့သော် သုဒ္ဓလေးကို မည်သူကမှ ဆူပူခြင်းမရှိ။ ကြိမ်းမောင်းမှုကိုလည်း မပြုကြပါလော။

"မြေးဟာ သူ့ဗိုဇနဲ့သူ လူ့လောကကြီးထဲကိုရောက်လာခဲ့တာ၊ မွေးလာကတည်းက ထူးခြားမှုရှိတယ်၊ ငါ့အထင်ကတော့



www.burmeseclassic.com

www.burmeseclassic.com

သူဘာသိလို့ဝဲနေနေ၊ ဘာပဲလုပ်လုပ်-မှန်တယ်၊ ဒါကြောင့် မပြောကြနဲ့''

ဦးပေါက်ကျော်က အမြဲတမ်း သတိပေးသည်။ ပြောလည်း ပြောရောမလိုသော ကလေးမှန်းသိကြသည်။ သုဒ္ဓလေးသည် ဤအရွယ်ကလေးနှင့် လျှို့ဝှက်ချက်တစ်ခုရှိနေသည်ကို သိထားကြသည်။ မိခင်မဝေမှိုကတော့ မိခင်ပီပီ ဝမ်းနှင့်လွယ်ပြီးတော့ မွေးထားရသည့်သားပေမို့ စိုးရိမ်စိတ်ကတော့ရှိနေသည်။ သျှောင်ကိုလည်း အမြဲတမ်းပင် အကျအနပင် ထုံးထားသည်။ ဆံကို့ရွှဲအောင်လည်း လူးထားသည့်အတွက် နက်ပြောင်နေသည်။ ခန့်ထည်သည်။

မုတ်ဆိတ်မွေးနီနီများကလည်း ရှည်လျားလာသည်။ ကြည့်ရသည်မှာတစ်မျိုးကြီးဖြစ်နေသည်။ ငယ်ငယ်ရွယ်ရွယ်လေးနှင့်သည့်ထက်မက ပိုပြီးတော့ရှည်လာခဲ့လျှင် အကြည့်ရဆိုးပေလိမ့်မည်။

''သားရယ် မုတ်ဆိတ်တွေက ခုထက်ပိုပြီးတော့ရှည်လာခဲ့ရင် ကြည့်ရဆိုးလိမ့်မယ်၊ အမေကတော့ ငါ့သားလေးရုပ်ဆိုးမှာကို စိုးရိမ်မိတယ်''

''အမေကလည်း ခုအချိန်မှာ ဒါလောက်ပါပဲ၊ သည့်ထက်ပိုပြီးတော့ မရှည်ပါဘူး။ အဲ ... သားအသက်ကြီးလာရင်တော့ ဒါလောက်အထိ ရောက်လာလိမ့်မယ် ... ဟဲ ဟဲ''

ရယ်မောကာ လက်နှင့်ရင်ညွန့်အထိပြသည်။ တစ်ခါတရံမှာ မိခင်၊ ဖခင်တို့ကို နောက်ပြောင်လေ့ရှိသည်။ အဖိုးနှင့်အဖွား





ကိုတော့ မနောက်ပြောင်တတ်။ အရိုအသေတန်မည်စိုး၍လားမသိ ရင်းနှီးစွာတော့ ဆက်ဆံသည်။

သုဒ္ဓလေးသည် အောက်ထပ်မှာအိပ်သည်။ တစ်ခါတရံမှာ အိပ်စက်သည်ဟုမထင်ရ။ မီးခွက်ထွန်းကာ ငြိမ်သက်နေတတ်သည်။ တစ်ညတွင် ဦးပေါက်ကျော်သည် အိမ်အပေါ်ထပ်မှ အောက်ကို စကားဆင်သည်။ သန်းခေါင်ကျော်နေလေပြီ။ သုဒ္ဓလေး၏အခန်းထဲမှာ မီးလင်းလျက်ရှိနေသည်။ တံခါးကိုတော့ ပိတ်ထားသည်။ ထရံပေါက်မှ မသိမသာချောင်းကြည့်မိရာ သုဒ္ဓလေးသည် ရွှေပုရပိုဒ်တစ်ချပ်ကို စူးစိုက်ကာ ဖတ်လျက်ရှိနေသည်။

''ဟင် ... သူ့လက်ထဲကဟာက ပုရပိုဒ်တစ်ခုပဲ၊ ဒါပေမဲ့ ရွှေပုရပိုဒ်ပဲ၊ သူ ဘယ်ကရလာပါလိမ့်''

ဦးပေါက်ကျော် အံ့အားသင့်သွားခဲ့ရလေသည်။ ရွှေပုရပိုဒ်လိုမျိုးက ထူးခြားသော မှတ်တမ်းများကို ရေးသားထားတတ်သည်။ သိဒ္ဓိ၊ မဟိဒ္ဓိ ပုဂ္ဂိုလ်များ၏ မှတ်တမ်းများသည် ရွှေပုရပိုဒ်၊ ငွေပုရပိုဒ်၊ ကြေးပုရပိုဒ်များထဲ၌ ရှိတတ်ကြသည်။ ထိုပုရပိုဒ်များသည် အထူးလုံခြုံသောနေရာများ၌သာ လျှို့ဝှက်စွာထားတတ်သည်ဟု သူကြားဖူးထားသည်။ သုဒ္ဓလေးသည် မည်သို့သောအကြောင်းဖြင့် ရလာခဲ့သလဲမသိ။ ဦးပေါက်ကျော်သည်


www.burmeseclassic.com

www.burmeseclassic.com



သုဒ္ဓလေးကို အနှောင့်အယှက်မပေးလို့။ သည့်နောက်ပိုင်းမှာလည်း ဘာမဆိုအားလုံးကို မသိချင်ယောင်ဆောင်ခဲ့လေသည်။

နောက်ပိုင်းတွင် အိမ်နောက်ဘက်တစ်နေရာ၌ မြက်ပင်၊ ပေါင်းပင်များကို ဓါးတစ်လက်ဖြင့် ရှင်းလင်းလျှက်ရှိသော သုဒ္ဓလေးကို ဖခင်ကိုသာလှက ...

"သား ... သည့်နေရာကို ဘာလုပ်မလို့လဲ"

"အလုပ်လုပ်မလို့ပါ အဖေ ... "

သုဒ္ဓလေးက ဖခင်ကိုပြုံးကာကြည့်ပြီးတော့ ပြောသည်။ ကိုသာလှသည် ဆက်မမေးတော့ဘဲ သူ့ပါ ဝိုင်းကူညီတော့ရှင်းပေးသည်။

"အဖေ မလုပ်ပါနဲ့ သားဘာသာသား လုပ်ပါ့မယ်"

"ရပါတယ်သားရယ် ... သားတစ်ယောက်တည်း ဘယ်နိုင်မှာလဲ"

မကြာမီ ထိုတစ်ရက်အတွင်းမှာပင် ခိုင်ခန့်လုံခြုံသော တဲလေးတစ်လုံးဖြစ်သွားခဲ့လေသည်။ ၎င်းတဲလေးကို ဘာအသုံးပြုမလဲဟုတော့မမေး။ နောက်သုံးရက်အကြာတွင် မီးသွေးများ၊ ဖားဖိုတစ်ခုနှင့်အတူ အဂ္ဂိရတ်ထိုးသော လုံများ၊ ဖလုံ၊ ခွက်ယောက်များက တဲအတွင်းမှာ ရောက်ရှိနေခဲ့လေသတည်း။ ထိုအခါကျမှ သုဒ္ဓလေးမည်သည့်အလုပ်ကို လုပ်မလဲဆိုသည်ကို သဘောပေါက်သွားခဲ့ကြလေတော့သည်။

"အလိုတော် ... သားက ငယ်ငယ်ကလေးရှိသေးတာ၊ သည်အလုပ်တွေကိုလုပ်တော့မလို့တဲ့၊ ဒါ ဝါသနာပါတဲ့တချို့





လူကြီးတွေလုပ်ကြတာပဲ၊ သားကစိတ်မှမှန်သေးရဲ့လား ကြည့်ပြောကြပါဦး"

"သြော် ... မဝေမှိုရယ်၊ ဒါလောက်ကြီးလည်း မစိုးရိမ်ပါနဲ့၊ သားရဲ့စိတ်က ပုံမှန်ပါပဲ၊ လူကြီးပဲဖြစ်ဖြစ်၊ လူငယ်ပဲဖြစ်ဖြစ်၊ သည်အလုပ်မျိုးကို စိတ်ဝင်စားတတ်ကြတာပဲ မဟုတ်လား။ ဒီပြီးတော့တောင် စိတ်ကငြိမ်သေးတယ်၊ မင်းသာကို မဟန့်တားလိုက်နဲ့နော်၊ စိတ်အနှောင့်အယှက်ဖြစ်ပွားဦးမယ်"

ကိုသာလှက ဖြောင့်ဖျသည်။ မဝေမှိုမှာ သက်ပြင်းသာ တွင်တွင်ချမိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



( ၁၁ )

## မျှား အလိုက်ခံကြရသူများ

အချိန်ကား တုံ့မနေ။ မသိမသာရွေ့လျားလျက်ရှိသည်။ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွားသည်။ သည်လိုနှင့် လမှသည် နှစ်၊ နှစ်မှသည် ကျော်လွန်ကာ တစ်နှစ်ပြီးတစ်နှစ် နှစ်ပေါင်းများစွာကို ဖြတ်သန်းလာခဲ့သည်။ အချိန်တွေ၊ နှစ်တွေပြောင်းလဲလာခဲ့တိုင်း အသက်တွေလည်း ပြောင်းလဲလာခဲ့သည်။ ကြီးရာမှ ငယ်၊ ငယ်ရာမှကြီးလာခဲ့သည်က ဖြစ်စဉ်ဓမ္မတာပင်တည်း။

ကောင်းကင်တွင် လမင်းကြီးက ထိန်ထိန်သာကာ လောကမြေပြင်အနှံ့ အလင်းများကိုဖြန့်ကြဲပေးထားသည်။ မာန်ပြေရန်ပြေစေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်တွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ တစ်ချက်တစ်ချက်တွင် လှုပ်ခတ်သွားသော ဆည်းလည်းသံတချွင်ချွင်သည် အနီးမှ အဝေးမှ ကြားကြရသူအပေါင်းတို့ကို စိတ်နှလုံးချမ်းမြေ့ဖွယ်ရာအတိ ဖြစ်စေသည်။

ယင်းအချိန်တွင် သုဒ္ဓလေးသည် သောကြာထောင့်တွင်





ပုတီးစိပ်လျက်ရှိနေသည်။ သတ်မှတ်ထားသော ပုတီးပတ်ရေပြည့်သွားသည်နှင့် ဘုရားကိုဦးချလိုက်သည်။ နေရာမှ ထရပ်လိုက်လေသည်။ စေတီရင်ပြင်တော်ပေါ်မှ ဆင်းရန် လှေကားဆီကို လျှောက်လာခဲ့သည်။

"ဟင် ... ညီလေး ... "

လူတစ်ယောက်သည် တံတိုင်းပေါ်မှာထိုင်နေသည်။ ချက်ချင်းမှာပင် အောက်ကိုခုန်ချလိုက်သည်။ သုဒ္ဓလေးသည် ထိုသူငယ်ဆီကို ရောက်လာခဲ့သည်။

"ညီလေး ရောက်နေတာမသိဘူး။ ဘာဖြစ်လို့လိုက်လာတာလဲ"

"အစ်ကို သည်မှာရှိနေတယ်ဆိုတာ သိလို့လေ"

"အင်း ... မဟုတ်မှလွဲရော၊ ညီလေး ပန်းခက်ဆီကို ရောက်ခဲ့ပြီးပြီ မဟုတ်လား"

"ဟာ ... အစ်ကိုကလဲ"

မင်းထက် မလုံမလဲဖြစ်သွားခဲ့ရသည်။ အစ်ကိုဖြစ်သူသည် ခန့်မှန်းပြီးတော့ ပြောလိုက်တာလား အတတ်သိနေ၍ပဲလား။

"သမီးရည်းစားချိန်းတွေ့တာလည်းတွေ့ပေါ့၊ မသွားနဲ့ပြောလည်း ညီလေးက သွားမှာပဲကိုး၊ ဒါပေမယ့် ... မင်းမှာပန်းခက်နဲ့ပတ်သက်ပြီး အပြိုင်ရှိနေတယ်၊ အာကာမိုးလည်းပဲ သည်ကောင်မလေးကို လိုက်နေတာပဲ မဟုတ်လား"

"ကျွန်တော်နဲ့ပန်းခက်ရည်ငံနေတာ သူသိသွားနဲ့ တမင်

www.burmeseclassic.com



လိုက်ပြီးတော့ နှောင့်ယှက်နေတာ၊ ပန်းခက်ကလည်း သူ့ကို အပြုတ်ချော့ပြီးပြီ"

"အေး ... ဟုတ်တယ်၊ ဒါပေမဲ့ ငါ့ညီမှာ အန္တရာယ် ရှိနေတယ် အစ်ကိုမြင်နေတယ်"

"အန္တရာယ် ဟုတ်လား သည်ကောင်က ကျွန်တော့်ကို ရန်ရှာမှာတဲ့လား ... လာစမ်းပါစေ၊ မင်းထက် ဘာကောင်လဲ ဆိုတာသိသွားမယ်၊ ဩော် ... အစ်ကို မဟုတ်ဘူး၊ မဟုတ်ဘူး၊ အစ်ကို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိပြီ"

မင်းထက်သည် နဂိုက စကားနည်းသော အစ်ကိုသုဒ္ဓ သူမလိုအပ်သည့် စကားများကို ပြောနေရလေပြီ။

"အစ်ကို စိတ်အနှောင့်အယှက်မဖြစ်ပါဘူး၊ ငါ့ညီရာ၊ ဒါပေမယ့် ကိုယ့်ညီဆိုတော့လည်း ပူပန်စိတ်လေးကတော့ ရှိတာပေါ့၊ ဒါလောက်လေးနဲ့တော့ အစ်ကိုရဲ့စိတ်က ယိုင်မသွားပါဘူး လေ"

"ဟုတ်ကဲ့ ... အစ်ကို နောက်ကို အစ်ကိုစိတ်ပူပန်အောင် မလုပ်တော့ပါဘူး၊ ကတိပေးတယ်"

သူတော်ကောင်းအစ်ကိုအတွက် ဖြူစင်သောနှလုံးသားကို အစွန်းတစ်ကွက်အထင်မခံလို့၊ တကယ်တော့ သူ့မှာရန်ရှိသည် ဆိုတာကိုတော့သိနေသည်။ ပန်းခက်နှင့်လည်း ချိန်းမတွေ့ဘဲ မနေနိုင်၊ သွားလေရာဆောင်ဓါးကို ယူသွားသည်။ မင်းထက်က သုဒ္ဓလေးနှင့်တစ်ဘာသာ၊ နာမည်နှင့်လိုက်အောင် စိတ်ထက်သူ၊ စိတ်လည်းမြန်သည်။ အခြေခံသိုင်း(ကိုယ်လုံပညာ)ကို ကောင်း





ကောင်းတတ်မြောက်သည်။ လူငယ်ပီပီ သွေးကြွနေပေမယ့် မည် သူ့ကိုမှ မတရားမပြုမူတတ်။ ညီအစ်ကိုနှစ်ယောက် ရွာလယ် လမ်းမကြီးဆီကို ရောက်လာခဲ့ကြသည်။ ရွာအဝင်ဝမှာပင်လျှင်

"ညီလေး မင်းကို အထူးသတိထပ်ပေးမယ်၊ ဟိုသစ်ပင် သေးနားမှာ ခဏကလေးဝင်ကွယ်နေလိုက်ပါ၊ ဘာကြီးပဲဖြစ်နေ ဖြစ်နေ ဝင်ပြီးမစွက်ဖက်နဲ့ ဟုတ်ပြီလား"

သုဒ္ဓလေးသည် စကားအဆန်းကိုပြောလာခဲ့သည်။ မည် သည့်အကြောင်းကြောင့်လည်းမသိ။ တစ်ချက်တော့ တွေဝေသွား သည်။ အကြောင်းမထူးရင် သည်လိုစကားမျိုး ပြောမှာမဟုတ်။

"ဟုတ် ... ဟုတ်ကဲ့ အစ်ကို"

မင်းထက် ဘာကြောင့်လည်းဟုပြန်မမေး။ အစ်ကို သုဒ္ဓ လေးသည် ပြန်လှန်သောမေးခွန်းထုတ်သည်ကိုမကြိုက်။ ထို့ ကြောင့် ခပ်လှမ်းလှမ်းရှိ သစ်ပင်ကြီးတစ်ပင်၏နောက်မှ ကွယ်နေ လိုက်သည်။ သုဒ္ဓလေးကတော့ ခြေလှမ်းမှန်မှန်နှင့်ဆက်လျှောက် သွားသည်။ ယင်းအချိန်တွင် လူတစ်စုသည် မျက်နှာချင်းဆိုင် တည့်တည့်လျှောက်လာနေကြသည်။ သူတို့က အခြားသူများ မဟုတ်ကြ၊ အာကာမိုး၊ ရောင်စိန်နှင့်အခြားနှစ်ယောက်၊

"ဟိုမှာလာနေတာ သုဒ္ဓလေး မဟုတ်လား"

"သိပ်ဟုတ်တာပေါ့၊ အာကာ၊ ပုတီးယောင်ယောင် ပုဂ္ဂိုလ် ယောင်ယောင်နဲ့ ဘုရားကပြန်လာတာနေမှာပေါ့"

"သည်ကောင်းတစ်ယောက်တည်းကွ၊ သူ့ညီမင်းထက်က သူ့နောက်ကိုလိုက်သွားတာ ငါသိတယ်ရောင်စိန်၊ သည်ကောင်



www.burmeseclassic.com

www.burmeseclassic.com

ဘယ်မှာကျန်ခဲ့သလဲ''

''အေးကွ၊ ပါမလာဘူး။ ကေန္တ သူ့အစ်ကိုကို မစောင့်နိုင်လို့ ပြန်သွားပြီထင်တယ်''

''ပြန်သွားတယ်ဆိုရင်လည်း သည်လမ်းကပဲ ပြန်ရမှာပေါ့ကွ ငါတို့လည်းရှိနေတာပဲ၊ ပန်းခက်နဲ့သည်ကောင် မပတ်သက်ပါနဲ့လို့ သတိပေးထားတာ၊ ပတ်သက်ဖြစ်အောင် ပတ်သက်လိုက်သေးတယ်၊ ငါကနည်းနည်းပါးပါး ဆုံးမမလို့ ပန်းခက်က သည်ကောင်နဲ့မတန်ဘူးကွ''

အာကာမိုးသည် မူးထူးနေကာ အာလေး၊ လျှာလေးဖြင့် ပြောလိုက်သည်။ အပေါင်းအသင်းများ၏ မိမနိုင်၊ ဖမနိုင်ဘဝကို ရောက်နေလေပြီ။ ယခုလည်း ညကြီးသန်းကောင်အထိ အိမ်ကို မပြန်သေး။

''သည်ကောင်မှပါမလာတာ၊ ငါတို့ပြန်ကြရအောင်ကွာ''

''မပြန်ဘူးကွာ၊ မင်းထက်နဲ့မတွေ့ရင် သင်းရဲ့အစ်ကိုနဲ့ စာရင်းရှင်းရမယ်''

''ဟာကွာ မဟုတ်တာ သုဒ္ဓလေးနဲ့ ဘာဆိုင်လို့လဲကွ၊ သူ့ဘာသာသူနေနေတာ၊ ပြဿနာသွားမရှာစမ်းပါနဲ့အာကာ''

တစ်ယောက်ကတားသည်။ သူတို့အထဲတွင် အာကာမိုးနှင့် ရောင်စိန်ကလွဲပြီး သုဒ္ဓလေးကို မည်သူကမှ အနှောင့်အယှက် မပေးလိုကြ။

''မင်းတို့အသာနေစမ်းပါ၊ သည်ကောင်လည်း သူ့ညီကို အားပေးအားမြှောက်လုပ်နေမှာ၊ မင်းတို့ ဘာသိလို့လဲ''





ပြောရင်းနှင့် သုဒ္ဓလေးက အနားကိုရောက်လာခဲ့သည်။ သို့သော် သူတို့နှင့် မလှမ်းမကမ်းမှ ဆက်ပြီးတော့ လျှောက်သွားခဲ့လေသည်။

''ဟော့ကောင် သုဒ္ဓလေး ခဏနေဦး''

အာကာမိုးက သစ်ပင်ကြီးအောက်မှနေ၍ လှမ်းပြီးတော့ ခေါ်လိုက်သည်။ သုဒ္ဓလေးလည်း ခြေလှမ်းတန့်သွားခဲ့လေသည်။

''သည်ကိုလာစမ်းပါဦးကွ''

သုဒ္ဓလေးလည်း ခြေလှမ်းမှန်မှန်နှင့် လျှောက်သွားခဲ့သည်။ လရောင်ကြောင့် လူတစ်စုကို ကောင်းစွာပင် မြင်နေရသည်။

''မင်းညီကောကွ၊ မင်းညီ ကြောက် ... ဘယ်မှာကျန်ခဲ့သလဲ''

အာကာမိုးက ခပ်စွာလေသံဖြင့် မေးလိုက်သည်။ မိဘက ငွေကြေးကြွယ်ဝသူဖြစ်၊ အလိုလိုက်ထားခြင်းလည်း ခံရ၍ ဖြစ်ချင်တိုင်းဖြစ်နေလေသည်။ သူ့ထက်နေ့ဝက်ကြီးသူ သုဒ္ဓလေးကိုလည်း နင် ငါဟု ရိုင်းရိုင်းစိုင်းစိုင်းဆက်ဆံသည်။

''အာကာ ... မင်းက ငါ့ညီကို ဘာဖြစ်လို့ မေးတာလဲ''

''ငါမေးတာသာ ဖြေစမ်းပါကွ၊ မင်းညီနဲ့ပဲ ငါတွေ့ချင်တယ်၊ မင်းငါ့ကို မှန်မှန်ပြော၊ မင်းထက် ဘုရားကိုရောက်လာတယ်မဟုတ်လား''

ယင်းအချိန်တွင် မင်းထက်သည် သစ်ပင်အောက်မှနေ၍ အခြေအနေကိုလှမ်းပြီးတော့ ကြည့်နေသည်။


www.burmeseclassic.com

www.burmeseclassic.com



"သည်ကောင်တွေ အစ်ကို့ကိုများရန်ရှာကြဦးမလား မသိဘူး"

မင်းထက်သည် သူတို့ဆီကို လျှောက်သွားရန် ခြေလှမ်းပြင်လိုက်သည်။ သို့သော် သုဒ္ဓလေးက တားဆီးထားသည့်အတွက် ရှေ့ကိုထပ်မတိုးတော့။ သက်ပြင်းချမိလိုက်သည်။ ယင်းကာလက ကျေးရွာများတွင် တောကြောင်များထကြွသောင်းကျန်းနေကြ၍ လူငယ်ကာလသားများသည် ဘယ်သွားသွား၊ ဘယ်လာလာ၊ ဆောင်ဓါးများကို ယူသွားတတ်ကြသည်။

ယခုလည်း အားလုံးဓါးကိုယ်စီနှင့်မို့ သုဒ္ဓလေးကို မူးမူးထူးထူးနှင့်ရန်ရှာကြမည်ကို စိုးရိမ်မိသည်။ ထိုကဲ့သို့သော အရိပ်အယောင်မျိုးဖြစ်လာမည်ဆိုရင်တော့ သူဝင်ရပေတော့မည်။

ရောင်စိန်ကတော့ ငယ်ငယ်က အဖြစ်အပျက်ကို ပြန်တွေးမိပြီး သုဒ္ဓလေးနှင့် အချင်းမများရဲ၊ သူတို့အားလုံး တစ်ပတ်တိတိ အိပ်ရာမှ မထနိုင်ကြဘဲ လေဖြတ်သလို ဖြစ်သွားခဲ့ကြသည် မဟုတ်ပါလား။

"မင်း ... မင်းထက်ကိုတွေ့ချင်ရင်၊ ကိုယ့်ဘာသာကိုယ်လိုက်ရှာပေါ့ကွာ"

"ဘာကွ ... ဘာလဲ၊ မင်းကငါ့ကို တမင်အရွဲ့တိုက်ပြီးတော့ ပြောလိုက်တာလား"

အာကာမိုးသည် ဒေါသနှင့်အတူ ကျောထက်ရှိ အအိမ်ထဲမှ ဓါးကိုဆွဲထုတ်လိုက်သည်။ ထို့ကြောင့် သုဒ္ဓလေး၏ လည်ပင်းကို ဓါးဦးဖြင့် ထောက်ထားလိုက်လေ၏။





"သည်ရွာမှာ ငါ့ကိုဘယ်သူမှ မကြောက်ရဲဘူးကွ၊ မင်းက ငါ့ကိုပမာမခန့် လုပ်ဝံ့သလား"

သုဒ္ဓလေးသည် တည်ငြိမ်သောမျက်နှာထားဖြင့် အာကာမိုးကိုကြည့်လိုက်ပြီး ...

"မင်းနဲ့ငါဟာ တစ်ရက်တည်းအတူ ခွေးလာခဲ့တဲ့ သူငယ်ချင်းပါကွာ၊ မင်းရဲ့စိတ်ဓာတ်က အရောင်အမျိုးမျိုးပြောင်းနေပြီ ကြာလေဆိုးလေပါပဲလားကွာ"

"ဘာသူငယ်ချင်းလဲ၊ မင်းဟာငါ့သူငယ်ချင်းမဟုတ်ဘူး။ ခုမှကြောက်ပြီးတော့ လေပြေလာထိုးမနေနဲ့"

"သုဒ္ဓလေး၊ မင်းရဲ့ညီဘယ်မှာလည်းလို့မေးနေတာကွ၊ မင်းကအသာအနားခံချင်တာကို။ အာကာက စိတ်ထွက်လာရင် မိုက်မိုက်ကန်းကန်းနဲ့ လုပ်တတ်တယ်ကွ၊ ပြောလိုက်လေကွာ"

ရောင်စိန်ကပါ စိတ်မရှည်ဘဲဝင်ဖြေသည်။ သုဒ္ဓလေးက ခေါင်းတစ်ချက်ဆတ်လိုက်ပြီး။

"မင်းတို့ ငါ့ကိုအနှောင့်အယှက်မပေးဘဲ အေးအေးဆေးဆေးနဲ့ထွက်သွားကြရင် ကောင်းလိမ့်မယ်"

"မသွားဘူးကွာ၊ ဘာဖြစ်သလဲ"

"သည်လိုဆိုရင် မင်းတို့ပြေးကြရလိမ့်မယ်"

"ပြေးကြရလိမ့်မယ်၊ ဟုတ်လား ... မင်းကိုငါတို့က ကြောက်ပြီးပြေးရမှာလား ..."

ယင်းအချိန်တွင် အပင်ကြီး၏အလယ်လောက်တွင် မှွတ်ရဲကြ၊ ကင်းစောင့်များများက အမြဲမပြတ် လှည့်ပတ်နေကြသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဖြစ်သည်။ ထိုစဉ် မြွေကြီးတစ်ကောင်သည် အပင်ကြီး၏ ထိပ်မှ ငှက်သိုက်ရှိရာသို့ တရွေ့ရွေ့ဖြင့် လာနေသည်။ ငှက်သိုက်ထဲမှာငှက်မကြီးသည် သားပေါက်ငှက်ကလေးများနှင့် အတူရှိနေသည်။ ငှက်မသည် မြွေကြီးအနားတိုးကပ်လာသည်ကို မြင်လိုက်ရာ ...

"ကျ ... ကျလိ၊ ကျလိ ..."

"ဖလပ် ... ဖလပ် ... ဖလပ် ..."

လန့်ဖျန့်ပြီးတော့ အော်လိုက်သည်။ မြွေကြီးကိုလည်း အတောင်နှင့်ရိုက်သည်။ နှုတ်သီးနှင့်ဆိတ်သည်။ သူ့အရွယ်နှင့် စွမ်းအားရှိသလောက် တိုက်ခိုက်သည်။ မြွေကြီးသည် ငှက်မကြီးက တိုက်ခိုက်လိမ့်မည်ဟုမထင်။ ထို့ကြောင့် သူလည်းလန့်သွားပြီး၊ တစ်နေရာကို ထွက်သွားသည်။ ထိုအခါ ပျားအုံကြီးကို ဝင်တိုးမိသည်။

"ဝီ ... ဝီ ... ဝီ ... ဝီ ..."

ပျားများသည် ရုန်းရင်းဆန်ခတ်ဖြစ်သွားခဲ့ကြသည်။ အားလုံးအုံကြွပြီး မြွေကြီးကို တိုက်ခိုက်လေတော့သည်။ ဝိုင်းပြီးတော့ တုတ်ကြသည်။ မြွေကြီးသည် ပျားများက အလုံးအရင်းနှင့်ဝိုင်းတုတ်ကြသည့်ဒဏ်ကို မခံနိုင်။ ဒေါသလည်းထွက်လာကာ ပျားအုံကြီးကို အမြီးကြီးနှင့်ယမ်းကာ တိုက်ခိုက်သည်။ ခေါင်းနှင့်လည်းပစ်ရိုက်သည်။

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

သစ်ပင်ထက်မှ ထွက်ပေါ်လာသောအသံများကို အောက်





မှလူများက မမျှော်လင့်ဘဲ ကြားလိုက်ကြရသည်။ မော့ကြည့်လိုက်ကြသည်။ ထိုအခါ မည်းမည်းသဏ္ဌာန်ကြီးတစ်ခုက သူတို့အပေါ်ကို တစ်ရှိန်ထိုးပင် ပြုတ်ကျလာခဲ့လေသည်။

"အင် ... ဟာ"

ရှောင်ချိန်မရလိုက်ကြပါ။ ပျားအုံကြီးသည် သူတို့အပေါ်ကို ပြုတ်ကျလာခဲ့သည်။ ပျားများက အောက်ကိုတန်းပြီးတော့ ဆင်းလာခဲ့ကြကာ ဝိုင်းပြီးတော့ တုတ်ကြသည်။ ပျားအုံပျက်စီးသွား၍ နောက်ထပ်ပျားများထွက်လာကြပြီး တုတ်ကြပြန်သည်။

"အား ... အား သေပါပြီဗျာ"

သေကောင်ပေါင်းလည်း အော်ဟစ်ကြကာ တစ်ချိုးတည်းထ,ပြီးတော့ ပြေးကြလေတော့သည်။ အငြိုးကြီးသော ပျားများက နောက်မှနေ၍တန်းပြီးတော့ လိုက်သွားကြလေသည်။ ပျားတွေက သူတို့ထက်ပိုပြီးတော့ မြန်ကြသည်။ အမှီလိုက်ကာ လမ်းတစ်လျှောက်လုံးတုတ်သွားခဲ့ကြသည်။ ပျားတွေက ကြွက်မြီးတန်းပြီးတော့ လိုက်သွားကြသလို အော်ဟစ်သံတွေကလည်း အဝေးကိုရောက်သွားကြသည်အထိ ထွက်ပေါ်နေဆဲ။

သုဒ္ဓလေးသည် ယင်းအချိန်တွင် မင်းထက်ရှိရာ သစ်ပင်အောက်ကိုရောက်နေခဲ့လေပြီ။

"အစ်ကို ... သည်ကောင်တွေ အလန့်တကြားနဲ့အော်ပြီးတော့ ပြေးသွားခဲ့ကြတာ ဘာဖြစ်လို့လဲ"

"ပျားအုံပြုတ်ကျတာလေ ... ပျားတွေကလိုက်ပြီးတုတ်ကြတော့ ပြေးကြရတော့တာပေါ့ ... သည်အတိုင်းရပ်နေကြလို့



www.burmeseclassic.com

www.burmeseclassic.com



ရတာမှမဟုတ်တာ ... လာ ... လာ ပြန်ကြရအောင်''

မင်းထက်လည်း အံ့အားသင့်သွားခဲ့ရလေသည်။ သည်အချိန်ကြီးမှာ ပျားအုံက ဘာကြောင့်ပြုတ်ကျပါလိမ့်ဟု စဉ်းစားရခက်သွားခဲ့လေသည်။

အာကာမင်း၊ ရောင်စိန်နှင့်တကွ သူတို့တစ်ဖွဲ့လုံး ပျားတုတ်ခံလိုက်ကြရသည်။ ပျားများသည် အငြိုးတကြီးဖြင့် အိမ်အထိ လိုက်ပြီးတော့ တိုက်ခိုက်ကြသည်။ တစ်ကိုယ်လုံး ပျားတုတ်ရာများဖြင့် သီးထနေကြကာ မျက်နှာအသီးသီးတို့သည်လည်း ယောင်ကိုင်းနေကြသည်။ နဂိုမူလရုပ်များပင် ပျောက်ကွယ်သွားခဲ့ကြသည်။ မြင်သူတွေ ရုတ်တရက် မမှတ်မိနိုင်တော့လောက်အောင်ပင် ဖြစ်သွားခဲ့ကြလေသည်။

''တောက် ... ငါတို့ သုဒ္ဓလေးနဲ့ ရင်ဆိုင်မိလိုက်တိုင်း အခုလိုပဲဖြစ်တယ် ... သည်ကောင်ဟာ အန္တရာယ်ကောင်၊ တမင်ပြုစားလိုက်တာပဲဖြစ်ရမယ်''

အာကာမိုးသည် မကျေမချမ်းနှင့်ပြောလိုက်သည်။ သူနှင့်အပေါင်းအသင်းများအားလုံးသည် တော်တော်လေးကို ဆေးကုသခဲ့ကြရသည်။ တစ်လနီးပါးအထိ အိမ်အပြင်ကို မထွက်ရဲကြတော့ပေ။ ဤကား ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်ဖြစ်ခဲ့သည်ကို သူတို့မသိခဲ့ကြပေ။



( ၁၂ )

## နောင်တအကြို

အိမ်နောက်ဘက် ဖိုရုံလေးထဲတွင် ဖားဖိုမှမြည်သံများက တရှူးရှူးတရှဲရှဲဖြင့် ထွက်နေလေသည်။ သုဒ္ဓလေးသည် ဖားဖိုကိုဆွဲကာ တလှုပ်လှုပ်နှင့် အလုပ်ရှုပ်နေသည်။ မီးဖိုမီးသည် လင်းလာလိုက်၊ မှောင်သွားလိုက်နှင့် ရှိနေသည်။ ထည့်ထားသောလုံသည်လည်း မီးကျီးခဲများကြားမှ ရဲရဲတောက်နေကြလေပြီ။ အများတကာတွေ အိပ်နေကြသော်လည်း သုဒ္ဓလေးမှာ ကိုယ့်အလုပ်နှင့်ကိုယ်ဖောကပ်နေသည်။ သူ့အတွက် အချိန်ဆိုတာမရှိ။ ခေါင်းထဲထည့်စရာမလို။

''အစ်ကို ... ''

မင်းထက်က ဖိုရုံဆီကို ရောက်လာသည်။ သုဒ္ဓလေးကို လှမ်းခေါ်လိုက်သည်။ မိမိ၏စိတ်က အာရုံစူးစိုက်မှုနှင့်နှစ်ထားရမည့်နေရာကိုရောက်နေသည်။ မင်းထက်ခေါ်လိုက်သည်ကို



www.burmeseclassic.com

www.burmeseclassic.com



ခြောသေးရှေးသလားမသိ။ မင်းထက်အထဲကိုဝင်လာမှ ...

"ညီလေး ... မင်း မအိပ်သေးဘူးလား ... အပြင်ကို သွားတာလား ... ဒါလောက်ညဉ့်နက်နေတာတောင်"

"မဟုတ်ဘူး အစ်ကို ... ကျွန်တော် ဘယ်ကိုမှမသွား ဘူး အိမ်ပေါ်မှာပဲရှိနေတာ ... အစ်ကို့ဆီ တမင်လာခဲ့တာ"

"ဘာကြောင့်လဲ"

"ဝိုင်းကူမလို့ပါ"

သုဒ္ဓလေးက ပြုံးလိုက်သည်။ မှတ်ဆိတ်နီနီနှင့် မျက်နှာက တစ်မျိုးကျက်သရေရှိနေသလိုပင်။ မင်းထက်သည် သူ့အစ်ကိုကို ကြည့်ပြီး ထူးဆန်းနေသည်ဟုထင်သည်။ ဘာတွေထူးဆန်းနေ မှန်းမသိ။

"ငါ့အလုပ် မင်းနားမလည်ပါဘူးကွာ၊ အချိန်ဖြုန်းမယ့် အစား ဒီအချိန်မှာ စာပေကိုလေ့လာနေတာ အကောင်းဆုံးပဲ၊ မင်းရဲ့လက္ခဏာက မြို့ပိုင် မင်းစိုးရာဇာဖြစ်လိမ့်မယ်"

"ကျွန်တော့်ကျောင်းစာလည်း မပျက်ကွက်ပါဘူး၊ စိတ်ချ ပါ ... အစ်ကိုဖြစ်စေချင်တာ မှချဖြစ်စေရမယ်"

"အေး ... ညဘက် အပြင်ကိုမထွက်တာ အကောင်းဆုံး ပဲ၊ ရာဇဝတ်မှုဖြစ်တတ်တယ်၊ ကိုယ့်ဘက်ကမှန်နေတယ်ဆိုတာ တောင် မရှောင်နိုင်ရင် ကိုယ့်အသက်ကိုကာကွယ်တယ်ပဲထား၊ တစ်ယောက်ယောက်ရဲ့အသက်ကို ထိပါးလာခဲ့ရင် အဲသည့်သူ ထိခိုက်ဒဏ်ရာရခဲ့ရင် ဒါမှမဟုတ် သေဆုံးသွားခဲ့ရင် ဒါဟာ ရာဇဝတ်မှုပဲ၊ မင်းပြစ်မင်းဒဏ်သင့်ခံရမှာပဲ နားလည်လား"





"ဟုတ်ကဲ့"

"ဟိုတလောကကိစ္စဟာ သာမန်လို့ထင်ရပေမယ့် မင်း သူတို့နဲ့သာပက်ပင်းတိုးမိရင် အကျိုးနည်းနိုင်တယ်၊ သူတို့က အခြေခံသိုင်းပညာကိုတီးမိခေါက်မိရုံတောင်မရှိကြဘူး၊ မင်းက အဲသည့်ပညာတွေအကုန်တတ်ထားတာ၊ တကယ်သာဖြစ်ခဲ့ရင် ဘယ်သူနာမလဲ၊ သူတို့ပဲနာမယ်၊ မင်းလက်ချက်နဲ့ အနည်းဆုံး တစ်ယောက်ကတော့သေမှာပဲ"

မင်းထက်သည် သုဒ္ဓလေး၏လက်ထဲမှ ဖားဖိုကိုလက် ပြောင်းလက်လွှဲယူလိုက်သည်။ ထို့နောက် ဖားဖိုဆွဲရာမှ တရှူးရှူး တရှဲရှဲအသံက ထွက်ပေါ်လာခဲ့လေသည်။ ထိုအခါ မီးဖိုထဲမှ မီးသွေးခဲများသည် ရဲခနဲ၊ ရဲခနဲဆို တက်လာခဲ့ကြသည်။ မီးကျီးခဲ ရဲရဲများကို စူးစိုက်ကာကြည့်နေမိသည်။ သုဒ္ဓလေးကတော့ ပုရပိုဒ် တကို တဲထဲက်မှာ မီးတိုင်ခွက်ရှေ့ထားပြီးတော့ စူးစိုက်ကာ ဖတ်နေသည်။ မိမိ၏ အဘိုး၊ အဘွား၊ မိဘကစပြီးတော့ သုဒ္ဓ လေး၏ ဝါသနာကို မတားဆီးကြပေ။ သူ့ဗီဇနှင့်အတူ ဘဝအဆုံ ဆက်ပါလာသူမို့ ခွင့်လွှတ်နားလည်ပေးထားကြသည် မဟုတ်ပါ လား။

မင်းထက်သည် အစ်ကို၏အလုပ်ကို စိတ်မဝင်စားသော် လည်း လိုအပ်လာလျှင် ဝိုင်းကူသည်။ အစ်ကို့ကိုလည်း ချစ်သည်။ စကားနားထောင်သည်။ ဖားဖိုကို ခပ်မှန်မှန်လေးဆွဲပေးနေသည်။ အတန်ကြာသော မျက်လုံးအစုံက မီးဖိုထဲကိုသာ စေ့ငေါ်နေ သည်။ ကြည့်နေရင်းက တစ်ချက်ငိုက်မြည်းသလို ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရွာလယ်မကြီးပေါ်တွင် အာကာမိုးနှင့်ရောင်စိန်တို့အဖွဲ့။

"ဟော့ကောင် မင်းထက် ... မင်းကို ငါပြောထားတယ် မဟုတ်လား ... ပန်းခက်နဲ့မပတ်သက်ပါနဲ့လို့ဆိုတာ ... ခုတော့ မင်းက ပန်းခက်ရဲ့အချစ်ကိုပါရအောင်ယူလိုက်ပြီ၊ ဒါ ငါ့ကို ပမာမခန့်လုပ်တာပဲ"

မင်းထက်သည် အာကာမိုး၏ရှေ့မှ ဖွတ်ထွက်သွားရန် ကြိုးစားသည်။ သို့သော် အာကာမိုးက မင်းထက်၏လက်မောင်းကို ဆွဲထားလိုက်သည်။

"မင်း သည်လိုလုပ်လို့ မရဘူးလေ ... ပန်းခက်နဲ့ အဆက်ဖြတ်ပါ့မယ်လို့ပြော ... မပြောရင် ရှေ့ဆက် မင်း ငါ့ အဆိုးမဆိုနဲ့ ... ငါ့အကြောင်း မင်းသိတယ်နော်"

ရောင်စိန်နှင့် အပေါင်းများကလည်း၊ မထီမဲ့မြင်အမူအရာမျိုးဖြင့် ရယ်လိုက်ကြသည်။ မင်းထက် စိတ်ထွက်သွားသည်။

"ပန်းခက်ကို အစ်ကိုလည်း ရအောင်ပိုးတယ်၊ ကျွန်တော်လည်းပိုးတာပဲ ... ဒါပေမဲ့ ပန်းခက်က ကျွန်တော့်ကိုလက်ခံလိုက်တယ် ... အဲဒါ ကျွန်တော် ဘာတတ်နိုင်မှာလဲ ... အစ်ကို ဒါလောက်တောင် သဘောထားမကြီးနိုင်ဘူးလား"

"ဘာကွ ... ငါက သဘောထားကြီးရမယ် ဟုတ်လား။ မကြီးနိုင်ဘူးကွ _ အကြံတူရင် ငါ့ရန်သူပဲ _ မင်းနောက်မဆုတ်ဘူးဆိုရင် သည်နေရာမှာပဲ ... မင်းနဲ့ငါ စာရင်းရှင်းကြမယ် မင်းထက် ..."

"ဟာ ... မဟုတ်သေးဘူးလေ အစ်ကို ... မိန်းကလေး





တစ်ယောက်ကိစ္စအတွက်နဲ့ သည်လိုနိုက်ရန်ဖေါ်သဖြစ်စရာမလိုပါ ဘူး၊ လူကြားလို့လည်းမကောင်းပါဘူး ... ရွာမှာ ပန်းခက်ထက် သာတဲ့မိန်းကလေးတွေ အများကြီးပါ ... ပြီးတော့ အစ်ကို့မိဘ တွေကလည်း ပန်းခက်နဲ့ပေးစားကြမှာမဟုတ်ဘူး ... သဘော မတူဘူးလို့သိရတယ်"

"မင်းကို ဘယ်သူပြောသလဲ"

"ပန်းခက်ကပြောတာ ... ပြီးတော့ အစ်ကိုက ပန်းခက် ကို အတည်ကြံတာမဟုတ်ဘူးတဲ့ ... အပျော်ကြံတာတဲ့ ... ဒါ ကြောင့် သူမကြိုက်နိုင်ဘူး ... စိတ်မဝင်စားဘူးလို့ပြောတယ်"

"တောက် ... ဒါ မင်း ပန်းခက်ကိုသွေးထိုးစကားပြော လို့ ... ငါ့ကို လက်မခံတာ ... မင်း မင်းလက်ချက်ပဲ ... မင်း မရှိမှ ပန်းခက်ရဲ့အချစ်ကို ငါရမှာကွ ... ကဲ"

"ဝုစ် ... ဝုစ်"

အာကာမိုးသည် ကျောထက်ရှိ အအိမ်ထဲမှဓားကို ဆွဲထုတ်လိုက်သည်။ ထို့နောက် မူးမူးထူးထူးနှင့် မင်းထက်ကို တစ်ချက်တည်းပိုင်းချလိုက်လေသည်။ မင်းထက်က သတိကြီးစွာ ထားနေသူမို့ ဖျတ်လက်သွက်လက်စွာပင် ခုန်ရှောင်လိုက်သည်။

"အစ်ကို ... အစ်ကို ... မှားမယ်နော် ... လွန်မယ် နော်"

"ဟော့ကောင် ... ငါမမှားဘူး ... မင်းကို မကျေနပ်ဘူး ... လောကကြီးထဲက အစပျောက်သွားအောင်ကိုလုပ်ပစ်မယ်ကွ ... မင်းမရှိမှ ပန်းခက်ကို ငါရမှာ"



www.burmeseclassic.com

www.burmeseclassic.com



အာကာမိုးသည် ဘာကိုမှမမြင်တော့။ ဓားဖြင့်ဝှေ့ကာရမ်းကာ တရစပ်ပင် လိုက်ခုတ်နေလေတော့သည်။ မင်းထက်သည် ဗရမ်းပတာ ဝင်လာသော ဓားချက်များကို မျက်စိရှင်ရှင်ဖြင့် ရှောင်တိမ်းနေလေတော့သည်။ ဓားကိုတော့ မထုတ်သေး။ လရောင်အောက်မှာ အာကာမိုး၏ဓားရောင်က လက်ခနဲ၊ လက်ခနဲနှင့် တစ်ချက်မှမထိ၍ အာကာမိုးဒေါသထွက်လာသည်။

"ဟေ့ကောင်တွေ ဘာရပ်ကြည့်နေတာလဲ၊ ဝင်ခုတ်ကြပါတော့လား။ တော်တော်ကြည့်ကောင်းနေကြတယ်ထင်တယ်"

ထိုအခါကျမှ ရောင်စိန်နှင့်အဖော်များသည် ဓားများကိုဆွဲထုတ်ကာ ဝင်ခုတ်ကြလေတော့သည်။ သူတို့အထဲတွင် မောင်စိန်က ဓားသိုင်းအခြေခံအနည်းငယ်ရှိသည်။ သို့သော် အရမ်းကာရော ဝင်ပြီးထိုးခုတ်ကြသည်။ မင်းထက်ကို ဝိုင်းထားကြသည်ဖြစ်၍ မနေသာတော့၊ ဓားကိုထုတ်ရလေတော့သည်။ ခြောက်လှန့်ရုံလောက်တော့ ပြလိုက်မည်ဟု ...

ထို့ကြောင့် မင်းထက်သည် ဝင်လာသောဓားချက်များကို ပြန်လည်၍ ပက်ထုတ်နေရလေသည်။

"ထန်း ... ထန်း ... ထန်း"

ရောင်စိန်တို့သည် အာကာမိုး၏ပေးစာ၊ ကမ်းစာများကို စားထားကြသူမျိုး။ ထို့ကြောင့် အမှားအမှန်ကို မစဉ်းစားမိကြတော့ဘဲ မျက်နှာလိုမျက်နှာရဖြင့် အရမ်းကာရောဝင်လာခဲ့ကြခြင်းပင်။ မင်းထက်အနေနှင့်သာဆိုလျှင် သူတို့အားလုံးကို အချိန်အနည်းငယ်အတွင်းမှာပင် ပွဲသိမ်းပစ်လိုက်နိုင်သည်။ သို့သော်





သူ့လက်ကို သွေးမစွန်းချင်ပါ။ ဤပညာသည် သူတစ်ပါးကို အနိုင်ကျင့်ဖို့မဟုတ်ပါ။ မိမိအသက်ကိုကာကွယ်ရန်သာ ကတိသစ္စာပြုထားရသည်။

တစ်ကြိမ်တွင် မင်းထက်ကို ရှေ့ရောနောက်ပါ နှစ်ဖက်ညှပ်ပြီးတော့ တိုက်ခိုက်ကြသည်။ ရောင်စိန်က ရှေ့မှတဓွတ်ထိုးဝင်လာခဲ့စဉ်မှာ နောက်ဘက်မှ အာကာမိုးကလည်း ပြေးဝင်လာသည်။ မင်းထက်၏လက်ကိုပိုင်းချလိုက်သည်။ ထိုအခါ မင်းထက်မှာ သတိတစ်ချက်လစ်သွားခဲ့လေရာ ...

ဓားကို နောက်ကိုတစ်ချက်တွက်ထည့်လိုက်သည်။

"အား ... "

ထို့နောက် ကိုယ်ကိုတစ်ပတ်လှည့်လိုက်ကာ လက်ကိုင်ရိုးကို ဦးဝိုက်ကာကိုင်၍ ရှေ့ကလူကိုပွတ်ဆွဲလိုက်သည်။

"အား"

ရောင်စိန်က ငယ်သံပါအောင် အော်လိုက်သည်။ လက်မောင်းမှာ အစင်းကြီးထင်သွားသည်။ မျက်လုံးအစုံပြူးထွက်သွားကာ တောင့်တောင့်ကြီးဖြစ်သွားသည်။ ဒူးညွှတ်၍ ခွေခနဲလဲကျသွားခဲ့လေသည်။ နောက်ဘက်မှာလည်း အာကာမျိုးမှာ မှောက်လျက်လဲကျနေသည်။ မလှုပ်တော့။

"ဟင် ... "

"မင်းထက် ... မင်းထက်က အာကာနဲ့ရောင်စိန်တို့ကို သတ်လိုက်ပြီဟေ့ ... ပြေး ... ပြေးကြ"

ကျန်အဖော်များသည် အထိတ်တလန့်ဖြင့် ထွက်ပြေးကြ



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။ မင်းထက်သည် လဲကျသေဆုံးနေကြပြီဖြစ်သော လူနှစ်ယောက်ကိုကြည့်ပြီး ကြောက်လန့်သွားမိသည်။ သူ လက်လွန်သွားပြီကို သိလိုက်ရသည်။

"ငါ ... ငါ ... သူတို့ကို သတ်မိလိုက်ပြီ၊ ငါဘယ်လို လုပ်ရမလဲ ... ရာဇဝတ်မှုဖြစ်ပြီး ငါ့ကိုဖမ်းကြတော့မှာ ... သည်မှာဆက်နေလို့မဖြစ်တော့ဘူး ... ပြေးမှ ... ငါလွတ်ကျွတ် ရာကိုပြေးမှဖြစ်တော့မယ်"

သူတစ်ကိုယ်လုံး ချွေးစေးများပြန်လာခဲ့သည်။ သူ နောက်ဆုတ်၊ နောက်ဆုတ်နှင့်ရှိနေရာမှ တစ်ချိုးတည်းလစ်ကာ ထွက်ပြေးလေတော့သည်။

မင်းထက်သည် ငိုက်မြည်းနေရာက ဖျတ်ခနဲဆို သတိရလာသည်။ တစ်ခဏအိပ်ပျော်သွားခြင်းလည်း ဖြစ်နိုင်သည်။ သူသည် ဖားဖိုကို ဆွဲနေရာက သတိလစ်ပြီး အိပ်ငိုက်သွားခြင်း သာ၊ သူ့ရှေ့တွင် မီးကျီးခဲများမှာ၊ မီးအရှိန်က ကျနေသည်။ ထို့ကြောင့် ဖားဖိုကို ဆက်ပြီးတော့ ဆွဲနေလေသည်။ သူထိုင်နေ လျှက်ကပင် အိပ်မက်,မက်နေခဲ့သည်။ အာကာမိုးတို့လူတစ်သိုက် နှင့်အချင်းများကြသည်။ တကယ်ပင် ဖြစ်နေသလိုထင်ရသည်။ သူ့လက်ချက်ဖြင့် အာကာမိုးနှင့် ရောင်စိန်နှစ်ဦးစလုံးသေဆုံး





သွားကြသည်။ ခိုက်ရန်ဒေါသဖြစ်ပြီး တိုက်ခိုက်ကြသောအချိန် သည် လသာသောညဖြစ်၏။

သူဒွေးလေးနှင့် သူ ဘုရားမှပြန်လာကြသောအချိန်၊ ယင်း ကာလဆီကို စိတ်ကရောက်သွားခဲ့သည်။

"ဘုရား ... ဘုရား ... ငါနဲ့အစ်ကို ဘုရားက ပြန်လာ တဲ့အချိန်ပါလား ... အစ်ကိုက ငါ့ကိုသစ်ပင်တစ်ပင်အောက်မှာ သွားနေခိုင်းတယ် ... တကယ်လို့သာ အစ်ကို့စကားကို နား မထောင်ဘဲ ငါတစ်ယောက်တည်းသာသတ်ပြီးသွားမယ်ဆိုရင် သင်းတို့နဲ့ မုချရင်ဆိုင်ရမှာပဲ ...

ငါ့လက်ချက်နဲ့လည်း သင်းတို့ ခုလိုပိုးစိုးပက်စက်ဖြစ်ကြ မှာပဲ ... အိပ်မက်ဆိုပေမယ့် တကယ်ဖြစ်နေသလိုခံစားနေရတာ ပါပဲလား ... "

စဉ်းစားရင်း ဖောချွေးများပင် ပျံလာခဲ့ရသည်။ မီးဖိုမှ မီးရှိန်ကြောင့် အပူအဟပ်ခံရခြင်းထက် ကြောက်ရွံ့မှုကြောင့် ဖြစ်ပေါ်လာသော ရင်ထဲကအပူ၊ ယင်းအပူငွေ့များသည် မျက်စိ၊ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်များ စသည့် ဒွါရအပေါက်များမှ တစ်ဆင့် တလူလူဖြင့် အူကာထွက်နေသည်။

ဒေါသစိတ်သည် ဘေးဖြစ်စေနိုင်သည်။ လူကို အညွန့်တုံး စေနိုင်သည်။ သူ နားလည်ခဲ့လေပြီ။

"ရန်ကိုရှောင်နိုင်တာ အကောင်းဆုံးပဲကွ ... မရှောင်ဘဲ ဖွတ်ထိုးမယ်ဆိုရင်တော့ ... အဲ့သလို မလိုလားအပ်တာတွေ ဖြစ်လာမှာပဲ ... ပါဏာတိပါတာကံကို ကျူးလွန်မိခဲ့တဲ့အကျိုး



www.burmeseclassic.com

www.burmeseclassic.com



ဆက်က နောင်တရခြင်း၊ ကြောက်လန့်ခြင်း၊ ယူကျုံးမရဖြစ်ခြင်း၊ ကျူးလွန်ခဲ့ပြီးတဲ့အပြစ်ကို ပြန်လည်၍ပြုပြင်လို့မရတော့ခြင်း၊ စိတ်နှလုံးမသာယာခြင်းတို့ တစ်ပြိုင်တည်းစုပြုံပြီးတော့ ခံစားလာရလိမ့်မယ် ညီလေး''

သုဒ္ဓလေးသည် တဲထက်က လှမ်းပြီးတော့ ပြောလိုက်သည်။ မင်းထက် ကြည့်လိုက်စဉ်မှာ မီးရောင်အောက်တွင် သုဒ္ဓလေး၏မျက်နှာသည် တည်ကြည်၊ ကြည်လင်လျက်ရှိသည်။

''ငါ အိပ်မက်မက်ခဲ့တာ၊ တွေးနေတာကို အစ်ကိုသိနေသလိုပဲ''

''ကဲ ... ကဲ ... သိပ်ပြီးတော့ ညဥ့်နက်မခံနဲ့ညီလေး၊ သွားအိပ်ချေတော့ ... မနက်ဖြန်ဆို မြို့ကိုပြန်သွားရမယ်မဟုတ်လား ... ''

''ဟုတ်ကဲ့ အစ်ကို''

မင်းထက်သည် တဲထဲမှထွက်လာခဲ့သည်။ ခြေလှမ်းတွေကတော့ ယိုင်တိုင်တိုင်၊ ရင်ထဲမှာလည်း တလှပ်လှပ်နှင့်၊ ပြစ်မှုကို တကယ်ပင် ကျူးလွန်မိခဲ့သလို ခံစားနေရသည်။ သို့သော် စဉ်းစားကြည့်သောအခါ မိမိ မကျူးလွန်ခဲ့ကြောင်း သိလိုက်ရ၍ ဝမ်းသာသွားခဲ့ရလေသည်။

''အစ်ကိုဟာ ငါ့အတွက်နဲ့ စိတ်အနှောင့်အယှက်ဖြစ်ရတယ် ... ငါ့ကိုလည်း စိတ်မချလို့ သူ့အလုပ်ကိုတောင် စိတ်ဖြောင့်ဖြောင့်လုပ်နိုင်ရဲ့လားမသိ ... ငါဟာ သူ့လမ်းကြောင်းပေါ်မှာ ဆူးညှောင့်ခလုတ်အဖြစ်မခံနိုင်ဘူး ... ငါ ဆင်ခြင်ရမယ်''





မင်းထက်သည် မိမိနှင့်စရိုက်မတူကြသောသူများနှင့် ပြိုင်ပြီး မမိုက်ရန် စိတ်ပိုင်းဖြတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

## အထုံပါရမီကိုကူညီဖြည့်ဆည်းပေးသူ

နံနက်စောစောတွင် မင်းထက် အိပ်ရာကပုံမှန်နိုးလျှက် ညဘက်ဘယ်လောက်ပဲ အိပ်ရေးပျက်ပျက် နေမြင့်အောင် မအိပ်တတ်၊ မျက်နှာသစ်အပြီး ဘုရားဝတ်ပြုသည်။ ထို့နောက် မိခင် မဝေမို ကြော်ပေးသော ထမင်းကြော်ကိုစားသည်။ အဘိုးဦးပေါက်ကျော်ကတော့ ဘုရားဝတ်ပြုအပြီး ခြံထဲမှာ တံမြက်စည်းလှည်းလျှက်ရှိသည်။

"အဘိုး ... မင်းထက် နိုးပြီလား"

"အေး နိုးပြီကွယ့် ... အိမ်ပေါ်မှာလေ"

ပန်းခက် အိမ်ပေါ်ကို တက်သွားသည်။ မင်းထက်က ပန်း ခက်ကို မော့ကြည့်လိုက်ပြီး ...

"ငါ အိမ်ပေါ်မှာထိုင်နေတာ မမြင်ဘူးလား"

"မမြင်လို့ပေါ့ဟဲ့ ... တကာတည်းတွေ့လိုက်မှဖြင့် ဘုကလန့်





စကားပဲပြောချင်နေ ... "

"ဒါနဲ့ ငါ့ဆီကို စောစောစီးစီးလာတာက"

"နင် သည်နေ့မြို့ကိုပြန်မှာမဟုတ်လား ... အဲဒါ နင့်အတွက် ပေါ့ဒါလေးတွေလာပေးတာ ... ဒါက နင်စားဖို့ ပဲငါးပိ ငါချက်ထားတာ၊ သက်သက်လွတ်လေ ... နင်စားရမယ် နော်"

"အေးပါဟာ ... ငါက မစားဘဲနေမှာမို့လား ... နင့် လက်ရာဆိုရင်က ငါကတစ်သက်လုံးစားသွားချင်တာ"

"အံမယ် ... အပိုတွေ ... ဒါက မျက်နှာသုတ်ပဝါနဲ့ ကိုယ်တိုက်ဆပ်ပြာ"

"ပန်းခက်ရာ နင်လည်း ငါ့အတွက်အကုန်အကျခံလို့ ငါ့ဆီမှာက ဒါတွေကိုသုံးဖို့ရှိပါသေးတယ်ဟ"

"နင်လျှာမရှည်ပါနဲ့ ငါက စေတနာနဲ့ပေးတာ ... ယူ"

မင်းထက်က ရယ်ကြဲကြဲနှင့် လုပ်နေသည်။ သူသည် ဘီးလင်းတွင် ဒသမတန်းကျောင်းသားအဖြစ် အတန်းကျောင်း တက်နေသူဖြစ်သည်။ အိမ်တစ်အိမ်ကို အတန်းတူကျောင်းသား ငါးယောက်စုရှ်ငှားကာ နေထိုင်ကြသည်။ ရေခင်းရွာကလေး၏ ဂုဏ်ဆောင် ရှားပါးသော ကျောင်းသားတစ်ဦးပင်။ စာကြိုးစားသူ တစ်ဦးမို့ အထူးမှာစရာမလိုပါ။

"ဪ ... ဒါနဲ့ ဟို အာကာမိုးနဲ့ရောင်စိန်တို့အုပ်စု ဗျားတုတ်ခံကြရပြီး ဒဏ်ရာကြောင့် အိမ်ထဲက အိမ်အပြင်ကို ဆောင် မထွက်ရဲကြတော့ဘူးလို့ကြားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါလည်း ကြားတယ် ... သည်ကောင်တွေ ပျားတက်ဖွက်ကြသလားမှမသိတာ ... နင် အာကာမိုးကို သတင်းလေးဘာလေးသွားမေးလိုက်ပါဦးလား"

"အံမာ ... ဘာလို့သွားမေးရမှာလဲ"

"မသိဘူးလေ"

"နင် ငါ့ကို အဲသည်ကောင်နဲ့ပတ်သက်စေချင်တာမျိုး စကားဦးမသန်းနဲ့... ငါ နင့်ကိုမှာစရာရှိတယ်၊ သူတို့က နင့်ကို ရန်ရှာချင်နေကြတာ နင် သူတို့နဲ့ဖက်ပြီးတော့ မဖြစ်ပါနဲ့၊ ငါ နင့်အတွက် စိုးရိမ်လို့ပြောတာ"

"အေးပါ ... ငါနားလည်ပါတယ်"

ထိုစဉ် ... မဝေမိုရောက်လာပြီး ...

"ဩော် ... ပန်းခက်ရောက်နေတာကိုး"

"ဟုတ်ကဲ့ _ ဒေါ်ဒေါ် သည်မှာ မြို့ကိုပြန်မယ့် မင်းထက် အတွက် ပေးစရာလေးတွေရှိလို့ လာပို့တာ ... ပြီးတော့ သူ့ကို လည်း ဆုံးမနေရသေးတယ်ဒေါ်ဒေါ်ရဲ့ ... ရန်ဖြစ်မှာစိုးလို့"

"အံမယ် ... အမေ ... သူက ကျွန်တော့်ကို ဆုံးမတာ တဲ့အမေ ... ပန်းခက် နင်က ငါ့ထက်တစ်လငယ်တယ်နော်"

"ငယ်ငယ် ကြီးကြီး ဆုံးမလို့ရတယ်"

"ဟင် ... နင်က ဖွတ်ကြီးပါလား"

ရယ်ရယ်မောမောနှင့်ရှိနေကြသည်။ ပန်းခက်သည် တစ် ခဏအကြာတွင် နှုတ်ဆက်ပြီးတော့ ပြန်သွားခဲ့လေသည်။

"သား အာကာမိုးတို့နဲ့ အချင်းမဖြစ်နဲ့နော် _ လူကြားလို့





လည်းမကောင်းဘူး ... ရှက်စရာကြီး"

"စိတ်ချပါအမေ ... သားရန်မဖြစ်ပါဘူး ... အစ်ကိုက လည်း မကြာခဏသတိပေးပါတယ်"

"အေး ... အေး ... ကိုယ့်ကိုယ်ကိုယ်လည်း ဆုံးမမှရ တာကွယ့်"

"ဟုတ်တယ်သား ... သည်ကလေးတွေက မိဘတွေရဲ့ အလိုလိုက်တာကိုခံထားရတော့ သွေးကြွနေကြတယ် _ ပြီးတော့ အာကာမိုးဟာ သားကိုလည်း မကျေနပ်ချက်တစ်ခုခုရှိနေတယ်လို့ ကြားရတယ်၊ သူတို့နဲ့ လုံးဝမပတ်သက်နဲ့ ... အဖေတို့လည်း ပြဿနာဖြစ်လာရင် အဲသည်အရှုပ်အထွေးထဲကိုလိုက်ပြီးတော့ မပါချင်ဘူး ... လိုက်လည်းမရှင်းနိုင်ဘူး"

ကိုသာလှ အခြေအနေကိုရိပ်စားမိပြီးတော့ ပြောသည်။ အာကာမိုးသည် ပန်းခက်နှင့်ပတ်သက်ပြီး မင်းထက်ကို မကျေ နပ်။ ဒါကိုသိသည်။

"ကျွန်တော် _ သူတို့နဲ့ဆုံစရာအကြောင်းမရှိပါဘူးအဖေ"

"အေးအေး _ မင်းအစ်ကိုလိုနေ _ သူက ကိုယ့်အပေါ် ကို မကျေနပ်တဲ့သူ ရန်ရှာတဲ့သူကိုတောင် မေတ္တာနဲ့ တုံ့ပြန်တာ၊ မေတ္တာတရားဟာ အကောင်းဆုံးလက်နက်ပဲ"

ကိုသာလှ၏စကားကြောင့် ခြံထဲတွင် တံမြက်စည်းလှည်း နေသော ဦးပေါက်ကျော်က မသိမသာပြုံးမိလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးပေါက်ကျော်၏အိမ်ကို လာရောက်တတ်ကြသောသူများသည် သုဒ္ဓလေး၏ဗိုရုံကို မမြင်ချင်သော်လည်း မြင်ကြရသည်။ ထိုအခါ မေးစမ်းကြသည်။ စပ်စုကြသည်။ သို့ဖြစ်၍ မိသားစုသည် မဖြေချင်ဘဲလည်းဖြေကြရသည်။ ရှေ့တင်မှာတင် မဝေဖန်ကြ၊ ကွယ်ရာမှာတော့ ဘာပြောကြသလဲမသိ၊ စကားတစ်ခွန်းကတော့ ထွက်လာသည်။

"သည်ကောင်က အင်္ဂရိတ်ရူးကွ ... ငယ်ငယ်ရွယ်ရွယ်လေးနဲ့ လျှောက်လုပ်နေတာက မတန်မရာတွေ ရူးလိမ့်မယ်"

တစ်ယောက်ကအစတစ်ရာ၊ စကားတွေက ပတ်လည်ရိုက် ပြီး သူတို့နားထဲကိုပင် ပြန်ပြီးတော့ ရောက်လာကြသည်။ ထား တော့ တရားသမားပေမို့ ထိုသူများကို မေတ္တာပို့သည်။ အချို့ကို ချစ်လည်းမချစ်၊ မုန်းလည်းမမုန်း။ ဥပေက္ခာတရားနှင့်ဆက်ဆံ သည်။ မျှားမကြာမီမှာပင် ဗိုရုံသည်လည်း ဖျက်ဆီးခံလိုက်ရ သည်။ သုဒ္ဓလေး၏ဆန္ဒအရ ဖျက်လိုက်ခြင်းပါ။ တစ်ရက်တွင် ရဲမင်းသည် သုဒ္ဓလေးဆီကို ရောက်လာခဲ့သည်။

"မင်းရဲ့ဗိုရုံကို ဖျက်လိုက်တာ ငါစိတ်မကောင်းပါဘူးကွာ၊ ဟုတ်လည်းဟုတ်တယ်၊ လူတွေက ဒါလောက်တောင်စပ်စုကြတာ ... မင်းနေရာမှာ ငါဆိုရင်လည်း သည်လိုပဲလုပ်မိမှာပဲ"

"သည်လိုပေါ့ကွာ ... ပါးစပ်ဆိုတာ ဘာလုပ်ဖို့လဲ၊ စကားပြောဖို့ထားတာ၊ ကောင်းတာရော ဆိုးတာရောပြောကြမှာပဲ ... ငါ ဘယ်လိုမှသဘောမထားပါဘူးကွာ"





"သုဒ္ဓလေး ... မင်းက ကိုယ့်အလုပ်လည်းလုပ်ရတယ်၊ အိမ်အလုပ်ကိုလည်း မဖြစ်မနေ ဝိုင်းပြီးတော့ကူညီသေးတယ်၊ အဲသည်တော့ ကိုယ့်အလုပ်အတွက် စိတ်ထင်တိုင်းမပေါက်ဘူးပေါ့ကွာ"

သုဒ္ဓလေးက ငြိမ်နေသည်။ ရဲမင်းက အကဲခတ်နေသည်။

"မင်း ငါ့ဆီက အလုပ်တောင်းချင်လို့မဟုတ်လား။ ပြီးတော့ ငါ့ကိုလည်း ကူညီရာရောက်အောင်လို့မဟုတ်လား"

ရဲမင်း အံ့အားသင့်သွားခဲ့ရလေသည်။ သူ၏အတွင်းမနောကို ဖောက်ပြီးတော့ မြင်နေသလားဟု၍ ...

"အေး ... ဟုတ်တယ် ... မင်းထက်ကလည်း ကျောင်းသားဆိုတော့ သူ ရွာကိုပြန်လာမှသာ လယ်အလုပ်ကိုဝိုင်းကူလုပ်ပေးနိုင်တယ် ... မင်းတစ်ယောက်တည်း မင်းရဲ့အဖေနဲ့ အလုပ်လုပ်နေရတာဆိုတော့ ငါတွေးကြည့်မိတယ်လေ အလုပ်မှာအာရုံစိုက်နေရရင် မင်းအလုပ်ကို ဦးစားပေးလို့မရတော့ဘူး။ အဲဒါလည်းပါတယ် ... ပြီးတော့ ငါလည်း တခြားလယ်မှာလုပ်မယ့်အတူတူ မင်းတို့ဆီမှာပဲစာရင်းငှားလုပ်မလားလို့ ... ဒါမှလည်း ငါ မင်းကိုကူညီရာရောက်မှာ"

တကယ့်စိတ်ရင်းဖြင့် ပြောနေမှန်း သုဒ္ဓလေးသိသည်။

"မင်း ငါ့ကို ဘယ်လိုမှမအောက်မေ့နဲ့ သုဒ္ဓလေး ငါလည်း တီးမိခေါက်မိထားတာလေးတွေရှိပါတယ် ... မင်းက ဘဝအထုံရေစက် ပဋ္ဌာန်းဆက်ပါလာတယ်၊ အခု မင်းလုပ်နေတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ပေါ့ကွာ၊ ငါ့ရဲ့ဆန္ဒကတော့ မင်း အခုံး



www.burmeseclassic.com

www.burmeseclassic.com

တိုင် ပေါက်မြောက်အောင်မြင်စေချင်တယ်၊ ငါ့ဘကြီးဟာလည်း မင်းလိုကိုစွမ်းတွေလုပ်ပြီး ပေါက်မြောက်သွားတာပဲလို့ ပြောကြတာပဲ ... ငါတော့ သူ့ကိုမမြင်ဖူးလိုက်ပါဘူး''

''မင်းကူညီနိုင်ရင်တော့ အကောင်းဆုံးပေါ့ကွာ၊ ငါလည်း မိတ်ထင်တိုင်းမပေါက်လို့ အားမလိုအားမရဖြစ်နေတာကွ၊ ရဲမင်း မင်းဟာ ငါ့ရဲ့အထုံပါရမီကိုဖြည့်ဆည်းပေးနိုင်တဲ့သူတစ်ယောက် ဖြစ်လာလိမ့်မယ် ... ငါ ပေါက်မြောက်အောင်မြင်ခဲ့ရင် မင်းရဲ့ ကျေးဇူးကိုဆပ်မယ်''

''ဟာ ... ကျေးဇူးစကားမပြောပါနဲ့ကွာ ... ဒါဟာ ကျေးဇူးမဟုတ်ပါဘူး ... တုံ့ပြန်မေတ္တာ ... တုံ့ပြန်မေတ္တာလို့ ခေါ်တယ် ... ငါ့ကြောင့် လူတစ်ယောက်က ကောင်းကျိုးတစ်ခု ဖြစ်ထွန်းသွားခဲ့ရင် ဝမ်းသာကျေနပ်ရမှာပဲ၊ ပြောရရင်ကွာ ငါက မသိုတော်တွေနဲ့ မပေါင်းဖက်မိတာ မင်းလိုတည်ငြိမ်တဲ့မျက်နှာ ထားရှိတဲ့သူကို အားကျမိလို့ပြောင်းလဲသွားတာကွ ... တကယ် တော့ ငါကသာ မင်းကိုကျေးဇူးတင်ရမှာ ... မင်းဆီက ဓာတ်တွေ ကူးသွားခဲ့တာကွ ... ''

ရဲမင်းသည် ယခု မိုးတွင်းကာစပြီး ကိုသာလှ၏လယ်တွင် စာရင်းငှားအဖြစ်အလုပ်စဝင်သည်။ တကယ်တမ်းနိုင်းကြည့်သော အခါ အလုပ်ကို မနိုမကပ်လုပ်သည်။ ဖျက်လတ်သွက်လက် သည်။ ပေါ့ပါးသည်။

''ရဲမင်းရေ ... မင်းကို ငါတို့က စာရင်းငှားလိုသဘော မထားဘူး ... သွေးသားရင်းချာလိုပဲသဘောထားတယ် ...





မင်းလည်း မိဘတွေကို လုပ်ကျွေးနေတဲ့သူပဲ ... ငါ ထိုက်ထိုက် တန်တန်ပေးမယ်ကွာ''

''ဟာ ... ဦးကလည်း ခုလည်း ဦးတို့က အဆင်ပြေရင် ပြေသလို ထောက်ပံ့နေတာပဲ ... လိုတာထက်ပိုနေပါပြီ''

''မဟုတ်တာကွာ ... မင်းရဲ့လုပ်အားတွေအများကြီးပါ တယ်လေ ... ငါ့ထက် မင်းက ပိုပြီးတော့ လုပ်ရတယ် ... အဲသည်အတွက် ထောက်ပံ့ကူညီတဲ့သဘောပါကွာ''

တကယ်တော့ သုဒ္ဓလေးနေရာမှာ ရဲမင်းအစားဝင်လာခဲ့ ခြင်းအတွက် ကောင်းစွာသောအထောက်အပံ့ကိုရခဲ့ခြင်းကား အမှန်ပင်တည်း။

သုဒ္ဓလေးသည် ဆေးပေါင်းခဂူကြီးထဲကိုရှောက်နေသည်။ မိမိ၏အလုပ်ကို ဤဂူကြီးထဲသို့ ရွှေ့ပြောင်းလာခဲ့သည်။

''ကျွန်တော် ... ဘယ်သူ့ကိုမှ အနှောင့်အယှက်မပေးပဲ ဤဂူထဲမှာနေခွင့်ပြုပါ ... အလုပ်လုပ်ခွင့်ပြုပါ''

ဂူထဲသို့မဝင်မီကတည်းကပင် ခွင့်တောင်းသည်။ ဂူထဲတွင် မမြင်အပ်သောပုဂ္ဂိုလ်များ၊ မမြင်နိုင်သောပုဂ္ဂိုလ်များ ရှိနေလိမ့် မည်ဟု ထင်မိသည်။ ပစ္စည်းများကို သေချာစွာထုပ်ပိုးကာ တနင့် တပိုးထမ်းလာခဲ့သည်။ လမ်းတစ်လျှောက်လုံးမှာ သူ့ကို မည်သူ


www.burmeseclassic.com

www.burmeseclassic.com



ကမျှ မမြင်ကြ။ သူ့ရှေ့တည့်တည့် တောလမ်းအတိုင်း လျှောက်လာသူအသိတစ်ဦးသည် သုဒ္ဓလေးကို နှုတ်မဆက်ဘဲ ဘေးမှ ကပ်ပြီးတော့ လျှောက်သွားခဲ့လေသည်။ ထိုသူသည် သုဒ္ဓလေးကို ငုံ့မောင်းရှုပင် မကြည့်။

ထိုအပြင် သူ့ဖာသာသူအမည်ပေးထားသော ဆေးပေါင်းခ ဂူကြီးဆီကို ခါတိုင်းလို အကြာကြီးမလျှောက်ရ။ မြေကြောရှုံ့လိုက်သည့်ပမာ တစ်ခဏအတွင်းမှာပင် ရောက်လာခဲ့သည်ဟုထင်ရသည်။ အံ့အားသင့်စရာပင်။ သို့သော် သုဒ္ဓလေးကတော့ ကြည်လင်သောမျက်နှာထက်တွင် အပြောင်းအလဲကဖြစ်မလာ။ ထူးခြားမှုမရှိသလိုပင်တည်း။ ဤဂူကြီးထဲကို တစ်ဖန်ပြန်ရောက်လာသောအခါ သုဒ္ဓလေးက ခေါင်းတညိတ်ညိတ်နှင့်ရှိနေသည်။ သူ့နားထဲမှာ စကားတွေ တိုးတိုးပြောနေကြသံတွေကို ကြားနေရသံလိုပင်။ ဂူထဲကို တောက်လျှောက်ဝင်လာခဲ့စဉ် ငွေသေတ္တာလေးကို ယခင်အတိုင်း အခြေအနေမပျက် တွေ့လိုက်ရသည်။

မိမိအတွက် သင့်တော်မည့်နေရာကောင်းတစ်နေရာ တွေ့နိုင်မည်လားဟု ဆက်လျှောက်သွားခဲ့သည်။ တြိရတနအပင်ကြီး၏အောက် သစ်ခေါင်းပေါက်ကြီးနှင့်တစ်ဆက်တည်းရှိနေသည့် ဆေးပေါင်းခဂူကြီးသည် မြေအောက်ဂူလိုဏ်ကြီးအဖြစ် တည်ရှိနေလေသည်။

ထိုစဉ် ...

"မင်းအတွက် သင့်တော်မယ့်ဂူက ညာဘက်မှာ"

နားထဲတွင် ပီပီသသကြီးကိုကြားလိုက်ရသည်။ ယင်းအသံ





သည် သူတော်စင်ကြီး ဦးကိုတ္တိ၏အသံနှင့်တစ်ထေရာတည်းတူနေလေသည်။ ဆက်လျှောက်သွားခဲ့လေရာ ဘေးထွက်ဂူပေါက်ကြီးတစ်ခုကို အမှတ်မထင်တွေ့လိုက်ရလေသည်။ ဂူသည် ဆယ့်ငါးပေပတ်လည်လောက်အထိ ကျယ်ဝန်းသည်။ ဆေးရွက်၊ ဆေးမြစ်နံ့များ တသင်းသင်းနှင့်ထွက်နေလေသည်။ သူတော်စင်ပုဂ္ဂိုလ်အချို့ အလုပ်လုပ်ဖူးခဲ့ကြသည့်နေရာ၊ ဝိဇ္ဇာကျင့်စဉ်များကို ကြိုးစားအားထုတ်ခဲ့ကြသည့်နေရာဖြစ်ခဲ့သည်ဟု နားလည်လိုက်သည်။

ထို့ထက်ပို၍ပြီးတော့ ထူးခြားမှုတစ်ခုမှာ ဂူ၏ကြမ်းပြင် သည် နီမောင်းသောကျောက်ဖျာကြီးတစ်ချပ်ဖြစ်နေသောကြောင့်ပါတည်း။ အလင်းပြန်သဘာဝသတ္တိရှိသော ဂူကြီးလားမသိ။ ဂူထဲတွင် လရောင်ဆမ်းထားသကဲ့သို့ လင်းချင်းလျှက်ရှိနေသည်။ သို့သော် တစ်ချက်တစ်ချက်မှာ အနည်းငယ်မှိန်ကျသွားသည်။ ပြီး ပြန်၍လင်းလာခဲ့လေသည်။ ဘုရားဆင်းတုတော်တစ်ဆူကို ငါးပေခန့်မြင့်သော ကျောက်တုံးကြီးတစ်တုံးထက်မှာ ကြည်ညို ဖွယ်ရာ ဖူးတွေ့ရသည်။ ကျောက်စိမ်းဆင်းတုတော်တစ်ဆူပင်။ သုဒ္ဓလေးသည် လက်အုပ်ချီမိလိုက်သည်။

သုဒ္ဓလေး အိမ်တွင်မရှိခဲ့သည်မှာ ရက်သတ္တနှစ်ပတ်ခန့် ရှိနေခဲ့လေပြီ။ ယခင်က အိမ်မှပျောက်သွားလျှင် တစ်ရက်၊ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ရက်လောက်သာ ကြာတတ်သော်လည်း ယခုတော့ နှစ်ပတ်အထိ ကြာမြင့်ခဲ့ပြီဖြစ်၍ စိတ်ပူပန်လာမိခဲ့ကြသည်။

"ကျွန်တော် တောထဲမှာပဲရှိမယ် ... ပြန်မလာလည်း စိတ်မပူကြပါနဲ့"

ဟုတော့ ပြောသွားခဲ့သည်။ ယခင်ကတော့ မပြောမဆိုဘဲ ထွက်သွားတတ်သည်။ ယခုတော့ ပြောသွားသည်။

"ပြန်မလာလည်း စိတ်မပူပါနဲ့ဆိုတော့ ဘယ်လောက် ကြာမယ်ဆိုတာလည်း မသိဘူး ... သူ့စကားက တစ်မျိုးပဲ၊ သားလေးပြန်မှပြန်လာပါတော့မလား"

"အိုကွာ ... မဝေကလည်း မဦးမချွတ်တွေလျှောက်ပြော နေပြန်ပြီ ... ပြန်တော့လာမယ် ... ကြာမယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ပြောသွားခဲ့တာပါ ... မပူပါနဲ့"

ခင်ပွန်းဖြစ်သူ ကိုသာလုက မစိုးရိမ်စေရန် ဖျောင်းဖျ စကား ပြောသည်။ သို့သော် သူကိုယ်တိုင်လည်း သားအတွက် စိတ်ကထင့်နေမိလေသည်။ ဖိုးအေ၊ ဖွားအေများကတော့ သမီး နှင့်သမက်ကို မီးလောင်ရာလေပင့်စကားမျိုးမပြောချင်။ သူတို့ လည်း မြေးကြီးကို ကြိတ်ပြီးတော့ သတိရနေကြသည်။ ဦးပေါက် ကျော်ဆိုလျှင် အိမ်သားအားလုံးထက် ပိုပြီးတော့ စိတ်လှုပ်ရှားနေ သည်။ စကားပင်မပြောနိုင်။

"မြေးလေးက တောထဲဝင်ပြီး ဘာလုပ်နေသလဲမသိဘူး နော် ... တော်ကြာ ... ဝံ၊ ကျားတွေနဲ့ပက်ပင်းတိုးနေမှဖြင့် ဟင်း"





ဒေါ်အေးခါက ဆက်မပြောတော့ဘဲ မျက်ရည်လေး စမ်း စမ်းနှင့် ဖြစ်သွားခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

( ၁၄ )

## ရောဆိုတဲ့ သင်္ကြီးလှုပုလေး

ဩရိရတနအပင်ကြီး၏အောက် မြေအောက်ဂူကြီးသည် သာမန်လူတွေမမြင်နိုင်။ ယင်းအပင်ကြီးက အပေါ်မှနေ ငုံကာ မိုးထားသလိုဖြစ်နေသောကြောင့်ပင်။ ယင်းနေရာကို ရှေ့နှစ်ပေါင်းများစွာက ကံအားလျော်စွာ တစ်ဦးတလေရောက်ဖူးခဲ့သူရှိသော်လည်း နောက်ထပ် တွေ့ဖူး၊ မြင်ဖူးသည်ဟူသော သတင်းကို မကြားကြရတော့ချေ။ တစ်ကြိမ်မြင်ဖူးသောသူကလည်း သစ်ခေါင်းကြီးထဲသို့ဝင်ရန် ကြိုးစားရာ ခြောက်လှန့်မှုတစ်ခုကို ခံလိုက်ရပြီး ထွက်ပြေးသွားခဲ့ရလေသည်။

ရွာမှလူများကိုခေါ်လာပြီး ယင်းအပင်ကြီးကိုပြရန် ကြိုးစားသောအခါ လမ်းမှာ များပြားလှသောကျားများ၊ မြွေများ၊ ဆင်ရိုင်းများကို တစ်စုတဝေးတည်းတွေ့ကြရသောကြောင့် ကြောက်လန့်ပြီးတော့ ပြန်ပြေးခဲ့ကြရသည်။ ယင်းနေရာကိုရောက်ရန် မည်မျှပင် ကြိုးစားကြပေမင့်လည်း မအောင်မြင်ကြတော့ချေ။ သို့သော်





ဩရိရတနအပင်ကြီးမှန်းမသိကြ။ ကြီးမားသောအပင်ကြီးတစ်ပင်ဟုသာ သတ်မှတ်လိုက်ကြလေသည်။

သုဒ္ဓလေးသည် သူ၏ဂူလေးထဲမှာ အဂ္ဂိရတ်ထိုးခြင်း၊ တရားနှင့်ဆိုင်သောကျင့်ကြံမှုကို ပြုလုပ်ခြင်း၊ ပေစာ၊ ပရပိုဒ်စာများကိုဖတ်ရှုလေ့လာခြင်းဖြင့် အချိန်ကုန်မှန်းမသိ ကုန်လာခဲ့သည်။ ပထမတစ်ရက်တွင် လူကြီးမျက်နှာနှင့် လူပုကလေးတစ်ယောက်သည် အမှတ်မထင် ရောက်လာခဲ့သည်။ မည်သည့်နေရာက ထွက်လာခဲ့မှန်းမသိပေ။ ထိုလူပုလေးကား သုဒ္ဓလေးအိပ်မက်ထဲတွင် တွေ့မြင်ဖူးခဲ့သူပင်တည်း။

"ရောက်လာပြီလား လူလေး ... အေး ... မင်းရောက်လာရင် လိုအပ်သမျှ ကူညီလိုက်ပါလို့ မှာထားသကွယ့်"

ထိုလူပုလေးသည် အပြောချိုသလောက် မျက်နှာကလည်းချိုသည်။ သျှောင်တစ်စောင်းထုံးထားသည်။ မုတ်ဆိတ်မွေး တိုနံ့နံ့နှင့် ပါးမြိုင်းမွေးရေးရေးရှိသည်။

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဦး"

"အဖိုးလို့ခေါ်ကွယ့် ... ငါ့အသက်က အဲသလောက်ရှိပြီ"

"ဟုတ်ကဲ့ အဖိုး"

"ငါ့နာမည်က ရောတဲ့ [illegible] သည်ကိုရောက်လာကြတဲ့ ပုဂ္ဂိုလ်တွေကို လိုအပ်တဲ့အကူအညီတွေပေးရတယ်"

"ပုဂ္ဂိုလ်တွေဟုတ်လား ... သည်မှာ ကျွန်တော့်အပြင် သည့်ပြင်ပုဂ္ဂိုလ်တွေကော ရှိသေးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မင်း လိုအပ်တဲ့အချိန်မှာ ငါရောက်ရောက်လာမှာပဲ လူလေး ... ကိုယ်လုပ်ရမယ့်အလုပ်ကိုသာ ဝီရိယဖွဲ့ကောင်းကောင်းထားပြီးလုပ်ပါ — ပေါက်မြောက်အောင်ဖြစ်ပါလိမ့်မယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်အဖိုး"

ထို့နောက် သုဒ္ဓလေးအတွက် စားရေးသောက်ရေးကအစ မပူပန်ရတော့။ ဦးရောသည် ဂူ၏မည်သည့်နေရာမှာနေသည်ကို မသိရ။ သို့သော် သုဒ္ဓလေးအတွက် သက်သတ်လွတ်အစားအစာများကို ချက်ပြုတ်ကာ ယူလာပေးခြင်း၊ ရေမိုးချိုးရန် ဂူအတွင်းရှိ ကျောက်ကန်ကြီးတစ်ခုဆီကိုခေါ်သွားခြင်း၊ ပိတ်ဖြူအဝတ်အစားများကိုလဲလှယ်၍ဝတ်စေခြင်းတို့ဖြင့် အကူအညီပေးသည်။

ကျောက်ကန်ကြီးသည် မြေအောက်စမ်းချောင်းလက်တက်ခွဲတစ်ခုမှ စီးဆင်းလာသောရေများပင် ဖြစ်သည်။ သို့သော် ရေကို ပိတ်ကာ တည်ထားခြင်းမဟုတ်ဘဲ တစ်ဖက်ကို ဆက်လက်၍ စီးဆင်းသွားသည်။ ကျောက်ကန်ကြီးက သဘာဝအလျောက်ဖြစ်နေကာ ဆင်းလိုက်လျှင် ရင်ညွန့်အထိ နက်ရှိုင်းလေသည်။ ဦးရောက ဖယောင်းတိုင်တုတ်တုတ်ကြီးများကိုလည်း ယူလာပေးသည်။ ကိုယ့်ထက်အသက်ကြီးသောသူက ထောင့်စေ့အောင်အကူအညီပေးနေသည်အတွက် လွန်စွာမှ အားနာနေမိလေသည်။

"ကျွန်တော် အဖိုးကို အားနာလှပါတယ်"

"အဲဒါတွေကို မတွေးနဲ့ ... ကိုယ့်အလုပ်ကိုယ်လုပ်"

ဦးရောက မျက်နှာပေါ်မှာ ဘယ်တော့မှမပျောက်ပျက်





သောအပြုံးဖြင့်ပြောပြီးတော့ လှည့်ထွက်သွားခဲ့သည်။

တစ်ရက်တွင် ...

ဖိုရှေ့တွင် မားဖိုကိုဆွဲကာ အလုပ်ရှုပ်နေစဉ် ...

"ငါ တစ်ခုခုမှားနေပြီထင်တယ်"

ထို့နောက် ပုရပိုဒ်ချပ်များကို တစ်ခုပြီးတစ်ခု ဖတ်သည်။ အချို့နေရာများတွင် ဖတ်၍မရပေ။ အဓိပ္ပာယ်ကိုမသိ။ ရှေ့ကိုကျော်၍မရဖြစ်နေသည်။ ဖယောင်းတိုင် မီးအောက်မှာ အာရုံကရူးစိုက်နေစဉ် အရိပ်တစ်ခုက မိမိရှိရာကို အမှတ်မထင်ထိုးကျလာသည်။ သုဒ္ဓလေး လှည့်ကြည့်လိုက်ရာ ...

"ဟင် ... အဘ"

သူ့အနားကို ရောက်လာသောသူသည် အခြားသူမဟုတ်၊ ဦးကိတ္တိပင်တည်း။ သူသည် အရင်ကအတိုင်း အပေါ်ညို၊ အောက်ညိုအကျီ အဝတ်အစားများကို ဝတ်ဆင်ထားသည်။ ငယ်ထိပ်တည့်တည့်မှာလည်း ဆံပင်ထုံးကြီးက ရှိနေသည်။ ဖြူဆွတ်သော မျက်ခုံးမွေး၊ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးများက နေရာယူထားသည်။ ဤနေရာတွင် ဦးကိတ္တိကိုမြင်ရလိမ့်မည်ဟု သူ ဘယ်လိုမျှ မထင်မှတ်။

ဤဂူကြီးထဲကိုရောက်မှ လူသားအဖြစ် ဦးကိတ္တိနှင့် ဦးရောတို့နှစ်ယောက်ကိုသာ မြင်ဖူးခဲ့ခြင်းဖြစ်။ သုဒ္ဓလေးသည် ချက်ချင်းပင် နေရာမှထမည်ပြုရာ ...

"နေ ... နေလူလား ... အဘ ... မင်းမသိတာကို ရှင်းပြဖို့လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ကျောက်ခုတင်ကြီးထက် ခေါင်းရင်းတွင် ဝင်၍ထိုင်လိုက်လေသည်။ ထို့နောက် သုဒ္ဓလေး၏လက်ထဲမှ ရွှေပုရပိုဒ်ကို ယူလိုက်သည်။ စာကြောင်းတစ်ကြောင်း၏တစ်နေရာကို လက်ညှိုးဖြင့်ထောက်ကာ ...

"လူလေးထစ်နေတာ ဟောသည့်နေရာ ... သူ့အဓိပ္ပာယ်က သည်လိုကွယ့်"

စာတစ်ပိုဒ်လုံး၏အဓိပ္ပာယ်ကို ရှင်းပြလိုက်သည်။ တစ်ခေါက်ရှင်းပြလိုက်ရုံနှင့် ဉာဏ်ကြီးသူပီပီ အားလုံးကို ထိုးထွင်းကာ နားလည်သွားခဲ့လေသည်။ သုဒ္ဓလေးက မည်သည့်နေရာတွင် အခက်အခဲဖြစ်နေသည်ကို တန်း၍သိလေသည်။

"ကျေး ... ကျေးဇူးပဲ အဘရယ် ... ဒါဆိုရင် ကျွန်တော်ရှင်းသွားပြီ ... "

ဝမ်းသာအားရနှင့်ပြောလိုက်ပြီးတော့မှ စကားတစ်ခွန်းထွက်တော့မလို့ပြုစဉ် ...

"ငါ ... ဟောသည့်ဂူထဲမှာပဲရှိတယ် ... မင်းအခက်အခဲရှိတဲ့အခါ ငါရောက်လာမယ် ... မင်းရဲ့အလုပ်ကိုသာဆက်လုပ်ပါ ... နောက်(၂)ရက်ကြာရင်တော့ အိမ်ကိုပြန်လိုက်ဦး။ မင်းကိုစိတ်ပူနေကြတယ် ... ပြီးတော့ မကြာစေနဲ့ ... ပြန်လာခဲ့သည်တစ်ခါလာရင် အိမ်ကိုမှာခဲ့ ပိုကြာလိမ့်မယ် စိတ်မပူပါနဲ့လို့"

"ဟုတ် ... ဟုတ်ကဲ့"

ဦးကိတ္တိသည် သုဒ္ဓလေးအလုပ်ပျက်မည်စိုး၍လား မသိ။





ချက်ချင်းပင် နေရာမှလှည့်ထွက်သွားခဲ့သည်။ သုဒ္ဓလေးလိုက်ကြည့်သောအခါ အရိပ်အယောင်ပင်မတွေ့ရတော့။ မည်သည့်ဘက်ကိုထွက်သွားမှန်ပင်မသိလိုက်ရတော့ချေ။ ဤဆေးပေါင်းခဂူကြီးထဲမှ အပြင်ကိုမထွက်ဘဲ နေနေခဲ့သည်မှာ စိတ်အေးချမ်းမှုရရုံမက မိမိ၏အလုပ်ကိုလည်း အချိန်မရွေးထပြီးတော့ လုပ်နိုင်လေသည်။ အိမ်ကိုပြန်ဖို့ရန်ပင် ဝန်လေးနေမိသည်။

"ငါ့စိတ်ကို အလုပ်ထဲမှာ တောက်လျှောက်ကြီးနှစ်ထားလိုက်လို့ မဖြစ်သေးဘူး ... ငါ့မိသားစုရဲ့သံယောဇဉ်ကိုလည်း ထည့်တွက်ရဦးမယ် ... သူတို့ကို စိတ်ချလက်ချဖြစ်သည်အထိ နေစေပြီးမှ ငါ့လမ်းကိုကောင်းကောင်းလျှောက်နိုင်မှာ"

သုဒ္ဓလေးသည် နေ့စဉ် ညဉ့်တစ်ဝက်ကျော်သည်အထိ အလုပ်ကိုလုပ်ပြီးမှ အိပ်ရာဝင်သည်။ အမှောင်ထဲတွင် တရားမှတ်နေရင်းက အိပ်ပျော်သွားလေ့ရှိသည်။ ထိုအခါ မိမိ၏နားထဲတွင် စကားပြောသံများလိုလို၊ ကျောက်ပြားကျောက်ဆုံများတွင် ဆေးကြိတ်သံများလိုလို၊ ကျည်ပွေ့နှင့်ထောင်းထုသံများလိုလို ကြားနေရတတ်သည်။

သို့သော် မိမိ၏နားက ဤသို့ပင် အတွေးကြောင့် ကြားယောင်နေမိသလားဟု ထင်မိရပြန်သည်။ သို့မဟုတ် သူတော်စင်ပုဂ္ဂိုလ်ကြီးများသည် ညဘက်မှာလည်း ဤဂူကြီးထဲမှာ အလုပ်လုပ်နေကြသလားဟု တွေးတောနေမိရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သား"

မဝေမှိုခြံအနောက်ဘက်မှာရှိနေစဉ် အနားကိုတစ်ယောက်ယောက်ရောက်လာသည်ဟူသောအထင်ကြောင့် လှည့်ကြည့်မိလိုက်သည်။ အခြားသူမဟုတ်။ သုဒ္ဓလေးဖြစ်နေသည်။ အံ့အားသင့်သွားသည်။ ဝမ်းသာသွားသည်။

"အမေ ... နေကောင်းတယ်နော်"

"ကောင်း ကောင်းပါတယ်သားရယ် ... အားလုံးကောင်းကြပါတယ် ... သားကို အမေတို့တစ်အိမ်သားလုံးက စိတ်ပူနေကြတာ ..."

"သားအတွက် စိတ်ပူနေကြတယ်ဆိုလို့ စိတ်မကောင်းပါဘူး ... အဲသည့်အတွက် ပြန်လာခဲ့တာပါ"

သုဒ္ဓလေး၏အနားကို ဦးပေါက်ကျော်၊ ဒေါ်အေးခါ၊ ကိုလာလှတို့သည် တစ်ယောက်ပြီးတစ်ယောက် ရောက်လာခဲ့ကြသည်။ သည်ကနေ့မှာမှ အိမ်သားများစုံလင်နေကြသည်။

"ငါ့မြေး အဖိုးတို့က တစ်နေ့မှစိတ်မအေးရဘူး။ ဘယ်ကိုသွားမှန်းမသိ ... ဘယ်ရောက်နေမှန်းမသိနဲ့ ပူပန်နေရတာ"

အဖိုးဖြစ်သူ ဦးပေါက်ကျော်က သုဒ္ဓလေး၏မျက်နှာကိုမြင်လိုက်ရသည့်အတွက် စိတ်အေးချမ်းသာသောအသွင်မျိုးရှိနေသည်။ သို့သော် အပြစ်တင်သည့်စကားမျိုးတော့ မဟုတ်။ ဤသို့ပြောပြီးမှ ချက်ချင်းပင် ပြန်ပြီးတော့ စဉ်းစားမိသည်မှာ–

"အင်း ... ငါ့မြေးရဲ့မျက်နှာဟာ ပိုပြီးတော့ စင်ကြယ်လာတယ် ... ကျက်သရေလည်းရှိလာတယ် ... သူ့ရဲ့လက္ခဏာ





အရ စရိုက်သဘာဝအရ ကောင်းမွန် မွန်မြတ်တဲ့အလုပ်ကိုလုပ်နေတာသေချာတယ် ... သည်လိုအလုပ်မျိုးဆိုတာ အစဉ်မပြတ် ဆက်တိုက်လုပ်ရတာမျိုး ... ကိုယ့်ရဲ့သံယောဇဉ်တစ်ခုတည်းကြည့်ပြီး ပြောနေ ... ဆိုနေရင် စိတ်အနှောင့်အယှက်ဖြစ်လိမ့်မယ်"

ဦးပေါက်ကျော်သည် ထိုသို့စဉ်းစားမိလိုက်ပြီးသည်နှင့် သမီးမဝေမှို၏မျက်နှာကို ဖျတ်ခနဲဆိုကြည့်မိလိုက်သည်။ သူမကလည်း အကင်းပါးသူပီပီ။

"ကဲ ... ငါ့သားလေးလည်း ခရီးပန်းလာတယ် ... အနားယူလိုက်ပါဦး ... အမေ ကောက်ညှင်းပေါင်းထားတယ်၊ အဖေနဲ့စကားပြောချေဦး ... မင်းအဖေလည်း စောစောကလေးတင် လယ်ထဲကိုဆင်းသွားတယ် ... ရဲမင်းလည်း အားကိုးရပါတယ်ကွယ် ... အလုပ်အားလုံးလိုလိုကို သူပဲ သိမ်းကျုံးပြီးတော့ လုပ်တယ် ... မနားရရှာပါဘူး"

သားဖြစ်သူ နောက်ဆံတင်းပြီးတော့ ပြန်လာမှန်းကိုသိသည်။ ထို့ကြောင့် စိတ်အနှောင့်အယှက်မဖြစ်စေရန် လိုက်လျောညီထွေစွာပြောသည်။

အိမ်ရှေ့ဘုရားစင်အောက်တွင် အကျအနထိုင်ကာ ငြိမ်းစိတ်နေသော သုဒ္ဓလေးကို အနှောင့်အယှက်မဖြစ်စေလို၍ အိမ်သားများသည် အနားမှပင် ဖြတ်သွားဖြတ်လာမလုပ်ကြ။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအချိန်တွင် ဦးပေါက်ကျော်သည် သမီး၊ သမက်နှင့်အတူ အိမ်နောက်ဘက်မှာ ဆွေးနွေးတိုင်ပင်လျှက်ရှိသည်။

"ငါ နင်တို့ကို ပြောချင်တဲ့စကားရှိတယ် ... ငါ့မြေး နင်တို့ရဲ့သားဟာ သူတော်ကောင်းကျင့်စဉ်ကို လိုက်နေတာ၊ နင်တို့ကော ဓိပ်စားမိကြရဲ့လား"

"ဟုတ်ကဲ့ ... ကျွန်တော်တို့သိပါတယ်အဖေ ... အဲသည့်အတွက်လည်း သာဓုခေါ်နေရတာပေါ့"

"အေး ... မြေးဟာ အရင့်အရင်ဘဝတွေကလည်း သူတော်ကောင်းအလုပ်တွေကို တစိုက်မတ်မတ်လုပ်ခဲ့လို့ ခုဘဝမှာလည်း အဲသည့်ပဏ္ဍာနီးဆက်ကပါလာတာ ‗ အမျိုး၊ ဘာသာ၊ သာသနာအတွက် သူ ကျင့်ကြံအားထုတ်နေတာ၊ ငါတို့ရဲ့ စိုးရိမ်မှု၊ သံယောဇဉ်ကြီးမားမှုတွေက သူ့ကို တုတ်နှောင်ထားသလို မဖြစ် စေချင်ဘူး"

"အဲသည်တော့ အဖေဆိုလိုတာက"

"အဖေပြောချင်တာက သည်လိုသမီး ... သူ သည်ကို ပြန်လာခဲ့တာ အိမ်အတွက် နောက်ဆံတင်းနေမိလို့ပဲ ... အဲသလို ဖြစ်နေရင် သူ့အလုပ်ကို အဟန့်အတားဖြစ်စေတယ် ‗ အဖေ တို့ကပါ သူ့ကို စိတ်ပူနေတယ် ဘယ်သွားနေတာလဲ၊ ပြန် မလာလို့လည်း မျှော်နေရတယ် ဲကားမျိုးတွေကို ထပ်ခါတလဲလဲပြောနေရင် သူလည်း စိတ်အနှောင့်အယှက်ဖြစ်တယ် ‗ ကြာတော့ စိတ်ထွေပြီး လုပ်ငန်းလည်းပျက်သွားတတ်တယ် ... "





"ဒါတော့ အဖေရယ် ... သားရဲ့အသက်က ဘာရှိသေးတာမှတ်လို့ ... သူ့အရွယ်က သမီးတို့ရဲ့ မျက်စိအောက်မှာပဲ ရှိသင့်တာ ... အနားမှာမရှိရင် မတွေ့ရင် ကြောင့်ကျပြီးတော့ ပူနေမိမှာပဲလေ"

"မဝေ၊ ငါလည်း သားကို မင်းချစ်သလို ချစ်တာပေါ့ ကွယ်၊ ပူပန်စိတ်တော့ရှိတာပဲ၊ ဒါပေမဲ့ အဖေပြောသလို သားဟာ ကောင်းတာတွေကို လုပ်နေတာပဲ၊ သူ့ဘဝလမ်းကြောင်းကို သူရှာနေတာ၊ သည်လမ်းကြောင်းပျောက်သွားအောင် ငါတို့က မလုပ်သင့်ဘူး။ သူ့လမ်းသူသွားပါစေ၊ ငါတို့က သားကို စွန့်လွှတ်လိုက်ရမှာမှမဟုတ်တာ"

ကိုသာလှကလည်း ဖနီးကို ဖျောင်းဖျသည်။ မဝေမှာမူ စိတ်ထဲမှာ တင်းခံမှုတစ်ခုက ရှိနေသည်။ သက်ပြင်းငွေ့ငွေ့ချ မိလိုက်လေသည်။

သုဒ္ဓလေးသည် အပေါင်းစက္ကူနှင့်ထုပ်ထားသော အထုပ် လေးတစ်ထုပ်ကို အဘိုး၊ အဘွား၊ မိဘများ၏ရှေ့မှာ ချပေး လိုက်၏။

"အလုပ်ကိုလည်း သားလုပ်ပါ့မယ်၊ သားမိဘတွေအပေါ် မှာ တာဝန်ပျက်ကွက်ခဲ့ပါတယ်၊ ဒါကတော့ ရင်းစားဖို့ပါ။ အားလုံး စိတ်ပူပန်စေအောင် လုပ်မိခဲ့တဲ့အတွက် ခွင့်လွှတ်ကြပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် အားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိလိုက်ကြသည်။ ဦးပေါက်ကျော်သည် အထုပ်ကလေးကို လက်နှင့်ဖြန့်ကြည့်လိုက်၏။ ရွှေဒင်္ဂါးပြားများဖြစ်နေသည်။ တစ်ဖက်က ဖြိုရတနာသစ်ပင်ကြီး၏ပုံဖြစ်ပြီး တစ်ဖက်က သူတော်စင်တစ်ဦးက အပင်ကြီး၏အောက်တွင်ထိုင်ကာ တရားကျင့်ကြံအားထုတ်နေသည့်ပုံ။ အားလုံး အံ့အားသင့်သွားခဲ့ကြသည်။ များပြားလှသော ရွှေဒင်္ဂါးပြားများကို သုဒ္ဓလေး မည်သို့ရရှိခဲ့လေသနည်း။ ဤကဲ့သို့သော အမှတ်အသားများပါရှိသည့် ရွှေဒင်္ဂါးပြားများကို သူတို့ တစ်ကြိမ် တစ်ခါမှ မမြင်ဘူးခဲ့ကြပါ။ သုဒ္ဓလေးကို မွေးခဲ့စဉ်က အမှတ်မထင် ရောက်လာခဲ့သော သူတော်စင်ကြီးပေးခဲ့သည့် ဒင်္ဂါးပြားနှစ်ချပ်သည် နှစ်ဖက်ပြောင်ပြန်ကြီးတွေ့ ဖြစ်ကြသည်။



( ၁၅ )

## အကောက်ကြံနိုင်မှု

သုဒ္ဓလေးသည် တစ်ဦးစီ၏မျက်နှာကို လိုက်ကြည့်ကာ အကဲခတ်နေသည်။

“သည်ပစ္စည်းတွေကို ဦးကိတ္တိက ပေးလိုက်တာပါ”

“ဦးကိတ္တိ ဟုတ်လား ... သူက ဘယ်သူလဲ လူလေး”

“ကျွန်တော့်ကို သုဒ္ဓလို့ အမည်ပေးခဲ့တဲ့ပုဂ္ဂိုလ်ပါပဲ”

“ဟင် ... ”

အားလုံးသည် သုဒ္ဓလေး ငယ်စဉ်က အဖြစ်အပျက်များကို သတိရသွားခဲ့ကြသည်။ ထိုထူးခြားသော ပုဂ္ဂိုလ်ကြီးသည် သုဒ္ဓလေး ကလေးဘဝက တစ်ကြိမ်၊ နွားနီကြီးနှစ်ကောင်ဆီကို ရောက်လာခဲ့စဉ်ကတစ်ကြိမ် ဤနှစ်ကြိမ်သာ ဆုံဖူးခဲ့သည်။ သုဒ္ဓလေးသည် ယခု ထိုပုဂ္ဂိုလ်နှင့် မည်သည့်နေရာမှာ ဆုံတွေ့ခဲ့ပါသလဲ၊ သိချင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အဘိုးအဘွားနဲ့ မိဘတွေကို စကားတစ်ခွန်း ပြောချင်ပါတယ်၊ မိဘတွေမှ အမှန်အတိုင်း ဖွင့်ပြောသင့်တယ်လို့ ဆုံးဖြတ်ထားလို့ပါ၊ ဒါပေမဲ့ ကျွန်တော်ပြောမှာတွေကို လျှို့ဝှက်ထားစေချင်ပါတယ်"

"စိတ်ချပါ ငါ့မြေး၊ ငါ့မြေးဘာပြောပြော လျှို့ဝှက်ထားပါ့မယ်၊ ဘယ်သူမှ မသိစေရပါဘူး"

"ဟုတ်ကဲ့ ... သည်လိုပါ ခင်ဗျာ"

သုဒ္ဓလေးသည် တောနက်ကြီးထဲက ကြိုရတနာအပင်ကြီးနှင့်တကွ အပင်ကြီး၏အောက်ရှိ မြေအောက်ဂူကြီး၊ သူတွေ့ခဲ့ရသည့်အကြောင်းများ၊ သက်ကြီးလူပုလေးရော၊ သူတော်စင်ကြီး ဦးကိတ္တိ စသည်တို့၏အကြောင်းများကို ပြောပြလိုက်လေ၏။ ကြိုရတနာအပင်ဆိုသည်ကို ရှေးယခင်က အဂ္ဂိရတ်သမားများ ပြောလေ့ပြောထရှိနေကြသည်။ သို့သော် ဤလိုတောကြီးထဲမှာ ရှိနေသည်ဟု သိရသောအခါ အံ့အားသင့်သွားခဲ့ကြလေသည်။ ဦးပေါက်ကျော် ဤအသက်၊ ဤအရွယ်ရောက်လာခဲ့သည်အထိ မကြားလည်း မကြားဘူး၊ တွေ့လည်းမတွေ့ဘူးပါ။

"ဩော် ... ငါ့မြေးက တကယ့်နေရာကိုရောက်သွားခဲ့သကိုး၊ အင်း ... ငါ့မြေးက သည်လိုပွင့်ပွင့်လင်းလင်းနဲ့ပြောမှတော့ အဘိုးတို့ကလည်း ပြန်ပြီးတော့ ပြောရတော့မှာပေါ့ကွယ်၊ သည်လိုကွယ့်၊ အဘိုးတို့တိုင်ပင်ထားကြတာတွေရှိတယ်၊ အဲဒါက ဘာလဲဆိုရင် ... ငါ့မြေးရဲ့အလုပ်ကို လွတ်လပ်စွာလုပ်ခွင့်ပြုလိုက်ပြီဆိုတာပဲ ... အိမ်ကိုလည်း နောက်ဆံတင်းမနေပါနဲ့၊ အဘိုး





အဘွားများနဲ့တကွ မိဘတွေအားလုံး လောကကြီးထဲမှာ ရှိကြတော့မှ ကိုယ့်အလုပ်ကို ဆက်လုပ်မယ်ဆိုရင် မဖြစ်တော့ဘူး၊ အချိန်က သိပ်ကိုနှောင်းသွားလိမ့်မယ်ကွယ်၊ အဲဒါကြောင့် ငါ့မြေးရဲ့ စိတ်ဆန္ဒကို လွှတ်ပေးလိုက်ပါပြီ။ ခုလို ချုပ်ချယ်သလိုဖြစ်နေတာ ... အဘိုးတို့ပဲ စိတ်မကောင်းဖြစ်ရတယ်"

"ဟုတ်ပါတယ် သားရယ် ... ဒါဟာ ကောင်းတဲ့ကျင့်ကြံအားထုတ်မှုပဲ ... ကောင်းတာကိုလုပ်တာ တားဆီးမှုမဖြစ်သင့်ပါဘူး ... သား အဲသည့်နေရာကို အချိန်မရွေး သွားလို့ရပါပြီ။ အမေနဲ့အဖေကလည်း ခွင့်ပြုပြီးသားပါ"

ဖခင် ကိုသာလှက သုဒ္ဓလေး၏ ပခုံးကိုဖက်ကာပြောသည်။ ထိုအခါ သုဒ္ဓလေး၏မျက်နှာသည် ဝိုပြီးကြည်လင်လာသည်။ မျက်လုံးတွေလည်း စူးလက်တောက်ပြောင်လာခဲ့လေသည်။

"အမေ ... တကယ်လား"

မိခင် မဝေမှိုကိုလှည့်ပြီးတော့ မေးပြန်သည်။

"တကယ်ပေါ့သားရယ် ... သားရဲ့ဆန္ဒကို အမေတို့က ချိတ်လျှော့လိုက်တာပါ ... ဒါပေမဲ့ သား ကိုယ့်ကိုယ်ကိုယ်တော့ သတိထားနော် ... "

ဒေဝမှိုက အသံကိုထိန်းပြီးတော့ ပြောသည်။ သုဒ္ဓလေးက မိခင်၏မျက်ဝန်းများကိုကြည့်ပြီးတော့ နားလည်နေမိသည်။ ထို့ကြောင့် မည်သူမှမသိအောင် သက်ပြင်းဖွဖွ ချမိလိုက်ပြီး

"သား ... သည်ကို လုံးဝမလာဘဲနေမှာမဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



တောသည့်ပစ္စည်းတွေကိုထုခွဲပြီး အရင်းအနှီးပြုပါ _ သည့်ကနေ့ပဲ သွားပြီးတော့ ထုခွဲပါ _ အဘဦးကိတ္တိကလည်း သည့်အတိုင်းပဲ မှာလိုက်ပါတယ် ... ပြီးတော့ ရဲမင်းကိုလည်း မှတ်ပြီးတော့ပေးလိုက်ပါ''

တစ်ခဏအကြာတွင် ကိုသာလှသည် ရွှေဒင်္ဂါးပြားကိုယူကာ လှည်းဖြင့် ဘီးလင်းကို ထွက်သွားခဲ့လေသည်။

ညဘက်တွင် ...

ရဲမင်းသည် သုဒ္ဓလေးဆီကို ရောက်လာခဲ့သည်။

''မင်းပြန်ရောက်လာတာကိုသိတယ် ... ဒါပေမဲ့ ငါက လယ်ထဲမှာ ... မနက်ကရောက်တာဆို''

''အေး ... ငါလည်း မင်းကိုမေးပါတယ် ... ဘယ့်နှယ်လဲ ... လယ်ထဲမှာကော အဆင်ပြေရဲ့လား''

''ဟာ ... ဘာအဆင်မပြေစရာရှိလဲကွာ ... အားလုံးက ငါ့အပေါ်မှာ ကောင်းကြပါတယ် ... ငါလည်း လယ်ထဲမှာ အလုပ်လုပ်ရတာ ပျော်ပါတယ် ... ဖွားကြီးနဲ့ဖွားလေးကလည်း ငါ့ကိုခင်နေကြပြီကွ''

''သည့်လိုစကားမျိုးကိုကြားရတာ ငါဝမ်းသာတယ်ရဲမင်းရာ၊ မင်းနဲ့ပတ်သက်ပြီး ငါစိတ်မချစရာမရှိပါဘူး ... အိမ်ကလည်း ပြောပါတယ် ... ငါ ခဏပြန်လာတာကွ ... မနက်ဖြန်ပြန်သွား





ရမှာ ...''

''မနက်ဖြန် ဟုတ်လား''

''အေး ... ငါ မင်းကိုထပ်မှာခဲ့ချင်တာရှိတယ်''

''ပြောပါ သူငယ်ချင်း''

''ငါ ဘယ်လောက်ကြာမလဲဆိုတာတော့ မပြောတတ်ဘူး။ မင်း အိမ်ကိုလည်း ဂရုစိုက်ပေးပါကွာ ... ပြီးတော့ ငါ့ညီ မင်းထက်၊ သည့်ကောင်က ဟို အာကာမိုးတို့တစ်သိုက်နဲ့ အဆင်မပြေချင်ဘူးကွ ... ပန်းခက်နဲ့ပတ်သက်ပြီးတော့ပေါ့ကွာ၊ ငါ့ညီကတော့ ငါ့စကားကိုနားထောင်တယ် ... ဟိုကောင်တွေ ရန်စမှာကိုသာ ငါ စိုးရိမ်မိတာ''

''စိတ်ချပါ သုဒ္ဓလေးရာ၊ မင်းထက်မဲ့တစ်ပေါက်မစွန်းစေရပါဘူး ... ငါတာဝန်ယူပါတယ် ... ငါ ဘာကြောင့် သည့်လိုပြောသလဲဆိုတော့ သူ ရွာကိုကျောင်းပိတ်ရက်မှာ တစ်ကြိမ်ပြန်လာတယ် ... ရွာထဲမှာလည်း မနေဘူး။ လယ်ထဲကိုလာတယ်၊ ဝိုင်းကူလုပ်ပေးတယ်၊ ပြီးတော့ သူကပြောသေးတယ်၊ အစ်ကိုက ကျွန်တော့်ကို စိတ်မချဘူး။ ရန်ဖြစ်မှာကိုစိုးရိမ်တာတဲ့၊ ကျွန်တော်ကလည်း ဘာကြီးပဲဖြစ်နေ ဖြစ်နေ ဘယ်သူနဲ့မှ ခိုက်ရန်ဒေါသမဖြစ်ဘူး။ ရွာထဲမှာလည်း မနေဘူးတဲ့''

''အေးကွာ ... သည့်လိုစကားမျိုးကြားရတာ ဝမ်းသာပါတယ်''

သူတို့နှစ်ဦး အိမ်ပေါ်မှာ စကားပြောနေကြစဉ် ဦးအောက်ချော်၊ ကိုသာလှနှင့် မဝေမှီတို့လည်း အနားကိုရောက်လာခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုသာလှသည် ငွေစက္ကူတစ်ထပ်ကို ရဲမင်း၏လက်ထဲသို့ ထည့်ပေးလိုက်သည်။

"ဦး ... ဒါဘာလုပ်တာလဲ"

"မင်းသုံးဖို့ပါကွာ ... သပ်သပ်ပေးတာ ... မင်းရဲ့မိဘတွေကိုပေးလိုက်ပေါ့"

"ဟာ ... မဟုတ်တာ ... ဦး ... ဒါလောက်အများကြီး ဦး ကြားဖောက်ပေးတာတွေလည်း များလှပြီ"

"ရဲမင်း ... မင်းယူလိုက်ပါကွာ ... ငါ့စေတနာလည်းပါတယ်၊ အကြောင်းကံသင့်လို့ မင်းကိုထောက်ပံ့နိုင်တာ"

သုဒ္ဓလေးက ဝင်ပြီးတိုက်တွန်းလိုက်သည်။ ရဲမင်းသည် တုန်တုန်ယင်ယင်ဖြင့်သာ ယူလိုက်ရသည်။ ဤမျှလောက် များပြားလှသောငွေစက္ကူများကို တစ်ကြိမ်တည်းတစ်ခါမှ မကိုင်ဘူးပါ။ ရင်ထဲမှာ ထုတ်ဖော်ပြီးပြောပြ၍မရနိုင်လောက်အောင်ပင် ကျေးဇူးတင်စကားက နှုတ်မှမထွက်။ ယင်းညမှာပင်လျှင် သုဒ္ဓလေးသည် နွားနီကြီးနှစ်ကောင်ဖြစ်သော ဖြူကြီးနှင့်ဖြူလေးနှင့် ဆုံတွေ့သည်။

နွားကြီးများမှာ သုဒ္ဓလေးကို မှတ်မိလေသည်။ ခေါင်းနှင့်ပွတ်လိုက်ရ ကိုယ်ထည်နှင့်ပွတ်တိုက်လိုက်နှင့် ရှိနေသည်။

"မင်းတို့ကိုလည်း အများကြီးကျေးဇူးတင်ပါတယ်ကွာ၊ ဒါပေမဲ့ ငါ မင်းတို့နဲ့ ကြာကြာမနေနိုင်ဘူးကွာ"

နွားကြီးနှစ်ကောင်မှာ သုဒ္ဓလေး၏စကားကို ငြိမ်ပြီးတော့ နားထောင်လျက်ရှိသည်။





"သုဒ္ဓလေး၊ ငါ မင်းကို မနက်ကျရင် တောစပ်အထိ လိုက်ပို့မယ်"

"မပို့ပါနဲ့ကွာ ... မင်း အလုပ်အကိုင်ပျက်ပါတယ်၊ မင်းသာ ငါ့မှာတာမမေ့ပါနဲ့"

"အဲဒါတော့ စိတ်ချပါသုဒ္ဓလေးရာ"

နောက်တစ်နေ့နံနက်တွင် မိသားစုအားလုံး အိပ်ရာထ နောက်ကျကြသည်။ နိုးကြသောအခါ သုဒ္ဓလေး မရှိတော့ပေ။

"မင်းပြောတာ သေချာရဲ့လား ရောင်စိန်"

"သေချာပါတယ်ဦးရဲ့ ... ကိုသာလှကိုယ်တိုင် ရွှေဆိုင်မှာ ရောင်းနေတာကို ကျွန်တော်သေသေချာချာတွေ့ခဲ့တာ၊ ဆိုင်ရှင်ကိုယ်တိုင်ပြောတာ ပုရပိုဒ်ခေါက်ရွှေတဲ့၊ ဈေးလည်း ကောင်းကောင်းရသွားတယ်"

"ဟင် ... ဟုတ်လား ... သင်းတို့ သည်ရွှေဒင်္ဂါးပြားတွေကို ဘယ်ကရခဲ့ကြပါလိမ့် ... တော်တော့်ကိုထူးဆန်းတာပဲ"

ကိုပြည်စိုးမှာ အံ့အားသင့်သွားခြင်းနှင့်အတူ မနာလိုမရှုစိတ်ကလည်း ချက်ချင်းလိုလိုပင်ဖြစ်သွားခဲ့ရလေသည်။ ထို့နောက် အမျိုးမျိုးပင် တွေးတောနေမိသည်။

"သင်းတို့ တစ်သက်လုံး ရွှေမကိုင်ဘူးကြတဲ့ကောင်တွေ သည်ရွှေဒင်္ဂါးပြားတွေကို ဘယ်ကရလာခဲ့သလဲ၊ သူကြီးကို တို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရရင်ကောင်းမလား''

ချက်ချင်းပင် ခေါင်းကို ယမ်းခါလိုက်ပြီး ...

''သူကြီးကိုတိုင်လို့မဖြစ်ဘူး ... သူကြီးက သူတို့ကို မေးလား စမ်းလားလုပ်ရင် သည်ရွှေဒင်္ဂါးတွေ ဘယ်ကရသလဲ ဆိုတာ ပြောမှာတော့မဟုတ်ဘူး ... ဘူးကွယ်ကြလိမ့်မယ်၊ သင်းတို့ ဘယ်ကရသလဲဆိုတာ ရအောင်စုံစမ်းရမယ်''

''ကိုယ့်ထက်သာမနာလို''ဆိုသည့်စကားအတိုင်း ကိုပြည်စိုးမှာ ဦးပေါက်ကျော်တို့မိသားစုအပေါ်မှာ အကျိတ်အဖုကြီး ဖြစ်လျက်ရှိသည်။ တစ်ရွာလုံးမှာ သူပဲ ချမ်းသာချင်သည်။ အားလုံးက သူ့အောက်ကို ကျို့ကြရမည်ဟု ခံယူထားသည်။

မအိမ်စိုးသည်လည်း ခုရက်ပိုင်းမှာ ကိုပြည်စိုးကို နေ့စဉ်ပင် အကဲခတ်လျက်ရှိနေသည်။ မျက်နှာကြီးက ညိုပုပ်နေသည်။ ထိုအခါ တစ်ဦးဦးအပေါ် မရှိုးယစိတ်များနေကာ မနောပုပ်နေပြီဟု သိရသည်။

''အင်း ... ကိုပြည်စိုးလည်း ဘယ်သူ့ကိုမကောင်းစိတ်မွေးနေသလဲ မသိပါဘူး ... ခက်တော့တာပါပဲ''

ကိုယ့်လင်သားအကြောင်း နောကျေအောင် သိထားသူမို့ စိတ်မကောင်းဖြစ်မိသည်။ ဤလိုစိတ်ဓာတ်မျိုးရှိနေသည်ကို သဘောမကျပါပေ။





ကိုပြည်စိုးသည် အိမ်ရှေ့မှ ဖြတ်လျှောက်သွားသော ဦးပေါက်ကျော်ကို အိမ်ပေါ်မှလှမ်းပြီးတော့ မြင်လိုက်သည်။ စိတ်ကူးတစ်ခုရသွား၏။

''ဦး ... ဦးလေး ခဏလောက်ကြွပါဦး''

ဦးပေါက်ကျော်၏ခြေလှမ်းများက တန့်သွားခဲ့ရလေသည်။

''အင်း ... သည်ကောင်က ငါ့ကိုဖိတ်ခေါ်နေပါလား။ ဘယ်တော့မှ အရောတဝင်မလုပ်တဲ့ကောင်က ခုတော့ လိုလိုလားလားနဲ့ အကြောင်းတစ်ခုခုတော့ရှိလိမ့်မယ်''

ဦးပေါက်ကျော်သည် အကြောင်းကိုသိချင်သည်နှင့် အိမ်ခြံထဲကို ဝင်သွားခဲ့သည်။ အိမ်ပေါ်ကိုရောက်သော် ...

''ထိုင်ပါဦး ... ''

ဦးပေါက်ကျော်လည်း ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

''ရေနွေးကြမ်းသောက်ပါဦး''

''ဒါနဲ့ မင်း ငါ့ကိုခေါ်တာ ဘာကိစ္စ ... ''

''ဪ ... ကိစ္စရှိလို့ရယ်လို့မဟုတ်ပါဘူး ... စကားမြည်လေးဘာလေးပြောရအောင်လို့ပါ ... ဦးက ကျွန်တော်တို့အိမ်ကို သိပ်အဝင်အထွက်မရှိလှဘူးလေ ... ရပ်ရေးရွာရေးကိစ္စရှိတော့မှသာ ရောက်ရောက်လာတတ်တာကိုး''

''ဒါကတော့ အိမ်အလုပ်တွေကလည်း ရှိနေသေးတာကိုးကွယ် ... ငါတို့မှာ ထိုင်ပြီးမစားနိုင်သေးဘူးလေ''

''ဪ ... ဒါနဲ့ ဦးရဲ့မြေးလေးသုဒ္ဓလေးတစ်ယောက် ဘာအလုပ်လုပ်နေသလဲ ... သူ တစ်ခါ တစ်ခါပျောက်ပျောက်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ် ... ဟိုတလောက တစ်ခေါက်ပြန်လာတယ်ကြား တယ် _ သူ တောထဲဝင်သွားတာတွေ့လိုက်ကြတဲ့သူတွေလည်း ရှိကြတယ် ... ''

''အင်း _ သည်ကောင် ငါ့ကိုစကားနဲ့ သွေးတိုးစမ်းနေ ပြီ ဒါမရှိဘူး''

သို့သော် ဦးပေါက်ကျော်သည် လူကြီးပီပီ စကားကိုထိန်း ကာ ...

''ငါ့မြေးက တရားအလုပ်ကို ခုံမင်တဲ့သူပဲကွာ၊ သူ နားအေးပါးအေးရှိတဲ့ တောထဲကိုသွားပြီး တရားအားထုတ်တာနေ မှာပေါ့ ... သူက မွေးကတည်းက ငါတို့နဲ့တစ်ဘာသာ၊ ဘယ်သူနဲ့မှလည်းတူတာမဟုတ်ဘူး ... မင်းလည်းသိသားပဲ''

''သူ တောထဲက တစ်ခေါက်ပြန်လာရင် ဦးတို့လည်း ချောင်လည်သွားတော့ကြတာပဲနော် ... ''

''ဘာ ... ဘယ်လို ... မင်းစကားက''

''ဪ ... သုဒ္ဓလေးက ဦးတို့ကို သူနည်းသူ့ဟန်နဲ့ ထောက်ပံ့ကူညီနေသလားလို့ _ ဟို နွားနိုကြီးနှစ်ကောင်လည်း ဘယ်လိုရလာသလဲမသိဘူး ... အလုပ်လုပ်တာ လူတွေထက် တောင် နားလည်သေးတယ် _ ဒါလည်း သုဒ္ဓလေးရှာပေးတာ လား''

''မင်းက ငါ့ကို ဘာတွေလျှောက်ပြောနေတာလဲ ... အမြီးအမောက်မတည့်တဲ့ စကားတွေလာပြီးပြောနေတာကိုး''

''မဟုတ်ပါဘူး ဦးရာ _ သုဒ္ဓလေး တောထဲမှာ ရတနာ





သိုက်များတွေ့ထားသလားလို့၊ ဦးတို့ အခုလိုပြေလည်နေတာကို ဝမ်းသာလို့မေးတာပါ''

''ဘာရတနာသိုက်မှ မတွေ့ဘူး _ ငါ့မြေးက သူ့အလုပ် သူလုပ်နေတာ _ စီးပွားဖြစ်လာတာကလည်း ငါတို့တစ်အိမ်လုံး ကြိုးစားလို့အတိုက်အလျောက်အောင်မြင်နေတာ''

''ဪ ... ဟော်ဟော် ... မသိပါဘူးဗျာ ... ကျွန်တော်မေးမိတာ စိတ်မရှိပါနဲ့နော်ဦး''

''မင်းသိချင်တာ ဒါပဲမဟုတ်လား ဒါဆိုငါပြန်မယ်''

ဦးပေါက်ကျော်သည် ချက်ချင်းပင် နေရာမှထပြန်လာခဲ့ လေသည်။

''သည်ကောင်က ငါတို့ချောင်လည်လာတာကိုကြည့်ပြီး သက်ာမကင်းဖြစ်နေတာကွ၊ သူလည်း ချမ်းသာနေတာပဲ၊ ဘာ ဖြစ်လို့ သည်လို မရွှိယစိတ်မျိုးမွေးရတာလဲ၊ လူတွေလည်း မကောင်းပါဘူးကွာ''

''အဖေရယ် _ သည်လူကြီးအကြောင်းကို တစ်ရွာလုံးက သိပါတယ် ... သူက အဲသလိုစိတ်မျိုးထားပေမယ့် သူမိန်းမက တော့ သူနဲ့တစ်ဘာသာစီ၊ သမီးတို့အပေါ် သူက ဘာကောင်း ကြံစည်လို့ရမှာမှတ်လို့၊ ကြံစည်လည်း အကုသိုလ်က နေပါ ဘူး ... သူ့လမ်းသူသွားပါလိမ့်မယ်''

www.burmeseclassic.com

www.burmeseclassic.com

သမီးဖြစ်သူ မဝေမိုက ဖခင် ဦးပေါက်ကျော်ကို ဖျောင်းဖျကာ ပြောဆိုလိုက်သည်။

"ဟုတ်ပါတယ်တော် ... သည်လိုလူမျိုးကို ကိုယ်ကသာ မေ့လျော့နာနာပို့ပေးပါ ... သူ့သဘောသူဆောင်ပြီး ကိုယ့်အပေါ် ပြန်ကောင်းလာမှာပါ ... "

ဒေါ်အေးခါကလည်း ဦးပေါက်ကျော်စိတ်ပြေနိုင်စေရန် စကားလမ်းခင်းကာ ပြောသည်။ သို့သော် ပြောမထွက်သည့် စကားတစ်ခွန်းက သူ့ရင်ထဲမှာ ရှိနေသည်။ သူတို့စိတ်ပူပန်သွားမှာကို စိုးရိမ်ဖြစ်သည်။ ယင်းကာ ကိုပြည်စိုးသည် မြေးဖြစ်သူ သုဒ္ဓလေးအပေါ်မှာ အကောက်ကြံမည်ကို စိုးရိမ်နေမိခြင်းပင် တည်း။



( ၁၆ )

**ဝိဉာဓေတိ**

တြိရတနအပင်ကြီး၏အောက်ခြေ၊ ဆေးပေါင်းခဂူကြီး၊ လိုဏ်လမ်းကြောင်းအချို့ပေါ်များလှသလို၊ ဘေးထွက်ဂူတွေကလည်းရှိနေကြသည်။ အသုံးအဆောင်ပစ္စည်းအချို့ကို အချို့ဂူတွေထဲမှာတွေ့နေရသော်လည်း အသုံးပြုနေကြသည့်လူပုဂ္ဂိုလ်များကိုတော့ မတွေ့ရ။ သို့သော် ရှေးမဆွမိက ထင်မိခဲ့သည့်အတိုင်း ပင်၊ သုဒ္ဓလေးစိတ်ထဲမှာ သက်ရှိပုဂ္ဂိုလ်များရှိနေကြသည်ဟုထင်နေမိသည်။

မိမိ၏အလုပ်ကို အာရုံစူးစိုက်၍ တစိုက်မတ်မတ်လုပ်ဖန်များလာသောအခါ သမာဓိအားကောင်းလာသည်။ ရင့်ကျက်မှုရှိလာခဲ့သည်။ ထိုအခါ ဤဂူထဲမှာ မိမိတစ်ယောက်တည်းမဟုတ်၊ ဦးကျော်တို့ ဦးရောအပြင် အခြားသောပုဂ္ဂိုလ်များလည်း ရှိနေကြသည်ဟုထင်နေမိခဲ့ခြင်းက အထင်အရှားဟု လက်ခံလာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လောကီဝိဇ္ဇာလမ်းစဉ်ကို လိုက်နေကြသူများ၊ ထွက်ရပ်ပေါက် ကျင့်စဉ်များကို ကျင့်ကြံနေကြသူများသည် ဤဆေးပေါင်းခဂူကြီး ထဲမှာ အမှန်အကန်ရှိနေသည်ဟု ကေန်ကေ ယုံကြည်စိတ်ထား မိလိုက်သည်။

*တစ်ခါတရံ မိမိ၏ကျင့်ကြံအားထုတ်မှုလွဲမှားနေလျှင်* သောကအာရုံထဲတွင် အသံရှင်တစ်ဦးဦးက သတိပေးစကားလမ်း ကြောင်း အမှန်ကို ရှင်းလင်းပြသတည့်မတ်သောစကားများကို ကြားလာခဲ့ရသည်။ သည့်ထက်ပိုပြီးတော့ စရကာအားကောင်း လာပြီး သမာဓိက နိုင်မာလာသောအခါ အာရုံထဲမှာ ဝိဇ္ဇာလား၊ ဇော်ဂျီလား မည်သည့်ပုဂ္ဂိုလ်လည်းဟု ခန့်မှန်းရခက်သော ပုဂ္ဂိုလ် များထဲမှ တစ်ဦးပြီးတစ်ဦး တစ်လှည့်စီလာရောက်တတ်သည်။ မိမိအား လိုအပ်သောအကြံဉာဏ်များကို ပေးလေသည်။ ဦးကိတ္တိ သည်လည်း သုဒ္ဓလေးဆီကို တစ်နေ့တစ်ကြိမ် ရောက်လာတတ် သည်။ တစ်ခါတရံမှာလည်း သက်ကြီးလူပုလေး ဦးရောလည်း ပါလာတတ်လေသည်။

တစ်ရက်တွင် ဦးကိတ္တိသည် သုဒ္ဓလေးဆီကို ရောက်လာခဲ့ ပြီး ...

"ကဲ ... မြေး ... ငါနဲ့လိုက်ခဲ့"

ဟု ကောက်ကာငင်ကာပြောလိုက်သည်ကြောင့် ချက်ချင်း ပင် ထပြီးတော့ လိုက်သွားခဲ့ရသည်။ ဂူလိုဏ်လမ်းကြောင်းများ ကို ဟိုကွေ့၊ သည်ကောက်ဖြင့် ကျော်ဖြတ်သွားခဲ့ရသည်။ ဘေး ထွက်ဂူများကိုလည်း လမ်းမှာ မြင်တွေ့ခဲ့ရသည်။ ဤဂူငယ်လေး





များထဲတွင် သက်ရှိပုဂ္ဂိုလ်များ ရှိနေကြသည်ဟူသော ခံစားချက် က ပိုပြီးတော့ ကြီးထွားလာခဲ့သည်။ ထိုအခါ ငါ တကယ် ဂူကြီး ထဲကိုရောက်နေပါလားဟူသည့်အသိကြောင့် ကြက်သီးဖြန်း ဖြန်းပင် ထသွားခဲ့ရလေသည်။

မှာစ်နေရာကိုအရောက်တွင် ဂူကြီးတစ်လုံးထဲသို့ ချိုးကွေ့ ပြီးတော့ ဝင်လိုက်ကြသည်။ ဂူအတွင်းဘက်တွင် တစ်တောင်ခန့် *ရှိသော ဖယောင်းတိုင်တုတ်တုတ်ကြီးတစ်ချောင်းကို ကျောက်တုံး* ကြီးတစ်ခုပေါ်မှာ ထွန်းညှိထားသည်ကို တွေ့လိုက်ရသည်။ ဤမျှ ကြီးမားသော ဖယောင်းတိုင်မျိုးကို ယခုမှပဲ မြင်ဖူးတော့သည်။

မီးအလင်းရောင်က ဘေးထွက်ဂူကြီးထဲမှာ ထိန်ထိန်လင်း စေသည်။ သို့သော် ပတ်ဝန်းကျင်အလင်းရောင်မျိုးမဟုတ်၊ အဖြူ ရောင်သန်းပြီး ကြည်ကြည်လင်လင်ပင်ရှိနေသည်။ ထူးခြားသော ဖယောင်းတိုင်ကြီးတစ်ခုပင်၊ ဦးကိတ္တိက နောက်ထပ်စကား တစ်ခွန်းမှ မပြော။ ဂူတွင်းတစ်နေရာဆီကိုလျှောက်သွားသည်။ သုဒ္ဓလေး၏မျက်လုံးအစုံသည်လည်း တစ်နေရာကိုရောက်သွား၏။

သူ တွေ့လိုက်ရသည်က မြေပြင်ထက်မှ တွင်းပေါက်ဝကြီး တစ်ခုပင်။ အဝသဏ္ဌာန်သည် သော့တံတစ်ချောင်း၏ပုံစံမျိုးဖြစ် နေသည်။ ဦးကိတ္တိပြန်လာသောအခါ ကြေးတိုင်တစ်ခုကို ယူလာ သည်။ ကြေးတိုင်၏အခေါင်းပေါက်ဝမှာ ဖယောင်းတိုင်ကြီးတစ် တိုင်ကို စွပ်ထားသည်။ စောစောကတွေ့ခဲ့သည့် ဖယောင်းတိုင် ကြီးအတိုင်းပင်၊ ကြီးမားလှသည်။ ဦးကိတ္တိသည် ရှေ့မှနေ၍သော



www.burmeseclassic.com

www.burmeseclassic.com



တွင်းထဲကိုဆင်းသွားခဲ့သည်။ သုဒ္ဓလေးလည်း လိုက်ပြီးတော့ ဆင်းသွားခဲ့လေသည်။ လက်ဖြင့် ပြုလုပ်ထားသော မြေလှေကားထစ်များသည် အောက်ကိုပြေပြေလေးဆင်းသွားခဲ့သည်။ နံရံနှစ်ဖက်သည် အနည်းငယ်ကျဉ်းမြောင်းသော်လည်း လှေကားထစ်ပေါင်း သုံးဆယ်ကျော်ကျော်ဆင်းပြီးသောအခါ အောက်မှာ ကျယ်ဝန်းနေသည်ကို တွေ့လိုက်ရသည်။

မြေအောက်လိုဏ်လမ်းကြောင်းကြီးတစ်ခုက ရှေ့မှာ ဖြောင့်တန်းလျက်ရှိသည်။ အနည်းငယ်စိမ့်ပြီးတော့ အေးသည်။ ဂူနံရံသည် စိုစွတ်လျက်ရှိသည်။ ဦးကိတ္တိကတော့ နောက်ကိုတစ်ချက်ကလေးပင် လှည့်မကြည့်။ ရှေ့ကိုသာ ဆက်ပြီးတော့ လျှောက်သွားနေသည်။ သုဒ္ဓလေးပါလာ၊ မပါလာသည်ကို သိမှသိလေရဲ့လားမပြောတတ်။

တော်တော်လေးပျောက်ပြီးသောအခါ လမ်းသည် အကွေ့အကောက်များရှိလာသည်။ မြွေလိမ်မြွေကောက်သဏ္ဍာန်မျိုးဖြစ်သည်။ လတ်ဆတ်သောလေကို ရှူရှိုက်လိုက်ရသည်။ လေသည် မည်သည့်နေရာကဝင်လာခဲ့လေသလဲမသိ။ သူတို့၏ခြေသံများသာ လိုဏ်လမ်းကြောင်းထဲမှာ တဖျတ်ဖျတ်နှင့်ကြားနေရသည်။ သုဒ္ဓလေး၏စိတ်ထဲမှာ ခြေလှမ်းတစ်လှမ်း လှမ်းလိုက်တိုင်း လျင်မြန်စွာပင် ရွေ့လျားသွားနေသည်ဟု ထင်မိသည်။

အချိန်တစ်ခဏအတွင်းမှာပင် ရှည်လျားသော လမ်းကြောင်း၏ တစ်ဝက်မက ကျော်ဖြတ်လာသည်ဟု စိတ်ထဲက အလိုလိုပင် သိနေသည်။ ခရီးတာပေါင်းများစွာကို လျှောက်လှမ်း





လာခဲ့သည်ဟု အသိစိတ်က သတိပေးနေလျက်ရှိသည်။ ဦးကိတ္တိသည် သူ့ကို မည်သည့်နေရာသို့ ခေါ်ဆောင်သွားနေသလဲမသိ။ အကြောင်းတစ်ခုခုတော့ ရှိရမည်။

"ဒါပေါ့ကွယ် ... အကြောင်းတစ်ခုရှိလို့ပေါ့ ... ဟိုရောက်ရင် သိရပါလိမ့်မယ် ..."

ဦးကိတ္တိက အေးဆေးစွာ ပြန်ဖြေလိုက်သည်။ သုဒ္ဓလေး၏မနောအတွေးကို သိနေသည်ပင်။ သို့သော် သုဒ္ဓလေးကား အံ့ဩခြင်းမဖြစ်မိတော့။ လမ်းသည် တဖြည်းဖြည်းနှင့် မသိမသာမြင့်တက်လာခဲ့သည်။ လှေကားထစ်မရှိဘဲ လမ်းသည် ပြေပြေလေးမော့တက်လာခဲ့ခြင်းပင်။

တစ်ခဏအကြာတွင် ဂူဝကြီးတစ်ခုကို တွေ့လိုက်ရသည်။ အပေါ်ကိုမော့ပြီးတော့ တက်ရသော တွင်းပေါက်ကြီးတစ်ခုပင်။ မြေပြင်ပေါ်ကို သူတို့ရောက်ရှိသွားခဲ့ကြသည်။ တောင်ကြီးတစ်တောင်က ဆီးပြီးတော့ ကြိုနေသည်။ တောင်ကြောကြီးတစ်လျှောက်လုံးသည် ဘော်ငွေရောင်လက်ပနေကာ တပြောင်ပြောင်တလက်လက်နှင့်ရှိနေသည်။

"ဒါ ရွှေရောင်ပြ တောင်တန်းကြီးပဲကွယ့်"

ဦးကိတ္တိက နှုတ်မှတိုးတိုးလေးပြောလိုက်သည်။ တောင်ပေါ်ကိုတက်ရမည့်အခြေအနေရှိသည်။ ဝန်းကျင်သည် ညလည်းမမည်။ နေ့လည်းမဟုတ်သလို၊ ထင်သာ မြင်သာသောအလင်းရောင်တစ်မျိုးဖြင့် လွှမ်းခြုံထားသည်။ ဦးကိတ္တိသည်ပင် ဇလောင်းတိုင်ကြီးကို မီးငြိမ်းပြီး သစ်ပင်ကြီးတစ်ပင်၏ခွကြားမှာ တင်ထား



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ ထို့နောက် ဘယ်ကိုမှမသွားဘဲ တစ်နေရာတည်းမှာပင် ရပ်နေသည်။ တစ်ဦးတစ်ယောက်ကိုစောင့်နေပုံရသည်။

သုဒ္ဓလေးထင်သည့်အတိုင်းပင်။ သူတို့ဆီကို လျှောက်လာနေသော ပုဂ္ဂိုလ်တစ်ဦးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ ဒေါက်ချာကြီးကို ဆောင်းထားသော ရသေ့ကြီးတစ်ဦးပင်။

"ရောက်လာကြပြီလား ... လာ ... လာ ... လိုက်ခဲ့ကြ"

ဦးကိတ္တိ၏ တုံ့ပြန်စကားကိုပင် နားမထောင်တော့ဘဲ ချက်ချင်းပင် လှည့်ထွက်သွားခဲ့သည်။

ရွှေရောင်ပြ ဘောင်ကြီး၏ ဘောင်ခြေကို ချက်ချင်းလိုလိုပင် ရောက်သွားခဲ့ကြသည်။ အခြေအနေတိုင်းသည် လျှင်မြန်စွာ ရွေ့လျားနေကြသည်ဟု ထင်သည်။ တစ်နေရာမှတစ်နေရာကို ဖျတ်ခနဲ၊ ဖျတ်ခနဲဆို ရောက်ရောက်သွားသည်။

ရွှေရောင်ပြတောင်တန်းကြီးပေါ်ကို သတ်မှတ်ထားသောနေရာမှ တက်လာခဲ့ကြသည်။ တောင်ကြောတစ်နေရာမှာ သွားလာလျက်ရှိသော ကျားဖြူကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။ သုဒ္ဓလေး၏စိတ်ထဲမှာ ဤတောင်ကြီးကို စောင့်ရှောက်နေသော သတ္တဝါတစ်ကောင်ဟုပင် ထင်လိုက်မိသည်။

"ဒါ ... လူသာမန်တွေသွားလာနေတဲ့ လမ်းမဟုတ်ဘူး"





ရင်ထဲကို အတွင်းသိတစ်ခုက ထိုးဖောက်ပြီးတော့ ဝင်လာခဲ့လေသည်။

"ဟုတ်တယ်ကွယ် ... ဒါ ပုဂ္ဂိုလ်တွေပဲသွားလာနေကြတဲ့ လမ်း ..."

ရှေ့မှ ဦးဆောင်ပြီးတော့ သွားနေသော ရသေ့ကြီးက လှည့်မကြည့်ဘဲ ပြောလိုက်ခြင်းပင်။ ဦးကိတ္တိကတော့ ဘာမှမထူးခြားသလို အေးဆေးစွာပင် ဆက်ပြီးတော့ လျှောက်သွားသည်။

ထိုစဉ် ...

တောင်ကြောတစ်ခုဆီမှ မည်းမည်း မည်းမည်းနှင့် လာနေသော သဏ္ဍာန်ကြီးတစ်ခု၊ မြေထိုင်ဝက်ဝံကြီးတစ်ကောင်ဖြစ်နေသည်။ လက်ထဲတွင် ငှက်ပျောခိုင်ကြီးတစ်ခိုင်ကို ထမ်းလာသည်။ ရသေ့ကြီး၏ ရှေ့ကိုရောက်သောအခါ ရိုသေစွာဖြင့် လှမ်း၍ မေးလိုက်သည်။

"အေး ... အေး ... သာဓု ... သာဓု ... သာဓု"

သုဒ္ဓလေးသည် အလိုက်သိစွာဖြင့် သွက်လက်စွာလျှောက်သွားသည်။ ငှက်ပျောခိုင်ကြီးကို ဝက်ဝံကြီး၏လက်မှ လှမ်းယူလိုက်ပြီး ပခုံးထက်မှာ ထမ်းလိုက်သည်။ သို့သော် ...

အဖြူရောင်အဝတ်များကို ဝတ်ထားသော ဥပါသကာတစ်ဦးက ချက်ချင်းလိုလိုပင် ရောက်လာသည်။ သုဒ္ဓလေး၏ လက်ထဲမှ ငှက်ပျောခိုင်ကြီးကို လက်ပြောင်းလက်လွှဲယူလိုက်သည်။ ထို့နောက် တောင်ပေါ်ကိုပင် ပြန်ပြီးတော့ တက်သွားခဲ့လေ၏။ တောင်ထိပ်ပေါ်ကို တစ်ခဏအတွင်းရောက်သွားခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



တောင်စောင်းတစ်နေရာကို အနည်းငယ်ပြန့်ပြီးတော့ ဆင်းရသည်။ သုဒ္ဓလေးမြင်တွေ့လိုက်ရသောနေရာသည် မြေပြန့်ကြီးတစ်ခုလိုဖြစ်နေသည်။

"တောင်ပေါ်မှာဖြစ်ပြီး သည်နေရာကဘယ်လိုအကြောင်းကြောင့် ဒါလောက်အထိ ကျယ်ပြန့်နေရတာလဲ"

လူတစ်စုသည် ဉာဏ်တော် (၁၂)တောင်အမြင့်ရှိသော ရွှေစေတီတော်ကြီးတစ်ဆူကို ဆွမ်း၊ ရေချမ်း၊ ဆီမီးတို့ကပ်လှူနေကြသည်။ အညိုရောင်ယောဂီဝတ်များ၊ အဖြူရောင်အဝတ်အစားများကို ဝတ်ဆင်ထားကြသူများ၊ အညိုရောင် အဖြူရောင် အဝတ်စများကို ဦးရစ်ခေါင်းပေါင်း ပေါင်းထားကြသူများ၊ ဆံကျစ်ရသေ့များ၊ ဒေါက်ချာဆောင်းရသေ့များ၊ ပုဏ္ဏားကဲ့သို့အသွင်ရှိသည့်သူများကိုတွေ့ကြရသည်။ အချို့ ပါးမြိုင်းမွေးထူထူ၊ ပါးပါး၊ မုတ်ဆိတ်မွေးတိုတိုရှည်ရှည်နှင့်သူများ၊ အားလုံးသည် စကားမပြောကြ၊ ကိုယ့်အလုပ်နှင့်ကိုယ်ရှိနေကြသည်။

အချို့ပုတီးစိတ်နေကြသည်။ အချို့တရားထိုင်နေကြသည်။ စေတီတော်ကိုရွှေသင်္ကန်းကပ်လှူနေကြသူလည်း ရှိသည်။ သုဒ္ဓလေးသည် စေတီတော်၏ ကြာသပတေးထောင့်တွင် ဝင်ထိုင်လိုက်ပြီး ဦးချကန်တော့လိုက်လေသည်။ ခေါ်လာသော ရသေ့ကြီးက သုဒ္ဓလေးကို ရွှေသင်္ကန်းကပ်လှူရန် ရွှေဆိုင်းတစ်ထပ်ကို လာပေးသည်။ ဦးကိတ္တိရော၊ သုဒ္ဓလေးပါ ရွှေသင်္ကန်းကပ်လှူကြသည်။

"သည်စေတီတော်ရဲ့ ဘွဲ့အမည်က ဘာများပါလိမ့်"





မနောထဲမှ မေးနေမိသည်။ ထိုစဉ် ...

"ဝိဇ္ဇာစေတီတော်လို့ ခေါ်တယ်ကွယ့်"

သူတော်စင်ကြီးတစ်ဦးက အနားကနေ ဖြတ်လျှောက်သွားရင်းနှင့်ပြောသွားသည်။ ဩော် သူတစ်ပါး၏မနောစိတ်အကြံကို သိနေကြသူတွေချည်းပါပဲလား။ ရွှေသင်္ကန်းကပ်လှူပြီးသောအခါ လည်ပင်းမှ ပုတီးကိုယူကာ ပုတီးစိတ်သည်။ ဘုန်းတော်ခေဩက်ပါးကို ရည်စူးပြီး ဘဂဝါကိုပင် စိတ်သည်။ ပုတီးပတ်ရေတစ်ထောင်စိတ်သည်။ ပြည့်သွားသည်ကို သိလိုက်သည်နှင့် မျက်လုံးအစုံကိုဖွင့်လိုက်သောအခါ အနားမှာ မည်သူတစ်ဦးတစ်ယောက်မှမရှိကြတော့။ မည်သည့်နေရာကို ထွက်သွားကြပြီလဲ မသိ။ စေတီတော်၏ ဆည်းလည်းသံ တချွင်ချွင်သည်သာ စိတ်ကြည်နူးစွာပင် ကြားနေရလေသည်။

ရသေ့ကြီးနှင့် ဦးကိတ္တိသည် တောင်စောင်းတစ်နေရာမှာ မိမိကိုစောင့်နေကြသည်။ သူတို့၏အနားကိုရောက်သွားစဉ်-

"ဝိဇ္ဇာစေတီကို ဖူးခွင့်ကြုံမှ ဖူးနိုင်တာကွယ့်၊ ကိုယ့်အလုပ်ကို ဆုံးခန်းတိုင်တဲ့အထိ ပေါက်မြောက်အောင် ကြိုးစားပါ သုဒ္ဓလေး ..."

"ဟုတ် ... ဟုတ်ကဲ့"

ရသေ့ကြီးက သုဒ္ဓလေး၏အမည်ကိုပင် သိနေသည်။ ထိုအခါ ပြန်ရတော့မည်ကို သိနေသည်။ စေတီတော်၏အနားမှာပင် နေချင်သည်။ ဤနေရာမှ ဘယ်ကိုမှ မသွားလိုတော့။

"နောင်တစ်ချိန်ကျရင် မင်း သည်နေရာကို မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေမှာပါ ... ကဲ ... အခုတော့ ကိုယ်လုပ်စရာရှိတာကို လုပ်နေဦးတော့ ... ''

ရသေ့ကြီးက သုဒ္ဓလေး၏ကျောကိုပုတ်ကာ ပြောလိုက်သည်။ တောင်အောက်ကိုအဆင်းတွင် ရသေ့ကြီးကား လိုက်ပါမလာတော့။



( ၁၇ )

**ဂူထဲက မက်စရာ၊ ထိတ်စရာများ**

တောထဲကို လူတစ်စုက တိတ်တဆိတ်ဝင်ရောက်လာခဲ့ကြသည်။ သူတို့သည် တစ်နေရာတွင်ရှိနေကြကာ တစ်ဦးတစ်ယောက်ကို စောင့်နေကြပုံရသည်။ မကြာမီ လူနှစ်ယောက်ရောက်လာ၏။

''မင်းတို့ လူစုံကြပြီလားဟေ့''

''ဟုတ်ကဲ့ ... စုံပါပြီခင်ဗျာ''

မေးလိုက်သူသည် ကိုပြည်စိုး။ အတူပါလာသူက ရောင်စိန်။ ကိုပြည်စိုးသည် ပါးမြိုင်းမွေးရေးရေးနှင့် နှုတ်ခမ်းမွေးထူထူကိုတပ်ကာ ရုပ်ဖျက်ထားသည်။

''မင်းတို့က သုဒ္ဓလေးပုန်းနေတဲ့နေရာကိုတွေ့အောင်မရှာနိုင်ဘူးဆိုတော့ တော်တော်ညံ့တာပါကွာ ... ကဲ ... ဒါနဲ့တွေ့ရကြမယ် ... ဟောသည့်တောကြီးဟာ ဒါကလေးကတည်း



www.burmeseclassic.com

www.burmeseclassic.com

က သွားသာကျွက်စားနေတဲ့နေရာပဲကွ ... ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာကအစ ငါသိတယ်''

အချိန်မဖြုန်းကြတော့။ ချက်ချင်းပင် တောနင်းပြီးတော့ ရှာကြသည်။ ရောင်စိန်တစ်ယောက်သာ မိမိရွာသားဖြစ်သည်။ ကျန်လူများကိုတော့ တစ်ရွာစီမှ ခေါ်ထားကြခြင်းပင်။ လက်ရဲဖက်ရဲရှိကြသူ။ ငွေပေးလျှင် ဘာမဆိုလုပ်ကြမည့် စရိုက်ကြမ်းကြမ်းသမားများသာ။ သူတို့သည် တောပါးသောနေရာများကို ရှောင်ရှားကြပြီး တောထူသောနေရာများဆီသို့ ရွေးပြီး တိုးဝင်ခဲ့ကြသည်။

ကိုပြည်စိုး၏စိတ်ထဲမှာ သုဒ္ဓလေးသည် ဥစ္စာသိုက်ကြီးတစ်ခုကို တွေ့ထားသည်ဟု ထင်မိသည်။

''သည်ကောင်က သူ့ကိုယ်သူ ခပ်ကြောင်ကြောင်ဟန်ဆောင်ထားတာ ... တောထဲကိုဝင်ပြီး တရားအလုပ်ကိုလုပ်နေသလိုလို၊ ဘာလိုလိုနဲ့ သိုက်တွင်းကြီးထဲက ပစ္စည်းတွေကို ကဲ့နေတာ''

ကိုပြည်စိုးသည် ထိုကဲ့သို့သောအထင်နှင့် စိတ်ဖိစီးနေသည်မှာ ကြာခဲ့လေပြီ။ သုဒ္ဓလေးတို့ မိသားစုသာမဟုတ်၊ မည်သူမဆို ချောင်လည် ပြေလည်သွားမှာကို စိုးရိမ်မိသည်။ သူကသာသည့်ထက်ပိုပြီးတော့ ကျိကျိတက် ချမ်းသာချင်သည်။ လူတကာကို ငွေကြေးနှင့်ဖိနှိမ်ထားချင်သည်။ ဩဇာအာဏာညောင်းချင်သည်။ ရေခင်းရွာမှာသာမဟုတ်၊ ရွာနီးချင်းများမှာပင်လျှင် သူ့ထက် ပိုပြီးတော့ ချမ်းသာသောသူမရှိစေရဟု ပုဂ္ဂလိကအတ္တ





ကြီးစွာဖြင့် ခံယူထားသောသူဖြစ်သည်။

တောနက်ထဲကို ဝင်သာလာခဲ့ကြသည်. သုဒ္ဓလေးကို တွေ့ဖို့ရန် အကြောင်းက မရေရာ မသေချာ။ ဒါကို ကိုပြည်စိုးနည်းနည်းလေးမှ မစဉ်းစားမိ။ တစ်နေရာရာတွင် တွေ့နိုင်သည်ဟုပဲ တစ်ထစ်ချယူဆထားသည်။ တွေ့လျှင် ဥစ္စာသိုက်ရှိသည့်နေရာကို ပြနိုင်းမည်။ ငြင်းဆန်နေပါက အကြမ်းနည်းဖြင့် ကိုင်တွယ်မည်ဟု ဆုံးဖြတ်ထားသည်။ သူ၏အကြံအစည်ကို မည်သူမှ မိသခဲ့ကြ။ လူမိုက်များကို ငှားပြီး ရွာမှ တိတ်တဆိတ်ထွက်လာခဲ့ခြင်းသာ။

သည်လိုနှင့် ရွာပျက်ကြီးတစ်ခုဆီကိုရောက်လာခဲ့သည်။ ယင်းရွာသည် တစ်ချိန်က ကပ်ရောဂါဘေးဆိုးကြီး ကျရောက်ပြီးသကာလ ပျက်စီးသွားခဲ့ခြင်းပင်။ လူ့အသက်ပေါင်းများစွာ သေကြေပျက်စီးခဲ့ကြပြီး မည်သူမှ မနေရဲကြတော့ပေ။ ထိုအချိန်က ကိုပြည်စိုးတို့ပင် မမွေးသေး။ လူကြီးသူမများက တစ်ဆင့်သိခဲ့ရခြင်းပင်။

အချို့နေရာများတွင် အိမ်တိုင်းအုတ်ဖိနပ်များ၊ ရေတွင်းပျက်များ၊ ပျက်စီးနေသော မြေအိုး၊ မြေခွက်အကျိုးအပဲ့များကိုပင် တွေ့နေရသေးသည်။ ဘုန်းကြီးကျောင်းသည်လည်း ကျွန်းတိုင်လုံးကြီးများသာ ကျန်ရစ်တော့သည်။ ရွာစွန်တွင် စေတီတစ်ဆူကို ဖူးတွေ့ကြရသည်။ သို့သော် ထီးတော်၊ ငှက်မြတ်နား၊ စိန်ဖူးတော်တို့ပင်လျှင် မရှိကြတော့။ ပျက်စီးကြွေကျ မြေခွသွားခဲ့ကြပြီလား။ သို့မဟုတ် မသမာသူတို့ပဲ ခိုးယူသွားခဲ့ကြပြီလား။


www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့ ကိုပြည်စိုး စိတ်ဝင်စားသွားခဲ့သည်။

"ကပ်ဆိုးကြီးကြောင့် ပြေးကုန်ကြတဲ့သူတွေအထဲမှာ ငွေကြေးကြွယ်ဝတဲ့သူတွေရှိကြမှာပဲ ... သူတို့ရဲ့ ပစ္စည်းတွေကို ဆောင်ယူမနိုင်ကြတော့ တစ်နေရာရာမှာ မြှုပ်နှံထားခဲ့ကြမှာ ... အဲသည့်နေရာကို ဟိုကောင်တွေ့ထားပြီး တဖြည်းဖြည်းနဲ့ရှာကို ကဲ့ယူနေတာပဲဖြစ်ရမယ် ..."

ဤနေရာမှာပင် သုဒ္ဓလေးရှိနေနိုင်သည်ဟု အနိုင်အမာပင် လက်ခံထားသည်။

"ဟောသည့်နားတစ်ဝိုက်မှာ ရှာကြကွာ"

သူကိုယ်တိုင်လည်း လိုက်၍ရှာသည်။ တဖြည်းဖြည်းနှင့် ရွာပျက်ကြီး၏အပြင်ဘက်ကိုရောက်သွားခဲ့ကြသည်။ ယခင်က လယ်ကွက်၊ ဥယျာဉ် ခြံမြေလိုနေရာမျိုးဖြစ်သော်လည်း ယခုတော့ ဖုန်းဆိုးမြေကြီးအဖြစ် ပြောင်းလဲလျှက်ရှိနေလေပြီ။ သစ်ပင်ကြီးများကလည်း ထူထပ်စွာပင် ပေါက်နေကြသည်။ ရှာဖွေနေကြသူများသည်လည်း မရေမရာကိစ္စကြောင့် ဘာကိုရှာရမှန်းမသိနိုင်အောင်ပင် ရှိနေကြသည်။

သည်လိုနှင့် တောကျွံလာခဲ့ရာ ဂူကြီးတစ်လုံးကို အမှတ်မထင် တွေ့လိုက်ကြရသည်။ ကိုပြည်စိုးသည် ဂူထဲကိုဝင်သွားသော လူတစ်ယောက်ကို တွေ့မိလိုက်သလိုလိုပင်။

"ဟာ ... ဟိုကောင် ... သုဒ္ဓလေးပဲ ... ဟော့ ဟော့ ကောင်တွေ ဟိုမှာ ငါပြောတဲ့ကောင် ဂူထဲကိုဝင်သွားတယ်၊ မတွေ့လိုက်ကြဘူးလား ..."





"ကျွန်တော်တို့ကတော့ ဂူပဲမြင်တယ် ... လူကိုမမြင်ဘူး အာစရိ"

"ဟာ ... တော်တော်ကန်းကြတဲ့ကောင်တွေပဲ ... သွားကြ မြန်မြန် ... သည်ဂူဝမှာ သည်ကောင်အောင်းနေတာပဲဖြစ်ရမယ် ..."

"ဟုတ်ပါ့မလားဆရာ ... ဂူထဲမှာ သူမရှိဘဲ တခြားအကောင်တွေရှိနေကြရင် အားလုံးဒုက္ခရောက်ကုန်ကြလိမ့်မယ်"

"လူမှလူပါကွာ ... ကျိန်းသေပါတယ် ... သေသေချာချာကို မြင်လိုက်တာပါ ... သည်အထဲမှာ ရတနာတွေတောင်ရှိဦးမယ် ... သည်ကောင် ဒါကြောင့် သည်နေရာမှာပဲရှိနေတာပေါ့၊ ငါနဲ့တော့ တွေ့ပြီပေါ့ကွာ"

ကိုပြည်စိုးသည် စိတ်ကို မထိန်းနိုင်တော့ဘဲ ဂူကြီးထဲကို ပြေးဝင်သွားခဲ့သည်။ အထဲကိုရောက်သော် သူတွေ့လိုက်ရသည်ကား သေတ္တာကြီးငယ်များပေါ်တွင် ခွေကာရစ်ကာ သွားလာကာ ရှိနေကြသော အမျိုးအမည်ပေါင်းများစွာရှိသော မြွေများပင်တည်း။ ငန်းစောင်း၊ ငန်းပုပ်များကအစ အကြီးဆုံးမြွေကြီးတစ်ကောင်မှာ ငန်းတော်ကြားကြီးတစ်ကောင်ပင်။ သေတ္တာတစ်လုံးပေါ်မှာခွေပြီးတော့ အိပ်နေရာက ရုတ်တရက် ခေါင်းထောင်ပြီးတော့ ကြည့်လိုက်လေ၏။

"ဖြီး ..."

ပါးပျဉ်းကြီးကလည်း ရုတ်တရက်ထောင်တက်လာလေသည်။ ထိုအခါ ကိုပြည်စိုးသည် အထိတ်တလန့်ဖြင့် နောက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို ပြန်လှည့်ပြေးကာ ...

"ဟော့ ... ဟော့ကောင်တွေ ... ဂူထဲမှာ သေတ္တာတွေကွ၊ ရတနာသေတ္တာတွေပဲဖြစ်မယ် ... ဒါပေမဲ့ မြွေတွေလည်းအများကြီးပဲ ... သည်မြွေတွေကို သတ်ပြီးတော့ ငါတို့ သည်ရတနာတွေကို ယူကြရမယ်"

ရတနာသေတ္တာတွေဆို၍ အားလုံးစိတ်ဝင်စားသွားခဲ့ကြသည်။ ထို့ကြောင့် ပါလာသောဓားများကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ကာ ဂူဆီကို တဖြည်းဖြည်းနှင့်ချဉ်းကပ်လာခဲ့ကြသည်။ ကိုပြည့်စိုးသည် လူအင်အားနှင့်မို့ မကြောက်တော့။ အတူလိုက်ပါလာသည်။ ဂူဝကိုရောက်ကြသော် ...

"ဟင် ..."

ဂူထဲမှာ ဘာမှမရှိ။ သစ်ရွက် သစ်ခွေး အမှိုက်သရိုက်များသာ ရှိနေကြသည်။

"ဘယ်မှာလဲ သေတ္တာတွေ ... ဘယ်မှာလဲ မြွေတွေ၊ ဘာမှလည်းမရှိပါလား"

တစ်ယောက်က မကျေမနပ်နှင့် ပြောလိုက်သည်။ ကိုပြည့်စိုးသည် သူတို့ကို အရူးလုပ်လိုက်သည်ဟု ထင်မိလိုက်ကြသည်။

"ငါ သေသေချာချာကို မြင်လိုက်ရတာပါကွာ ... မြွေတွေဆိုရင် သေတ္တာတွေပေါ်မှာ မြင်လို့တောင်မကောင်းဘူး၊ ခု ဘယ်လိုဖြစ်လို့ ဒါတွေမရှိတော့တာလဲ"

"မဟုတ်သေးပါဘူးဗျာ ... ခင်ဗျားအမြင်မှားနေတာဖြစ်ရမယ် ... နဂိုကတည်းက အဲဒါတွေမရှိလို့ပေါ့ဗျ"





တစ်ယောက် မကျေမနပ်နှင့် ပြောလိုက်သည်။ ထိုစဉ်-

"ရှီး ... ရှီး ... ရှီး ... ရှီး"

တရှီရှီနှင့်အသံများကို ကြားလိုက်ကြရသည်။ ကိုင်းပင်တော၊ မြက်ပင်များကို လေတိုးလျှင်လည်း ထိုအသံများက ထွက်လာတတ်သည်။ သို့သော် ဤအနားမှာ ကိုင်းပင်တော၊ မြက်တောများကမရှိ၊ လေကလည်းမတိုက်။

"ဒါ ... ဒါ မြွေတွန်သံတွေပဲကွ"

မြွေတွန်သံများမှလွဲပြီး အခြားမဖြစ်နိုင်တော့။ မြွေမှ တစ်ကောင်တည်းမဟုတ်။ များပြားလှသော မြွေများ၏တွန်သံများပင်တည်း။ အားလုံး ချောက်ချားနေကြသည်။ ဟိုကြည့်သည်ကြည့်နှင့် ရှိနေကြသည်။

"ရှီ ... ရှီ ... ရှီ ... ရှီ"

အသံများက တဖြည်းဖြည်းနှင့် နီးကပ်လာကြပြီဖြစ်သည်။ မျက်စိတွေက ကျိုးကန်းတောင်းမှောက် ကြည့်နေကြဆဲမှာပင် သစ်ပင်အကြိုအကြား၊ ခြုံများ၊ တောင်ပို့များထဲမှာ တစ်ကောင်ပြီးတစ်ကောင် ထွက်လာနေကြသော မြွေများကိုတွေ့လိုက်ကြရလေတော့သည်။

"ဟာ ... ဟိုမှာ ... မြွေ ... မြွေတွေ"

အားလုံးက အထိတ်တလန့်နှင့် အော်မိလိုက်ကြသည်။ ကိုပြည့်စိုးလည်း အံ့ဩထိတ်လန့်သွားခဲ့ရသည်။ စောစောက သူတွေ့လိုက်ရသည့်မြွေများက ဂူထဲမှာ။ ယခုတော့ ဂူအပြင်ဘက်မှာ။ မည်သို့ဖြစ်ကုန်ကြသလဲဆိုတာ မသိနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"နှီ … နှီ … နှီ … နှီ"

မြွေများက တစ်နေရာတည်းက ထွက်လာနေကြသည် မဟုတ်။ အနီးဝန်းကျင်ပတ်ပတ်လည်မှ တစ်ကောင်ပြီးတစ်ကောင် ထွက်လာခဲ့ကြခြင်းပင်။

"ဟာ … ဟာ … လုပ် … လုပ်ကြပါဦး"

အားလုံး မျက်သလဲဆန်ပျာ ဖြစ်ကုန်ကြသည်။ ပတ်ပတ်လည်မှ ထွက်ပေါ်လာသော မြွေများသည် မကြာမီမှာပင် သူတို့ကို ဝိုင်းမိကြတော့မည်ဖြစ်သည်။ ထို့ကြောင့် ဝိုင်းမမိခင်မှာပင် နောက် ကြောင်းကို လှည့်ကာထွက်ပြေးကြလေတော့သည်။ ရှေ့ဆုံးမှ လိုက်လာသောမြွေကြီးသည် ငန်းတော်ကြားကြီးပင် ဖြစ်သည်။ ကိုပြည်စိုးမှာ သူ့တစ်သက်နှင့်တစ်ကိုယ် ဤမျှများပြားလှသော မြွေများကို ခုတစ်ခါပဲ မြင်ဖူးသေးသည်။

မြင်ဖူးရုံတင်မကဘဲ ရာထောင်ချီမကသော မြွေများ၏ စုပြုံပြီးတော့ပါ အလိုက်ခံနေကြရသေးသည်။ အားလုံး ဖနောင့်နှင့်တင်ပါးတစ်သားတည်းနေအောင် ပြေးလာခဲ့ကြရာ ဘယ်ရောက်လို့ရောက်မှန်းပင် မသိတော့။ နောက်ကိုလှည့်ကြည့်ကြစဉ်တွင် မြွေများတစ်ကောင်မှ လိုက်မလာကြတော့မှ …

"ဟော့ … ဟော့ … ရပ်လိုက်ကြတော့ … မြွေတွေ ပါမလာကြတော့ဘူး"

ကိုပြည်စိုးက အော်ပြီးပြောလိုက်တော့မှ အားလုံးရပ်လိုက်ကြသည်။ ခြေပစ်လက်ပစ်ဖြစ်ကုန်ကြသည်။ တကယ်ပင် မြွေဆို၍ တစ်ကောင်တလေလောက်ပင် မတွေ့ရတော့။ ဘယ်ရောက်





ကုန်ကြပြီလဲ။ စောစောက မြွေအလိုက်ခံကြရသည်မှာ တကယ်မှ ဟုတ်ပါလေရဲ့လားဟုပင် ပြန်ပြီးတော့ တွေးယူကြရသည်။ စိတ်ချရပြီဆိုတော့မှ ခြေပစ်လက်ပစ်ဖြစ်ကုန်ကြလေသည်။ တသ်ခဏ အကြာ …

မိမိတို့ရောက်နေကြသောနေရာကို ပြန်ပြီးတော့ ဆန်းစစ်ကြည့်ကြရာ ပြောင်းလဲမှုတစ်ခုခုဖြစ်နေသည်ဟု ထင်မိသည်။ သို့သော် ဘာကိုဆိုလိုရမှန်းမသိ။ အားလုံး ဆန္ဒတူညီစွာ သိနေကြသည်ကား၊ အသိအာရုံကို ချောက်ချားမှုတစ်ခုခုက ကြီးစိုးခံနေရခြင်းပင်။ သည့်နောက် အမှောင်က တစ်ရစ်ပြီးတစ်ရစ် ကျလာခဲ့ခြင်းပင်။

"ဘာဖြစ်လို့ မှောင်မဲသွားပါလိမ့်"

မွန်းတည့်ချိန်ကျော်လွန်ရုံလေးပင် ရှိသေးသည်။ မည်သည့်အကြောင်းကြောင့် အမှောင်ကကျလာခဲ့ပါသလဲ။ နေကလည်း မပွင့်။ ဤသို့ ဖြစ်စရာအကြောင်းကမရှိ။

"သည့်နေ့ကတော့ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်သွားခဲ့ရပြီကွာ၊ ပြန်ကြမယ်"

ကိုပြည်စိုးက လေသံကိုထိန်းပြီးတော့ ပြောလိုက်သည်။ စိတ်ပျက်အားငယ်မှုအသံမျိုးမဖြစ်စေရန် ဟန်ဆောင်ကာ မျက်နှာထားကိုလည်း တမင်တင်းထားလိုက်သည်။ သို့သော် ဟိုချုံတိုး သည်ချုံတိုးနှင့် အပြန်လမ်းကိုရှာမတွေ့ကြတော့။ တောထဲ မျက်စိလည်လည်ဆက်ရှိနေလေပြီ။

"အာ … အာစရိ … လမ်းပျောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ‒ ငါလည်း သည်နေရာကို ဘယ်လိုမှ စဉ်းစားလို့မရတော့ဘူး ... ဒါပေမဲ့ တွေ့ရမှာပါ ... လူစုသာမကွဲကြစေနဲ့ ..."

တစ်နေရာပြီးတစ်နေရာ ရောက်သွားကြပြန်သည်။ သို့သော် လမ်းအမှန်ကိုမတွေ့။ မှန်သည်ထင်ပြီး လိုက်သွားကြပြန်သော်လည်း တစ်လွဲတွေ ဖြစ်နေသည်။ နောက်ဆုံး စောစောက နေရာကိုပဲ ပြန်ပြန်ပြီးတော့ ရောက်လာကြသည်။ သည်လိုနှင့် အမှောင်လက်ဝါးကြီးက တစ်တောလုံးကို အုပ်ချလိုက်လေတော့၏။ လမ်းပျောက်ကိုရှာရန် မဖြစ်နိုင်တော့။

ထို့ကြောင့် ...

တောထဲမှာပင် တစ်ညတာ အိပ်စက်ရန်အကြောင်းက ဖန်လာလေတော့သည်။ လူတွေလည်း စိတ်ပျက်ကုန်ကြလေတော့သည်။

"မနက်ကျမှ လမ်းအမှန်ကိုဆက်ပြီးတော့ ရှာကြတာပေါ့ကွာ၊ မင်းတို့ကို ငါ အခကြေးငွေတစ်ဆပိုပေးပါ့မယ်"

ကိုပြည်စိုးသည် သူ့ကို မကျေမနပ်ဖြစ်နေကြသောသူများကို မက်လုံးပေးကာ နှစ်သိမ့်လိုက်ရလေသည်။



( ၁၈ )

## ရှာကျော်ကောင်ရေရှိသော သန်းခေါင်ယံကျားရိုင်းများ

ညဉ့်ပိုးကောင်လေးများ၏ အော်မြည်သံမျာုးက အဝေးမှ နေ၍ ထွက်ပေါ်လာနေကြလျှက်၊ ညဉ့်နက်လာလေလေ ယင်းအသံများက ပိုပြီးတော့ ကျယ်လောင်လာလေလေ။ တောထဲမှာ မီးပုံကြီးတစ်ပုံကို ဖိုထားကြသည်။ မီးအလင်းရောင်သည် ဝန်းကျင်အနီးတစ်ဝိုက်ကို ကောင်းစွာ ထင်သာမြင်သာရှိခဲ့သည်။ ကျားဝံ၊ သစ် စသည့်သတ္တဝါများ၏ရန်ကို ကြောက်ကြ၍ မီးပုံကြီးကြီးကို ဖိုထားကြခြင်းပင် ဖြစ်သည်။

တောထဲတွင် စားစရာကလည်း မရှိ။ ဆာလောင်မွတ်သိပ်မှုဒဏ်ကိုလည်း ခံစားနေကြရသည်။ ရေငတ်သည့်ဝေဒနာကိုလည်း ခံစားနေကြရသေးသည်။ ကိုပြည်စိုးသည်ပင် စိတ်ဆိုးလှုပါ ပင်ပန်းခဲ့၍ ပျော့ခွေနေသည်။ ဖနီးကိုတော့ ရွာသစ်ရွာကို အကြွေးတောင်းသွားဦးမည်ဟု မှာကြားခဲ့သည်။ ခုတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



တောထဲမှာ ခုန်ကျရောက်နေသည်ကို မအိမ်စိုးက သိမှာမဟုတ်။ နှစ်သောက်တစ်တွဲစီ ကင်းချထားရင်း အိပ်ပျော်သူက အိပ်ပျော်သွားခဲ့ကြသည်။

တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းကိုရောက်လာခဲ့သည်။ နောက်ထပ် တစ်ကင်းပင် ချိန်းပြီးခဲ့လေပြီ။ ကင်းသမားများသည်လည်း ငိုက်မြည်းလျှက်ရှိနေကြသည်။ ပုရစ်မြည်သံ၊ ပုဇဉ်းအော်သံများကိုပင် ကြားရတစ်ချက်၊ မကြားရတစ်ချက်၊ မီးရှိန်ကိုတော့ မကျစေရ။ ထင်းခြောက်တွေတစ်တုံးပြီးတစ်တုံး အဆက်မပြတ်ထည့်နေကြသည်။ မီးတောက်မီးစွယ်တက်နေလျှင် အိပ်ချင်စိတ်နည်းပါးသည်။ ထို့အပြင် တော်ရုံသားကောင်များ မချဉ်းကပ်နိုင်ကြ။

ယင်းအချိန်တွင် ...

"အူး ... ဝေါင်း"

အမှတ်မထင်ဆိုသလို ကျားဟိန်းသံများကို ကြားလိုက်ကြရသည်။ အသံများက မနီးမဝေးမှ ထွက်ပေါ်လာခဲ့ကြခြင်းပင်။

"ဟင် ... "

ကင်းသမားနှစ်ဦးသည် ဘေးမှာချထားသော ဓားများကို အမှတ်မထင် ဆုပ်ကိုင်လိုက်ကြသည်။ အိပ်ပျော်နေသူအချို့သည်လည်း လန့်ပြီးတော့ နိုးလာခဲ့ကြသည်။

"ဟေ့ ... ဟေ့လူတွေ ... ထကြစမ်းမြန်မြန် ကျားကျား"

မနိုးကြသေးသောသူများကိုလည်း ကင်းသမားများက နှိုးလိုက်သည်။ တစ်ယောက်ပြီးတစ်ယောက်နိုးလာခဲ့ကြလေ၏။





ကိုပြည့်စိုးသည် အိမ်မှာပဲ အိပ်ပျော်နေသည်ဟုထင်မိသည်။ နားထဲမှာ ကျားကျားဆိုသောအသံကြောင့် လန့်ပြီးတော့ နိုးလာခဲ့သည်။ သူနိုးလာမှပင် ကျားဟိန်းသံများက ဆက်တိုက်ပင် ထွက်ပေါ်လာခဲ့ကြလေသည်။ တစ်ကောင်တည်းမဟုတ်။ ဟိုမှသည်မှ ထွက်ပေါ်လာခဲ့သော အသံများကြောင့် ကျားသုံးလေးကောင်ထက်မနည်းရှိလိမ့်မည်ဟု ထင်မိကြရသည်။ ထို့ကြောင့် အားလုံးမျက်လုံးပြူးသွားခဲ့ကြလေသည်။

"ဟေ့ ... ဟေ့လူတွေ သတိထားကြ ... ကျားမှာတစ်ကောင်တည်းမဖြစ်နိုင်ဘူး ... အနည်းဆုံး သုံးလေးကောင်ထက်မနည်းပဲ ... "

"အာစရိ ... သည်ဘက်ကိုရောက်လာနိုင်တယ် ... ကျွန်တော်တို့အတွက် အန္တရာယ်ရှိတယ် ... သစ်ပင်ပေါ်ကိုတက်ပြီးနေကြမှဖြစ်မယ်"

"ဟုတ်တယ် ... မြန်မြန်တက်ကြ"

ထိုအခါ သစ်ပင်ကြီးသုံးလေးပင်ပေါ်ကို လူခွဲကာ တဖြုတ်ဖြုတ်နှင့်တက်သွားခဲ့ကြလေသည်။ အမြင့်ဆုံးအကိုင်းများထက်ဆီ အသီးသီးရောက်သွားကြသောအခါ စိတ်သက်သာရာရသွားခဲ့ကြလေသည်။

"အူး ... ဝေါင်း ... ဝေါင်း"

ထင်သည့်အတိုင်းပင် ကျားဟိန်းသံများက သူတို့နှင့်နီးပြီးတော့ နီးကပ်လာခဲ့ကြသည်။ ကျားများလည်း မည်သည့်အကြောင်းကြောင့် ဟိန်းဟောက်ကာ သွားလာနေကြပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားရှုမရကြ။ ဒေါသတကြီးဖြင့် အော်ဟစ်နေကြသော အသံမျိုးပင်ဖြစ်သည်။ တစ်တောလုံးသည်လည်း ပွက်ပွက်ဆူညံလျက်ရှိနေလေသည်။ မကြာမီ အရိပ်သဏ္ဍာန်များကို မြင်လာခဲ့ကြရသည်။ မည်းမည်းလှုပ်လှုပ်နှင့် သူတို့ဆီကို ရွေ့လျားလာနေကြသည်။ ထိုစဉ်မှာပင် မီးပုံမှ မီးတောက်ကြီးသည် သူ့အလိုလိုဟုန်းခနဲဆို တက်လာသည်။

ထိုအခါ ဝန်းကျင်ကို ပိုပြီးတော့ မြင်သာ၊ ထင်သာ ရှိလာခဲ့ရသည်။ သစ်ပင်ထက်မှ လူများအားလုံးသည်လည်း အောက်မှအချင်းအရာများကိုကြည့်ပြီးတော့ မျက်လုံးပြူးသွားခဲ့ကြသည်။ အံ့ဩထိတ်လန့်သွားခဲ့ကသည်။ ထိုသဏ္ဍာန်များကား များပြားလှစွာသော ကျားများပင်တည်း။ ကောင်ရေ ၁၀၀ ခန့်ရှိလိမ့်မည်ဟုထင်သည်။

ထိုကျားများကို ဦးဆောင်ပြီး ရှေ့ဆုံးမှလိုက်ပါလာသူတစ်ဦး၊ သူကား အခြားသူမဟုတ်၊ သုဒ္ဓလေးပင်တည်း။ သူသည်ပိတ်ဖြူအင်္ကျီ လုံချည်ကိုဝတ်ဆင်ထားသည်။ လည်ပင်းမှာလည်းကွမ်းသီးလုံးခန့်ရှိသော ပုတီးကြီးတစ်ကုံးကို ဆွဲထားလေသည်။ နှုတ်ကလည်း မေတ္တာသုတ်တော်ကို ရွတ်ဖတ်လာသည်။

ကျားများသည် အဝေးမှာနေ ဟိန်းဟောက်သံများ ပေးလာခဲ့ကြသော်လည်း သူတို့ဆီကိုရောက်လာကြသောအခါမည်သည့်အသံမှထွက်မလာကြတော့။ ညင်သာတိတ်ဆိတ်စွာပင်ခြေလှမ်းမှန်မှန်ဖြင့် သွားနေကြသည်။ ကျားများသည် ဖြန့်ပြီးတော့ တက်လာခဲ့ကြခြင်း ဖြစ်လေရကား သူတို့ရှိနေကြသော



သစ်ပင်များဘက်ဆီကိုပင် ရောက်လာခဲ့ကြလေသည်။ သစ်ပင်ထက်ကိုရောက်နေကြသူများသည် ပိုပြီးတော့ အထိတ်တလန့်ဖြစ်ကြရကာ တုန်လှုပ်နေကြပြီး သစ်ပင်ကိုင်းပေါ်မှောက်ကာတင်းတင်းဖက်ထားကြရလေသည်။

သုဒ္ဓလေး၏ခြေလှမ်းများက ခပ်မှန်မှန်ပင်။ နောက်မှလိုက်လာကြသော ကျားအပေါင်းတို့သည်လည်း ခြေလှမ်းမှန်မှန်ပင်။ သုဒ္ဓလေး၏ရှေ့ကိုကျော်ပြီးတော့ ထွက်မသွားကြပေ။ ကိုပြည်စိုးသည် ကျားတွေကိုကြည့်ပြီးတော့ တစ်ကိုယ်လုံး နတ်ပူးသလို တုန်လှုပ်လျက်ရှိနေသည်။ ကျားကြီးများသည် သစ်ပင်ကြီးများ၏အောက်ကိုလည်း ရောက်လာခဲ့ကြသည်။ ထိုအထဲတွင်ပို၍ကြီးမားသော ကျားကြီးတစ်ကောင်သည် ကိုပြည်စိုးရှိနေသောသစ်ပင်ကြီး၏အောက်ကကို ရောက်လာခဲ့သည်။ သစ်ပင်ထက်ဆီမော့လိုက်သည်။ ပါးစပ်ကြီးကိုဖြဲပြီး ဝမ်းခေါင်းသံကြီးထွက်ပေါ်လာသည်။

"ဟမ်း ..."

"ဟင် ..."

ကိုပြည်စိုးသည် ကြက်သီးမွေးညင်းများ ထသွားခဲ့ရသည်အထိ တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။

"ကျားကြီးက သစ်ပင်ပေါ်ကိုခုန်တက်လာပြီး ငါ့ကိုများဆွဲချတော့မလို့လား"

ဟူသောအတွေးဖြင့် အကြောက်ကြီးကြောက်ကာ မျက်လုံးများပင် ပျာဝေသွားခဲ့ရသည်။ ထိုအခါ သတိလစ်ကာ သစ်ကိုင်း



www.burmeseclassic.com

www.burmeseclassic.com



တို ဖက်တွယ်မထားနိုင်တော့ဘဲ အောက်ကိုပြုတ်ကျသွားခဲ့လေသော့သည်။

"အား ... "

မြေပြင်ပေါ်ကို တိုက်ရိုက်ကျသွားခဲ့သော ကိုပြည့်စုံသည် မထသာလှပါ။ ကျားကြီးများက သူ့ကို မည်သို့မှ အန္တရာယ်မပြုဘဲ ကျော်လွှားသွားခဲ့ကြသည်။

"ဟာ ... "

"ဟင် ... "

သစ်ပင်ပေါ်မှလူများသည် ကိုပြည့်စုံ၏အခြေအနေကို တွေ့လိုက်ကြရသည်။ သူတို့လည်း လတ်တလော အခြေအနေမှာ အောက်ကိုမဆင်းရဲကြ။ ကိုပြည့်စုံကို မကယ်တင်ရဲကြ။

ကျားကြီးများသည် တဖြည်းဖြည်းနှင့် ဝေးသွားခဲ့ကြသည်။ အမှောင်ထဲကို တိုးဝင်ကာ မျက်စိအောက်မှ ပျောက်ကွယ်သွားခဲ့ကြသည်။ သို့တိုင်အောင် သူတို့ မဆင်းရဲကြသေး။ များပြားလှသော ကျားများကို တစ်နေရာတည်းမှာ တစ်ခုတည်း၊ တစ်လုံးတည်း တွေ့လိုက်ကြရခြင်းအတွက် မကြုံစဖူး၊ လွန်ကဲသော အခြေအနေတစ်ခုပင် မဟုတ်ပါလား။ ကျားများသည် ထိုနေရာကို နောက်ထပ်တစ်ကြိမ် ပြန်ရောက်လာလေဦးမလားဟု စိုးထိတ်နေကြသည်။ သွေးပျက်စရာကောင်းသောမြင်ကွင်းပဲမဟုတ်ပါလား။ မနက်လင်းထိန်မှသာ အောက်ကိုဆင်းရဲကြတော့သည်။





ကိုပြည့်စုံသည် တစ်ညလုံး သတိမေ့နေသည်။ ပါလာကြသူများက သေဆုံးနေပြီဟုထင်ရသည်။ တတ်သရွေ့၊ မှတ်ရွေ့ နှားလည်သလောက် စမ်းသပ်ကြည့်ကြသည်။

"ဟာ မသေသေးဘူးကွ ... သတိမေ့နေတာ"

"ဟင် ... ဟုတ်လား ... ဒါဆို ရေခင်ရွာကိုအမြန်ခေါ်သွားမှဖြစ်မယ်"

"ဖြစ်ပါ့မလား ... ငါတို့ကိုမေးလာ၊ စမ်းလားလုပ်နေကြဦးမယ် ... သူက ငါတို့အားလုံးကိုငှားပြီးခေါ်လာတာ ဘယ်သူ့ကိုမှ သိစေချင်တာမဟုတ်ဘူး"

"ဒီအတိုင်း ဘယ်ပြန်ပြောပါ့မလဲကွာ ... သူ့ကို တောထဲမှာ သတိမေ့နေလျက်သားနဲ့တွေ့လိုက်ကြရလို့ ခေါ်လာခဲ့တာပါလို့ ပြောရမှာပေါ့"

"နေဦးလေ ... သတိမေ့နေတဲ့သူက သူဘယ်မှာနေတယ်ဆိုတာ ပြောနိုင်ပါ့မလားကွ ... ငါတို့ကိုလျှောက်မေးနေရင် သူဖုံးထားတဲ့ကိစ္စ ပေါ်ကုန်လိမ့်မယ်"

"မင်းတို့ဉာဏ်မသုံးကြဘူး၊ သူသတိလစ်နေရာက တစ်ချက်သတိရလာပြီး ရေခင်းရွာကိုပို့ပေးပါပြောလို့ လာပို့ရတယ်ပေါ့ကွာ ... သည်လူသတိရလာရင် သူပြောမပြောဘာမှ သိမှာမဟုတ်ပါဘူး ... ကဲ ... မြန်မြန်လုပ်ကြ ... သည်လူ တစ်ညလုံး ဒီအတိုင်း အေးစက်နေတာ ... ရှုမှရပါတော့မလား မသိဘူး"

ထိုအခါကျမှ ထမ်းစင်လုပ်ရန် ဝါးခုတ်ကြသည်။ တစ်ခော



www.burmeseclassic.com

www.burmeseclassic.com



အကြာတွင် ကိုပြည်စိုးကိုထမ်းစင်ပေါ်တင်ပြီးတော့ နေရာမှထွက်လာခဲ့ကြသည်။ ညက လမ်းပျောက်နေကြသည်ကို သတိမရကြ။ အမှုမဲ့ အမှတ်မဲ့နှင့် မှန်းဆပြီးတော့ ထွက်လာခဲ့ကြသည်။ မမျှော်လင့်ဘဲ အပြန်လမ်းကို လျှောလျှောလျှူလျှူပင် တွေ့သွားခဲ့ကြလေသည်။ ထူးဆန်းနေမိသည်။ ကံကောင်းလှပေစွ။

ဒဏ်ရာရပြီးသတိမေ့လျော့နေကာ အိမ်ကိုပြန်ရောက်လာသော ကိုပြည်စိုးကို မအိမ်စိုးရော၊ ရွာသူရွာသားများပါ အံ့အားသင့်သွားခဲ့ကြသလို အထိတ်တလန့်လည်း ဖြစ်သွားခဲ့ကြရလေသည်။ သူ့ကို လာရောက်ပို့ဆောင်ကြသောရွာသားများက အကျိုးအကြောင်းကိုပြောပြပြီး ပြန်သွားခဲ့ကြသည်။

"ဘယ်လိုဖြစ်ရတာလဲကိုပြည်စိုးရယ် ... ရှင်ပြောတော့ အကြွေးတောင်းဆို၊ ခုတော့ တောထဲမှာ သေကောင်ပေါင်းလဲဖြစ်ပြီး တွေ့ကြတဲ့သူတွေက လာပို့ကြတယ် ... ဘယ်လိုကြောင့် ရှင်က တောထဲကိုရောက်နေရတာလဲ"

မအိမ်စိုးသည် ကိုပြည်စိုးသတိမြန်ရစဉ်မှာ အားနာမနေနိုင်တော့ဘဲ မေးမိလေတော့သည်။ ကိုပြည်စိုးကား ရှင်းမပြနိုင်။ ခေါင်းကိုသာ တွင်တွင်ခါနေလေတော့သည်။ အိမ်ရောက်မှ ခြေသလုံးတစ်ဖက် သွင်သွင်ကျိုးသွားမှန်း သိသွားခဲ့ရ၍ အစွမ်းထက်သော ဆေးဆရာများကိုပင့်ကာ အိမ်မှာပင် ကြပ်စည်း၊





ဆေးစား၊ ဆေးလိမ်းဖြင့်သာ ကုသသည်။ ထိုဆေးဆရာများကိုလည်း ကိုပြည်စိုးကပင် စိတ်ကြိုက်ရွေးချယ်ပြီး ခေါ်ယူခဲ့ခြင်းပင်ဖြစ်သည်။

သို့သော် ကိုပြည်စိုးမှာ သေကံမရောက်သက်မပျောက်ဆိုသည့်အတိုင်း အသက်ရှင်ခွင့်ရလာခဲ့သော်လည်း ခြေတစ်ဖက်က မကောင်းတော့။ နိမ့်ဆဲင်းသွားခဲ့လေသည်။

"အဖေ ... တောထဲကိုသွားပြီးတော့ ဘာလုပ်တာလဲ၊ သစ်ပင်ပေါ်ကကျလာခဲ့တာလို့လည်းပြောကြတယ်၊ အမေလည်းပြောတယ် ... ဘယ်လိုဖြစ်ပြီးတော့ သစ်ပင်ပေါ်ကိုရောက်နေရတာလဲ ... "

သားဖြစ်သူ အာကာစိုးက မေးသည်။ ကိုပြည်စိုးမှာ ခေါင်းကိုသာ တွင်တွင်ယမ်းခါနေသည်။ မဖြေ။ မအိမ်စိုးမေးလည်း မဖြေ။ သို့သော် ရက်အတန်ကြာသောအခါ သတင်းက ပေါက်ကြားသွားခဲ့လေသည်။ ထိုသတင်းသည် တစ်ယောက်က အစတစ်ရာဆိုသလို မအိမ်စိုး၏နားထဲသို့လည်း ပေါက်ကြားခဲ့လေသည်။

"ကိုပြည်စိုး ... ရှင် တောထဲကိုသွားတာ သုဒ္ဓလေးကိုရှာဖို့ဆို၊ သူ့ကိုရှာတွေ့ရင် ဘာလုပ်မလို့လဲ၊ ဘယ်လိုအကြောင်းကြောင့်လဲ၊ နားနဲ့သာကြားလိုက်ရတယ် မယုံနိုင်စရာပါပဲလားဟင်၊ ရှင် သူတစ်ပါးကို အကောင်းကြံစည်ဖို့တော့မဖြစ်နိုင်ဘူး မကောင်းကြံစည်ဖို့ပဲ ဖြစ်ရမယ်"

"မအိမ်စိုး ... ငါက ဘာဖြစ်လို့ သည်ကောင့်ကို တော



www.burmeseclassic.com

www.burmeseclassic.com

ထဲသွားရှာရမှာလဲ ... မင်း သူများပြောစကားတွေကြားပြီး အတုတ်ထင်မနေနဲ့ ..." သင်းနဲ့ဘာမှမပတ်သက်ဘူး ... ငါ့အကြောင်းနဲ့ငါ"

"ဟုတ်ပါပြီ ... အဲသည့် ငါ့အကြောင်းနဲ့ငါဆိုတာပဲ ကျွန်မက သိချင်နေတာပါ ... ရှင်တကယ်ရိုးသားတယ်ဆိုရင် ကျွန်မကို ဘာဖြစ်လို့ အမှန်မပြောနိုင်ရတာလဲ"

"မပြောချင်လို့ပေါ့ကွာ"

မအိမ်စိုး ရရှိခဲ့သည့်သတင်းက ကြက်သီးထစရာပင်။ ကိုပြည်စိုးနှင့် ရွာသားတစ်သိုက်သည် တောထဲတွင် မြွေအကိုက်ခံခဲ့ကြရသည့်အကြောင်း။ တစ်စုတစ်ဝေးတည်း ချီတက်လာကြသော ကောင်ရေများစွာရှိကြသည့် ကျားရိုင်းများနှင့် ဆုံတွေ့ခဲ့ကြရသည်များ။ တောထဲတွင် မျက်စိလည် လမ်းမှားကြပြီး အပြန်လမ်းကိုရှာမတွေ့ကြရ၍ သစ်ပင်ကြီးများပေါ်၌ တက်အိပ်နေကြရသည့်အဖြစ်။

ကျားများကိုမြင်ကာ ကြောက်ပြီး အပင်ထက်က ပြုတ်ကျသွားခဲ့သော ကိုပြည်စိုး။ ထိုသူများကို ကိုပြည်စိုးက ငွေပေးကာ ငှားရမ်းခဲ့သည်။ တောထဲ မျက်စိလည်နေကြ၍ သစ်ပင်ထက်မှာ အိပ်ကြရမည့်အခြေအနေမျိုးဖြစ်လာသောအခါ ကိုပြည်စိုးက နောက်ထပ် ငွေနှစ်ဆပေးမည်ဟု နှစ်သိမ့်ခဲ့သည့်စကား။ ယင်းစကားတို့သည် လုပ်ကြံပြီးတော့ ပြောကြသည့်စကားများ မဟုတ်သည်ကို နားလည်မိသည်။

ပြောကြသောသူများကလည်း ကိုပြည်စိုးက ကတိပေး





ထားသည့်အတိုင်းမရရှိကြ၍ သတင်းလွှင့်လိုက်ကြခြင်းပင်။

"အင်း ... သုဒ္ဓလေးက ငါ့အဖေကိုတောထဲမှာ ခြောက်လှန့်ပြီးတော့ ဒုက္ခပေးလိုက်တာပဲဖြစ်ရမယ် ... သည်ကောင် ဘယ်လိုအချိုးနဲ့ သည်လိုလုပ်ရတာလဲ ... တောက်"

အာကာမိုးသည် အကျိုးအကြောင်းကို နားမလည်ဘဲ သုဒ္ဓလေးအပေါ်တွင် အလိုလိုနေရင်းနှင့် ဒေါသထွက်နေလေသည်။ ထိုသတင်းတို့ သီးပေါက်ကျော်တို့မိသားစုလည်း ကြားလိုက်ရလေ၏။

"ငါ့မြေး သုဒ္ဓလေးက ပြည်စိုးတို့နဲ့တောထဲမှာ ဘယ်လိုတွေ့ကြတာလဲ ... ကြားနေရတာကတော့ မထိတ်သာမလန့်သာပဲ ... သုဒ္ဓလေးက ကျားရိုင်းတွေနဲ့အတူ တောထဲမှာသွားလာနေတာတဲ့ ... မြွေတွေကလည်း ပြည်စိုးတို့ကို ရန်ရှာပြီးလိုက်ကြသတဲ့ ... ဂူထဲမှာ ရတနာသေတ္တာတွေကိုလည်း တွေ့လိုတွေ့နဲ့ ပြောတယ် ... သည်ကောင် ဥစ္စာရူးက ငါ့မြေးကို မဟုတ်တန်းတရာတွေး လျှောက်ပြောလို့ ဒုက္ခရောက်လာခဲ့တာ"

ဦးပေါက်ကျော်သည် မကျေမနပ်နှင့်ပြောနေမိသည်။

"အဖေရယ် ... သည်လူကြီးမကောင်းတာ တစ်ရွာလုံးက သိပါတယ် ... ချမ်းသာပြီးရင်းချမ်းသာချင်နေတာ ... လောဘက အတောမသတ်နိုင်ဘူး ... မဟုတ်မှလွဲရော သားငယ်သူ တောထဲမှာသွားရှာတာအကြောင်းရှိရမယ် ... တမင်သက်သက်တော့ မသွားဘူး ... "


www.burmeseclassic.com

www.burmeseclassic.com



ခေဝမို့သည် နွတ်ကဖွင့်မပြောသာသော်လည်း ကိုပြည်စိုးက သားဖြစ်သူကို အန္တရာယ်ပေးဖို့ လူစုပြီးလိုက်ရှာနေတာလားဟု စိုးရိမ်နေမိသည်။



( ၁၉ )

## နွားနှစ်ကောင်ရုန်းဆောင်

တစ်ရက်တွင် လယ်ယာလုပ်ငန်းခွင်၌ မင်းထက်၊ ရဲမင်းနှင့် ပန်းခက်တို့ အတူရှိနေကြသည်။ သူတို့ဆီကိုလာနေကြသောလူအချို့ကို ရဲမင်းက မြင်တွေ့လိုက်သည်။

"မင်းထက် ... ဟိုမှာလာနေကြတာ အဘကာမိုးတို့မဟုတ်လား ..."

"အင်း ... ဟုတ်တယ် ... ကျွန်တော်တို့ဆီကိုလာနေကြတာ ... ဒီကောင်တွေလာခဲ့ပါတယ်"

"ကြည့်ရတာ အကောင်းလာကြမယ့်ပုံတော့မဟုတ်ဘူး ပြဿနာလာရှာကြမယ့်ပုံပေါ်တယ် ... သတိထား မင်းထက်"

ပန်းခက်က သတိပေးလိုက်သည်။ တကယ်ပင် သူတို့ဆီကို တန်းတန်းမတ်မတ်လာနေကြသည်။ ရောင်စိန်နှင့်အခြားသုံးယောက်လည်းရှိပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ ... သည်ကောင်တွေကို ဂရုစိုက်မနေနဲ့ ... ကိုယ့်အလုပ်ကိုယ်လုပ်ကြ"

ချက်ချင်းလိုလိုပင် အနားကိုရောက်လာခဲ့ကြသည်။ အာကာမိုးသည် ပန်းခက်ကို မြင်လိုက်ရသောအခါ မျက်နှာပျက်သွားခဲ့လေ၏။ မင်းထက်တို့သည်လည်း မသိချင်ယောင်ဆောင်ပြီးတော့ ပေါက်တူးများနှင့်အလုပ်ရှုပ်နေကြသည်။ ပန်းခက်ကတော့ တစ်နေရာမှာထိုင်ကာ မြက်များကိုနှုတ်နေလေသည်။ အာကာမိုးသည် သည်းမခံနိုင်တော့သည်နှင့် ...

"မင်းထက် ... ဘာလဲ ... မင်းက ငါ့ကိုမမြင်ချင်ယောင်ဆောင်နေတာလား"

ထိုအခါကျမှ မင်းထက်သည် အာကာမိုးကိုမော့ကြည့်လိုက်ပြီး ...

"ဟာ ... အစ်ကိုတို့ပါလား ... ဘယ်ကလှည့်လာတာလဲ ..."

"မင်းဆီကိုပဲ တမင်လာခဲ့တာ ... မင်းအစ်ကို သုဒ္ဓလေး ဘယ်မှာလဲ ..."

"အစ်ကိုသုဒ္ဓလေး ဟုတ်လား ... ကျွန်တော် ဘယ်သိမလဲဗျာ ... အစ်ကို့အကြောင်းကို ခင်ဗျားတို့လည်းသိသားပဲ၊ သူက ..."

"ဟေ့ကောင် ... ငါမေးတာကိုပဲဖြေ ... အပိုတွေပြောမနေနဲ့"

အာကာမိုးသည် ရှေ့တစ်လှမ်းတိုးလာသည်။ ထိုအခါ





ရဲမင်းက သူတို့နှစ်ယောက်ကြားမှာ ဝင်ရပ်လိုက်၏။

"အာကာ ... မင်းမူးလာတယ်ထင်တယ် ... မင်းမေးချင်တာကို ဖြေးဖြေးဆေးဆေးမေးပါ ... ရပါတယ် ... သုဒ္ဓလေးက အိမ်မှာမနေတာကြာပြီလေ ... သူက တရားအလုပ်ကိုသွားလုပ်နေတာ ... ဘယ်ဆီကိုရောက်နေသလဲဆိုတာ အိမ်သားတွေတောင်မသိကြဘူး"

အာကာမိုး၏အကြည့်က ရဲမင်းဆီကိုရောက်လာသည်။

"ငါက မင်းကိုမေးနေလို့လား ... မျက်နှာလိုမျက်နှာရနဲ့ ဝင်ပြီးတော့ပြောနေတာ ... ဒီမှာရဲမင်း ငါက မတန်ရင် ဘယ်သူ့ကိုမှမပြောချင်ဘူးကွ"

"အေးပါကွာ ... မင်းက ငါ့ကိုမတန်ဘူးလို့သဘောထားရင်လည်း မပြောနဲ့ပေါ့ကွာ ... သုဒ္ဓလေး ဘယ်မှာရှိတယ် ဘယ်မှာနေတယ်ဆိုတာ ဘယ်သူမှမသိတာ အမှန်ပဲ ... ငါက အကွင်းသိမို့ဝင်ပြောရတာပါကွာ"

ရဲမင်းသည် ခပ်အေးအေးပင် ပြောလိုက်သည်။ သူကပါစိတ်ထွက်ပြနေလျှင် မင်းထက်ကလည်း နေမှာမဟုတ်။ သို့သော် မင်းထက်ကလည်း အာကာမိုးနှင့်ဖက်ပြီး ရန်မဖြစ်လို။ အစ်ကိုဖြစ်သူ သုဒ္ဓလေးကို ကတိပေးထားသည်မဟုတ်ပါလား။ ပြီးတော့ သူတို့က အုပ်စုနှင့်ဆိုတော့ နှစ်ဖက်တင်းလိုက်လျှင် ရန်ဖြစ်ရသော အခြေအနေမျိုးကိုရောက်သွားနိုင်သည်။ ရောင်စိန်တို့ကလည်း အခြေအနေကို စောင့်ကြည့်နေကြသည်။

"မင်းအစ်ကိုသုဒ္ဓလေးက ငါ့အဖေကို ဘယ်လိုကွာပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သလဲဆိုတာ မင်းလည်းသိပြီးရောပေါ့ ... အခု ဒုက္ခတစ်ပိုင်းဖြစ်နေပြီကွ ... အဲသည်အတွက် ငါအကြွေးဆပ်မလို့၊ သူ ဘယ်မှာနေတယ်ဆိုတာ မင်းတို့မသိရင် ငါ့နည်းငါ့ဟန်နဲ့ရှာရတာပေါ့ကွာ ... ဟော့ သည်မှာ ပန်းခက် ... နင်က သည်ကောင်နဲ့ပြောင်ပြောင်တင်းတင်းတွဲပြနေပြီပေါ့ ... ဟုတ်လား။ အေး ... နင် ကောင်းကောင်းသတိထား ... ငါ့လက်က ပြေးလွတ်မယ်မထင်နဲ့ ... ''

အာကာမိုးသည် ပန်းခက်ကိုလည်းမဲပြီးတော့ ကြိမ်းဝါးလိုက်သည်။ မိန်ကလေးများကို ပန်းကောင်းအညွန့်ချိုးတတ်သော အာကာမိုးကို ပန်းခက်က ရွံရှာသလိုအကြည့်မျိုးဖြင့် ကြည့်လိုက်လေ၏။

''ကိုအာကာ ... တူတူတန်တန်ယူနိုင်မယ့် မိန်းကလေးတွေ ရွာထဲမှာ ပုံပုံယင်ယင်ပါ ... ပန်းခက်တို့က အနုံစားတွေပါ ... ကိုအာကာနဲ့ မတန်ပါဘူး''

ပန်းခက်ကလည်း လေအေးအေးနှင့်ပြန်ပြီးတော့ ပြောလိုက်သည်။ အကင်းပါးသည်။ အပြောမတတ်လျှင် ငြိကုန်လိမ့်မည်။ အာကာမိုးက ရန်လိုနေသောအမူအရာကိုပြနေသူ မဟုတ်ပါလား။

''တောက်''

အာကာမိုးသည် တောက်တစ်ချက်ခေါက်ကာ လှည့်ထွက်သွားသည်။ သူ့နောက်က အားလုံးလိုက်ပါသွားခဲ့ကြလေသည်။

''အင်း ... သည်ကောင်နဲ့တော့ ခက်နေပြီ ... သူ့အဖေ





က တောထဲမှာ သူ့ဖာသာသူ ဖြစ်လာတဲ့ကိစ္စကို ခုမဆိုင်တဲ့သူ လိုက်ရမ်းနေတယ် ... သုဒ္ဓလေးနဲ့ တောထဲမှာ ဘယ်လိုဆုံစည်းလာခဲ့ပါလိမ့်''

''ဟုတ်ချင်မှလည်းဟုတ်မှာပါ ... ဦးပြည်စိုးက တောထဲ အစ်ကို့ကိုသွားရှာတာ ဒုက္ခပေးမလို့ပဲ ... စကားအရ ဆက်စပ်ပြီးတော့ စဉ်းစားရတာ ... အစ်ကိုက တောထဲမှာ ရတနာသိုက်ကြီးတစ်ခုကိုတွေ့ထားတယ်လို့ထင်ကြတယ် ... အဲဒါကို ဦးပြည်စိုးက အစ်ကို့ကို သွားရှာတာ ... ဘာကြောင့်လဲဆိုတော့ အင်း စဉ်းစားကြည့်ရင် မရိုးသားဘူးဆိုတာတွေးလို့ရတယ် ... အသက်ကိုတောင် ရန်ရှာနိုင်ပြီး ဖျောက်ဖျက်ပစ်နိုင်တယ် ... တောထဲမှာ အစ်ကိုနဲ့တွေ့ခဲ့တယ်ဆိုတာလည်း မဖြစ်နိုင်ဘူး ... သင်းတို့ တောခြောက်ခံရတာပဲဖြစ်ရမယ်''

''ဟင် ... ဒါဆို ... အစ်ကိုသုဒ္ဓလေးကို ကိုအာကာတို့ကပါ သွားရှာကြဦးမယ်ဆိုတော့''

''မစိုးရိမ်ပါနဲ့ ပန်းခက်ရယ် ... သုဒ္ဓလေးက သူတို့ရမ်းကားတိုင်း ခံရမယ့်သူမဟုတ်တော့ဘူး''

''ဟင် ... ဘာကြောင့်လဲ ကိုရဲမင်း''

''ဒီလိုလေ ... သုဒ္ဓလေးက အဲ သူ့ရန်သူရှောင်နိုင်ပါတယ်ဟာ ... ''

ထိုစဉ် ...

နွားနီကြီးနှစ်ကောင် ဖြူကြီးနှင့်ဖြူလေးတို့သည် အာကာမိုးတို့ ထွက်သွားကြသောလမ်းတွင်ရှိနေကြသည်။ အာကာမိုးက



www.burmeseclassic.com

www.burmeseclassic.com



ယင်းနွားကြီးများအပေါ် အာရုံကရောက်သွားခဲ့သည်။

"ဦးပေါက်ကျော်တို့ရဲ့ နိုင်းနွားနှစ်ကောင်ကို သူများ သတ်စားသွားတာကွ ... ပြီးတော့မှ သည့်နှစ်ကောင်ကိုဝယ်လိုက်တာ ... အကောင်ကြီးတွေက ကြီးပဲ့ကွာ ... ပေါ်လိုက်ရင်တော့ အသားတော်တော်တော်ရမယ်ကွ ... ဟဲ ... ဟဲ"

ထိုသို့ပြောလိုက်သည်နှင့် နွားနီကြီးနှစ်ကောင်မှာ လှုပ်ရှားလာပြီး နှာတရှုံးရှုံးနှင့်မှုတ်လာခဲ့ကြသည်။ ချိုကားကားနှင့် ခေါင်းကြီးတွေက သူတို့ဆီကို လှည့်လာခဲ့ကြသည်။

"ဟာ ... ငါပြောလိုက်တာကို သည်ကောင်တွေ နားလည်ကြတယ်ထင်တယ် ... ကြည့် ... ကြည့် ... ဒေါသ ထွက်နေကြပြီကွ"

ပြော၍မှမဆုံးမီ နွားနီကြီးနှစ်ကောင်သည် သူတို့ဆီကို တစ်ဟုန်ထိုးပင် ပြေးချလာကြလေတော့သည်။

"ဟာ ... ဟာ ... လုပ် ... လုပ်ကြပါဦး"

အထိတ်တလန့်နှင့်အော်လိုက်ကြသည်။ ပထမသော် ကြောင်ပြီးတော့ကြည့်နေသြည်။ နောက်တော့ ထွက်ပြေးကြသည်။ သို့သော် ဒေါသတကြီးနှင့် ပြေးဝင်လာကြသော နွားနီကြီးနှစ်ကောင်မှာ ချက်ချင်းလိုလိုပင် သူတို့ကို မီလာခဲ့ကြသည်။ တစ်ကောင်သည် အာကာမိုးကို နောက်မှနေ၍ တအားကျုံးကာ ခတ်လိုက်လေတော့၏။

"အား ..."

အာကာမိုးသည် အရှိန်နှင့်လွင့်ထွက်သွားသည်။ ထို





နောက် ရောင်စိန်နှင့်အခြားသူတို့ကိုပါ ဒေါသတကြီးနှင့် ဝင်ပြီး ဝှေ့ကြလေတော့သည်။

"အား ... အား"

မြေပြင်ပေါ်ကို အရှိန်နှင့်ပစ်ကျသွားခဲ့ကြသည်။ တစ်ယောက်မကျန် အခတ်ခံကြရသည်။ သို့သော် လဲကျနေကြရာမှ ကုန်းရုန်းပြီးထကြကာ သွေးရူးသွေးတန်းနှင့် ထွက်ပြေးကြရသည်။ ဒဏ်ရာကြီးကြီးမားမားမရကြ၍သာ တော်ပေသေးသည်။ အိမ်ကို ရောက်ကြမှသာ မထနိုင်ဘဲဖြစ်ကြရသည်။

ယင်းကိစ္စသည်လည်း မအေးခဲ့ပါ။ ကိုပြည်စိုးနှင့် အခြားမိဘများက မခံမရပ်နိုင်ဖြစ်ကြရသည်။

"နွားဆိုးတွေမွေးထားပြီးတော့ သည်အတိုင်းလွှတ်ထားတယ်၊ ထိန်းသိမ်းမှုမရှိကြဘူး ... ဒီကိစ္စ သူကြီးကိုတိုင်ရမယ်၊ လျော်ကြေးတောင်းရမယ်"

ကိုပြည်စိုးက ဦးဆောင်ပြီး သူကြီးဆီကိုသွားသည်။ တုတ်ကောက်နှင့်ထော့နဲ့ထော့နဲ့ဖြစ်ကာ ရောက်အောင်သွားသည်။ ထို့နောက် သူကြီး ဦးမိုးဆိတ်ကို အကျိုးအကြောင်းပြောပြသည်။ ထိုသည်ထက် ပိုပြီးတော့ ချဲ့ကားသည်။

"ခု ကျုပ်သားရော ကျန်တဲ့ကလေးတွေရော တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မှ မသာနိုင်ကြဘူး ... အတွင်းကြေ ကြေသွားတယ်လို့ပြောတယ်၊ ဒီကောင်တွေကို အရေးယူပေးပါ၊ လျော်ကြေးတောင်းပေးပါ၊ မဟာလောက်သားလောက်ဖြစ်အောင် ထိပ်တုံးလည်းခတ်ပေးပါ''

''ဟ ... ပြည်စိုးရ မင်းတောင်းဆိုတာတွေကများလှချည်လား၊ ကာယကံရှင်တွေကိုလည်း ခေါ်ပြီးတော့မေးပါရစေဦး၊ နေပါဦး ငါက ဘယ်သူ့ကိုထိပ်တုံးခတ်ရမှာလဲ လူကိုလား နွားတွေကိုလား''

''ဟာဗျာ ... သူကြီးက ပြောလိုက်မှဖြင့် ကိုးလို့ကန့်လန့်ကြီးပဲ နွားကိုထိပ်တုံးခတ်လို့ရမလား၊ မြန်မြန်အရေးယူပေးပါ၊ ကျုပ် လျော်ကြေးငွေတစ်ထောင်လိုချင်တယ်၊ ဒါက ခံရတဲ့သူကလေးတွေအားလုံးအတွက်ပဲ''

''တစ်ထောင်ဟုတ်လား ... မများလွန်းဘူးလား၊ မင်းနှယ်ကွာ သည်သတင်းကို ငါလည်း ရပြီးပါပြီ ကလေးတွေက ပွန်းရုံပဲ့ရုံပဲရခဲ့ကြတာ ဆေးဘိုးဝါးခကလည်း ဘယ်လောက်မှကုန်တာမဟုတ်ဘူး တစ်နေရာတည်းနေကျသူချင်း ဒါလောက်ထိတောင်းစရာမလိုပါဘူး''

''တောင်းကိုတောင်းရမယ်ဗျ၊ ဒါမများဘူး၊ နစ်နာကြေးနွားအဝှေ့ခံရတာ ဘယ်လောက်နစ်နာလဲ မတော်ခြေကျိုးလက်ကျိုးဖြစ်သွားရင် ခါးဆစ်ရိုးကျိုးသွားရင် ဘယ်နှယ့်လုပ်မလဲ''

''အေး အဲ့သလိုဖြစ်သွားခဲ့ရင်လည်း အဲ့သလိုဖြစ်မှပြောပေါ့ကွာ ... ငါကလေးတွေထဲကတစ်ယောက်ကို ဖြစ်ဖြစ်ချင်းချော့ပြီး မေးပြီးပြီ နွားနီကြီးနှစ်ကောင်ကို မင်းရဲ့သား အာကာ





မိုးက ပေါ်လိုက်ရင်တော့ အသားတော်တော်ရမယ်လို့ပြောတယ်တဲ့၊ အဲ့သည်တော့ လူတွေနဲ့အတူနေလို့ ယဉ်ပါးနေကြတဲ့ နွားကြီးတွေက လူစကားနားမလည်ဘဲ ရှိကြပါ့မလား၊ ဒေါသထွက်ပြီးဝှေ့တော့တာပေါ့''

''သူကြီးက နွားဘက်ကလိုက်ပြန်ပါပြီ၊ ဘာပဲဖြစ်ဖြစ်ကျုပ်က သည်ကိစ္စကို ရုံးရောက်ဂတ်ရောက်မလုပ်ချင်ဘူး တရားနည်းလမ်းကျအောင်ဖြေရှင်းပေးပါ''

''ဒါလောက်ကလေး နဲ့ကတော့ ရုံးဂတ်ရောက်ဖို့မလိုပါဘူး၊ အစိမ်းအကျက်မရွေးဘူး မျှမျှတတဖြစ်အောင်ဖြေရှင်းပေးမယ် မင်းတောင်းတဲ့ ငွေတစ်ထောင်ရရင်ကျေနပ်တယ်မလား''

''ကျေနပ်တယ်''

သူကြီး ဦးဖိုးဆိတ်သည် ဦးပေါက်ကျော်ဆီကိုသွားပြီး အကျိုးအကြောင်းရှင်းပြသည်။

''အဲဒါပါပဲဗျာ ... တခြားကလေးမိဘတွေက သူတို့ရဲ့သားတွေ ကြီးကြီးကျယ်ကျယ် ထိခိုက်ဒဏ်ရာမရခဲ့တဲ့အတွက် ဘာပြဿနာမှမရှာကြဘူး၊ ကျေနပ်ကြတယ်၊ ပြီးတော့ လူလူချင်းဖြစ်တာမှမဟုတ်ဘဲ ဘာမှမသိနားမလည်တဲ့ တိရစ္ဆာန်နဲ့ဖြစ်တာကိုး''

''ကျုပ်သိပါတယ် ကလေးမိဘတွေကလည်း သူတို့ကိုယ်တိုင်လာပြီးတော့ ပြောပြီးကြပါပြီ၊ ဒါပေမဲ့ ကျုပ်ကလည်း နားလည်မှုထားပြီး ဆေးဝါးကုသဖို့ ငွေကြေးထောက်ပံ့လိုက်ပါတယ်၊ ဒါပေမဲ့ ပြည်စိုးကမကျေနပ်ဘူး မဟုတ်လား၊ သူတောင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ငွေတစ်ထောင်ကိုပေးပါ့မယ်၊ သူကြီးကပဲတစ်ဆင့် ပေးလိုက်ပါ့ဗျာ''

ဦးပေါက်ကျော်သည် ငွေ ၁၀၀၀ ကျပ်ကိုထုတ်ပေးလိုက်လေသည်။ စကားနည်းရန်စဲ သည့်လောက်ငွေနှင့်ပဲပြီးသွားသည်ကိုပဲ ကျေနပ်လှပါပြီ။

ကိုပြည်စိုးသည် လျော်ကြေးငွေရရှိလိုက်သဖြင့် ကျေနပ်နေမိသည်။

''ဒီလိုတောင်းလို့ လွယ်မှန်းသိရင် ငါပိုပြီးတော့တောင်းပါတယ် နည်းသွားတယ်''

မအိမ်စိုးသည် လင်ယောကျ်ား၏မတော်လောဘဖြစ်နေပုံကို သိလိုက်ရ၍ ...

''ဩော် ‒ ကိုပြည်စိုး။ ကိုပြည်စိုး ကိုယ်လည်းသူများကိုမကောင်းကြလို့သာ အကုသိုလ်ဝင်ပြီး ကိုယ်အင်္ဂါချို့ယွင်းခဲ့ရပြီ၊ ဒါတောင်မှ တရားမရသေးပါလား။ သားကလည်းဘာမှဖြစ်ကာမဟုတ်ဘူး။ ပြီးတော့ ရှင်တောင်းတဲ့ငွေကလည်း မနည်းမနောသူတို့ ... ရင်းပြီးစားလောက်တဲ့ငွေ ဦးပေါက်ကျော်လို သမာသမတ်ရှိတဲ့လူကြီးဆိက ဒီလိုတောင်းစရာလား''

''အေး ... တောင်းရမယ်ကွ၊ နည်းတောင်နည်းသေးတယ်၊ ငါ့ကိုပမာမခန့်လုပ်တဲ့သူတွေဆီက ရကိုရမှဖြစ်မယ်၊ ငါတို့





သားအဖနှစ်ယောက်ကို သင်းတို့ တိုက်ခိုက်နေကြတာ သိသာတယ်၊ သည့်ကိစ္စမရှိးဘူး''

''လာပြန်ပြီ သည့်စကား။ ကိုယ့်အကုသိုလ်ကံနဲ့ကိုယ်ဖြစ်တာ သူများအပေါ်လွှဲချနေတယ် ရှင်သူတော်ကောင်းတွေကို ထပ်တလဲလဲပစ်မှားနေပြီ တော်ပါတော့''

မအိမ်စိုးသည် အသိခေါက်ခက်အဝင်နက်နေသော ကိုပြည်စိုးကို စိတ်ပျက်ခဲ့သည်မှာကြာလေပြီ၊ လူကန့်လန့်တစ်ဦးအဆင့်သာမဟုတ်၊ အကောင်းမမြင်၊ အဆိုးကိုသာမြင်သော လူ့အန္တအဆင့်သို့ရောက်နေပြီကို ... သိနေရသည်။ ထိုကိစ္စနှင့်ပတ်သတ်ပြီး ဦးပေါက်ကျော်ဆီသို့ကိုယ်တိုင်သွားသည်။

''ဦးရယ် ကိုပြည်စိုးကြောင့် ကျွန်မတော့ဖြင့်အားနာလို့ မဆုံးတော့ပါဘူး၊ သူလုပ်ချင်ရာလုပ်နေတာပါ။ တောင်းပန်ပါတယ်၊ ငွေတစ်ထောင်ကိုလည်းပြန်ယူပါ''

''မယူပါဘူး တူမရယ်၊ သူကျေနပ်အောင်ပေးလိုက်တာပါ။ ဦးတို့လည်းကျေနပ်ပါတယ်၊ ဒီ့အတွက်စိတ်ထဲမှာ မထားပါနဲ့၊ ကလေးတွေ ဆိုးဆိုးဝါးဝါးမဖြစ်ခဲ့တာကိုပဲကျေနပ်လှပါပြီ''

ဦးပေါက်ကျော်က လက်မခံ၊ ပြေရာပြေကြောင်းပြောပြသည်။ နွားနီကြီးနှစ်ကောင်သည် ... ဤကဲ့သို့သော စရိုက်မျိုးမရှိပါ။ အာကာမိုးတို့အုပ်စုအပေါ်မှာ ... ကြမ်းတမ်းစွာ တိုက်ခိုက်ခဲ့ကြသော်လည်း ဒဏ်ရာကြီးစွာမရခဲ့သည့်အတွက် အံ့အားသင့်နေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## ( ၂၀ )

## သေတ္တာထဲက မြေဆိုးများ

ကိုပြည်စိုး ပါးစပ်ဆော့မိ၍ရှိမှုကြောင့် ... သုဒ္ဓလေးတစ်ယောက် ဥစ္စာသိုက်တစ်ခုတွေ့ရှိထားသည်ဟူသော သတင်းသည် ပျံ့လွင့်လျက်ရှိသည်။ ထို့ပြင် ကိုပြည်စိုးငှားရမ်းခဲ့သော အခြားရွာများမှ လူအချို့ကလည်း သူတို့တွေ့ကြုံခဲ့ရသည်များထက် ပို၍ချဲ့ကားပြီး ပြောဆိုနေကြသည့်အတွက် ထိုသတင်းကိုပိုပြီးတော့ စိတ်ဝင်စားနေကြသည်။

"ကိုပေါက်ကျော် ခင်ဗျားမြေးရဲ့သတင်းက ကြီးနေပါလားဗျ။ တောထဲမှာ ဥစ္စာသိုက်ကြီးတစ်ခုတွေ့ထားတယ်တဲ့၊ အဲသည့်နေရာကလည်း ဟိုးရွာပျက်ကြီးရဲ့အနားမှာတဲ့"

"သူတို့ထင်ရာမြင်ရာပြောချင်ရာပြောနေကြတာပါဗျာ၊ ကျုပ်မြေးဘယ်ရောက်လို့ ရောက်နေမှန်းတောင်မသိဘူး၊ သူကြီးက ဒီကိစ္စကျုပ်တို့သိပြီး ဖုံးထားတယ်လို့များထင်နေတာလား"





"မဟုတ်ပါဘူးဗျာ ကျွန်တော်ဒီလိုမထင်မိပါဘူး ... လူတွေက ဒီအကြောင်းကိုပဲစိတ်ဝင်စားနေကြတာ ခင်ဗျားတို့မိသားစုမသိဘူးလားလို့"

"ကျုပ်တို့ တစ်အိမ်သားလုံးသိပြီးသားပါ ကိုဖိုးဆိတ်ရာ၊ ကျုပ်မြေးသာ ဥစ္စာသိုက်ကြီးကိုရထားရင် ဒီအတိုင်းနေမှာတဲ့လား။ ကျုပ်တို့ကိုလာပြီးတော့ ပေးနေမှာပေါ့၊ အဲဒီလို ဖြစ်ခဲ့ရင် ဒီနေရာမှာမနေကြတော့ဘဲ မြို့ကိုပြောင်းတာကြာလှပြီ၊ မြို့မှာ ချမ်းချမ်းသာသာနဲ့ ဒူးနံ့ပြီးနေကြမှာ"

ဦးပေါက်ကျော်ကလည်း အေးဆေးစွာရှင်းပြလေသည်။ အခြားသူများကတော့ ဦးပေါက်ကျော်တို့မိသားစုကို လာပြီးမစပ်စုရဲကြပေ။ အလိုလိုနေရင်းရှိန်နေကြသောကြောင့်ပင်။ ယင်းအချိန်တွင် အာကာမိုးခေါင်းဆောင်သော လူတစ်စုသည် လူအသွားအလာနည်းသောတစ်နေရာမှာ တိတ်တဆိတ်ဆွေးနွေးတိုင်ပင်နေကြသည်။

"ကျွန်တော့်သဘောကတော့ ဒီကောင့်ကိုသွားရှာရင်တွေ့လိမ့်မယ်ထင်တယ်၊ သုဒ္ဓလေးဆိုတဲ့ကောင်က ဟိုတုန်းကတည်းကကျွန်တော့်အဖေကိုမနာလိုဖြစ်နေတာဗျ၊ ကျွန်တော်ကလည်း သူ့ထက်ပိုပြီး ဝတ်နိုင်၊ စားနိုင်တော့ အလိုလိုနေရင်းမျက်မောင်းကျိုးပြီး ဘယ်လိုတိုက်ခိုက်ရမလဲ အကွက်ချောင်းနေတာ သင်းကအဖေနဲ့ကျွန်တော့်ကို နည်းပညာတွေသုံးပြီးတိုက်ခိုက်တယ်၊ အဲ့သည့်အတွက်မကျေနပ်ဘူး၊ လက်တုန့်ပြန်ရမှဖြစ်မယ်"

"မင်းက မင်းကိစ္စတစ်ခုတည်းအတွက် သုဒ္ဓလေးကိုဆုံးမ



www.burmeseclassic.com

www.burmeseclassic.com

ချင်တာလား''

"ဆုံးမရုံသာမဟုတ်ဘူး လောကကြီးကထွက်သွားစေချင်တာ။ ဦးတော့ ဒီကောင်က ... ဥစ္စာသိုက်တစ်ခုကိုရထားတယ်လို့ ကြားသယ်၊ ရွာပျက်ကြီးကလူတွေ သိုဝှက်ထားတဲ့ ပစ္စည်းဥစ္စာတွေလို့ပြောတာပဲ''

"ဟုတ်တယ် ငါကိုယ်တိုင်အဲဒီနေရာကိုတွေ့ခဲ့တာ၊ ဂူကြီးတစ်ခုလုံးပဲ မင်းရဲ့အဖေကလည်း အဲဒီဂူကြီးထဲက ရတနာတွေကိုပါတွေ့တယ်၊ ပြီးတော့ ... မြွေတွေကလည်း ရတနာတွေပေါ်မှာ အများကြီးပဲတဲ့ ... ငါတို့ဝင်ရှာတော့ ဂူထဲမှာဘာမှမတွေ့ဘူး။ အဲ ... အပြင်ဘက်ရောက်တော့မှ မြွေတွေအလိုက်ခံရတာ''

"ဟင် ... ဒါဆို သုဒ္ဓလေးက အဲဒီသေတ္တာတွေကိုဝှက်ထားလိုက်တာလားမှမသိတာ၊ ဒါဆိုရင် ရတနာတွေဟာ ဒီဂူကြီးထဲမှာ ကျိန်းသေပေါက်ရှိနေရမယ်၊ ဒီကောင်က ကျားရိုင်းတွေကိုတောင်ခေါ်နိုင်ပြီး အတူသွားလာနိုင်တယ်ဆိုတော့ နှယ်နှယ်ရရတော့မဟုတ်ဘူး။ သတိတော့ထားရမယ်၊ ခင်ဗျားတို့ကော ကျွန်တော်နဲ့အတူလိုက်ကြမယ်မဟုတ်လား''

"ဟာ ... လိုက်ဖို့ ဒီနေရာမှာတိုင်ပင်နေကြတာပေါ့''

"ဒါပေမဲ့ ... ကျွန်တော့်အဖေ သိလို့တော့မဖြစ်ဘူးနော်၊ အဖေမအောင်မြင်တဲ့ကိစ္စကို သားဖြစ်တဲ့ကျွန်တော်က အောင်မြင်အောင်လုပ်ရမှာ၊ ဒီကိစ္စမပေါက်ကြားစေနဲ့ဦး၊ တစ်ရက်၊ နှစ်ရက်အတွင်း စီစဉ်ပြီးသွားရမယ်၊ တစ်ချက်ခုတ်နှစ်ချက်ပြတ် ဒီကောင့်ကိုလည်း ရာဇဝင်ကြွေးဆပ်ရမယ်''





"အေး ... အဲဒီကောင်ကို ငါတို့ တောထဲမှာတွေ့ခဲ့တာတော့ အမှန်ပဲ၊ လူကငယ်ပေမယ့် ဝတ်ပုံစားပုံ၊ သွားပုံလာပုံက အစ ထူးဆန်းနေတယ်၊ ဒီလူဟာ တစ်ခုခုတော့စွမ်းနေသလားလို့''

"အလကား ဘာမှမစွမ်းဘူး၊ စိတ်ကူးတည့်ရာလျှောက်လုပ်နေတဲ့အရူး၊ ဒါပေမဲ့ အရူးပါး၊ သူတစ်ပါးကိုဒုက္ခပေးတတ်တယ်၊ ကောင်းကျိုးမပေးဘူး၊ ကျွန်တော်ကတော့ သင်းကိုတွေ့ရင် ... ''

အာကာမိုးသည် သုဒ္ဓလေးကိုတစ်ဖက်သတ်ကြီး ထင်ရာလျှောက်ပြောနေသည်။ လူတကာအထင်လွဲအောင် မုန်းအောင်လျှောက်လုပ်နေသည်။

"ကဲ ... ကျွန်တော်တို့ကိစ္စမပေါက်ကြားစေနဲ့၊ ထပ်ပြီးတော့ သတိပေးလိုက်ပါရဲ့၊ ဟောသည်မှာ ကျွန်တော့်အဖေက ခင်ဗျားတို့ကိုပေးဖို့ ကျန်တဲ့ငွေနဲ့ ခုကိစ္စအတွက်ငွေ၊ တစ်ခါတည်းပေးလိုက်မယ် လူများများမလိုဘူး၊ ငါးယောက်ပဲ ကျွန်တော့်လူတွေလည်း ငါးယောက်၊ တော်ပြီ ဒါလောက်ပဲ''

ငွေများကိုပေးလိုက်သည်။ တစ်ရွာသား ထိုလူ၏အမည်သည် ဟန်မောင်ဖြစ်၏။

အချိန်ကား နံနက်ဝေလီဝေလင်း လူတစ်စုသည် တော


www.burmeseclassic.com

www.burmeseclassic.com



နက်ကြီးထဲတွင် စုဆုံလိုက်ကြသည်။ အားလုံးစုပြုံပြီးတော့ တစ်ပြိုင်တည်းလာရောက်ကြခြင်းမဟုတ်ကြ။ နှစ်ယောက်တစ်တွဲ တစ်ယောက်တည်းသပ်သပ် လူခွဲပြီးတော့ လာခဲ့ကြခြင်းပင်။ အာကာမိုးတို့အဖွဲ့တွင် ရောင်စိန်နှင့် ရွာသားလူငယ်သုံးယောက် စုစုပေါင်းငါးယောက်၊ တစ်ဖက်ကလည်း ငါးယောက်ပင်။

ဟန်မောင်တို့အဖွဲ့ ငါးယောက်သည် နှစ်ယောက်က ကိုပြည်စိုးနှင့်တောထဲရောက်ဖူးကြသူများ၊ ကျန်နှစ်ယောက်က တော့ အခြားတောကျွမ်းမုဆိုးများဖြစ်ကြသည်။ ဟန်မောင်တစ်ယောက်သာ ရွာပျက်ကြီးရှိသောနေရာကိုသိသည်။ ကျန်လူများ ကတော့ ရွာပျက်ကြီးရှိသည်ဟုသာကြားဖူးကြသည်။ မည်သည့် နေရာမှာရှိမှန်းမသိ။ အားလုံးလူစုံသောအခါ လူသွားလူလာနည်း သော လမ်းမဟုတ်သည့်လမ်းကိုရွေးပြီးတော့ တောတိုးလာခဲ့ကြ သည်။ ကိုဟန်မောင်နှင့် ယခင်ကလိုက်ခဲ့ဖူးကြသော ရွာသား နှစ်ဦးက လမ်းပြ၊ အာကာမိုးက သုဒ္ဓလေးနှင့်တွေ့ဖို့ရန် ဆန္ဒ ပြင်းပြနေသည်။

ကျန်လူများကတော့ရွာပျက်ကြီးအနီးတောတွင်းတစ်နေရာ ရှိ ဂူကြီးဆီကိုရောက်ရန် စိတ်လောနေကြသည်။ တောသည် ပါးလာရာကနေ တဖြည်းဖြည်းနက်လာခဲ့သည်။ ကိုဟန်မောင် သည် တစ်နေရာကိုရောက်သောအခါ ခေတ္တရပ်တန့်လိုက်သည်။ လမ်းကိုခန့်မှန်းနေဟန်တူသည်။

"ဒီဘက်ကွ ... ငါဟောဟိုက ကညင်ညီနောင်ကိုမှတ် သားထားတယ်"





ပါလာသူအဖော်ကပြောသည်။ ကိုဟန်မောင်ခေါင်းညိတ် လိုက်သည်။ ယင်းလမ်းအတိုင်းထက်ပြီးတော့လျှောက်သွားကြခါး လူ့အင်အားကတောင့်တင်းလှသည်။ ခြုတိုးသံများ၊ စကားတီးတိုး ပြောသံများကပင်လျှင် ကျယ်လောင်နေသလိုပင်။ တောသည် နက်လှသည့်အလျှောက် နေပြောက်မထိုးနိုင်အောင်ပင် ကိုင်း ချင်း အရွက်ချင်းက တစ်ပင်နှင်တစ်ပင်ထိစပ်ယှက် နွယ်လျှက်ရှိ နေကြသည်။ ကိုဟန်မောင်က လမ်းမှားမှာကိုစိုးရိမ်၍နေမိသည်။

သို့သော် တစ်နေရာရောက်သော် မျက်နှာကအပြောင်း အလဲဖြစ်သွားခဲ့ကြလေ၏။ ရွာပျက်ကြီးကိုသူတို့တွေ့လိုက်ကြ ရလေပြီတည်း။

"အဲဒါ ... ရွာပျက်ကြီးပဲ"

ကိုဟန်မောင်ကလက်ညှိုးထိုးပြလိုက်သည်။ ဖုန်းဆိုးမြေ ကြီးလို သီးခြားရပ်တည်နေသော ရွာပျက်ကြီးကိုရုတ်တရက်မြင် တွေ့လိုက်ရသောအခါ စိတ်ထဲမှာ တစ်မျိုးတစ်ဖန် ဖြစ်သွားခဲ့ကြ သည်။ သိမ်ငယ်စိတ်တွေ၊ ချောက်ချားစိတ်တွေက အလိုလိုနေ ရင်း ဖြစ်ပေါ်လာခဲ့ကြသည်။

"အစ်ကိုဟန်မောင် ... ဂူဆိုတဲ့နေရာက ... "

"ဟောဟိုဘက်မှာလေ နည်းနည်းတော့လှမ်းတယ် လာ ကြ ခြေသံတွေသိပ်မထွက်ကြစေနဲ့"

ကိုဟန်မောင်သည် ထိုနေရာသို့ ပထမအခေါက်ရောက်ခဲ့ စဉ်တ ရရှိထားသောအတွေ့အကြုံများကြောင့် သတိကြီးစွာထား နေရသည်။ ထိုစဉ်က သူနှင့်အတူရှိနေခဲ့ကြသော အဖော်နှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



သည့်လည်း ယခုအတူပါလာခဲ့သည်။ ထိုသူများသည်လည်း ထိုအတူပင်သတ္တိကောင်းကြသူများဖြစ်ကြသော်လည်းချောက်ချား ဖွယ်ရာအတွေ့အကြုံများကြောင့် အနည်းငယ်တော့ စိတ်လှုပ်ရှား နေကြသည်။ မုဆိုးနှစ်ဦးကတော့ မုဆိုးပီပီ အလေ့အကျင့်အရ ပတ်ဝန်းကျင်ကို မျက်စိရှင်ရှင်ဖြင့်ကြည့်နေကြသည်။

ရှာပျက်ကြီး၏ မြေပေါ်မှဖြတ်ကျော်နေခဲ့ကြစဉ် နားထဲမှာ စကားပြောသံတွေလိုလို၊ ခြေသံတွေလိုလိုကြားနေမိကြရသည်။ ချောက်ချားသောစိတ်များကြောင့် မြတ်ပင်များကိုလေတိုးသော အသံများသည်ပင်လျှင် စကားပြောသံများလိုလို ထင်ယောင်ထင် မှားဖြစ်စေမိခဲ့သလား။ ညောင်သီးများကြွေကျသောအသံသည်ပင် ခြေသံတွေဟု ထင်မိနေကြလေသလား။

ဖုန်းဆိုးမြေကြီးသည် တဖြည်းဖြည်းနှင့်ထူထပ်လာသည်။ ဂူကြီးဆီသို့သွားသည့်လမ်းကို ကိုဟန်မောင်နှင့်အဖော်နှစ်ဦးသည် သတိကြီးစွာနှင့်ရှာဖွေနေရသည်။

"ဟိုမှာ ... ဟိုမှာ အဲဒီဂူပဲ"

ကိုဟန်မောင်၏နှုတ်မှ လွှတ်ခနဲဆိုထွက်သွားသည်။ သူ လက်ညှိုးထိုးပြရာဆီသို့ လှမ်းပြီးတော့ကြည့်လိုက်ကြသည်။ ဂူကြီး တစ်လုံးကို အားလုံးလှမ်းပြီးတော့မြင်လိုက်ကြရသည်။

ထိုအတူပင် သူတို့၏လောဘစိတ်များက ဟုန်းဟုန်းကြွ ကာ ထလာခဲ့ကြလေသည်။ ဂူထဲမှာ အဖိုးတန်ရတနာများရှိလိမ့် မည်ဟူသော အသိကြောင့် ... အပြေးတစ်ပိုင်းနှင့်သွားနေကြ သည်။





"ဟော့ ... ဟော့ ... အတင့်မရဲကြနဲ့လေ"

ကိုဟန်မောင်က တားဆီးလိုက်သည်။ သို့သော် မုဆိုး နှစ်ဦးနှင့် သူ့လူများကလွဲ၍ ကျန်လူများသည် ထိုနေရာကိုရောက် သွားခဲ့ကြလေပြီ။ အာကာမိုး၏ရည်ရွယ်ချက်ကတော့ သုဒ္ဓလေး ကိုတွေ့လိမ့်မည်ဟူသောအထင်ကြောင့်ပင် ...

"သင်းနဲ့ငါ တစ်ယောက်ချင်းစာရင်းရှင်းမယ်၊ ရောင်စိန်နဲ့ မင်းတို့သုံးယောက် ဒီကောင့်ကိုတွေ့ရင် မလွှတ်အောင်ပိုင်းထား၊ မတိုက်နိုက်ကြနဲ့ ငါကိုယ်တိုင်ရင်ဆိုင်မယ်"

အာကာမိုးက ရှေ့ဆုံးမှနေပြီး အဆင်မခြင် ပြေးဝင်သွား သည်။ အားလုံးဂူထဲသို့ရောက်သွားခဲ့ကြသည်။ သို့သော် ဘာကိုမှ မတွေ့ကြ။ အားလုံးသည် ဟာလာဟင်းလင်း။

"ဟော့ကောင် သုဒ္ဓလေး၊ မင်း ... ဒီအထဲမှာမဟုတ် လား၊ ထွက်ခဲ့စမ်း။ မင်းနဲ့ငါနဲ့စာရင်းရှင်းစရာရှိတယ်ကွ"

အာကာမိုးက အော်ဟစ်ပြီးတော့ပြောလိုက်သည်။ သူ့ အသံက ဂူထဲမှာဟိန်းထွက်သွားသည်။ ပဲ့တင်သံအဖြစ်ပြန်လာ သည်။ တုံ့ပြန်သံကထွက်ပေါ်မလာ။ ကိုဟန်မောင်နှင့် သူ့လူများ သည် ထိုသူများအတွက် စိုးရိမ်တကြီးနှင့်ပြေးလာခဲ့ကြသည်။ ဂူထဲမှာ အန္တရာယ်ပေးနိုင်သည့် သားစားသတ္တဝါတွေရှိနိုင်သည် မဟုတ်ပါလား။

"ဘယ်မှာလဲမင်းအဖေကိုယ်တိုင်တွေ့ခဲ့တယ်ဆိုတဲ့ရတနာ သေတ္တာဆိုတာ ခုတော့ဘာမှမရှိပါလား"

ရောင်စိန်မေးလိုက်သည်။ ထိုအခါ အာကာမိုးသည်ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပြီး ...

"ငါ့အဖေက သူတွေ့ခဲ့တယ်လို့ပြောတာ၊ ဘယ်ရောက်သွားခဲ့ကြသလဲဆိုတာကိုတော့ ငါလည်းမသိဘူး၊ ဟိုကောင် သုဒ္ဓလေးဝှက်ထားမှာပေါ့ကွာ၊ သူ့ကိုလည်း ဒီနေရာမှာပဲ အဖေက တွေ့ခဲ့တယ်လို့ပြောတာပဲ ..."

"ဟုတ်ပြီ ... ဒါဆို ဒီဂူတွင်းတစ်နေရာမှာ ဝှက်ထားမှာပဲ ငါတို့ဝင်ရှာကြမယ်"

"ဟေ့ လူတွေ ... ခဏနေကြဦး အတင့်မရဲကြနဲ့ ဂူထဲမှာ သားကောင်တစ်ကောင်ကောင်ရှိနေရင် အန္တရာယ်ပေးနိုင်တယ် ကျုပ်တို့ရှေ့ကနေသွားမယ်"

တစ်ရွာသားမုဆိုးနှစ်ဦးက သတိပေးလိုက်ကြသည်။ ထိုအခါကျမှ မိမိတို့စိတ်လောကြီးကာ မဆင်မချင်ဖြစ်သွားခဲ့သည်ကို သတိရသွားမိသည်။ ဂူအတွင်းဘက်မှာမှောင်နေသည်။ ရှည်လျားသေည်။ လိုရမယ်ရယူလာခဲ့ကြသော မီးတုတ်များကို ထွန်းညှိလိုက်ကြသည်။ ထို့နောက်သတိကြီးစွာဖြင့် ဂူအတွင်းဘက်ကို တဖြည်းဖြည်းနှင့်ဝင်လာခဲ့ကြသည်။

မုဆိုးနှစ်ဦး နှာခေါင်းထဲမှာ သားကောင်ရနံ့ကိုရနေကြသလို ... ထို့ကြောင့် ဒူးလေးမြားစူးများကိုအဆင့်သင့်တင်ထားလိုက်ကြသည်။ မီးထုတ်ငါးခု၏အလင်းအားက ဂူထဲမှာ လင်းလင်းချင်းချင်းဖြစ်စေသည်။ ဂူလမ်းကြောင်းကြီးက ရှည်လျားလှသည်။ ကျယ်လည်းကျယ်ဝန်းလာသည်။

တစ်နေရာအရောက်တွင် ...





ဂူ၏ညာထောင့်တစ်နေရာ၌ မျှော်လင့်ထားသောအရာများကိုအမှတ်မထင်တွေ့လိုက်ကြရသည်။ သံသေတ္တာကြီးကြီးသေးသေးတို့သည် မြေပြင်ပေါ်မှာ အားလုံးအစီအရီနှင့်ရှိနေကြသည်။

"ဟာ ... ဟိုမှာ ... ဟိုမှာ ... သေတ္တာတွေ"

သုံးလေးယောက်၏ အသံကတစ်ပြိုင်တည်းလိုလိုပင်ထွက်သွားခဲ့ကြသည်။ ထို့နောက် ထိုနေရာကို အားလုံးပြေးသွားခဲ့ကြလေသည်။ ဒီတစ်ခါတော့ ... ရတနာသေတ္တာများ အားလုံးအမှန်တကယ်တွေ့လိုက်ကြရလေပြီ။ အားရဝမ်းသာစွာဖြင့် သေတ္တာအဖုံးများကို တစ်ပြိုင်တည်းလိုလိုဖွင့်လိုက်ကြသည်။

"ရှူး"

"ရှူး"

"ဟာ"

"အ ... အမလေး"

အထိတ်တလန့်နှင့်အော်လိုက်သံများက ဂူထဲမှာစီစီညံသွားခဲ့ကြသည်။ အကြောင်းမှာ မြွေဆိုး၊ မြွေဟောက်များက သေတ္တာများထဲမှ ရုတ်တရက်ထွက်ပေါ်လာခဲ့သောကြောင့်ပင်တည်း။ ပါးပျဉ်းကြီးများကိုထောင်ကာ ဒေါသထွက်နေကြသည်။ ထိုအခါ အားလုံးနောက်ကြောင်းကိုပြန်လှည့်ကာထွက်ပြေးကြသည်။ သို့သော် တိုင်ပင်ထားကြသလို လာရာလမ်းအတိုင်းသည့်မပြေးကြ၊ ရှေ့ကိုသာတိုးပြီးတော့ ဒရောသောပါးပြေးကြသည်။

မြွေများကနောက်မှလိုက်မလာကြ၍တော်သေးပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ဝေးဝေးကိုရောက်သွားခဲ့ကြမှ ရပ်နားလိုက်ကြသည်။

"ဟူး ... တော်ပါသေးရဲ့ မြွေတွေကလိုက်မလာကြတော့လို့၊ ဒါနဲ့ ဒီအထဲမှာရတနာတွေပဲရှိ ဘယ်လိုကြောင့်မြွေတွေရောက်နေကြတာလဲ"

မည်သူမှမဖြေနိုင်ကြ။ ဂူပေါက်ဆီကိုလည်းပြန်မသွားရဲကြ လမ်းမှာမြွေများကစောင့်နေကြလျှင် ဟူသောအတွေးကြောင့်ပင်။

"ငါ့အထင်တော့ ဒီပစ္စည်းပိုင်ရှင်တွေက သူတို့ရဲ့ပစ္စည်းတွေကိုစွဲလမ်းပြီး ဒီ ... ဒီ အထဲမှာ ... "

"ရောင်စိန်မင်းထင်တာတွေလျှောက်ပြောမနေနဲ့ ဒါဟိုကောင်လက်ချက်ပဲဖြစ်ရမယ်"

သုဒ္ဓလေးကိုရည်ရွယ်ပြီးပြောလိုက်ခြင်းပင်။ မည်သည့်အကြောင်းကြောင့် ဘာပဲဖြစ်ဖြစ် သုဒ္ဓလေးကိုသာအတတ်စွဲသည်။ အငြိုးကြီးမားလှပါဘိ။



( ၂၁ )

## မျက်ကန်းဟာစွေမကြောက်

ဂူကြီးက အကွေ့အဝိုက်များဖြင့် ရှည်လျားလှသည်။ တော်တော်နှင့်မဆုံးနိုင်။ သူတို့မှာ ရှေ့လည်းမတိုးသာ၊ နောက်လည်းမဆုတ်သာဖြစ်နေကြရသည်။ ခုထက်ထိ သူတို့အတွက်အကျိုးတစ်ကွက်ဖြစ်စရာ ဘာမှမတွေ့ရသေး။

ရှေ့မှာလူရိပ်မြင်လိုက်ရသလိုရှိသည်။ ကျော်ပေးပြီးတော့သွားနေသည်။ အာကာမိုးက အမှတ်မထင်မြင်မိလိုက်ခြင်းပင်။

"ဟာ ... ရှေ့မှာဘယ်သူလဲ ... ဟော့ကောင် သုဒ္ဓ သုဒ္ဓလေး"

အာကာမိုး၏အသံက ဂူထဲမှာဟိန်းထွက်သွားသည်။

"ဟေ့ကောင် အာကာ မင်းကဘာလို့အော်ခေါ်နေရတာလဲ၊ ဘာမှမရှိဘူး သုဒ္ဓလေးလည်းမဟုတ်ဘူး မင်းဘယ်လိုဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရောင်စိန်က အာကာမိုးကိုသတိပေးလိုက်သည်။

"ရောင်စိန်၊ ဒီကောင်မှ ဒီကောင်အစစ်ကွ၊ မင်းတို့က ဘာဖြစ်လို့မမြင်ကြတာလဲ မျက်စိတွေကန်းနေကြသလား"

"မဟုတ်ဘူး မီးတုတ်ကထွက်နေတဲ့ မီးခိုးငွေ့တွေကြောင့်ပါ နံရံမှာသွားထင်နေကြတယ်၊ အဲဒါကိုအထင်မှားတာ ဖြစ်မှာပါ၊ ကျုပ်တို့လည်းမြင်ကြတာပဲ လူအရိပ်အယောင်ဆိုတာကို သံသယဖြစ်စရာကောင်းလှအောင်ကို မတွေ့ရပါဘူး"

ဟန်မောင်ကပြောလိုက်သည်။ အာကာမိုး မကျေမနပ်ဖြစ်သွားခဲ့ရသည်။ သူသေသေချာချာတွေ့လိုက်ရသည်က သုဒ္ဓလေးမှ သုဒ္ဓလေး။ သို့သော် အများနှင့်တစ်ယောက်ဖြစ်နေ၍ မငြင်းသာတော့။ ဒီလိုနှင့် ဂူဆုံးသွားသည်။ ထွက်ပေါက်ကိုတွေ့လိုက်ကြရသည်။ ဂူအပြင်ဘက်ကိုရောက်သွားခဲ့ကြသည်။ အားလုံး၏စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားခဲ့ကြသည်။ မိမိတို့နှင့် ပတ်သတ်စရာအကြောင်းမရှိသော၊ စပ်ဆက်မှုမရှိသော နေရာတစ်ခုဟု အလိုလိုနေရင်း သိနေသလိုပင် ...

တောသည်ပိုပြီးတော့ ထူထပ်နေသည်။ နေပြောက်ပင် မထိုးနိုင်လောက်အောင်ပင် အပင်ကြီးတွေက ခပ်စိပ်စိပ်ပေါက်ရောက်နေကြသည်။ အောက်ခေါင်းတွေလည်းရှုပ်နေကြသည်။ သူတို့လည်း ဘယ်ကိုသွားရမှန်းမသိ။ ဘယ်ကိုဆက်လိုက်ကြရမှန်းမသိ။

ထိုစဉ် ...

သဏ္ဍာန်တစ်ခုသည် ... သစ်ပင်ကြီးတစ်ပင်၏အကွယ်





မှ ထွက်ပေါ်လာခဲ့သည်။ သူတို့ဆီကို တစ်လှမ်းချင်းပင်လျှောက်လာနေသည်။ ပထမသော် သိပ်ပြီးတော့မသဲကွဲ၊ နောက်တော့မှ ထင်ရှားလာသည်။

"ဟင်"

အာကာမိုး ချက်ချင်းမမှတ်မိ။ ခေါင်းပေါင်းအဖြူကိုပေါင်းထားပြီး အဖြူရောင်အင်္ကျီ၊ လုံချည်ကိုဝတ်ဆင်ထားသည်။ လက်မှာလည်း နွယ်ပုန်တောင်ဝှေးကိုကိုင်ဆောင်ထားသည်။ သူ၏မျက်နှာသည် ကြည်လင်လွန်းလှသည်။ မျက်လုံးတစ်စုံက စူးလက်ပြီးတော့ တောက်ပနေလျှက်။ တစ်ထွာခန့်ရှည်သော မုတ်ဆိတ်နီကြီးများသာမရှိခဲ့လျှင် သုဒ္ဓလေးဟုထင်နိုင်စရာမရှိ။ ရုပ်ရည်က ပိုပြီးတော့ရှင်းသန့်နေကာ အများကလေးစားစရာကောင်းနေသော အသွင်မျိုးပင်တည်း ... ။

"မင်း ... မင်း ... သုဒ္ဓလေး၊ သုဒ္ဓလေး"

အာကာမိုး၏နှုတ်မှ အထစ်ထစ်ငေါ့ငေါ့ပင်ထွက်လာသည်။

"ငါ့ကို သုဒ္ဓလေးလို့မခေါ်နဲ့၊ ငါ့နာမည်က တစ်မျိုးဖြစ်သွားပြီ သိဒ္ဓိ၊ သိဒ္ဓိ ... တဲ့"

"ဘာ သိဒ္ဓိ ဟုတ်လား၊ အိုကွာ မင်းဘယ်လိုပဲ နာမည်ပြောင်းထားပြောင်းထား ငါစိတ်မဝင်စားဘူး၊ မင်းကငါကိုကြောက်လို့ နာမည်ပြောင်းထားတာမဟုတ်လား ... ဘယ်လိုပဲဖြင့်ဖြစ်လေ မင်းရဲ့မျက်နှာကိုခွေးချီသွားတာတောင် ငါမှတ်မိတယ် ....

ဒီမှာ သုဒ္ဓလေး မင်းငါ့အဖေကိုဒုက္ခပေးခဲ့တာ၊ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



လူစဉ်မမီ ဒုက္ခိတတစ်ပိုင်းဖြစ်နေပြီကွ၊ ရတနာတွေအရောင်ပြ ပြီး သွေးဆောင်ဖျားယောင်းခဲ့တာ တောထဲမှာ အမျိုးမျိုးခြောက် လန့်ခဲ့တာ ခုတော့ ... ငါ့ အဖေ"

ထိုအခါ သုဒ္ဓလေးက လက်ကိုကာလိုက်ပြီး ...

"မင်းမှားနေပြီ အာကာ၊ မင်းအဖေက အကြောင်းမဲ့ လောဘဇောတက်ပြီး ငါ့ကိုအမြင်မှားခဲ့တယ်၊ အဲ့သည့်လောဘက သူ့ကိုပြောင်းလဲစေခဲ့ပြီး ထင်ချင်ရာထင်ခဲ့တာပဲ၊ အဲသည့်စိတ်က သူ့ကိုနှိပ်စက်ခဲ့တာ ငါ့ကြောင့်ဖြစ်တာမဟုတ်ဘူး"

သုဒ္ဓလေးက အေးဆေးစွာပင်ရှင်းပြသည်။ ဒေါသမပါ၊ အမျက်မပါ _ မေတ္တာသက်သက်ဖက်၍ပြောသည်မှန်း အားလုံး က အလိုလိုပင် သဘောပေါက်နားလည်နေကြသည်။

ရောင်စိန်သည်ပင် သုဒ္ဓလေးပေါ်မှာ မကြဲစည်ရက်အောင် ဖြစ်သွားခဲ့ရသည်။ သုဒ္ဓလေးပေါ်မှာ မကြဲစည်ရက်အောင်ပင် ဖြစ်သွားခဲ့ရသည်။ အစကတော့ အာကာမိုး၏အလိုဆန္ဒအတိုင်း သုဒ္ဓလေးအပေါ်မှာ လက်ရောက်မှုပြုမည်ဟု ဆုံးဖြတ်ထားခဲ့သူ။ သို့သော် သုဒ္ဓလေးအပေါ်မှာ နားမလည်သူက အာကာမိုးပင်။

"မင်းငါ့ကိုစကားလွှဲပြီး ပြောချင်ရာကိုမပြောနဲ့၊ လက်တွေ့ ခံစားခဲ့ရတာ ငါတို့ကွ၊ မင်းက လည်ပင်းမှာ ပုတီးကြီးဆွဲထား ပြီး သူတော်ကောင်းဟန်ဆောင်နေတယ်၊ ဟောကောင်တွေ မင်း တို့ဘာရပ်ပြီးကြည့်နေကြတာလဲ၊ ဒီကောင်ကိုသုတ်သင် ပစ်ကြ လေကွာ"

သို့သော် _ သူခေါ်လာသူများမှာ တုတ်တုတ်မျှပင်မလှုပ်





ကြ။ ရောင်စိန်သည်ပင် အိမ်ထဲမှာကို ယောင်၍မျှပင်မကိုင်။

"အာကာမိုး၊ မင်းဟာ ငါ့ရဲ့သူငယ်ချင်းမို့ သံယောဇဉ်နဲ့ ထပ်ပြီးတော့ သတိပေးမယ်၊ ငါ့ကိုမပစ်မှားနဲ့၊ ငါ့ဟာငါလမ်း အတိုင်းသွားနေတာ၊ မင်းတို့အပေါ်မှာ ဘယ်လိုအကြောင်းနဲ့မှ အာဃာတမထားခဲ့ဘူး ဒါကိုတော့ယုံပါ"

သုဒ္ဓလေးက ထပ်ပြီးတော့သတိပေးသည်။ သို့သော် အာကာမိုးမှာ သုဒ္ဓလေး၏စကားကို နားမဝင်တော့။

"ကောင်းပြီ မင်းတို့က ငါ့စကားကိုမနာခံကြဘူးပေါ့ ဟုတ်လား၊ ရတယ် ရောင်စိန် ဒီလိုဆိုရင်လည်း ငါ့ကိုစွဲငါပဲရှင်း ရမှာပေါ့ကွာ"

"ဟော့ ... ဟော့ အာကာ မင်းမှားမယ်၊ မလုပ်နဲ့လေ"

"အာကာ မင်းနောက်ဆုတ်လိုက်၊ ဒီလိုမကြံစည်ကောင်း ဘူးလေ"

ရောင်စိန်ရော ဟန်မောင်နှင့် အားလုံးကပါ အော်ဟစ် ပြီး အလန့်တကြားတားဆီးလိုက်ကြသည်။ သို့သော် အာကာမိုးက မရတော့။ ဒေါသစိတ်မွှန်ကာ ဓားကိုဝင့်၍ပြေးဝင်သွားခဲ့သည်။ သုဒ္ဓလေးကတော့ နေရာမှာတင်ရပ်နေကာ အေးဆေးစွာပင် ကြည့်နေသည်။

"သေပေတော့"

အနားကိုရောက်လာသည်နှင့် ပန်းကုန်းပြတ်တစ်ချက် ထည်းခုတ်ချလိုက်သည်။

"ဝုစ်" "ရှပ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ"

အားလုံး၏နှုတ်မှ ဟာခနဲဖြစ်သွားခဲ့ကြသည်။ မျက်လုံးတွေပြင်ပြာဝေသွားခဲ့ကြရသည်။ သုဒ္ဓလေးသည် ခေါင်းနှင့်ကိုယ်အိုးစားကွဲကာ မြေပြင်ပေါ်ပစ်လဲပြီးတော့ကျသွားခဲ့သည်။

အားလုံး၏မျက်လုံးတွေထဲမှာ ... သွေးသံရဲရဲနှင့်မြင်ကွင်းက ရှင်ခနဲ၊ ထင်းခနဲ မကြည့်ရက်မမြင်ရက်နိုင်စရာ။ သို့သော်ဤကား သူတို့၏အထင်မျှသာ တွေးပြီးတော့မြင်ယောင်မိခဲ့ခြင်းသာ အာကာမိုးက သုဒ္ဓလေးဆီကိုအရောက်တွင် မမျှော်လင့်မိသော အခြေအနေတစ်ခုဖြစ်သွားခဲ့ရသည်။

ယင်းမှာ ... ရွှေသမင်ကြီးတစ်ကောင်သည် တစ်နေရာမှ ရုတ်တရက်ဆိုသလိုပြေးဝင်လာခဲ့သည်။ အရှိန်နှင့်ခုန်ပြီး အာကာမိုးကို ဦးချိုကြီးဖြင့် တိုက်ခိုက်လိုက်သည်။

"အား"

အာကာမိုး၏လက်ကို ချိုဖျားခြင့်ခတ်မိသွားလေရာ ... ဓားလည်းလွင့်ထွက်သွားလေ၏။ သမင်ဖိုကြီး၏ ကိုယ်လုံးဖြင့်တိုက်မိသွားသောကြောင့် လူလည်းလဲကျသွားခဲ့ရလေသည်။

အားလုံးသည် မမျှော်လင့်သောဖြစ်ရပ်ကြောင့် အံ့အားသင့်သွားခဲ့ကြရသည်။ သာမန်ထက်ကိုယ်လုံးကိုယ်ထည်ကြီးထွားပြီး မြင့်မားသောအရပ်အမောင်းရှိသည့် သမင်ကြီးသည် သူတို့ကိုပါ တိုက်ခိုက်ဦးလေမလားဟု စိုးရိမ်သွားခဲ့ကြသည်။ မုဆိုးနှစ်ဦးသည် ဒူးလေးများနှင့်ထိုးပြီးတော့ ချိန်ထားလိုက်ကြသည်။ သို့သော် သမင်ဖိုကြီးသည် သူတို့ကိုမတိုက်ခိုက်ဘဲ သုဒ္ဓလေး၏





ရှေ့မှာသာ ကာကွယ်သည့်အနေဖြင့်ရပ်နေသည်။

အာကာမိုးမှာ တော်တော်နှင့်မထနိုင်ဘဲရှိနေသည်။ လူနှစ်ယောက်က ပြေးပြီးတော့ထူမကြရသည်။

"ဒီသမင်ကြီးဟာ ခင်ဗျားတို့ကို ဒုက္ခမပေးပါဘူး၊ သူ့ကိုကျွန်တော်က မုဆိုးတွေလက်ထဲက ကယ်ထားဖူးခဲ့တယ်၊ ဒါကြောင့် ကျွန်တော်သွားလေရာမှာ အမြဲတမ်းလိုက်ပါပြီးတော့ကာကွယ်စောင့်ရှောက်နေတာပါ"

သုဒ္ဓလေးက ရှင်းပြသည်။ သို့သော် မုဆိုးနှစ်ယောက် သုဒ္ဓလေးကို ဒူးလေးနှင့်ချိန်ထားလိုက်ပြီး ...

"သူတို့ ဒီတောထဲလိုက်လာတာ သုဒ္ဓလေးဆိုတဲ့လူနဲ့စာရင်ရှင်းဖို့လို့ပြောတယ်၊ ဒီနေရာရောက်တော့မှ ဂူထဲကရတနာတွေကိုယူဖို့ဆိုတာသိလိုက်ရတယ်၊ ရတနာတွေတော့တွေ့တယ်ဒါပေမဲ့ အထဲမှာရတနာတွေမရှိဘဲ မြွေဆိုးတွေကိုတွေ့ရတယ်၊ အဲဒီရတနာတွေဘယ်မှာလဲ ... မင်းနေရာရွှေ့ထားလိုက်တာမဟုတ်လား"

မုဆိုးနှစ်ယောက် တစ်စခန်းထပြန်သည်။ ဤသို့ဖြစ်လာလိမ့်မည်ဟု မထင်မှတ်ကြ။ သူတို့သည် လောဘဇောတက်ပြီး ရုတ်တရက် စိတ်ရိုင်းဝင်သွားကြဟန်တူသည်။ သုဒ္ဓလေးဆီကို အန္တရာယ်ပစ်မှတ်ကတန်းနေသည်။

"ကျွန်တော်လည်းအဲဒီကိစ္စကိုမပြောတတ်ပါဘူး၊ ခင်ဗျားတို့အားလုံး သေတ္တာထဲမှာတွေ့ခဲ့ကြတာ ဘာလဲ ... မြွေတွေဆို၊ အဲဒါမြွေတွေပဲရှိလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ ... ဒီအနားမှာ မင်းပဲရှိတာ၊ ဒီရတနာတွေကို ခင်းသဲဖွေထားတာနေမှာပေါ့၊ ပြောစမ်းဘယ်နေရာမှာ ထားထားလဲ၊ မပြောရင်မင်းရဲ့အသက်ကိုနှုတ်ယူရလိုက်မယ်၊ ငါတို့က အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး ..."

ရွှေသမင်ဖိုကြီးသည် အခြေအနေကိုသဘောပေါက်သွားဟန်တူသည်။ လှုပ်ရှားစပြုလိုက်လေရာ ...

"မလှုပ်နဲ့ ... မင်း အေးအေးနေ"

သုဒ္ဓလေးက သတိပေးလိုက်သည်။ ထိုစဉ် ...

"ဖြောင်း ... ဝုန်း ... ဝုန်း"

တောတွင်းတစ်နေရာမှ ကြမ်းတမ်းသောအသံများက ရုတ်တရက်ထွက်ပေါ်လာခဲ့ကြသည်။

"အား ... ဝူး"

ဆင်များစုပေါင်းပြီးတစ်ပြိုင်တည်းအော်ဟစ်လိုက်ကြသံများ ဖြစ်ကြသည်။ ထိုအခါ အာရုံများသည် ယင်းနေရာဆီကိုရောက်သွားခဲ့ကြလေ၏။

"ဆင် ... ဆင်ရိုင်းတွေ"

အားလုံးအထိတ်တလန့်ဖြစ်ကုန်ကြသည်။ ပြေးလွှားနေကြသံများက တဝုန်းဝုန်းနှင့်ဆူညံနေကြသည်။

"ဟာ - ငါတို့ဘက်ဆီကိုလာနေကြတယ်နဲ့တူတယ်ကွ"





သူတို့ပြေးရန်ပြင်ကြသည်။ သုဒ္ဓလေးကို သတိရသွားပြီး လှမ်းကြည့်လိုက်သောအခါ ...

"ဟင် ... မရှိတော့ဘူး ဘယ်ရောက်သွားပြီလဲ"

ဆင်ရိုင်းများဟုထင်ကာ ပြေးလာနေကြသံများသည် ချက်ချင်းပင်လိုလိုပင် ပျောက်ကွယ်သွားကြသည်။ သို့သော် အထိတ်တလန့်ဖြစ်မှုကိုမထိန်းနိုင်ကြတော့။

"ဆင်ရိုင်းတွေက ငါတို့ဆီကို ချောင်းမြောင်းပြီးတော့ တဖြည်းဖြည်းလာနေကြမှာ"

"ဟုတ်တယ် စောစောကလို အသံတွေပေးပြီးတော့ လာကြမှာမဟုတ်တော့ဘူး၊ ခုလောက်ဆို ငါတို့အနားကိုရောက်နေလောက်ပြီ အောင်မလေး ပြေး ... ပြေး"

အလိုလိုပင် သိမ်ငယ်သွားကြကာ အလန့်တကြားနှင့် ထွက်ပြေးကြလေတော့သည်။

"ဟေ့ဟေ့ ငါ့ကိုခေါ်ပါဦးကွ"

အာကာမိုးက မထနိုင်ဘဲရှိနေသည်။ သူ့ကိုမေ့ထားခဲ့ကြသည်။ ရောင်စိန်နှင့်ဟန်မောင်သည် အာကာမိုးကို ဆွဲကူပြီးတော့ ပြေးကြသည်။ ရောက်တတ်တတ်ရာရာပြေးကြသည်။ တော်တော်ဝေးဝေးထိရောက်သွားခဲ့ကြသည်။ တစ်နေရာကိုရောက်သွားကြတော့မှ ရပ်လိုက်ကြလေသည်။

"ဒါလောက်ဆို ရပါပြီကွာ၊ ဆင်ရိုင်းတွေလည်း ငါတို့နောက်ကိုလိုက်လာကြဟန်မတူပါဘူး"

ရောင်စိန်က ကိုယ်ကိုပစ်လှဲချရင်းပြောသည်။ အာကာမိုးအ



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကထင်သလောက်မဆိုး။ လက်တစ်ဖက်နာကျင်သွားသည်မှလွဲ၍ ဘာမှမဖြစ်။

"မင်းရော အခြေအနေကောင်းရဲ့လား"

ဟန်မောင်ကမေးလိုက်သည်။

"စောစောတုန်းကတော့ ထလို့တောင်မရတော့ဘူး အခုတော့ရတယ်"

"ငါတို့လူတွေကော ဘယ်ရောက်ကုန်ကြသလဲ မသိဘူး"

ပြော၍မဆုံးမီ တစ်ယောက်ပြီးတစ်ယောက် သူတို့ဆီလာနေကြသည်။ သို့ရာတွင် သွေးဆုတ်နေကြသောမျက်နှာများဖြင့် ပုန်းလျှိုးကွယ်လျှိုးမှဆိုးနှစ်ဦးက အနားရောက်လာကြပြီး–

"ပစ္စည်းတွေဘယ်မှာရှိတယ်ဆိုတာ ဒီကောင်သိတယ်၊ သူ့ကိုသေသေချာချာမေးရမယ်"

"မင်းတို့ကို ငါလာခေါ်တုန်းက ရတနာပစ္စည်းတွေရမယ် လိုက်ခဲ့လို့ပြောခဲ့လို့လား၊ ဟောဒီကောင်လေးကငှားလို့လိုက်လာခဲ့ကြတာမဟုတ်လား၊ တကယ်သေချာတဲ့ ကိစ္စမဟုတ်ဘဲနဲ့ မင်းတို့က ဘာဖြစ်လို့ လောဘဇောတတ်နေကြတာလဲ"

"ဟ ... ဟန်မောင် ဂူထဲမှာ သံသေတ္တာတွေတွေ့ပြီး အထဲကပစ္စည်းမတွေ့ဘဲ မြွေတွေပဲတွေ့ကာ ဒီကောင်လက်ချက်ပဲဖြစ်ရမှာပေါ့ကွ၊ ငါတို့က ဒါကိုသိထားလျှက်နဲ့ရှောင်ထွက်သွားခဲ့ရင် အခွင့်အရေးဆုံးရှုံးသွားမှာပေါ့ကွ"

ဟန်မောင်သည် 'မျက်ကန်းတစ္ဆေမကြောက်'ဟူသည့်စကားအတိုင်း ပြောချင်ရာပြောနေကြသူများကြောင့် အတော်





ပင်စိတ်ပျက်သွားခဲ့ရလေသည်။

"ဟုတ်တယ် ... ကျွန်တော်လည်း ဒီကောင့်ကို ရာဇဝင်ကြွေးဆပ်ရဦးမှာ ... စောစောကလုပ်ချသွားတယ် မကျေနပ်ဘူး သင်းကိုပြန်ရှာရမယ်"

အာကာမိုးကလည်း တစ်ခန်းထပြန်သည်။

"ကဲကွာ ... မင်းတို့ဘာသာမင်းတို့ တောတိုးပြီးတွေ့အောင်ရှာကြပေတော့၊ ငါတို့တော့မလိုက်ကြတော့ဘူးဟေ့"

ဟန်မောင်ကစိတ်ပျက်ပြီးပြောလိုက်သည်။

ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



( ၂၂ )

## မီးအဝိုင်းခံကြရသူများ

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

တဖြောင်းဖြောင်းနှင့်မြည်သံများကိုကြားလာခဲ့ကြရသည်။ မီးခိုးလုံးကြီးများသည်လည်း တစ်နေရာမှာအူပြီးတော့တက်လာကြသည်ကိုတွေ့လိုက်ကြရလေ၏။

"ဟာ ... တော ... တောမီးလောင်နေတယ်"

ပြော၍မှမဆုံးမီ မီးတောက်ကြီးများက ထိုးပြီးတော့တက်လာခဲ့ကြလေသည်။ သူတို့နှင့်အနီးကပ်ဆုံးနေရာတွင် တောက်လောင်လာခဲ့ခြင်းပင်ဖြစ်၏။ မည်သို့စပြီးတော့ ဖြစ်လာခဲ့သလဲမသိ။ ချက်ချင်းလက်ငင်းဖြစ်ပေါ်လာခဲ့လေသည်။ ထိုစဉ် ... လေကလည်း တအားပင့်ပြီးတိုက်ခတ်လာခဲ့လေရာ မီးလောင်ရာလေပင့်ဟူသည့်စကားအတိုင်း သူတို့ဘက်ကိုချက်ချင်းလိုလိုပင်ရောက်လာခဲ့လေတော့သည်။

"ပြေး ပြေး ပြေး ပြေး"





အားလုံးငေးကြောင်ပြီးကြည့်နေကြရာ ထပြေးကြလေတော့သည်။ မီးတောက်ကြီးများသည် သစ်ပင်ကြီးငယ်၊ ခြုံတောများ၊ ဝါးတောကြီးများကို ဝါးမြိုပြီးတော့ တစ်နေရာပြီးတစ်နေရာ လျင်မြန်စွာကူးစက်လာခဲ့လေသည်။ တောကောင်လေးများသည်လည်း လန့်ဖျန့်ပြီးတော့ မီးလွတ်ရာကိုပြေးကုန်ကြသည်။

အာကာမိုးတို့လူစုသည် လျင်မြန်စွာလောင်နေသောမီးကြောင့် အသက်ကိုလုပြီးတော့ တပြေးတည်းပြေးနေရသည်။ မီးတောက်မီးလျှံကြီးများက ဝါးစားတော့မလို နောက်မှလိုက်နေ၍ တအားထိုးပြီးတော့ လိုက်လာနေကြသည်။ ရောင်စိန်သည် အာကာမိုးလက်ကိုဆွဲကာပြေးသည်။

လေသည် တစ်တောလုံးကိုဝေ့ဝိုက်ကာပတ်ပြီးတော့ တိုက်ခတ်နေသည်။ ထို့ကြောင့် ... သစ်ပင်ကြီးများကိုဝိုက်ကာလောင်ကျွမ်းပြီး မီးအဝိုင်းခံလိုက်ရလေတော့သည်။

"ဟာ ... ငါတို့ကို မီးဝိုင်းနေပြီ ... ပြေး ပြေး ဟိုဘက်ကိုပြေး"

ဟိုပြေးသည်ပြေးနှင့်ဖြစ်နေကြသည်။ ထိုနေရာကလွတ်အောင်သွားခဲ့ကြသော်လည်း တစ်နေရာကိုအရောက်တွင် ထပ်ပြီးတော့မီးအဝိုင်းခံကြရပြန်သည်။ ထို့ကြောင့် မီးလွတ်မည်ဟုထင်သည့်နေရာကိုပြေးကြရပြန်သည်။ တစ်တောလုံးမီးခိုးငွေ့များဖြင့်အထွေးလိုက်မှုန်ထူနေလေတော့သည်။

ဦးတည်ရာလျှောက်ပြေးနေကြရင်း လူစုတွေ ကွဲကုန်ကြသည်။ ရောင်စိန်သည်လည်း အာကာမိုးနှင့်အတူပြေးနေရင်းက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်သွားမှန်းမသိတော့။ တစ်ကွဲတစ်ပြားစီ ဖြစ်သွားခဲ့ကြသည်။

"ဟော့ကောင် _ ရောင်စိန် မင်းဘယ်မှာလဲ၊ ငါ့ကိုမထားခဲ့ပါနဲ့ မီးတွေဝိုင်းနေပြီကွ၊ အောင်မလေး ကယ်ကြပါ၊ ကယ်ကြပါဦးဗျ"

အာကာမိုးသည် ပတ်ချာလည်မီးတွေဝိုင်းနေသည့်အထဲမှာ ဟိုသည်လှည့်ပြီးတော့ပြေးနေသည်။ မီးခိုးတွေကလည်း မွှန်ထူလျှက်ရှိနေကြတော့ ...

"အဟွတ်" "အဟွတ်" "အဟွတ်"

ချောင်းကလည်း တဟွတ်ဟွတ်ဖြင့်ဆိုးလာခဲ့သည်။ မီးခိုးလုံးတွေကြောင့် ဘာမှလည်းမမြင်ရတော့ ... သူ့ကိုလည်း မီးအပူရှိန်က ဟပ်ခဲ့လေပြီ ... ။

"အား" "အား"

အာကာမိုးသည် သွေးရူးသွေးတမ်းဖြင့်အော်ဟစ်နေသည်။ သူ့အကြောက်ကြီးကြောက်နေပြီဖြစ်သည်။ သေမှာကိုလည်းစိုးရိမ်နေမိသည်။ သို့ရှိနေစဉ် လူတစ်ယောက်က လူတစ်ယောက်က သူ့လက်ကိုလာရောက်ဆုပ်ကိုင်လိုက်သည်။ ဆွဲခေါ်သွားသည်။ တစ်နေရာတွင် မီးဟုန်းဟုန်းတောက်နေရာက မီးလုံးကြီးများက တစ်ဖက်တစ်ချက်ကွဲထွက်သွားခဲ့ကြသည်။ လမ်းပေါက်လိုဖြစ်သွားခဲ့သည်။ ထိုသူသည် အာကာမိုးကို မီးလွတ်ရာသို့ဆွဲခေါ်သွားသည်။

မီးတောက်မီးလျှံများက နောက်မှာကျန်ရစ်ခဲ့ကြသည်။





"မင်း ဒီလမ်းအတိုင်းသွားပေတော့၊ အဖော်တွေနဲ့တွေ့လိမ့်မယ်"

အာကာမိုးသည် သူ့ကိုခေါ်ဆောင်သွားသူမှာမည်သူမှန်းမသိ၊ ကြောက်စိတ်တွေမွှန်ထူနေပြီး တောက်လျှောက်ပင် ပြေးထွက်သွားခဲ့လေသည်။ အာကာမိုးထွက်သွားရာဆီကို လှမ်းကြည့်ပြီး ကျန်ရစ်ခဲ့သူကတော့ သုဒ္ဓလေးပင်တည်း။

အာကာမိုးသည် တောထဲတွင် တွေ့ကြုံခဲ့ရသောအဖြစ်အပျက်များကြောင့် သွေးပျက်ကာ သွက်သွက်ခါအောင်ရူးသွပ်ခဲ့လေသည်။ မည်သည့်ဆရာကောင်းများနှင့် ကုသ ကုသ ပျောက်ကင်းမသွားခဲ့။

"သုဒ္ဓလေး မင်း မင်း ငါ့ကို ဒုက္ခပေးတယ်၊ ငါ့အကြောင်းသိမယ်ကွ၊ ဟား ဟား ဟား ဟား ဟား။ မြွေ မြွေတွေ အားကယ်ကြပါဦးဗျ၊ မီး မီး၊ တောမီးတွေလောင်နေပြီ၊ ထွက်ပေါက်ပိတ်မိနေပြီဗျ"

အာကာမိုးသည် ဤကဲ့သို့ အထိတ်တလန့်ဖြင့် မကြာခဏ အော်ဟစ်နေသည်။ မအိမ်စိုးသည် သားအတွက်နှင့် မျက်ရည်နှင့်မျက်ခွက်ဖြစ်နေရသည်။

"ငါ့သားလေး တောထဲမှာ ဘာတွေဖြစ်လာခဲ့တာလဲ ဒီအတိုင်းသွားရင်တော့ ရေတိမ်မှာနစ်တော့မှာပဲ ... ဟင့် ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



မအိမ်စိုးသည်လည်း ယူကျုံးမရဖြစ်ကာ မျက်ရည်နှင့်မျက်ခွက်။ သောကပရိဒေဝတွေပွားကာ နေ့စဉ်ပင် ငိုကြွေးနေရသည်။

"ဒီကောင် သုဒ္ဓလေးဆိုတဲ့ကောင် ငါ့ကိုနှိပ်စက်ရုံသာမက ငါ့သားကိုပါ လူဖြစ်ရှုံးအောင်လုပ်တယ်၊ တောက် ... တွေ့မယ် ငါနဲ့တွေ့ဦးမယ်"

ကိုပြည်စိုးသည် လက်သီးလက်မောင်းတန်းကာ ကြိမ်းဝါးလျှက်ရှိနေပြန်သည်။

"ဟင် ... ရှင် ဒီစကားမျိုးကိုပြောနေပြန်ပြီ၊ စိတ်မှတ်မရှိသေးဘူးလား။ သုဒ္ဓလေးကို ရှင်အသလွှတ်စော်ကားခဲ့တာလေ သူတော်ကောင်းကို ပစ်မှားခဲ့လို့ အကုသိုလ်ဝင်ပြီး လူစဉ်မမီဖြစ်သွားခဲ့ရတာ ဘယ်သူ့အပြစ်လဲ၊ ခုလည်း သားက ရှင့်လိုပဲဖြစ်ခဲ့ပြန်ပြီ၊ ရှင်က သုဒ္ဓလေးအပေါ်မှာပဲ အဲ့ဖြစ်ပုံချခဲ့တာကိုနားဝင်ပြီး သုဒ္ဓလေးကို သေကြောင်းသွားကြံတာ ...

ခုတော့ တောထဲမှာ ဒုက္ခအမျိုးမျိုးတွေ့ပြီး အကြောက်ကြီးကြောက်ခဲ့လို့ ဒီလိုဘဝမျိုးရောက်သွားခဲ့ရတာ သားကိုမဆုံးမတဲ့အပြင် နေရာတကာမြှောက်ထိုးပင့်ကော်လုပ်ခဲ့လို့ လူမိုက်အားပေးခဲ့လို့ ဒီလိုဖြစ်ရတာ၊ အဲဒါ ရှင့်အမှား။ ခုထက်ထိ နောင်တမရနိုင်သေးဘူးလား၊ ဘယ်လောက်အထိ ဆက်မိုက်နေဦးမှာလဲ ကိုပြည်စိုးရဲ့ ... ဟီး ... "

မအိမ်စိုးသည် ချုံးပွဲချငိုသည်။ ကိုပြည်စိုးမှာ ဘာမှပြန်မပြောနိုင်။ အာစေးမိကာ ပါးစပ်အဟောင်းသားနှင့်ဖြစ်သွားခဲ့ရ





လေသည်။

အာကာမိုးနှင့်အတူ တောထဲကိုပါသွားခဲ့ကြသော ရောင်စိန်နှင့်ဟန်မောင်တို့သည် ကြုံတွေ့ခဲ့ရသောအဖြစ်မှန်ကို မအိမ်စိုးအားပြန်ပြောပြခဲ့သည်။ ထို့ကြောင့် အကြောင်းစုံကို သိခဲ့ရလေသည်။ အာကာမိုးကား တစ်ခါတရံ အမိမှန်း၊ အဖမှန်းမသိနိုင်လောက်သည်အထိ မှတ်ဉာဏ်ချို့ယွင်းသွားတတ်သည်။ အခန်းထဲပိတ်ကာ ကြိုးတုပ်ထားရသည့်အခြေအနေမျိုးကိုပင် ဆိုက်ရောက်ခဲ့လေသည်။ မအိမ်စိုးမှာ ခင်ပွန်း၊ သားအတွက် ယူကျုံးမရဖြစ်၊ ရှက်လည်းရှက်ဖြစ်နေကာ စိတ်ဆင်းရဲနေရရှာသည်။ မည်သည့်ဆရာကောင်း သမားကောင်းများကို တစ်ယောက်ပြီးတစ်ယောက်ခေါ်ပင့်ပြီး ကုစေကာမူ အာကာမိုး၏အခြေအနေမှာ တိုးတက်မလာခဲ့ပါချေ။

ဦးပေါက်ကျော်နှင့်မိသားစုသည်လည်း သုဒ္ဓလေးနှင့်ပတ်သက်သည့်သတင်းကို ကြားသိခဲ့ပြီးဖြစ်သည်။

"သင်းတို့က ငါ့မြေးကို တောထဲမှာလိုက်ရှာပြီး သတ်ဖို့အထိ ကြံစည်ခဲ့ကြတာကိုး၊ တော်တော့်ကို မစ္ဆေရိယစိတ်များနေကြပါလား"

"အဲ့ဖေ ... ဒါဆို သားလေး တောထဲမှာ တစ်နေ့ဖြစ်ပြီးဘော့များကျန်ခဲ့သလား၊ သင်းတို့လက်ကလွှတ်နိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်အဖေ၊ ဖအေရော၊ သားပါ ဘယ်လိုအငြိုးကြီးနဲ့ လုပ်ကြံဖို့အထိ ကြံစည်ရသလဲဆိုတာ စဉ်းစားလို့မရနိုင်ဘူး။ သားလေး ဘေးရန်မှကင်းပါ့မလား"

"ဟုတ်တယ် ကိုရင်၊ မြေးလေးရဲ့သတင်းလည်း ဘာမှမကြားရတော့ မပြောကောင်းမဆိုကောင်း ကျွန်မတော့ စိတ်ပူတယ်တော်"

ဖနီး၊ သမက်နှင့် သမီးတို့မှာ သုဒ္ဓလေးနှင့်ပတ်သက်ပြီးတော့ စိုးရိမ်မကင်းရှိနေကြသည်။

"နင်တို့ထင်သလို ငါ့မြေးဟာ မသူတော်တွေရဲ့လက်ချက်နဲ့ ပိုးစိုးပက်စက် မဖြစ်နိုင်ပါဘူး။ ငယ်ငယ်ရွယ်ရွယ်နဲ့သူတော်ကောင်းတရားကို ပွားများအားထုတ်နေတဲ့သူ့အပေါ်မှာဘေးဥပါဒ်အန္တရာယ်မကျရောက်နိုင်ပါဘူး။ စိတ်အေး ခအေးထားကြပါ"

ဦးပေါက်ကျော်က စကားနှင့်နှစ်သိမ့်စေသည်။ တကယ်လည်း သုဒ္ဓလေးအပေါ် ဘေးဥပါဒ်အန္တရာယ်မကျရောက်နိုင်ဟုယုံမှားသံသယကင်းရှင်းလျှက်ရှိသည်။ သူကြီးဦးဖိုးဆိတ်နှင့် ရပ်ရွာလူကြီးအချို့နှင့် ရွာသားအချို့သည်လည်း သုဒ္ဓလေးကို တွေ့ချင်နေကြသည်။ မည်သည့်အကြောင်းကြောင့်လဲတော့မသိ။ သို့သော် ဦးပေါက်ကျော်တို့မိသားစုကို ကြိုတင်အသိမပေးဘဲ သုဒ္ဓလေးတစ်ချိန်ချိန်တွင်ရောက်လာမှသာ ခေါ်တွေ့မည်ဟု လျှို့ဝှက်ကြံစည်ထားကြသည်။ သို့သော် ပါးစပ်ပေါက်တစ်ပေါက်ကို ပိတ်နိုင်ရန်မလွယ်။ ထိုသတင်းကို ဦးပေါက်ကျော်တို့ ကြားပြီးခဲ့လေပြီ။





"သင်းတို့က ငါ့မြေးကို ခေါ်တွေ့ပြီး ဘာလုပ်ကြမလို့လဲ၊ ဘာစစ်မေးကြမှာလဲ၊ ဖမ်းဆီးကြမှာလား၊ ထိပ်တုံးခတ်ကြမလို့လား"

သို့သော် ဦးပေါက်ကျော်တို့ မိသားစုကား သူတို့သိထားကြသည်ကို မသိသလို နေနေကြလေသည်။

တစ်ညနေ ...

နေဝင်ရီတရောအချိန်။ နွားအုပ်ကြီးတစ်အုပ်သည် ရေခင်းရွာလမ်းမကြီးအတိုင်း ရွာအနောက်ဘက်တံခါးပေါက်မှ ဝင်ရောက်လာကြသည်။ နွားရိုင်းသွင်းချိန်ဖြစ်၍ စားကျက်ထဲမှာလှန်ထားသော နွားများကို ပြန်၍ရုပ်သိမ်းနေကြပြီဖြစ်သည်။ နွားအုပ်ကြီးသည်ဦးပေါက်ကျော်၏အိမ်ရှေ့ကိုရောက်သောအခါ လူတစ်ယောက်က နွားတွေကြားထဲမှ ထွက်လာခဲ့သည်။ ထို့နောက်ခြံထဲကိုဝင်သွားခဲ့လေသည်။ အိမ်ရှေ့တွင် နှီးဖြာနေသော ဦးပေါက်ကျော်သည် ခြံထဲဝင်လာသောသူကို အမှတ်တမဲ့ လှမ်းကြည့်မိလိုက်သည်။

"ဟင်"

အံ့အားသင့်သွားခဲ့ရသည်။ အခြားသူမဟုတ် သုဒ္ဓလေးဖြစ်နေသည်။ ရုတ်တရက်တော့ မမှတ်မိခဲ့။ နောက်တော့မှ မှတ်မိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုး ... နေကောင်းတယ်နော်"

"အေး ... ကောင်း ကောင်းပါတယ်ကွယ်"

သုဒ္ဓလေးသည် အိမ်ပေါ်ကိုတက်လာသည်။ ဦးပေါက်ကျော်သည် ခြံထဲကိုဆင်းကာ ခြံတံခါးကို အလျင်စလိုဖြင့် ပိတ်လိုက်လေ၏။ သုဒ္ဓလေး မမျှော်လင့်ဘဲ ပြန်ရောက်လာခဲ့သည့်အတွက် ဦးပေါက်ကျော်သည်ပင် ယောင်ယောင်နနဖြစ်နေလေသည်။

"မြေး ... ခဏနေဦးနော်"

သုဒ္ဓလေးကိုထားခဲ့ပြီး အိမ်ထဲကိုဝင်သွားခဲ့သည်။ ချက်ချင်းလိုလိုပင် ဒေါ်အေးခါနှင့်သမီးမဝေမိုတို့သည် အိမ်ရှေ့ကိုရောက်လာခဲ့ကြ၏။ သုဒ္ဓလေးကိုမြင်လိုက်ကြရာ အံ့အားသင့်သွားခဲ့ကြလေသည်။ မြေးဖြစ်သူ သားဖြစ်သူ၏ ဝတ်စားထားပုံ၊ ရုပ်သွင်လက္ခဏာတို့သည်ကား အတော်ပင်ပြောင်းလဲနေခဲ့လေပြီ။

"သား"

မဝေမိုသည် သုဒ္ဓလေးကို တုန်ယင်သောအသံဖြင့် ခေါ်မိလိုက်သည်။ အတန်ကြာကွဲကွာနေသော သားဖြစ်သူကို ယခုလို အမှတ်မထင်တွေ့လိုက်ရ၍ ဝမ်းသာဝမ်းနည်းကြီးဖြစ်နေ၏။ ကြည်နူးနေမိသည်လည်းပါသည်။

"ကျွန်တော် ဒီကိုခဏပြန်လာတာ"

"သိပါတယ် သားရယ်၊ ခဏပြန်လာတယ်ဆိုတာ၊ ဒါပေမဲ့ သားကို သူကြီးနဲ့ရွာသားတွေကလည်း တွေ့ချင်နေကြတယ်၊ အမေကတော့ ကောင်းသောတွေ့လို့မှ မဟုတ်ဘူးထင်တာပဲ"





"ကိစ္စမရှိပါဘူး၊ သူတို့ ကျွန်တော်နဲ့ဆုံဖြစ်ကြမှာမဟုတ်ပါဘူး"

ဒေါ်အေးခါသည် လေသံတိုးတိုးဖြင့် ...

"သာလှနဲ့ မင်းထက်တို့ရှိရင် သိပ်ကောင်းမှာပဲ၊ သာလှက ဘီးလင်းကိုတက်သွားတယ်၊ မင်းထက်ကိုသွားခေါ်တယ်၊ ကိစ္စရှိလို့ တစ်ညအိပ်ပြီး၊ မနက်ဖြန်မှ ပြန်လာကြမှာတဲ့"

"သူတို့ ခုပဲ ရောက်လာကြတော့မှာပါ ... "

သုဒ္ဓလေးက အမှတ်မထင်ပြောလိုက်သဖြင့် ဇဝေဇဝါဖြစ်သွားခဲ့ကြလေသည်။ ထိုစဉ်မှာပင် အိမ်ရှေ့မှအသံဗလံများကိုကြားလိုက်ကြရသည်။ ဦးပေါက်ကျော်က ထွက်ကြည့်လိုက်ရာ အိမ်အောက်ခြံရှေ့တွင် ကိုသာလှနှင့်မင်းထက် ပန်းခက်တို့ကိုပါ တွေ့လိုက်ရသည်။ ထို့အပြင် ရဲမင်းသည် နွားနိုကြီးနှစ်ကောင်နှင့်အတူ လယ်ထဲမှပြန်ရောက်လာခဲ့သည်။ မဝေမိုသည် အိမ်အောက်ထပ်ကို အလျင်စလိုဖြင့် ဆင်းသွားပြီးနောက် ခြံတံခါးကိုဖွင့်ပေးလိုက်သည်။

"မင်းအစ်ကိုရောက်နေတယ်"

ဟု နှုတ်က လေသံတိုးတိုးလေးပြောလိုက်လေ၏။ ထိုအခါ အားလုံးအံ့အားသင့်သွားခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးပေါက်ကျော်သည် သုဒ္ဓလေးစိတ်အနှောင့်အယှက် ဖြစ်မည်စိုး၍ ကိုပြည်စိုးတို့ သားအဖဖြစ်ပျက်ခဲ့သော စကားများကို မမေးပေ။ သို့သော် ...

"သူတို့ ဒီလိုဖြစ်သွားခဲ့ကြတာ စိတ်မကောင်းပါဘူး၊ အကြောင်းကံပါလာလို့ပါ၊ ကံတရားကြောင့်ပါ၊ ကောင်းတာ ကြံစည်ရင်ကံကောင်းမယ်၊ မကောင်းတာကြံစည်ရင် ကံကြမ္မာက လှည့်စားမယ်၊ ဒါပါပဲ ... "

သုဒ္ဓလေးသည် စကားပြောနေရာက ခေါင်းကိုတစ်ချက်ညိတ်လိုက်ပြီး ...

"ဒေါ်အိမ်စိုးလာလိမ့်မယ်၊ တံခါးဖွင့်ပေးလိုက်ပါ"

ဟု အမှတ်တမဲ့ပြောလိုက်သည်။ မကြာမီ တကယ်ပင် ဒေါ်အိမ်စိုးရောက်လာခဲ့သည်။ မင်းထက်သည် အိမ်အောက်ကို ဆင်းကာ ခြံတံခါးကို ဖွင့်ပေးပြီး ပြန်ပိတ်လိုက်သည်။

"အဒေါ့်စိတ်ထဲမှာ၊ သုဒ္ဓလေးရောက်နေလိမ့်မယ်ထင်လို့ လာခဲ့တာ"

"ရောက်နေတယ် အိမ်ပေါ်မှာ"

မအိမ်စိုးလည်း အံ့အားသင့်သွားခဲ့ရလေ၏။



( ၁၃ )

## အန္တိမခရီး

တစ်နေ့တည်း၊ တစ်ချိန်တည်းမှာ လူစုံတက်စုံအားလုံး စုပြုံပြီးတော့ ရောက်နေကြသဖြင့် ထူးခြားမှုတစ်ခုဖြစ်နေသည်။

"အာကာမိုးအတွက် စိတ်မပူပါနဲ့ဒေါ်ဒေါ်၊ သူတစ်သက်လုံး ဒီလိုဘဝနဲ့ နေသွားရမှာမဟုတ်ဘူး"

"အေးပါကွယ်၊ သားရဲ့စေတနာမေတ္တာကို အဒေါ်နားလည်ပါတယ်၊ သားရဲ့သူငယ်ချင်း ဒီလိုဖြစ်နေတာကို နေ့စဉ်မြင်နေရတိုင်း ရင်ထဲမှာမချိအောင် ခံစားနေမိရလို့ပါ၊ သူတို့မှားခဲ့ကြတာကို အားလုံးကသိပါတယ်၊ ခွင့်လွှတ်ပေးပါ"

"ကျွန်တော် အားလုံးကိုခွင့်လွှတ်ပြီးသားပါ၊ ဟောဒါလေးကိုသာ သောက်ရေသန့်သန့်မှာစိမ်ပြီး နှစ်ယောက်စလုံးကို ဖြုတ်လိုက်ပါ၊ အားလုံး စိတ်နှလုံးအေးချမ်းသွားပါလိမ့်မယ်"

"ကျေး ... ကျေးဇူးပါပဲ သားရယ်"


www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိမ်စိုးသည် ရွှေးစေ့ခန့်ရှိ ဝါရွှေသောအလုံးလေးတစ်လုံးကို သုဒ္ဓ၏လက်ထဲမှ တရိုတသေပင် လှမ်းယူလိုက်သည်။

"ငါ့သား ... ဒီကိုရောက်နေတာ ဘယ်သူမှမသိစေရပါဘူး အမှန်ကိုပြောရရင် ကိုပြည်စိုးက ငါ့သားလာရင် စစ်မေးဖို့သူကြီးဦးဖိုးဆိတ်ကို တိုက်တွန်းထားပါတယ်၊ သတိနဲ့နေပါ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

မအိမ်စိုးလည်း မျှော်လင့်ချက်ထားသောမျက်နှာဖြင့် ဝမ်းသာနေမိကာ အိမ်ကိုပြန်သွားခဲ့လေ၏။ သူမ သုဒ္ဓလေးဆီကိုရောက်လာခဲ့သည်ကိုလည်းကောင်း၊ ပြန်သွားခဲ့သည်ကိုလည်းကောင်း မည်သူမှ မသိလိုက်ကြ။

"ငါ့သားလေးအိမ်ထမင်းဟင်းမစားရတာကြာပြီ၊ မိသားစုနဲ့အတူမစားရတာလည်းကြာပြီ၊ ထမင်းဝိုင်းပြင်လိုက်မယ်"

မဝေမှီသည် ချက်ချင်းပင် အိမ်အနောက်ဘက်ကိုထွက်သွားသည်။ ပန်းခက်လည်း အလိုက်သိစွာဖြင့် လိုက်သွားသည်။ ထမင်းအိုး၊ ဟင်းအိုးများကို အိမ်ပေါ်သို့တင်ထားပြီးဖြစ်သည်။ မင်းထင်က စားပွဲခုံကိုချခင်းသည်။ ဒေါ်အေးခါလည်း မနေသာတော့ဘဲဝင်ရသည်။ တစ်ခဏအတွင်းမှာပင် ထမင်းဝိုင်းကိုပြင်ပြီးသားဖြစ်သွားသည်။

"ပန်းခက်လည်း ဝင်စားလေ ... "

သုဒ္ဓလေးက ပြောသည်။ ပန်းခက် ချိုတုံ့ချတုံ့ဖြစ်သွားသည်။ သူတို့နှင့်တစ်ခါမှ ထမင်းလက်ဆုံမစားဘူးပါ၊ ပြီးတော့ အိမ်ရှိလူအကုန် စားပွဲကမဆန့်နိုင်။





"ရှ, ရပါတယ် အစ်ကို"

"လာပါ ... ဖြစ်ပါတယ်"

"လာ ... ပန်းခက်"

မင်းထက်ကပါ တိုက်တွန်းလိုက်သဖြင့် ဝိုင်းထဲကိုဝင်လိုက်ရသည်။ ရဲမင်းကို သတိရသွားကြသည်။

"ရဲမင်း _ ဒီကောင် အိမ်ပေါ်ကိုတက်မလာဘူး၊ ညီလေးခေါ်လိုက်ကွာ"

"ဟုတ်ကဲ့ ... အစ်ကို"

မင်းထက်က အောက်ကိုဆင်းသွားသည်။ ရဲမင်းက နွားများကို အစာကျွေးနေသည်။

"ကိုရဲ ... လာလေ၊ ထမင်းစားမယ်"

"ငါ နောက်မှ စားတော့မယ်ကွာ"

"လာပါ ... အစ်ကိုကခေါ်ခိုင်းလိုက်တာ၊ စိတ်မကောင်းဖြစ်နေဦးမယ်"

ရဲမင်း မင်းထက်နှင့်အတူ လိုက်ပါလာသည်။

"ရဲမင်း ... လာကွာ၊ ဝင်ဝိုင်းလေ"

စားပွဲက သေးနေသည်။ ရဲမင်း နှုတ်ကတစ်ခုခုပြောမည်အပြု ...

"ဝင်ထိုင်ပါကွာ၊ ဖြစ်ပါတယ် ... "

သုဒ္ဓလေးကပြောလိုက်သည်။ တစ်ယောက်စီဝင်ထိုင်ကြသည်။ လူအားလုံး စားပွဲဝိုင်းမှာ ပြည့်သွားခဲ့ကြသည်။ အားလုံးဆွေမျိုးချင်းချစ်ချစ်ပင်၊ ဦးပေါက်ကျော်နှင့် မိသားစုအားလုံးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်မျက်နှာတစ်ယောက် ကြည့်နေမိကြသည်။ အံ့အားသင့်နေမိကြသည်။ ဟင်းများသည် သက်သတ်လွတ်ဟင်းလျာများက သုဒ္ဓလေးက အဖို၊ အဖွား၊ မိဘများကိုဦးချသည်။

ထမင်းဝိုင်းတွင် စကားနည်းနေကြကာ တိတ်ဆိတ်ငြိမ်သက်စွာ စားနေကြသည်။ မဝေမှိုက သုဒ္ဓလေး၏ပန်းကန်ထဲသို့ ဟင်းများကို ခပ်ထည့်ပေးသည်။ အားလုံး၏ရင်ထဲမှာ ရှိနေကြသည့်တူညီသော ခံစားမှုများက "သုဒ္ဓလေးကို နောက်ထပ်တစ်ဖန် တွေ့မှတွေ့ကြရပါတော့မလားဟုပင်"။

စားသောက်ပြီးကြသောအခါ ထမင်းဝိုင်းကို သိမ်းသည်။ သုဒ္ဓလေးအတွက် စိတ်ကထင့်နေကြသည်။ သူကြီးဦးဖိုးဆိတ်နှင့်ရွာလူကြီးအချို့ မတော်တဆရောက်လာခဲ့ကြရင် ဟူသော စိုးထိတ်စိတ်များက ကိုယ်စီ။ ထိုစဉ် သုဒ္ဓလေးသည် ကောက်ကာငင်ကာဆိုသလို

"အောက်ကို ခဏဆင်းကြရအောင်"

အကြောင်းတစ်ခုခုရှိလိမ့်မည်ဟုထင်သည်။ အောက်ကိုဆင်းရန် အရိပ်အခြေက ကြည့်ရသေးသည်။ ခြံအပြင်ဘက်မှနေ၍ လှမ်းပြီးတော့ကြည့်လျှင် သုဒ္ဓလေးကို မြင်သွားနိုင်သည် မဟုတ်ပါလား။ သို့သော် တော်တော်လေးကို မှောင်ရီသန်းနေပြီဖြစ်၍ မမြင်နိုင်တန်ရာ။

အိမ်အောက်ကို သုဒ္ဓလေးက အရင်ဆင်းသွားသည်။ ခေါင်းရင်းမှပတ်၍ ခြံအနောက်ဘက်ကိုသွားသည်။ တစ်ယောက်စီလိုက်သွားခဲ့ကြသည်။ စုပြီးမလိုက်ကြ၊ သုဒ္ဓလေးအဂ္ဂိရတ်ထိုး





သည့်ဖိုတဲကား မဖျက်သေး။ သုဒ္ဓလေးသည် ထိုနေရာတွင်ရပ်နေသည်။

"အဖိုး"

"ဟေ ..."

"ဒီတဲက ခုထိမဖျက်သေးဘူးလား၊ ဖျက်ပစ်လိုက်ပါ။ ပြီးတော့ ဟောဒီအလယ်ခေါင်တည့်တည့်မှာဟိုအုန်းပင်ကိုပြောင်းစိုက်ပါ"

အစို့ထွက်စ အုန်းပင်တစ်ပင်ကို လက်ညှိုးထိုးပြီးတော့ ပြောသည်။ အမှတ်တရထားထားသော တဲကလေးဖြစ်၍ မဖျက်ရက်ကြ။ သို့သော် ... သုဒ္ဓလေးက အကြောင်းရှိ၍ပြောသည်ဟု ထင်ကြသည်။ ထို့နောက် သုဒ္ဓလေးသည် မင်းထင်နှင့်ပန်းခက်ကိုကြည့်ကာ ...

"ညီလေး ကျောင်းစာကိုကြိုးစားပါ၊ ဒီရွာမှာ ကျောင်းဆရာပြန်လုပ်ပါ ပန်းခက် ..."

"ရှင် ... အစ်ကို"

"နင်တို့နှစ်ယောက်ကို ဘယ်သူခွဲခွဲမကွဲဘူး။ ဘယ်သူဖျက်ဖျက်မပျက်ဘူး၊ ဒါပေမဲ့ ... ညီလေး ပညာရေးဆုံးခန်းတိုင်သည်အထိတော့ စောင့်ပေးနိုင်မလား"

"ဟုတ် ... ဟုတ်ကဲ့ အစ်ကို၊ ပန်းခက်လည်း အဲဒါကိုသဘောပေါက်ပါတယ် စောင့်နိုင်ပါတယ်"

"အေး ... ဒီလိုမှပေါ့"

ထို့နောက် ရဲမင်းကိုလည်း ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့မိဘတွေနဲ့အတူ လယ်ထဲမှာလုပ်နိုင်သလောက် လုပ်ပေါ့ကွာ၊ တာဝန်ကြီးတစ်ခုလို့တော့ သတ်မှတ်မထားပါနဲ့၊ မင်းညည်းငွေ့လာပြီဆိုရင် တခြားကိုပြောင်းလို့ရပါတယ်"

"သုဒ္ဓလေးရာ ဘယ်လိုပြောလိုက်တာလဲ၊ ဒီမှာအဆင်ပြေပါတယ်၊ တစ်သက်လုံးလုပ်သွားပါ့မယ်၊ တာဝန်ကြီးတစ်ခုရယ်လို့လည်း သဘောမထားပါဘူး၊ ငါ့ရဲ့မိသားစုလိုပဲ သဘောထားထားတာပါ၊ ဒီမှာ သုဒ္ဓလေး မင်းသွားမယ့်လမ်းကို ရဲရဲသာလျှောက် ကိုယ့်ရည်မှန်းချက်တော့ မပျက်စေနဲ့ပေါ့"

ရဲမင်းကလည်း ရဲရဲကြီး အာမခံသည်။

"မင်းရဲ့သဘောကို ငါသိပါတယ်ကွာ၊ ဒါပေမဲ့ အင်းလေ ဒီလိုပဲပေါ့ကွာ၊ ပြောမိတာပေါ့"

"ဟုတ်ပါတယ် သားရယ် ... ရဲမင်းက သားတစ်ယောက်လိုပဲ အားကိုးနေရပါပြီ၊ ဒါဟာ မင်းအတွက် ပါရမီဖြည့်ပေးတာ ကူညီတာပါလို့ ရဲမင်းက ပြောဖူးပါတယ်၊ အဖေတို့အတွက် နောက်ဆံမတင်းပါနဲ့၊ သားရဲ့ကျန်းမာရေးအတွက်သာ ဂရုစိုက်ပါကွယ်"

ကိုသာလှကလည်း တုန်ရီသောအသံဖြင့် ပြောရှာသည်။ ထိုစဉ် သုဒ္ဓလေး၏ ကိုယ်သည် ဆတ်ခနဲဆို ဖြစ်သွားသည်။

"ကဲ ... ကျွန်တော် သွားတော့မယ်"

ရုတ်တရက် တုံးတိကြီးပြောချလိုက်ပြီး အဖိုး၊ အဖွားမိဘများကို ထိုင်ကာကန်တော့သည်။

"ကံသုံးပါးနဲ့ ပစ်မှားခဲ့တာရှိရင် ခွင့်လွှတ်ပါ"





"ငါ့မြေးကြီးက အဖိုးတို့ကို ဘယ်တုန်းကမှ မပစ်မှားခဲ့ပါဘူးကွယ်၊ ခွင့်လွှတ်ဖို့မပြောပါနဲ့"

ဦးပေါက်ကျော်သည်ပင် အသံများတုန်ရီလာကာ ဆက်မပြောနိုင်တော့ မျက်ရည်များပင် ဝဲလာသည်။ စိတ်ထဲကသာ ဆုပေးနိုင်တော့သည်။

"အဖေ၊ အမေ ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ကျွန်တော် အမေတို့နဲ့ လုံးဝအဆက်ဖြတ်မထားပါဘူး၊ ဒီလိုပဲ အခါအခွင့်သင့်ရင် လာတွေ့မှာပါ"

"အေး ... အေးပါ သားရယ်၊ သား ဘယ်နေရာတွေမှာရှိနေမယ်ဆိုတာ အမေမသိပေမယ့် သားအကြောင်းနဲ့သားပဲ မဟုတ်လား၊ ကျန်းမာရေးကိုတော့ ဂရုစိုက်ပါ၊ အမေတို့လည်း နေ့စဉ်ဆုတောင်းမေတ္တာပို့နေပါ့မယ်"

မဝေမှီသည် သုဒ္ဓလေး၏လက်မောင်းကို ဆုပ်ကိုင်ကာ ပြုံးပြုံးရွှင်ရွှင်ပင်ပြောလိုက်သည်။ သားဖြစ်သူ စိတ်မကောင်းဖြစ်သွားမည်စိုး၍ အားတင်းထားလိုက်ရခြင်းပင်။

"အစ်ကို ကျွန်တော်မိသားစုအားလုံးကို စောင့်ရှောက်ပါ့မယ်၊ အားလုံးဟာ ကျွန်တော့်တာဝန်ပါ စိတ်ချပါဗျာ"

မင်းထက်ကလည်း ကတိပေးသည်။ သုဒ္ဓလေး စိတ်ချသွားဟန်တူသည်။ ခေါင်းညိတ်ကာ ခြံအနောက်ဘက်ကို လှည့်ထွက်သွားသည်။ ခြံအနောက်ဘက်တံခါးကပင် ထွက်မည်ဖြစ်သည်။ အားလုံးအလျင်စလိုနှင့် နောက်မှလိုက်သွားခဲ့ကြသည်။ ခင်းထက်က ခြံတံခါးကို ဖွင့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအနားမှာပဲ နေရစ်ခဲ့ကြပါ"

သုဒ္ဓလေးက လှည့်ကာ ပြောလိုက်သည်။

အားလုံး ဆက်မလိုက်ကြတော့ဘဲ ခြံဝမှာပဲ နေရစ်ခဲ့ကြသည်။

အပြင်ဘက်တွင် မှောင်ရီသန်းနေလေပြီ။ သုဒ္ဓလေးသည် တဖြည်းဖြည်းနှင့်လျှောက်သွားသည်။ ထိုစဉ် ရှေ့တွင် တည်ငြိမ်နေသော သဏ္ဍာန်နှစ်ခုကို မသဲမကွဲမြင်လိုက်ရသည်။ သုဒ္ဓလေးကိုစောင့်ကြိုနေကြသူနှစ်ဦး။

"မင်းကိုစောင့်နေကြတာ လူလေး"

သက်ကြီးလူပုလေးဦး ရောက လှမ်းပြီးတော့ နှုတ်ဆက်လိုက်သည်။ ရွှေသမင်ကြီးသည် သုဒ္ဓလေး၏အနားကို တိုးကပ်လာပြီး ကိုယ်နှင့်ပွတ်တိုက်ပြီးတော့ ကြိုဆိုသည်။

"ဦးကိုတို့က … လွှတ်လိုက်တာ၊ မင်းအချိန်မီပြန်ရောက်မလာမှာစိုးလို့"

"ဩော် … အဖိုးတို့ကလည်းဗျာ၊ ကျွန်တော်ပြန်မလာဘဲ နေပါ့မလား … ကိုင်း သွားကြစို့"

သူတို့နှစ်ဦးက သုဒ္ဓလေးကို အလယ်မှာထားကာ ထွက်သွားခဲ့ကြသည်။

"ဟင် … ဟိုမှာ ဘယ်သူတွေလဲ၊ သားကိုလာစောင့်ခေါ်





နေကြတဲ့သူတွေများလား"

စိတ်ပါဝင်စားကာ ခြံအပြင်ကိုထွက်ပြီးတော့ ကြည့်ကြသည်။ မနီးမဝေးသို့ရောက်သွားခဲ့ကြသော သဏ္ဍာန်များကို တွေ့လိုက်ကြရသည်။

"ဟာ … သ သမင်ကြီးတစ်ကောင်နဲ့ လူပုလေးတစ်ယောက် ဟုတ်တယ်မဟုတ်လား"

"ဟုတ်တယ် … ဒါပေမဲ့ လူပုလေးက ကလေးတစ်ယောက်ဖြစ်နေမှာ အဖေရဲ့"

ကိုသာလှက ပြောလိုက်သည်။ လူပုလေးလား၊ ကလေးလား ဆိုသည်ကို မခွဲခြားနိုင်ပေမယ့် ရွှေသမင်ကြီးတစ်ကောင် ဆိုသည်ကိုတော့ သိနေကြသည်။ တောထဲကနေ ဒီအထိလိုက်လာကြသည်။ အံ့အားသင့်နေမိကြသည်။ မကြာမီ အမှောင်ထဲမှာ သူတို့နှစ်မြှုပ်ပြီးတော့ ပျောက်ကွယ်သွားခဲ့ကြသည်။

ထိုစဉ် …

အတော်ခပ်လှမ်းလှမ်းတွင် လူတစ်စုထံမှ ထွက်ပေါ်လာကြသောအသံများကို ကြားလိုက်ကြရသည်။

"ဒီကောင့်ကို တွေ့လိုက်ကြရတဲ့သူတွေက သုဒ္ဓလေးအမှန်ပဲလို့ပြောကြတယ်၊ ဒီဘက်ကိုထွက်သွားတာတဲ့"

သူကြီးဦးဖိုးဆိတ်၏အသံ၊ ထိုအခါ အားလုံး၏ရင်ထဲမှာ ဆိတ်ခနဲဖြစ်သွားခဲ့ကြသည်။

"သူကြီးပဲ၊ သူတို့ ငါ့မြေးရောက်နေတာ တစ်နည်းနည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



သိသွားကြပြီ၊ လိုက်သွားကြပြီ၊ ဘုရား၊ ဘုရား မတွေ့ကြပါစေနဲ့''

ဦးပေါက်ကျော်က လေသံဖြင့် ပြောလိုက်သည်။ ထို့နောက် မြို့ထဲကိုပြန်ဝင်လိုက်ကြပြီး ...

''ဒေါ်အိမ်စိုးကြောင့်များလား''

''မဖြစ်နိုင်ဘူး သမီး၊ သူက ဒီလူတွေကို တစ်သက်လုံး ပြောမှာမဟုတ်ဘူး၊ ဒါ အကြောင်းတစ်ခုခုကြောင့် သိသွားကြတာပဲ၊ အဲဒီအကြောင်းကို ငါ့မြေး သုဒ္ဓလေးပဲ သိမှာပဲ''

ဦးပေါက်ကျော်၏ ဆိုလိုရင်းကို နားမလည်။ နောက်မှ တွေးမိကြသည်က သုဒ္ဓလေးကပင် သူတို့ကို တမင်အယောင်ပြခဲ့လေသလားဟု ထင်ယောင်ထင်မှားဖြစ်စေရန် ပြုခဲ့လေသလား။

သူကြီးဦးဖိုးဆိတ်နှင့် လူတစ်စုသည် သုဒ္ဓလေးထွက်သွားရာဆီကို လိုက်သွားခဲ့ကြသည်။ ဦးပေါက်ကျော်တို့မိသားစုမှာ ရင်တမမနှင့်ရှိနေကြသည်။ သို့သော် နောက်တစ်နေ့နံနက်အထိ သူတို့ဆီက မည်သည့်သတင်းကိုမှ မကြားကြရတော့ပါ။

ဒေါ်အိမ်စိုးသည် သုဒ္ဓလေးပြောသည့်အတိုင်း လုပ်ဆောင်သည်။ များမကြာမီရက်အတွင်းမှာပင် အာကာမိုး၏ ရှူးသွပ်နေ





သော ဝေဒနာသည် ယူပစ်လိုက်သလို ပျောက်ကင်းသွားခဲ့လေသည်။ ကိုပြည်စိုး၏ ဒဏ်ရာရထားသော ခြေထောက်တစ်ဖက်သည်လည်း တဖြည်းဖြည်းနှင့် သက်သာရာရလာကာ မီမွေးတိုင်း၊ ဖမွေးတိုင်း လူစဉ်မီသောဘဝကို ပြန်ပြီးတော့ ရောက်သွားခဲ့လေသည်။ မအိမ်စိုးမှာ ဝမ်းသာ၍မဆုံးတော့။ သုဒ္ဓလေးကို ရင်ထဲမှကြိတ်ကာ ကျေးဇူးတင်နေမိသည်။

တစ်ရက်တွင် ...

''အမေ''

''ဟင် ... ဘာလဲ ... သား''

''ကျွန်တော့်ကို တောထဲမှာ မီးတောထဲက ကယ်တင်ခဲ့တာ တခြားသူမဟုတ်ဘူး''

''ဘယ်သူလဲသား''

''အဲဒီလူရဲ့အသံကို သားမှတ်မိတယ်၊ သု ... သုဒ္ဓလေးပဲအမေ''

''ဟင် ... သုဒ္ဓလေး ဟုတ်လား''

ဒေါ်အိမ်စိုး အံ့အားသင့်သွားခဲ့ရသည်။ အာကာမိုးသည် လူကောင်းပကတိဖြစ်လာသောအခါ တောထဲမှအဖြစ်အပျက်များကို ပြန်ပြီးတော့ မှတ်မိလာခဲ့သည်။ ထိုစဉ်က သူ့ကိုမီးတွေက ဗောဓိပတ်ပတ်လည်မှ ဝိုင်းနေကြစဉ် သူ့မှာထွက်ပေါက်ကမရှိ၍ သူ သေရတော့မည်မှာအမှန်။ သို့ရှိခိုက် ... လူတစ်ယောက်တာ သူ့လက်ကို လာဆွဲကိုင်ပြီးတော့ ခေါ်သွားသည်။ မီးခိုးငွေ့တွေ ကြာ မှုန်ထူနေ၍ မည်သူမှန်းမသိလိုက်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ဒီလမ်းကသွားပေတော့၊ အဖော်တွေနဲ့တွေ့လိမ့်မယ်"

ထိုအသံသည် အာကာမိုး၏နားထဲမှာ ပြန်ပြီးတော့ကြားယောင်မိလာခဲ့သည်။ သုဒ္ဓလေးဆိုသည်ကို မလွဲကေန်ပင် ဖြစ်ပါသတည်း။

ထိုအခါ ဒေါ်အိမ်စိုးသည် အာကာမိုးကို ယူကျုံးမရသောအကြည့်ဖြင့် ကြည့်ကာ ...

"သားရယ် _ သုဒ္ဓလေးဟာ သားရဲ့အသက်ကို မီးတောထဲမှာတင် ကယ်တင်ခဲ့တာမဟုတ်ဘူး၊ သားနဲ့သားရဲ့အဖေ ခုလိုလူစဉ်မီ ပြန်ပြီးတော့ ကောင်းလာကြတာလည်း သူ့ရဲ့မေတ္တာ၊ စေတနာကြောင့်ပဲကွယ့်၊ သုဒ္ဓလေးဟာ သားတို့ကို ဘယ်တော့မှ မေတ္တာမပျက်ခဲ့ပါဘူးကွယ်"

"ဟင် ... သုဒ္ဓလေးရဲ့မေတ္တာ၊ စေတနာကြောင့် ငါတို့ပြန်ပြီးတော့ ကောင်းလာခဲ့ကြတာ ဟုတ်လား၊ မင်းကဘယ်လိုကြောင့် ဒီလိုပြောနိုင်ရတာလဲ"

ဒီတစ်ခါတော့ ကိုပြည်စိုး၏အမေးသည် ဒေါသမစွက်ရိယစိတ်မပါ။ သိချင်စိတ်ဖြင့် စိတ်ဝင်စားစွာမေးလိုက်ခြင်းသာ ဖြစ်ပါ၏။

"ဩော် ... ကိုပြည်စိုးရယ်၊ ရှင် သုဒ္ဓလေးနဲ့ပတ်သက်လာရင် နားခါးမှာစိုးလို့ ကျွန်မ မပြောခဲ့တာပါ၊ အကြောင်းက ဒီလိုပါ"

မအိမ်စိုးသည် သုဒ္ဓလေးပေးခဲ့သော ဝါရွှေရွှေအလုံးလေး





ကို ရေစိမ်ပြီး သူတို့အားတိုက်ခဲ့သည်ကအစ မကြာမီ ပြန်ကောင်းလာပါလိမ့်မည်ဟု ပြောခဲ့သော စကားအထိ အေးဆေးစွာပင် ပြောပြလိုက်လေရာ ...

"ဟင် ... ဟုတ်လား ဒါဆို ငါမှားပြီ၊ မှားပြီ၊ ငါ ... ငါ သူ့ကို့ ငယ်ငယ်ကလေးကတည်းက အခုအချိန်ထိ တောက်လျှောက်ကြီးစော်ကားခဲ့တာ၊ သင်းကတော့ ငါ့တို့သားအဖအပေါ်မှာ မေတ္တာမပျက်ခဲ့ပါလား"

ကိုပြည်စိုးသည် ယောကျ်ားတန်မဲ့ မရှက်မကြောက် ဟီးချကာ ငိုနေမိလေတော့သတည်း။

ဦးပေါက်ကျော်သည် သုဒ္ဓလေးမှာထားခဲ့သည့်အတိုင်း အင်္ဂရတ်တဲလေးကို ဖျက်လိုက်ကြသည်။ သူညွှန်ပြခဲ့သည့်နေရာတွင် အုန်းပင်စိုက်ရန် တွင်းတူးရာ တစ်တောင်ခန့်အနက်တွင် မြေအိုးလေးတစ်လုံးကိုရလိုက်ကြသည်။ အိုးထဲတွင် ရွှေဒင်္ဂါးပြားများကို တွေ့လိုက်ကြရသည်။ သုဒ္ဓလေးက အကြောင်းရှိ၍ ဤသို့မှာခဲ့သည်ကို ယခုမှပင် သဘောပေါက်သွားခဲ့ကြလေသည်။

နောက်ထပ်သတင်းကောင်းများကား ...

ကိုပြည်စိုးလည်း အကျွတ်တရားရကာ သာသနာ့ဘောင်သို့ကူးသွားခဲ့သည်။ မိမိစုဆောင်းထားသမျှကိုလည်း လှူတန်းလှူ



www.burmeseclassic.com

www.burmeseclassic.com



ပေးကမ်းတန်ပေးကမ်းနှင့် အပြောင်းလဲကြီးပြောင်းလဲသွားခဲ့သည်။ အာကာမိုးလည်း ယခင်လို မမိုက်တော့ပေ။ လိမ္မာရေးခြားရှိသွားခဲ့သည်။ မအိမ်စိုးမှာ ခင်ပွန်းနှင့်သား အကောင်းဘက်ကို ရောက်သွားခဲ့သည့်အတွက် စိတ်ချမ်းသာသွားခဲ့ရသည်။ သုဒ္ဓလေး၏ကျေးဇူးကြောင့်ဟုဆိုကာ အဖန်ဖန်တလဲလဲပင် သတိရနေလေသည်။



နောင်နှစ်ပေါင်းများစွာကြာသောအခါ ...

မွန်ပြည်နယ်အတွင်းရှိ ရွှေရောင်ပြ တောင်တန်းကြီးပေါ်တွင်လည်းကောင်း၊ တောင်ခြေရှိ တောအုပ်ကြီးထဲမှာသော်လည်းကောင်း နွယ်ပုန်းတောင်ဝှေးတစ်ချောင်းနှင့်သွားလာနေသော သူတော်စင်ကြီးတစ်ဦးကို ရံဖန်ရံခါ တွေ့ကြသူများလည်းရှိကြသည်။ တစ်ခါတစ်ရံတွင် သူ၏နောက်မှ ရွှေသမင်ကြီးသော်လည်းကောင်း၊ ငန်းတော်ကျားကြီးကိုသော်လည်းကောင်း လိုက်ပါနေတတ်သည်ကို တွေ့ရတတ်သည်။ ထိုသူတော်စင်ကြီးသည် တစ်ထွာမက ရှည်သောမုတ်ဆိတ်မွေးနီနီကြီးကို ပိုင်ဆိုင်သည်။ ထိုပုဂ္ဂိုလ်ကား အခြားသူမဟုတ် ဘိုးသိဒ္ဓိအမည်ခံထားသူ သုဒ္ဓလေးပင် ဖြစ်ပါသတည်း။

မုတ်ဆိတ်နီဘိုးသိဒ္ဓိသည် ဆေးပေါင်းခဂူကြီးထဲမှ ဆော့တွင်းကြီး မြေအောက်လိုဏ်လမ်းကြောင်းအတိုင်းသွားသော သူတော်စင်ကြီးဦးကိတ္တိ နှင့် ရွှေရောင်ပြ တောင်ပေါ်မှာ မကြာ



www.burmeseclassic.com

www.burmeseclassic.com

ခဏဆုံသည်။ အခြားသော မုဂ္ဂိုလ်များနှင့်လည်း ရင်းနှီးကျွမ်းဝင်ခဲ့သည်။ ဝိဇ္ဇာစေတီတော်မှနေ၍ မေတ္တာကမ္မဋ္ဌာန်းဆီးဖြန်းကာ သတ္တဝါအပေါင်းတို့အား မေတ္တာခါတ် ပို့လွှတ်နေလေသတည်း ...

အစဥ်ကြိုးစားလျက်၊
မင်းခိုကြ

ရွှေစာကလေး

www.burmeseclassic.com